http://www.cherrythitsar.org



http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး **ဒို့အရေး**

အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး **ဒို့အရေး**

**တပ်မတော်ပြိုခွဲသူ ဒို့ရန်သူ။**
**တပ်မတော် ပြိုခွဲမည့်အကြံ**
**ဒို့လက်မခံ။**
**ဘယ်သူခွဲခွဲ ဒို့မကွဲ**
**အမြဲ စည်းလုံးမည်။**

## ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

http://www.cherrythitsar.org

စာပေလောကစာအုပ် အမှတ် ၃၅၅

# ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

# ချက်ပိုင်သော ပစ်ကွင်း
နှင့်
# အခြားမုဆိုးဝတ္ထုတိုများ

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း – ၃၇၄၃၉၁၊ ၂၈၅၁၆၆ ]
**e-mail : splkygn@mptmail.net.mm**

# မာတိကာ


၁။ ရွယ်ကား ရွယ်တော့ ၁

၂။ တစ်ညသံသရာ ၃၄

၃။ စိန့်ဘိုးအလိမ္မာ ၅၄

၄။ ချက်ပိုင်သော ပစ်ကွင်း ၈၂

၅။ အကျဉ်းအကြားမှ ပျော့ကွက် ၁၀၈

၆။ တိုလီမဲ ၁၂၀

၇။ သိုင်းနယ်မှကျားသောင်းကျန်း ၁၃၂

၈။ ခြေရာလည်းပျောက် ရေလည်းနောက် ၁၅၄

http://www.cherrythitsar.org

## စာရေးသူ ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၁၉ ဧပြီ ၁၃ ရက်နေ့တွင် ပျဉ်းမနားမြို့၌ အဖ သစ်ကုန်သည်နှင့် သစ်စက်ပိုင်ရှင် ဦးကောက်၊ အမိ ဒေါ်လွှမ်းတို့မှ ဖွားမြင်သည်။ မွေးချင်းမောင်နှမ ခြောက်ယောက်တွင် အငယ်ဆုံးဖြစ်ပြီး အမည်ရင်းမှာ ခင်မောင်ဦး ဖြစ်သည်။

၁၉၂၈ ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် သူငယ်တန်းမှစ၍ ပညာသင်ကြားခဲ့သည်။

၁၉၃၆ ပျဉ်းမနားခရိုင် ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ရာမှ သခင်တစ်ဦး ဖြစ်လာခဲ့သည်။ ကျောင်းသားသမဂ္ဂ၊ ခရိုင် ဒို့ဗမာအစည်းအရုံး၊ ခရိုင် ဗမာ့လက်ရုံးတပ်ဖွဲ့၊ ခရိုင် တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းတည်ထောင်ရာတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။

၁၉၃၇ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၏ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၃၈ ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း၌ ၁၀ တန်း အထိ ပညာသင်ကြားပြီး အောင်မြင်ခဲ့သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်ကြီးတွင် ပါဝင်လှုပ်ရှားခဲ့သည်။

၁၉၄၁ မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တို့အား လက်နက်ကိုင်တော်လှန်ရန် သခင် အောင်ဆန်း၊ ဆရာထွန်းရွှေ (နဂါးနီ) တို့၏ ရွေးချယ်တာဝန်ပေးချက်အရ ဂျပန်နိုင်ငံသို့ စစ်ပညာသင်သွားမည့် တတိယအသုတ် ရဲဘော်များနှင့် အတူ လိုက်ပါသွားပြီး ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဖြစ်လာသည်။

http://www.cherrythitsar.org

၁၉၄၂–၄၅။ ဂျပန်နိုင်ငံမှအပြန် ထိုင်းနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းသောအခါ သခင်ခင်မောင်ဦး အမည်မှ ဗိုလ်တာရာ အမည်ပြောင်းခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ် ဗမာ့တပ်မတော်တို့တွင် ဗိုလ်မှူးအဆင့် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၀ ။ဇူလိုင်ထုတ် သွေးသောက် မဂ္ဂဇင်းတွင် ကျွန်တော်နှင့်သူလျှို ဝတ္ထုတိုကို ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ဟူသောအမည်ဖြင့် စတင် ရေးသားခဲ့သည်။

၁၉၅၃ ။ကွတ်ခိုင်မြို့၊ ခရစ်ယာန်သာသနာပြုကျောင်းမှ ကျောင်းဆရာမဖြစ်သူ ဒေါ်စောခင် နှင့် အိမ်ထောင်ပြုသည်။

၁၉၆၀ ။ပြည်ထောင်စုပါတီ (ပထစ) မှ ပျဉ်းမနားအမတ်အဖြစ် ပါလီမန် လွှတ်တော်သို့ ရွေးကောက် တင်မြှောက်ခံရသည်။

၁၉၆၁ ။ရဲဘော်သုံးကျိပ် ၏ ပြည်တော်ပြန် လုံးချင်းစာအုပ်ဖြင့် စာပေဗိမာန်ဆု (သုတပဒေသာဆု) ရရှိခဲ့သည်။

၁၉၆၆ ။ဘာသာရေးကို အထူးလိုက်စားပြီး ဘာသာရေးဝတ္ထုများ ရေးသားခဲ့သည်။

၁၉၇၈ ။ယိုင်းနယ်မှ ကျားသောင်းကျွန်း ဝတ္ထုတိုကို အထက်တန်းမြန်မာစကားပြေ စာအုပ်တွင် သင်ရိုးညွှန်းတမ်းအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၈၀ ။ဇန်နဝါရီ ၇၊ မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တိုက်ဖျက်ရေးတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိသည်။

၁၉-- ။နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ရရှိသည်။

၁၉-- ။မောင်စွယ်တွေးတွေး ဝတ္ထုကို ဟင်ဒီဘာသာသို့ ပြန်ဆိုခြင်းခံရသည်။

၁၉၉၃ ။ဖေဖော်ဝါရီ ၆ ရက်နေ့တွင် အမှတ် ၄၀ (က)၊ အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်တွင် ကွယ်လွန်သည်။

။၁၉၅၀ တွင် စတင် ပုံနှိပ်ခံရသည့် ကျွန်တော်နှင့် သူလျှို မှ နောက်ဆုံး လက်ရာ နမ်းမပေးမယောက်ဖ ဂျပန်ဆရာလေးများ (သရဖူ မဂ္ဂဇင်း၊ မတ်၊ ၁၉၉၅) အထိ ဆောင်းပါး ၅၂ ပုဒ်၊ ဝတ္ထုတို ၂၅၄ ပုဒ်၊ ဝတ္ထုရှည် ၃ ပုဒ် နှင့် လုံးချင်းဝတ္ထု ၈၆ အုပ် ရေးသား ပုံနှိပ်ခဲ့ပါသည်။

http://www.cherrythitsar.org

# စွယ်ကား စွယ်ကော့

အကယ်၍ ဈေးကော်ဖိုးထွန်းသာလျှင် မျက်စိမရှင်ခဲ့ပါလျှင် ယခု အဖြစ်အပျက်ကို ကျွန်တော် ပြန်လည်ရေးသားခြင်း ပြုနိုင်တော့မည် မဟုတ်ချေ။

အသားနီစပ်စပ် အရုပ်ပုပုနှင့် မုဆိုးကြီးကိုဖိုးထွန်း။ သို့ရာတွင် သူ့ကို မုဆိုးကြီး ကိုဖိုးထွန်းဟူသော ဘွဲ့ထူးမှ ဈေးကော်ဖိုးထွန်း ဟူသော ဘွဲ့ထူးပီသေသနေ ပြောင်းခဲ့ ဆေါ်ဝေါ်ခဲ့ခြင်းမှာ အထူးသဘာဝကျလှတော့၏။ ပညတ်နှင့်ခါတ်ပါ ကိုက်ညီလှပေ၏။

သာမန် စလေကောင်းကောင်း ယောက်ျားတိုင်း လေးကိုင်းကို ခြေစုံကန်၍ ရှိသမျှခွန်အား ညှစ်ထုတ်၍ လေးတင်ရာတွင် လေးကြိုးမှာ ခလုတ်ဆီသို့ ရောက်ဖို့ဝေးစွ၊ သုံးပုံတစ်ပုံသာ အားတောင့်အားနှာနှင့် မောင်းတံတွင်ရောက်ရှိကြောင်း အထင်းသားပြလေ့ရှိသည့် သောနတ္ထိရှိ မုဆိုး၏ လက်စွဲတော်လေးကြီးနှင့် နဝ်လား ငါလား ပြိုင်နေသည့် မုဆိုးကိုဖိုးထွန်း၏ ဒူးလေးကြီးအကြောင်းကိုလည်း မမေ့အပ်ပေ။ ကိုဖိုးထွန်းကိုယ်တိုင် အပန်းတကြီးရှာဖွေ၍ စိတ်တိုင်းကျလုပ်ကိုင်ထားသော ပီတောက်သားထဲမှ ကောင်းပေ့ဆိုသည့် အသားသေ အသားကျကျကို လေးကိုင်းအဖြစ်လည်းကောင်း၊ မကြွမကောက် မလိမ်မဖယ်စေမည့် ထုသားပေသားကျ

http://www.cherrythitsar.org



နေသည့်မောင်းစင်မှာ ဆယ်နှစ်နှစ်ကြာအောင် အသုံးပြုထားသည့် ပျဉ်းကတိုး မောင်းတံကြီးကို ဒူးလေးမောင်းတံ အဖြစ်သို့လည်းကောင်း၊ တောထဲမှ တမင်ကလော ရှာဖွေယူခဲ့ရသော အကောင်းဆုံး လျှော်ဖြူကို ကျစ်ကျစ်ပါအောင် လေးကြိုးလုပ်၍ မိမိ၏ရဲဘက်တော်၊ လက်စွဲတော်၊ အဖော်လက်ရင်းအဖြစ် ဒူးလေးကြီးကို ပြီးစီးလုပ်ကိုင်ခဲ့လေသည်။ စွယ်တော်မြောင်ရွာသားတို့၏ ပြောစမှတ်ဖြစ်အောင် မုဆိုးကိုဖိုးထွန်း၏ ဒေါင်ခနဲနေအောင် ပစ်ချက်မောင်းဖြုတ်သံ ပြင်းထန်လှသည်။ ဒူးလေးသံကြားရပြီးနောက် အမဲသားကောင်တစ်ကောင်ကောင် ကျဆုံးရရှိစမြဲပင်။ များမကြာမီဆိုသလို ဒူးလေးကြီးကို ပခုံးချိတ်ကာ ပြန်လာသည့် ကိုဖိုးထွန်း၏ နောက်ကျောပေါ်မှ ပစ်ခတ်ရရှိခဲ့သော သားကောင်တစ်ကောင်ကောင်မှာ ဦးခေါင်းစောက်ထိုး သွေးရဲရဲနှင့် ပါလာစမြဲပင် ဖြစ်ပေ၏။

မုဆိုး ကိုဖိုးထွန်းတို့ မွေးရာ ချက်မြှုပ်ရာ ဇာတိဖြစ်သော စွယ်တော်မြောင်ရွာမှာ ပျဉ်းမနား တောင်တွင်းကြီး မီးရထားလမ်း၏ အနောက်ဘက် မင်းပြင်နှင့် ဒလန့်ချွန်ဘူတာနှင့် ဆယ့်ငါးမိုင်ခန့်အကွာတွင် ပဲခူးရိုးမကြောကြီးကို အခန့်သား မှီတင်လျက် မျှော်မဆုံးကြည့်မဆုံး ရှည်လျား ညိုမှိုင်းသော တောတန်းကြီးများက ပတ်ဝန်းကာဆီး၍ လူသူအရောက်အပေါက် နည်းလှသည့် စွယ်တော်မြောင်နှင့် သရက်ချောင်းရွာငယ်များ၏ အခြေအနေအမှန်များကို ပြနေတော့၏။ ဤသို့ ပျဉ်းမနား၊ တောင်တွင်းကြီး၊ အာလံ၊ ပြည်၊ လေးနယ်ဆုံ ပဲခူးရိုးမ ကြောတန်းကြီးကို အခြေတည်ထားသော စွယ်တော်မြောင်ရွာ တစ်ပိုက်မှစ၍ တောတစ်ပြင်အဖို့သည် လက်ယားနေသော အမဲပစ်ဝါသနာအိုး မုဆိုးအဖို့ လောကနိဗ္ဗာန်၊ မုဆိုးစားကျက် ပထမတန်းကြီးဖြစ်စေ၍ အမွေးအတောင်နှင့် အမဲပစ်ရေးအဖို့တွင် ရစ်၊ ခါ၊ ခေါင်းမှစ၍ ကြိုးကြာကြီးများ၊ ဝန်ဘိုငှက်ကြီးများအထိ ရွာနှင့် ဝေးဝေး လံလံ မသွားရဘဲနှင့် အကွယ်တကူ ပစ်ခတ်နိုင်ပေ၏။ မြေလေးချောင်း အမဲများပစ်ရေးတွင်လည်း ဂျီ၊ ဆတ်၊ ဒရယ်၊ ဝက်များကိုလည်း တစ်တော

http://www.cherrythitsar.org



နှစ်သော ချောက်လှန့်ထုတ်ရုံနှင့် ထိုနေ့အဖို့ အမဲတစ်ကောင်ကောင်ရဖို့ သေချာတော့သည်။ လူကို တောဥပဒ်ပေးစေနိုင်သည့် တိရစ္ဆာန်ကြီးအမဲကြီးများအဖို့ ထိုရွယ်တော်မြောင်ဒေသမှာ ပထမတန်းချိတ်ထားရသောနယ်ဖြစ်၍ နိုင်အုပ်၊ မြောင်အုပ်များ တောဆင်အုပ်ကြီးများနှင့် ရှာနီးမှာပင် နွားအုပ် ကျွဲအုပ်ကို အသင့်ရှောင်းမြောင်းနေသော ကျားကြီးများ၊ သစ်ဆင် (ကျားသစ်အကြီးမျိုး) များကို အချိန်များစွာအကုန်မခံရဘဲနှင့် ပစ်ခတ်နိုင်ပေ၏။ ထိုအမဲလိုက်ကောင်များနှင့် ယှိမ်းနှဲ့ညှိနှိုင်းသော မျှော်မဆုံးတောတန်းကြီးများက မုဆိုးဖိုးထွန်းကို ညို့ဓာတ်နှင့် ထိုဒေသမှ မခွာရက်နိုင်အောင် ဆွဲငင်ထားတော့၏။ ထိုဒေသ ပတ်ဝန်းကျင်ကပင်လျှင် ရွှေပန်းတွဲလွဲနှင့် မောင်ဖိုးထွန်းကလေးကို နာမည်ကျော် မုဆိုး ကိုဖိုးထွန်းဘဝသို့ ဖန်တီးပေးလိုက်တော့သည်။

သတ္တဝါထဲတွင် ချောက်သတ္တဝါသည် မျက်စိအလျင်ဆုံး၊ အမြန်ဆုံး အကောင်းအပေါ်ဆုံးဖြစ်၍ ချောက်ကိုပစ်ရသည်မှာ များစွာခက်ခဲလှ၍ ပစ်ခတ်သူ မုဆိုး၏ လျင်မြန်မှု၊ ချောက်ထက်မျက်စိလျင်မှု၊ ချောက်တို့၏ အလေ့အထကို သိရှိပြီး ကြိုတင်တွက်ချက်နိုင်မှုတို့ရှိမှသာလျှင် ချောက်ကို ပစ်ခတ်ရနိုင်ပေမည်။ သေနတ်ကိုင်မုဆိုးအဖို့ လက်နက်ကောင်းအားကိုးနှင့် များစွာ မလိုသလောက်လည်း ဒူးလေးသမားအဖို့ ချောက်ကိုပစ်ခတ်နိုင်ရန် အတော်ခက်ခဲ၏။ အလွန်မြင့်မားသော ကညင်ပင် လက်ပံပင်များ၌ သစ်ကိုင်းကို ကပ်ကာ သေနတ်ချိန်သီးပင် မချိန်သာအောင် မြင့်မားသော အပင်များမှ ခေါင်းငယ်လှသည့် ချောက်တစ်ကောင်ကို ဒူးလေးသမားအဖို့တွင် ပြဿနာ တစ်ရပ်ဖြစ်၏။ ဒူးလေးမှ ပစ်ခတ်လိုက်သော မြားတံ ရောက်နိုင် မရောက်နိုင်၊ ရောက်ပြန်လျှင်လည်း မိမိတို့လိုသည့် ချိန်ပစ်သည့်ချောက်ကို မှန်နိုင် မမှန်နိုင်၊ မှန်ပြန်လျှင်လည်း ဒဏ်ချက် ပြင်း မပြင်း စဉ်းစားစရာတွေ ဖြစ်၏။ အထူးခက်ခဲဆုံးမှာ ချောက်သတ္တဝါတို့သည် လှုသံကြားလျှင် ခေါင်လှုကြီး ချောက်ကြီးက အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း

http://www.cherrythitsar.org



ပေါ့ပါးလျင်မြန်စွာနှင့် မြင့်မေ့ ကိုင်းတူရေ့ဆိုသော သစ်ပင်ထက်သို့တက်ကာ သစ်ကိုင်းတစ်ကိုင်းကိုရှိုး၍ သစ်ရွက်များကိုပင် ခုကာထိုင်လျက် မလှုပ်မယှက် ပုန်းကွယ်နေလိုက်သည့် တစ်ခဏအတွင်း သာမန် မျက်စိရှင်သော မုဆိုးများမှာ ယောင်ချာချာဖြစ်သွား၍ မျောက်တွေထွက်ပြေးကုန်ပြီဟုသာ မှတ်ချက်ချရပေတော့မည်။ သို့ရာတွင် ကျွန်ုပ်တို့ဇာတ်လိုက် မျောက်ဖိုးထွန်း အဖို့မူ ပါးစပ်က ဝါးဆေးတံကိုခဲလိုက်ရင်းနှင့် မြင့်မားလှသည့် သစ်ပင်ထက် တစ်နေရာသို့ ဟန်ပါပါနှင့် လက်ညှိုးထိုးပြလိုက်ပြီး 'ကြည့်ဟေ့၊ ဟိုမှာ မျောက်ကွ၊ အသာနေ'

အနီးမှ အခေါ် တောလိုက်သမားများက အတင်း မျက်စိများကို ပွတ်သပ်ကာ ဂရုတစိုက် ကျွတ်ခမန်း ကြည့်ကြတော့လည်း သစ်ရွက်အုံ၊ သစ်ကိုင်းများမှ လွဲ၍ ဘာမျှမမြင်ကြရသည့်အခိုက်တွင်

'ကိုကြီးထွန်းရယ်၊ ဘယ်မှာတုန်း မျောက်၊ ကျုပ်တို့တော့ သစ်ရွက်အုံသာ မြင်တယ်ဗျ'

'အဲဒါပေါ့ကွ၊ မုဆိုးလဲ လုပ်ချင်သေးရဲ့ သောက်သုံးလဲမကျဆိုတာ၊ ကြည့်နေ၊ ငါ ပြမယ်'

ပြောမဆုံးမီ သူ၏ လက်စွဲတော်ဒူးလေးကြီးကို ဆီးစပ်၍ မောင်းတံကြီး အသာထောက်လိုက်ပြီး ဂရုမစိုက်သည့်အမူအရာနှင့် ကြိုးကိုဆွဲ၍ ဒူးလေး တင်လိုက်ပါတော့သည်။ နောက်ကျောတွင် လွယ်ထားသည့် မြားဘူးထဲမှ အမြီးတွင် မြားရွက်ကျကျ တပ်ထားသော မြားတံ တစ်ချောင်းကို လျင်မြန်စွာထုတ်ယူလိုက်ပြီး မောင်းတံပေါ်တွင် အသာ နေသားတကျတင်၍ မြားတံဖင်ကို မောင်းတံပေါ်မှ ပျားဖယောင်းနှင့်ကပ်ကာ ဘယ်လက်နှင့် ဒူးလေးကို ရှေ့မှ မကာချိန်လိုက်ပြီး ညာလက်မှ မောင်းတံ ဖင်မြီးကို မေးကာကိုင်လျက် ပါးစပ်က 'ကြည့်ဟေ့....'

လေလှုတ်ဖြတ်သံနှင့်အတူ ပြင်းထန်လှသည့် ဒူးလေးကိုင်းသံ၊ ကြိုးပြတ်သံကြီးနှင့် 'ခေါင်'ဟူသော အသံဆုံးသည်နှင့်တစ်ပြိုင်နက် မြားတစ်စင်း၏

http://www.cherrythitsar.org



တရှဲရှဲ အရှိန်ပြင်းထန်စွာနှင့် အထက်သို့ တက်သွားသံ တစ်ခေတ္တ 'ဖုတ်' ဟူသော ထိမှန်သံ နောက်ဆက်တွဲ ထွက်ပေါ်လာတော့၏။ မျက်စိတစ်မှိတ် အတွင်းမှာပင် သစ်ပင်ထက်ဆီမှ ပေါခနဲ သစ်ရွက်များကိုဖောက်ကာ မြွေပြန် ခေါင်းပြန် မြားတန်းလန်းနှင့်ကျလာသော မျောက်ညိုတစ်ကောင်ကို မြင်ရပြီး မြေပေါ်သို့ ဘုန်းခနဲ ပစ်ကျလေတော့သည်။ ဤသို့နှင့်ပင် မုဆိုးဖိုးထွန်း၏ ဒူးလေးသံ 'ခေါင်'၊ မှန်သံ 'ဖုတ်'၊ ခေါင် ဖုတ် စုံတွဲသံ များနှင့် အဆုံးတွင် မျောက်တွေ တစ်ကောင်ပြီးတစ်ကောင် ကိစ္စတုံးရလေ သည်။ သူသည် မျောက်လောက် ကိုယ်လုံးကြီးသည့် တိရစ္ဆာန်ကိုသာမက အလွန်သေးငယ်လှသည့် ရှဉ့်များ၊ ငှက်များကိုပင် မလွတ်တမ်း ၎င်းလက်စွဲ တော် ဒူးလေးနှင့်ပင် ပစ်ခတ်နိုင်စုံမက သူ၏ ယာခင်းသို့ တိတ်တဆိတ် ခိုးဝင်စားသောက်သော ဂျီများ၊ ဝက်များ၊ ဆတ်များကိုလည်း ဤဒူးလေး နှင့်ပင် အရ ပစ်ခတ်ယူလေ့ရှိသည်။ ထို့ကြောင့် ၎င်းစွယ်တော်မြောင် သရက်ချောင်းတစ်ဝိုက်တွင် မုဆိုးဖိုးထွန်း သို့မဟုတ် မျောက်ဖိုးထွန်းဆိုလျှင် လူတိုင်းသိ၏။ သစ်တောဘက်အရာရှိများအစ မုဆိုးများ၊ ဝါသနာအိုးများက တောလည်း အမဲပစ်လုပ်ငန်းနှင့်ဆိုင်လျှင် သူ့ကို လက်မလွှတ်နိုင်ရှာကြ။ သူ ပါမှ သူ လမ်းပြမှ ပြီးစေ၏။ ယခု ရေးလတ္တံ့သော ကိစ္စမှာ ဤမုဆိုး ဖိုးထွန်း၏ မျောက်နှင့်ပြိုင်ကာ မျက်စိရှင်မှု၊ လျင်မြန်မှုကို အဓိကထား၍ ကြိုတင်ဖော်ပြ၍ ရေးရမည်ဖြစ်ရာ ၎င်းအတွေ့အကြုံကို အနည်းငယ်ဖော်ပြကာ ကျွန်တော့် ကိုယ်တွေ့ သက်ဦးဆံဖျား အဖြစ်အပျက်ကို ဆက်လက် ဖော်ပြရ ပေတော့မည်။ အမှန်မှာတော့ မုဆိုးဖိုးထွန်းပင် ကျွန်တော်တို့ရဲဘော်တွေ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ပေတော့သည်။ သူ့ကို ယခုတိုင်ပင် အရေး ကြုံတိုင်း သက်ဦးဆံဖျားကိစ္စ ရင်ဆိုင်ရတိုင်း မမေ့နိုင်၊ အမြဲတမ်းသတိရလျက် ရှိပါတော့သည်။

* * *

http://www.cherrythitsar.org



သစင်ကြွင်း အင်ကြင်းဝတ်မှုန်တို့က နွေဦးလေကို အမွှေးနံ့ ဆက်သနေပါသည်။ ရွက်ဟောင်းကြွေလှစ် ပုရစ်ဖူးတို့ကလည်း မိန့်ဘွဲ့ခင်းနေတော့သည်။ ပင်မြင့်ယံ နွေမင်းတမန်တော် ဥဩငှက်၏ တွန်ကျူးသံမှာ သာယာလှပေတော့သည်။ လေရူးကလေးကလည်း သီချင်းသံအလိုက် ဟိုမှဒီမှ မြူးတူးပြေးလွှားနေပုံ ရလျက်။

သို့ရာတွင် ကျွန်တော်တို့ မြန်မာ့တပ်မတော် ရဲဘော်များမှာတော့ သဘာဝကြီး၏ သာယာမှုကို ဆန့်ကျင်၍ ယမ်းငွေ့တလှလှနှင့် စစ်ဆင်စစ်ခင်းလျက်။ ၁၉၄၅ ခု၊ ဖက်ဆစ်တော်လှန်ရေး မတ်လ၏ တော်လှန်နေသော ရက်တစ်ရက်ပင် ဖြစ်ပါတော့သည်။ ကျွန်တော်သည် တိုင်း ၆ တွင် ဒေသဆိုင်ရာ တပ်မှူးကြီးတစ်ဦးအဖြစ်တာဝန်ယူ၍ တိုင်းပြည်နှင့်လူထုရန်သူမှန်သမျှ လွတ်လပ်ရေးကို ပိတ်ပင်တားဆီးသူမှန်သမျှအား လက်သံပြောင်ပြောင်နှင့် မြန်မာ့သားကောင်း ရဲဘော်များနှင့်အတူ ဖက်ဆစ်ဂျပန်များကို လိုက်လံတိုက်ခိုက်နေသောအခါ ဖြစ်ပါသည်။ ကျွန်တော်က လယ်ဝေးမြို့နယ်ကို တာဝန်ယူ၍ ဦးဆောင်တိုက်ခိုက်လျက်ရှိလေသည်။ လယ်ဝေးနယ်အတွင်းအုပ်စုကွဲနေသော ဂျပန်တပ်များကို ရှင်းလင်းသုတ်သင်ပြီးနောက် တစ်နေ့သော ညဉ့်တွင် နယ်စပ်မှ ဆက်သားအဖွဲ့ တစ်ဖွဲ့ ဆိုက်ရောက်လာပါတော့သည်။ ၎င်းတို့ ယူဆောင်လာသောသတင်းမှာ ပြည်၊ အောင်လံ၊ သရက်နယ်မှ ဂျပန်တပ်မကြီးတစ်တပ်က ပျဉ်းမနားဘက်သို့ လှည့်ဆင်းလာရန် စီစဉ်နေကြကြောင်း၊ ၎င်းဂျပန်တပ်များမှာ ပျဉ်းမနားကတစ်ဆင့် ပေါင်းလောင်း စစ်တောင်းမြစ်ကိုဖြတ်၍ ရှမ်းပြည်နယ်မှ ယိုးဒယားသို့ ဆုတ်ခွာရန်ကြံရွယ်ထားသည့် စစ်ရည်ရွယ်ချက်များပါ ပါရှိသည်အတွက် ကျွန်တော်၏ စစ်ဌာနချုပ်သို့ အဆင်သင့်အမိန့်ပေးကာ တိုင်းဌာနချုပ်သို့ အထက်ပါသတင်းကို ညဉ့်ချင်း ဆက်သားလွှတ်ကာ သတင်းပို့လိုက်ပြီး ကျွန်တော်ကိုယ်တိုင် နယ်စပ်ဒေသသို့ စစ်ဆင်မှုအတွက် လိုအပ်သည့် တပ်မှူးများ၊ ရဲဘော်များနှင့်အတူ တောင်တွင်းကြီး နယ်စပ်ဘက်

http://www.cherrythitsar.org



သို့ ကင်းထောက်စစ်ဆင်မှုခရီး ထွက်ခဲ့ပါသည်။ ကျွန်တော်တို့ ချီတက်ရသည့် ခရီးလမ်းမှာ အလွန်ကြမ်းတမ်းသော လှည်းလမ်းသာရှိ၍ ချောင်းများကို အတန်တန် ကူးနေရတော့သည်။ ရိက္ခာတင်လှည်းများကို နောက်ထား၍ ကျွန်တော်နှင့် တပ်မှူး၊ တပ်စိတ်မှူး၊ ရဲမက်များမှာ ရှေ့သို့ အလောတကြီး ချီတက်ခဲ့ရသည်။ ကျွန်တော်၏ တပည့်ရင်း ရဲဘော် ဖိုးချိုမှာ ကျွန်တော်သွားရာ၌ အမြဲမကွာ ယူဆောင်လေ့ရှိသော ဆင်ပစ် သေနတ်နှစ်လက် လွယ်ခဲ့ရ၍ အတော် ဝန်းနှာလျက် ပင်ပန်းနေပုံကို တွေ့ရလေသည်။ ဤသို့စစ်တိုက်ထွက်ရာ၌ အမဲပစ်သေနတ်များ ယူလာခဲ့ခြင်းမှာ လမ်းပြလုပ်သူများအတို့ စစ်သုံးသေနတ် အပိုမပေးနိုင်၍ အကာအကွယ် သဘောမျိုးဖြင့် ကိုင်ဆောင်စေရန်နှင့်တကွ၊ တပ်ရင်းတစ်ရင်း အထူးတပ်ခွဲနှင့် ခရိုင်နိုင်ငံရေးရုံး အဖွဲ့အစည်းတို့ ပေါင်းစုထားခြင်းကြောင့် စာရင်းပါ ရဲမက်နှင့် နိုင်ငံရေးသမားအဖွဲ့ဝင် ၁၅၀၀ ကျော် ရှိခြင်းကြောင့် ရိက္ခာပြဿနာ၊ ဟင်းလျာပြဿနာ ခက်ခဲမှုကြောင့် အခွင့်သင့်လျှင် သင့်သလို အမဲကြီးများကို ပစ်ခတ်၍ တော်လှန်ရေးရိက္ခာစုကြရန်အတွက် အမဲပစ်သေနတ်ကြီးနှစ်လက်ကို ယူဆောင်ခဲ့ခြင်းဖြစ်၏။

ကျွန်တော်တို့ ဒေသဆိုင်ရာ စစ်ရုံးစိုက်သည့် သစ်တောရွာအနီးရှိ ကတ်ကြီးစခန်းမှ ထိုရှေ့ဖျားစခန်းရှိ ရွှယ်တော်မြောင်ရွာအထိ ခရီးမှာ အနည်းဆုံး မိုင်သုံးဆယ်ခန့်ရှိပေမည်။ ကျွန်တော်တို့ စခန်းဌာနမှာလည်း ပဲခူးရိုးမ တောစပ်ပင်ဖြစ်၍ ထိုရွှယ်တော်မြောင်ရွာသို့ ရောက်သည်အထိ တစ်တောပြီး တစ်တောဝင်၊ တစ်ချောင်းပြီး တစ်ချောင်းဖြတ် ကန္တာရခရီး ကြမ်းကို လေးလံလှသည့် စစ်လက်နက် စစ်ဝန်များနှင့် ချီတက်ခဲ့ရသည်။ တောနက် တောတောင်ထူထပ်ပုံမှာ အထူးပြောစရာပင် မလိုတော့ချေ။ ရိုးမအများမှ ရိုးမအခြေအရင်းသို့ ခရီးထွက်ခဲ့ရခြင်းကို စဉ်းစားကြည့်လျှင် သိနိုင်လောက်ပေ၏။ လှည်းလမ်းခရီး တစ်လျှောက်လုံးတွင် အသွားအလာ နည်းလှ၍ လှည်းဘီးရာပေါင်း မှေးမှိန်မှိန်မှအပ ခရီးအသွားအလာနည်းပါး

http://www.cherrythitsar.org



မှုကိုပြု၍ တောတောင်ထူထပ်၊ သားရဲတိရစ္ဆာန်ပေါလှကြောင်းကို အတိုင်းသား ပြနေသည့်အလား ကျားခြေရာကြီးများ၊ ဆတ်ခြေရာ၊ ဝက်အုပ်များ၏ အရွယ်အစားစား ခြေရာများ၊ တောဆင်အုပ်များ လမ်းပေါ်ဖြတ်ကူးသွားသည့် ကန့်လန့်ဖြတ် ဆင်ကြီးများ၏ ခြေရာများမှာ ဖြူဖြူဖွေးနေသော သဲဆန်ဆန် လှည်းလမ်းပေါ်၌ အမြဲလိုလို တွေ့မြင်နေရတော့၏။ အောက်ချင်းငှက် တစ်သိုက်လည်း နိမ့်လိုက် မြင့်လိုက် တောင်ပံခတ်ကာ တကက်ကက် အော်မြည်လျက် လှည်းလမ်းတစ်လျှောက် ပင်မြင့်များဆီသို့ ပျံသန်းရင်း အစာရှာဖွေနေလေသည်။

ကျွန်တော်တို့တပ်ဖွဲ့ကို လမ်းပြလုပ်လာ ပန်းညိုစမ်းရွာမှ ရဲဘော်ကြီး ဦးမောင်က ဘေးတစ်ဝိုက်က ထူထပ်လှသည့် တောပြင်ကို အားရပါးရ ကြည့်လိုက်ပြီး 'ဗိုလ်မှူးရေ၊ စစ်ရေးမှိုသာဗျာ၊ အားရင် ကျုပ်တို့တစ်တွေ လက်နက်တောင့်တောင့်နဲ့ တောလယ်လိုက်ရဖြင့် အမဲတွေ တောင်ပုံရာပုံ ပုံနေမှာပဲဗျ၊ ဟီး ဟီး'

ကျွန်တော်က ရဲဘော် ဖိုးချိုဆီမှ တစ်လှည့်ယူပြီး ပခုံး၌ထမ်းခဲ့ရသော ၄၇၀ ဗို့ နှစ်လုံးပြူး ရိုင်ဖယ်ကြီးကို ညာဘက်ပခုံးသို့ အသာရွှေ့ထမ်းလိုက်ပြီး

'ဦးမောင်၊ တစ်ဆိတ်သည်းခံဦးချို့၊ ပထမ ကျုပ်တို့လုပ်ရမှာဟာ စစ်ရေးပြီးတော့ အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့ဗျာ၊ အမဲတော့ ပထမတန်းနေရာပဲ ထင်ပါရဲ့'

'ဟာ၊ အမဲဆိုမှ အမဲကြီးတွေ ဗိုလ်မှူးရယ်၊ ပြောင်နဲ့ ဆင်အုပ်ဟာ ဒီနယ်တစ်ဝိုက်မှာ အမြဲကျက်စား အုပ်ဖွဲ့နေတယ်ခင်ဗျ၊ ဆင်အုပ်ဆိုလဲ ရှုယ်ဆင်အုပ်ဖွဲ့နဲ့တစ်မျိုး၊ သင်းကွဲဟိုင်းဆင်တစ်မျိုး၊ ကြိုက်ရာရွေးပစ်ဖို့ပဲ ဗိုလ်မှူး၊ သေနတ်တွေကောင်းကောင်းနဲ့ ပြောင်ဆိုရင် ရွာနဲ့နှစ်မိုင်မဝေးစေ ရဘူး၊ မုချပစ်ရမယ် ဗိုလ်မှူးရေ့၊ ဖယုံမရှိနဲ့ နှစ်စဉ်ဒီရွာတွေမှာ နွားတွေ ကျွဲတွေ ကျားဝင်ဝင်ဆွဲလွန်းလို့ နွားခြံမှာကို နှစ်ထပ်သုံးထပ် ကာထားရ တယ်ဗျ၊ တောက် နွဲ့လိုက်စမ်းချင်တယ်ကွာ'

http://www.cherrythitsar.org



အနားမှ ရဲဘော်ဖိုးချိုက လေးလံသောဝန်ထုပ်၊ အမဲပစ်လက်နက်များ အရှိန်အောက်မှ ဦးမောင်၏ အမဲပစ်လက်ချက်ကို သဘောကျစွာနှင့် နားထောင်နေရာက

"ဒီမှာ ဦးမောင်၊ ဖြည်းဖြည်းဗျ ဖြည်းဖြည်း၊ ခင်ဗျားတို့ မုဆိုးတွေတော့ မပြောတတ်ဘူး၊ ကျွန်တော်တော့ ကျောအောင့်၊ ရင်အောင့် ဖြစ်နေပြီဗျ၊ ခင်ဗျား ကူထမ်းပါဦး၊ အကျိုးနည်းလေးတဲ့ သေနတ်ဗျာ"

"ဟေးဗျာ ပေးပေး၊ ဟုတ်တယ်လေ ကျုပ်က သိပ်ဝါသနာပါလွန်းလို့ ပြောတာဗျို့"ဟု တဟားဟား ဦးမောင်ကရယ်မောရင်း လေးလံလှသည့် အမဲပစ် သေနတ်များကို ကူညီပခုံးပြောင်းကာ ထမ်းနေပါတော့သည်။

ညနေ သုံးနာရီခန့်တွင် ရွှယ်တော်မြောင် ရွာဦးအစဖြစ်သော စမ်းချောင်းကလေးဆီသို့ ကျွန်တော်တို့တစ်သိုက် ဆိုက်ရောက်ခဲ့ကြသည်။ ချောင်းကလေးထဲတွင် ငါးသလဲထိုး ဖမ်းနေကြသော မိန်းမတစ်သိုက်မှာ တစ်ကြိမ်တစ်ခါမျှ စစ်ဝတ်စစ်စားနှင့် မမြင်ဖူးသော ကျွန်တော်တို့ကို မြန်းခနဲ အသံမကြားဘဲ တွေ့ရ၍ ကြောက်အားလန့်အားနှင့် ရွာဘက်ဆီသို့ သုတ်ခြေတင်ကြလေသည်။ ရွာဆီမှလည်း အလန့်တကြားပြောဆိုသံ၊ ခွေးဟောင်သံ၊ ကလေးငိုသံများကိုကြားရ၍ ကျွန်တော်တို့ကို တလွဲထင်ကာ ကြောက်လေပြီဟု လမ်းပြ ဦးမောင်က ကျွန်တော်တို့ကိုထားခဲ့ပြီး ၎င်းက ရှေ့သို့တက်ကာ ရွာပေါက်ဝသို့အပြေးကလေးဝင်သွားပါသည်။ ရွှယ်တော်မြောင်ရွာဆို၍ လယ်ကွက်လပ် လွင်ပြင်၌ဆောက်လုပ်ထားသော ရွာမျိုး မဟုတ်ပါ။ မြန်းခနဲ တောကြီးထဲတွင်တွေ့ရသော တကယ့် တောကျ ချောင်ကျသော ငှက်များထူမည့် သစ်ရိပ် ဝါးရိပ်အောက်မှ မြွမပြင် တဲပုတ်အိမ်ငယ်များနှင့် ရွာသိမ် ရွာငယ်ကလေးပင် ဖြစ်ပါသည်။

ရွာထဲမှ ယောကျ်ားနှစ်ယောက်က ကျွန်တော်တို့ဆီသို့ ခရီးဦးကြို ထွက်လာပြီး

http://www.cherrythitsar.org



'ကြွပါ စစ်ဗိုလ်မှူးကြီးများ ကြွပါ၊ ကျွန်တော်တို့က မြှန်းခနဲ သတင်းမကြား လုပ်ထောက်မလွှတ်ဘဲ စစ်သားတွေ ရွာဆီလာတယ်ဆိုတော့ ကြောက်တာပေါ့ ခင်ဗျ၊ ဦးဖောင်ကြီးကလက်ဦးဆုံး ရွာထဲဝင်လာမိလို့ပေါ့၊ အဲ၊ နို့မို့ရင် ရွာသားတွေ တစ်ယောက်မှတွေ့ရမှာ မဟုတ်ဘူး' တဟားဟား ရယ်မောရင်း ကျွန်တော်တို့ကို ရှေ့မှ လမ်းပြခေါ်ဆောင်ကြပါတော့သည်။

ကျွန်တော်တို့ ရွာထဲဝင်မိမှ အထုပ်အပိုး ကိုယ်စီနှင့် ရွာသူရွာသားတွေ တချို့က ရယ်မောရင်း စိတ်ချလက်ချ ရွာထဲပြန်ဝင်လာကြပြီး ရွာခေါင်း ဦးမြဖောင်ဆိုသူက 'တစ်အိမ်တစ်အိုးကျ လက်ဖက်ရည်ကြမ်းအိုး မြန်မြန်တည်ကြယော့'ဟု အော်ဟစ်ကာ ကျွန်တော်တို့ကို အဓမ္မပြေ အကြမ်းအိုးနှင့် ဧည့်ခံရန် စိုင်းပြင်းရင်းနှင့် ကျွန်တော်တို့လာရောက်သည့် ကိစ္စအကြောင်းရင်းကို တရိုတသေ မေးရှာကြ၏။

ရွာသူရွာသားအားလုံးမှာ သွေးတူမျိုးတူ မြန်မာစစ်သား၊ စစ်ဗိုလ်များကို သူတို့ကိုယ်တိုင် နီးနီးကပ်ကပ် မြင်ရ စကားပြောရမှုကို ဝမ်းအသာကြီး သာနေလျက် ရှိစုမဲ့စု စားစရာများကို အမြန်ဆုံး ပြင်ဆင်ကာ အိမ်ခြေ သုံးဆယ်ငါးအိမ်သာရှိသော လူသူမနီး အဆောက်အအွယ်ဝေးလှသည့် ဤ စွယ်တော်မြောင် ရွာကလေးတွင် ကျွန်တော်တို့ တိုက်ကင်းထောက်တပ်ဖွဲ့ ကလေးသည် ခေတ္တစခန်းချရပ်နားကာ ရှေ့လုပ်ငန်းစဉ်များကို လေ့လာ ဆွေးနွေးနေကြပါတော့သည်။

ရေနွေးငွေ့တို့သည် ရစ်ကာ ဝေ့ကာ သီကာနှင့် လက်ဖက်ရည် ပန်းကန်လုံးများအတွင်းမှ ပျင်းရိစွာနှင့်တက်၍ မည်းနက်နေအောင်ကျပ်ခိုး စွဲနေသည့် ကုလားဖျင်းတဲ ခေါင်မိုးသက်ကယ်ဆီသို့ ပြေး၍ကပ်လျက် ထိုးတက်နေပါသည်။ ကျွန်တော်တို့ရှေ့ရှိ အိုးမည်းဆီချေး ပိန်းအောင်သုတ် ထားပြီးသား ရွှတ်တက်အောင် မီးသားရပြီးသော ခရားမ လက်ဖက်ရည် မြေအိုးကြီးမှာလည်း ၎င်းအနီးရှိ ကျီသားခြောက်အမြည်းပန်းကန်နှင့် ပထာရ ပါသေး၏။ ရဲဘော်အားလုံးလည်း တစ်မနက်လုံး ခရီးပြင်းနှင်ခဲ့ရသောအတော်ကို

http://www.cherrythitsar.org



အတိုးချကာ ဖြေရင်း၊ နားရင်းနှင့် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော တောတောင်အလယ်မှ စွယ်တော်မြောင်ရွာကလေးကို အထူးအဆန်းသဖွယ် တအံ့တသြ လှည့်လည်ကြည့်ရှုလျက် ရွာသားများနှင့် စကားလက်ဆုံကျကာ အကျေနပ်ကြီးကျေနပ်နေကြပါသည်။

ချောင်ကြီးကို မျက်နှာသုတ်ပဝါနှင့်ပတ်၍ အရပ်ပုပု အသားနီစပ်စပ် မျက်နှာနှင့် ဒူးလေးကြီးတစ်ခင်းကို ဟန်ပါပါ ပခုံးထိုးလျက် အမဲလိုက်ချွေး လေးကောင်က ရှေ့နောက်ဝဲယာ ခြံရံလျက် မျောက်ညို၊ မျောက်နီများနှင့် ရစ်များကို ပခုံး၌ ထမ်းပိုးနှင့်လျှို၍ အထမ်းတပည့်နှစ်ယောက်နှင့်အတူ တောထဲမှ ရွာဆီသို့ ခပ်စိုက်စိုက်ဝင်လာသော လူတစ်သိုက်ကိုမြင်ရ၍ ကျွန်တော်တို့က ဂရုတစိုက် ကြည့်မိကြသည်။ အောက်အရပ်က ရဲဘော်များက ရစ်နှင့် မျောက်တွေ ထမ်းလာသည်ကိုတွေ့ရ၍ တစ်ခါမျှ မမြင်ဘူးသည့်အလျောက် အပြေးကလေး ဝိုင်းအုံကြည့်ကြတော့သည်။

ရွာခေါင်း ဦးမြမောင်က အဖြည်းတစ်ဖက်ကိုဝါးလိုက်ရင်း လှမ်း၍

'ဟေ့ မောင်ဖိုးထွန်း၊ ဒီကို ခဏဟေ့'

ဒူးလေးဆရာလည်း အလွန်ရိုသေသည့် လက္ခဏာနှင့် ကျွန်တော်တို့ ရှိရာသို့ ပုဆစ်ဒူးချဟန်မျိုးနှင့် ဝင်လာသည်တွင် ကျွန်တော်က 'လာသာ လာပါဗျာ၊ ဒီလောက် အရိုအသေပေးဖို့မလိုပါဘူး' ဟု လှမ်း၍ပြောလိုက်မိပါသည်။

ဦးမြမောင်သည် ထိုဒူးလေးဆရာသို့ 'ဒီမှာကွ၊ တို့မြန်မာစစ်တပ်က ဗိုလ်မှူးကြီးတွေ၊ စစ်ကိုစွန့်နဲ့ ရွာကိုရောက်လာကြတယ်၊ သိပ်ဝမ်းမြောက်ဖို့ ကောင်းလှသဟေ့၊ ပြီးတော့ တို့ဆရာကြီး တောအုပ်ကြီးဦးမင်းဆွေရဲ့ ညီအရင်းကွ၊ ဟန်သမှ သိပ်ဟန်' ပြီးမှ ဦးမြမောင်က ကျွန်တော်တို့ဆီသို့ ကြည့်၍ 'စစ်ဗိုလ်မှူးကြီးဗျာ၊ ဟောဒါက ကျွန်တော်တို့နယ်မှ ထိပ်သီးနာမည်ကျော် မျောက်ဖိုးထွန်းခေါ်တဲ့ မုဆိုးကျော်ကြီးပါပဲဗျား၊ ဒီတော ဒီတောင် တစ်ပိုက်မှာဖြင့် သူမသိတဲ့ လမ်း၊ ခင်၊ လျှို၊ ကြောဆိုတာ တစ်ခုမှ မရှိ

http://www.cherrythitsar.org



ပါဘူး၊ တောကျွမ်းမှာတော့ နှစ်ယောက်မရှိတဲ့ လူပါပဲ၊ လိုရာအသုံးပြုတော်မူပါ ခင်ဗျား'

ကျွန်တော်က ၎င်းကို ပြုံးပြုံးကြည့်၍ 'ဘယ့်နှယ်လဲ ကိုဖိုးထွန်း၊ စစ်တိုက်ရဲပါ့မလား၊ ကျုပ်တို့နဲ့ အတူလိုက်ဖို့'

'စိတ်ချပါ စစ်ဗိုလ်ကြီးတို့ရာ၊ အမဲတောင် ပစ်ရဲရင် စစ်ဘာလို့ မတိုက်ရဲရမှာလဲ၊ သေချာလိုက်ပြီးသားပဲ' အိမ်ရှင်များဘက်သို့ လှည့်၍ 'ဗျော၊ ယောဒီကပဟာတွေ စစ်ဗိုလ်ကြီးတို့ လိုရာချက်ကျွေးကြစို့၊ အကုန်လုံး ချက်ဗျာ၊ ကျုပ်ဖြင့် မြင်ကတည်းက သိပ်ဝမ်းသာနေမိတယ်၊ ဖျောက်များ ရစ်များကို မီးဖိုဆီသို့ သူ့တပည့်ကျော်တွေကို အမြန်အပို့ခိုင်းလိုက်ပြီးမှ

'ကျွန်တော့်ကို လိုတာခိုင်းပါ ခင်ဗျား၊ တောသားဆိုတော့ ဘာမှ မပြောတတ် မဆိုတတ်လို့ပါ၊ စစ်ဗိုလ်ကြီးတို့ရဲ့'

ထိုနေ့မှစ၍ ဖျောက်ဖိုးထွန်းမှာ ကျွန်တော်တို့၏လက်ရုံး၊ လမ်းပြ ရဲဘက်တော်တစ်ဦးဖြစ်လာပါတော့သည်။

* * *

တောင်တွင်းကြီးဘက်မှ ဈေးဝယ်ပြန်လာကြသော သရက်ချောင်းရွာသား တစ်စုဆီမှ သတင်းရပြန်လေသည်။ တောင်တွင်းကြီးဘက်မှာ ဂျပန်စစ်သား များ အထုပ်အပိုးတပြင်ပြင်နှင့် ဖျဉ်းမနားဘက်သို့ ခြေကျင်ဆင်းလာရန် ပြင်ဆင်နေသည်။ တချို့ ခြေကျင်လာစပြုနေကြောင်းကို ထိုရွာသားတစ်စု က မြင်ခဲ့ရ၍ ဂျပန်တွေ အလျင်ဦးအောင် သုတ်ခြေတင်ခဲ့ရကြောင်း စသည့် အရေးကြီးသည့် စစ်သတင်းပင်ဖြစ်ပေ၏။ ထို့ကြောင့် ကျွန်တော်၏ တွက်ကိန်းရှု ကြည့်လိုက်သည့်အခါတွင် ဂျပန်တပ်များ ခြေကျင်သုတ်ခွာခဲ့၍ ဖျဉ်းမနားဘက်သို့ လှည့်ဆင်းလာခဲ့လျှင် ဖြတ်လမ်းကူး ခရီးတိုလမ်းပေါက် များမှ ဆင်းလာခြင်းဖြင့် ၎င်းတို့ခရီးကို ချုံ့စေနိုင်မည်။ ၎င်းတို့လက်တွင်း

http://www.cherrythitsar.org



၌လည်း မြေပုံပေါင်းများ ရှိကြလိမ့်မည်။ ထို့ကြောင့် ၎င်းတို့ မြေပုံအတိုင်း ဆင်းလာနိုင်မည့်လမ်းများကို ကျွန်တော်တို့ ကြိုတင်သိရှိ၍ တိုက်ရန်နေရာကောင်းများရွေးခြင်း၊ ဗုံးများထောင်ခြင်း၊ စတင်လုပ်ဆောင်ကြရန် အရေးကြီးလာပေတော့သည်။ ထို့ကြောင့် ကျွန်တော်နှင့် တပ်မှူးများ တချို့ ခေါင်းဆောင်ရမည့် တပ်စိတ်မှူးများကို တစ်နေ့စာရိက္ခာနှင့် အသင့်ပြင်ကာ မျောက်ဗိုးထွန်းနှင့် ဦးမောင်တို့ကို လမ်းပြအဖြစ် ခရီးထွက်စေကာ စစ်အတွက်နေရာကောင်းများ ရှာဖွေကြရန် စီစဉ်လိုက်ကြသည်။

ကျွန်တော်တို့အဖွဲ့တွင် စုစုပေါင်း လူဦးရေ ဆယ့်ငါးယောက်ပါ၍ လမ်းပြနှစ်ဦး စစ်မှုထမ်း တစ်ဆယ့်သုံးယောက် ပါဝင်၏။ စက်သေနတ်ကလေး သုံးလက်နှင့် စစ်သုံးရိုင်ဖယ်၊ ယမ်းတောင့်၊ လက်ပစ်ဗုံးများ အပြည့်အစုံနှင့် ကျွန်တော်၏ ဆင်ပစ်သေနတ်နှစ်လက်ကို ဦးမောင်နှင့် ရဲဘော် ဗိုးချိုတို့က တာဝန်ယူထမ်းလွယ်စေသည်။ ရေဘူး၊ မှန်ပြောင်းများ၊ မြေပုံလိပ်များအသီးသီးနှင့် အတော်မျက်စိရှုပ်စရာ၊ ကိရိယာကိုယ်စီဖြင့် ကျွန်တော်တို့ စွယ်တော်မြောင်ရှာ အနောက်ဘက်သို့ ချီတက်ခဲ့သည်။ ကျန်ရဲဘော်များနှင့် တပ်မှူးများကို အနားပေးသည့်သဘောနှင့် ရွာတွင် ကင်းစောင့်ရင်း တာဝန်ကိုပါ ပေးအပ်ခဲ့သည်။

မျောက်ဗိုးထွန်းက ခေါင်းဆောင်လုပ်၍ ဂျပန်များပျူးမောနယ်သို့ ဆင်းလာနိုင်သည့် ဖြတ်လမ်းပေါက် စွယ်တော်မြောင် ချောင်းကလေးဆီသို့ ခပ်ပြင်းပြင်းချီတက်ခိုင်းပါသည်။ ရဲဘော်အားလုံးကို ကျွန်တော်၏ အမိန့် တစ်စုံတစ်ရာမရဘဲ သေနတ်ပစ်ခွင့် မပြုမိစေရန် သတိပေးထားရပါသည်။ အကြောင်းမှာ အရမ်းမဲ့ အမဲတွေ့သည့်အခါ သို့မဟုတ် ခြေချော်လက်ချော် သေနတ်ထွက်ခြင်းဖြင့် ကျွန်တော်တို့မသိစေချင်သော ဂျပန်တပ်များက အရေးမတော်၍ ကြားသွားလျှင် ရန်သူကို ကြိုတင်သတိပေးထားသည်နှင့်

http://www.cherrythitsar.org



တုစေ၍ ကျွန်တော်တို့ အစီအစဉ်အားလုံး ပျက်ပြားဖွယ်ရာ ရောက်စေမည့်ကိစ္စကြောင့်ပင်တည်း။

ကျွန်တော်တို့ကင်းအဖွဲ့လေးသည် မျောက်ဖိုးထွန်း ခေါင်းဆောင်ရာနောက်မှ တောတန်းအတိုင်းလိုက်ခဲ့ရာ နှစ်မိုင်ခန့် ခရီးပေါက်ရောက်သည့်အခါတွင် ကျွန်တော်တို့၏ လက်ဝဲဘက်ဆီမှ ချောင်းပေါက်ကလေးအပေါက်ဝသို့ ဆိုက်ရောက်မိခဲ့ကြသည်။ ထေားတစ်ဖက်တစ်ချက်တွင် စိမ်းစိုနေသော ချုံပုတ် ဝါးရုံပင်ကလေးများနှင့် အကျယ် သုံးပေခန့်ရှိသောစွယ်တော်မြောင် ချောင်းဝတွင် ကျွန်တော်တို့တပ်လေး ရှုဦးကပ်မိကြသည့်နောက် မျောက်ဖိုးထွန်းက ဒူးလေးကြီးကို မြေကြီး၌အသာချကာ ကျောက်မီးခတ်နှင့် နှစ်ချက်သုံးချက်ခတ်လိုက်ပြီး ဝါးဆေးတံကြီးသို့ မီးကူးလိုက်၍အားရပါးရဖွာရင်း

'ဟောဒီက ချောင်းပေါက်ဟာ ပျဉ်းမနားနယ်နဲ့ တောင်တွင်းကြီးနယ်ကို ဆက်သွယ်ရေးဝင်ထွက်တဲ့ ဖြတ်လမ်းပေါက်ပါပဲခင်ဗျာ၊ မိုးအခါတော့ ခဏလမ်းပိတ်တဲ့သဘောနဲ့ ဆောင်းနဲ့ နွေအခါဆိုရင်တော့ ခရီးသည်တွေ မစဲပါဘူး၊ ကဲ ချောင်းထဲ ဝင်ကြရလိမ့်မယ်ဗျား'

ထိုတွင် ကျွန်တော်က သတိရ၍ ရဲဘော်အားလုံး လက်နက်အသင့်ပြင်၊ ယမ်းတောင့်အပြည့်ထည့် မောင်းတင်နိုင်းပြီး သော့ပိတ်စေလျက်ကျွန်တော်၏ အမိန့် တစ်စုံတစ်ရာမရဘဲ မည်သူမျှ သေနတ်မပစ်ရန် သတိထပ်မံပေးလျက် ရှေ့ကခြေလှမ်းနှင့်သော မုဆိုးကျော်ကြီးနောက်သို့ ခပ်သွက်သွက် အမီလိုက်ကြရ၏။ ချောင်းမှာ နွေကာလမို့ရေခန်းခြောက်ပြီ ဖြစ်သော်လည်း စိမ့်မြိုင်အတွင်းတည်ရှိမှုကြောင့် အအေးဓာတ် မပြတ်ဘဲ သဲမြေများမှာရေအစိုပြန်လျက်ရှိတော့၏။ ကျွန်တော် ထင်သည့်အတိုင်း ချောင်း၏တည်နေပုံမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ ကွေ့ကာကောက်ကာနှင့် ကမ်းပါးတစ်ဖက်တစ်ချက်၌ သစ်ပင်ပိတ်ပေါင်း ထူထပ်အုံဆိုင်း၍ ကမ်းပါးအမြင့်မှ အနိမ့်ဆုံး လူတစ်ရပ်ကျော်မှ အထက်ပေသုံးဆယ်ခန့် အမြင့်ရှိကြောင်း

http://www.cherrythitsar.org



မှတ်သားမိပါသည်။ ကျွန်တော်တို့၏ ခြေသံများကြောင့် ချောင်းတွင်း၌ နေထိုင်နေကြသော ငှက်များနှင့် ရှဉ့်များမှာ အလန့်တကြား ဆူညံစွာနှင့် ပြေးလွှားပျံသန်းခြင်းမှာ ကျွန်တော်တို့ကို နှုတ်ဆက်သည်နှင့် တူစေသည်။ ဆယ်မိနစ်ခန့် သွားမိကြသည့် အချိန်ကာလတွင် ရှေ့မှ ခပ်နိုက်နိုက် ခပ် သွက်သွက် လှမ်းနေသော မုဆိုးကျော်ကိုဖိုးထွန်းက ခြေလှမ်းအသာကလေး ဖော့ကာ နင်းရင်း ကျွန်တော်တို့ရှေ့ ညာဘက် ကမ်းပါးယံဆောင်း အောက် ဘက် ကျကျနေရာသို့ ခပ်ပြုံးပြုံးမျက်နှာနှင့်ကြည့်ကာ လက်ညှိုးထိုးပြနေ ပါတော့သည်။ ကျွန်တော်က ဂရုတစိုက် ငုံးညွှန်ပြရာသို့ ကြည့်လိုက်တော့မှ သက်ငယ်ပုတ်အတွင်းမှ လှုပ်ရှားနေသော နီကြောင်ကြောင် သတ္တဝါ တစ်ကောင်ကို မြင်ရ၍ တစ်ခဏအတွင်းမှာပင် ထိုအိပ်ရာမှ လန့်နိုးနေနှင့် သော နီကြောင်ကြောင် သတ္တဝါက ခြွန်းခနဲထကာ ကမ်းပါးယံဆင်ခြေလျှော ပေါ်သို့ တအားခုန်ကာ တက်နေလေသည်။ ထိုအခါကျမှ ကျွန်တော် အမည်မဖော်ထုတ်ရသေးသော ထိုသတ္တဝါကောင်မှာ ယခုမှ အကာအကွယ် များဆီက လွတ်လပ်စွာ အထက် ကမ်းပါးယံဆီသို့ တအားတက်နေသည်ကို တွေ့ရ၍ ဈေးမဆတ်ထီးကြီးတစ်ကောင် ဖြစ်နေကြောင်း ခွဲခြားနိုင်တော့၏။ ဆတ်သုံးမျိုးအနက် ဆတ်တင်ပနီခေါ် ဒုတိယတန်းစား ဆတ်မျိုးဖြစ်၍ ဦးချိုကြီးမှာလည်း အတော်လှပစွာနှင့် မတ်စောက်နေသော ကမ်းပါးကြီး ပေါ်သို့ တအား တိုးကာ တိုးကာ တက်နေတော့၏။ ဘေးမှ ရဲဘော်အားလုံးက 'ပစ်လော့၊ ရျကွာ' ဟု သေနတ်များကိုမလျက် တကဲကဲလုပ်နေသည့်အတွက် ကျွန်တော်က စစ်ထွက်စရိုးတွင်အကြောင်းမဲ့ သေနတ်သံမကြားသင့်သည့် အတွက် လက်ကာပြရင်း ရှေ့က တဟီးဟီး ရယ်ရင်းနှင့် ကျွန်တော့်နည်းတူ လက်ကာပြရင်း အားယူတက်တိုင်းခြေချော်ကျကာ ခါးကြီးကုန်းနေအောင် လှသံကြားတိုင်း ကြောက်တိုင်း အတင်းတက်နေသည့်ဆတ်ကြီးကို ခဏ ရပ်တန့် ကြည့်နေမိကြ၏။ အမှန်မှာ တာဝန်မဲ့အချိန်မျိုး၌ ဤမျှပစ်ကွင်း ကောင်းလှသော ဆတ်ကြီးကို ကျွန်တော်ပင်လျှင် ချမ်းသာပေးမည် မဟုတ် ပါ။ ကျွန်တော့် နောက်မှ ရဲဘော်အားလုံးကလည်း တဟီးဟီး တဟဲဟဲ နှင့်

http://www.cherrythitsar.org



စိတ်ကိုချုပ်တည်းထားရသည့် အသံများနှင့် ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

ချောင်းကလေးမှာ ညာဘက်ထောင့်ကျကျ တွေ့ချိုးလိုက်သည့်နောက်တွင် ပိုမိုကျယ်ဝန်းလာ၍ ကျွန်တော်တို့ရှေ့မှ လမ်းပြ ကိုဖိုးထွန်းက ခပ်ကုန်းကုန်းငုံ့ကာ တစ်စုံတစ်ခုကို စိုက်ကြည့်နေသည်နှင့် ဦးမောင်နှင့် ကျွန်တော်လည်း ခပ်သုတ်သုတ်နင်လျက် ကိုဖိုးထွန်း နောက်မှကပ်ကာ ၎င်းဂရုတစိုက်ကြည့်ရာသို့ ချောင်းယောင်း၍ ကြည့်လိုက်မိ၏။ ထို ဂရုတစိုက်ကြည့်စရာကား တခြားမဟုတ်။ အကျယ်အဝန်းသုံးပေခန့်ရှိသော လတ်လတ်ဆတ်ဆတ် ဆင်ခြေရာကြီးများ ဖြစ်နေသောကြောင့်တည်း။

မျောက်ဖိုးထွန်းက စဉ်းစားနေရာမှ ခေါင်းတဆတ်ဆတ်လှုပ်ကာ ပြုံးတုံးတုံးမျက်နှာကြီးနှင့် 'ဆင်တော့ ဆင်ပဲ စစ်ဗိုလ်ကြီး၊ ကြောက်တတ်သလားဗျ'

ဦးမောင်က နှုတ်ခမ်းမွေးကားကားကြီးနှင့် တဟားဟား လေးလေးပင်ပင် ရယ်မောရင်း 'ဟုတ်ပါဘီ မျောက်ဖိုးထွန်းရယ်၊ တောဆင်လား၊ အိမ်ဆင်လားကွ၊ စစ်ဗိုလ်ကြီးတွေကို မင်းက ကြောက်တတ်သလားလို့ မေးနေရသေးတယ်ကွာ' မှဆိုးကျော် မျောက်ဖိုးထွန်းက 'ဒီလိုဆိုရင်လဲ ဖိုးထွန်းဘက်ကတော့ စိန်လိုက်ချို၊ ဒီနေရာမှာ အိမ်ဆင်ရော တောဆင်ရော လာတတ်တယ်ဗျ၊ ဒါပေမယ့်လို့ ရွာနဲ့နစ်မိုင်လောက်ပဲ ဝေးတော့ တောဆင်တော့ မလာဝံ့ဘူးထင်တယ်၊ ဆင်ကတော့ ရှေ့က သွားနှင့်လောက်ပါပြီဗျာ'

ကျွန်တော်က စိတ်မရှည်တော့တဲ 'တက်ချို့ ကိုဖိုးထွန်း၊ နောက်ပြန်လှည့်ဖို့ဆိုတာ ကျွန်တော်တို့ ဝါဒမရှိဘူး၊ ထွက်ခဲ့တဲ့ခရီးမှာ နောက်ပြန်မဆုတ်ဘူးဗျ၊ ဆင်မကလို့ ဘာကောင်ဖြစ်ဖြစ်၊ ဂရုစိုက်စရာမလိုဘူး၊ တွေ့ရင်ချမယ် စိတ်ချသာနေ'

'နေရာကျလိုက်တာဗျာ၊ ကျုပ်ကလဲ ဒီလိုစိတ်မျိုးရှိတဲ့လူတွေနဲ့မှ ခရီးသွားချင်တယ်၊ ကိုင်း သွားမယ်၊ သတိတော့မလစ်စေနဲ့ ကြားလားလာကြ'

http://www.cherrythitsar.org



ဝဲယာ အခြေအနေကို ဂရုတစိုက်နှင့်ကြည့်ရင်း မျောက်ဖိုးထွန်း ဘွဲ့ရသူပီပီ မျက်စိကို အလွန်လျင်စွာနှင့် ရှေ့မှ လမ်းပြနေသော ကိုဖိုးထွန်း နောက်သို့ ကျွန်တော်တို့ ခရီးဆက်ကြပါသည်။ ရှေ့ကိုက် ၂၀၀ ခန့် ချီတက်မိသည့်အခါတွင် မျောက်ဖိုးထွန်းက ကမ်းပါးနံရံတွင် လက်ညှိုးထိုး ပြကာ ဦးအောင်ကိုလှမ်း၍

'ဘယ့်နှယ် နတ်စမ်းမွေးကြီးရယ်၊ ရှေ့ကသွားနှင့်တဲ့ ကိုယ်တော်က အစွယ်စမ်းသွားပါကလား၊ အကောင်ကတော့ သိပ်မသေးဘူးဗျို့'

ကမ်းပါးရုံမှ ကိုးပေအမြင့်ခန့် တစ်လျှောက်လုံးတွင် ပေါင်လုံးထက် မကျဉ်းမသေးလှသည့် အစွယ်ရာတွေ ကသီကြီး တွေ့ရပါတော့သည်။ အစွယ်ယား၍လော၊ သို့မဟုတ် ဒေါသထွက်နေ၍လော မသိ။ ဤသို့အစွယ် ရာနှင့်တကွ ကမ်းပါးယံအမြင့်အကွာအဝေးကို ခန့်မှန်းခြင်းဖြင့် ကျွန်တော်တို့ ရှေ့ကသွားနှင့်သော ဆင်မှာ ဆင်ထီးဆင်ကြီးဖြစ်၍ အရပ်ကိုးပေကျော်ခန့် ရှိမည့်အပြင် အစွယ်အလွန်ကောင်းလှသော တစ်စီးတည်း တစ်ကောင်တည်း ဆင်ဖြစ်မည် တပ်အပ်ဟု ဝေဖန်လိုက်သည်။

ဦးအောင်က သူ့ကို အထမ်းနိုင်းထားသည့် ၄၀၄ မော်ဆာဂျေဖင်း ရိုင်ဖယ်ကို ပခုံးပြောင်းထမ်းလိုက်ရင်းနှင့် မုဆိုးကိုဖိုးထွန်း၏ အမေးကို 'အစွယ်ကဖြင့် နိပ်ဟ၊ သေနတ်တွေကလဲ အားကြီးကောင်းဆိုပဲ ကိုဖိုးထွန်း ရယ်၊ ဒါပေမယ့်လို့ဗျာ စစ်ကိစ္စနဲ့သွားရဦးမှာမို့ပေါ့နော်'

ကျွန်တော့်နောက်မှ ရဲဘော်တစ်သိုက်လည်း ဆင်စွယ်ရာကြီးများကို ကြည့်ကြရင်း တစ်ယောက်တစ်ခွန်း ဆူညံစွာ ဝေဖန်ချက်ချနေကြသည့် အတွက် ကျွန်တော်က ပါးစပ်မှ 'ရှူး ရှူး၊ ငြိမ်ကြ' ဟူသော အချက်ပေးလိုက်မှ အားလုံး ဆိတ်ငြိမ်စွာနှင့် ရှေ့သို့ထွက်ခဲ့ကြသည်။ ချောင်းကလေး၏ အနေ အထားမှာလည်း သစ်ပင်ချုံနွယ် ပိုမိုထူထပ်လာရုံမျှမက အချိုးအကွေ့ ထောင့်စွန်းများကိုလည်း ကျွန်တော်တို့ ကျော်နင်းခဲ့ကြရသည်။ ကျွန်တော်တို့ စစ်ထွက် တပ်စိတ်ကလေးက ရှေ့သို့ ပေတစ်ရာခန့် ဖြောင့်တန်းလျက်

http://www.cherrythitsar.org



ကျယ်ဝန်းနေသော ချောင်းကလေးအတွင်းကို ရှေ့ဆက်ချီတက်သည့် နောက်တွင် ဖြူဖွေးနေသော သဲပြင်ပေါ်တွင် စိုရွှဲနေသော ရေကျွက်လိုလို အကွက်ကြီးနှင့် အမြှုပ်တစီစီ တက်နေခြင်းနှင့် ရှေ့မှ သတ္တဝါကြီးတစ်ကောင်ကောင် လူးလှိမ့်ကစားထားသည့် အမှတ်လက္ခဏာကိုယ်လုံးရာကြီးကိုပါ မမျှော်လင့်ဘဲ တွေ့ရပြန်ပါသည်။

မုဆိုးကိုဖိုးထွန်းက ဒူးလေးကြီးကို ကဗျာကယာ ဘယ်လက်နှင့် ကိုင်လိုက်ပြီး 'စမ်းပိုလ်ကြီးတို့ ခဏနေကြဦး၊ ရှေ့မတိုးနဲ့၊ အသာစောင့်ကလေးဗျ' ပြောပြောဆိုဆိုနှင့် ရေကွက်ကြီးပေါ်သို့ အသာ သူ၏ခြေဖဝါးတစ်ဖက်ကို ကပ်ကာ တင်ကြည့်လိုက်လေသည်။ ပြီးမှ အမြှုပ်တစီစီနှင့် တက်နေသည်ကိုလည်း အကဲခတ်ရင်း 'ဗိုလ်ဆရာတို့၊ ဒီဆင်ဟာ ကျုပ်တို့နဲ့ သိပ်မဝေးသေးဘူးဗျ၊ သူပေါက်သွားတဲ့ သေးတောင် အငွေ့မအေးသေးဘူး၊ ပြီးတော့ ကြည့်ပါလား သေးမြှုပ်တွေတောင်မှ မငြိမ်သေးဘဲနဲ့'

'ဟုတ်တာပေါ့ ကိုဖိုးထွန်းရယ်၊ ဆင်ကတော့ အကောင်မသေးဘူးဗျ၊ ကြည့်လိုက်စမ်းပါဦးဗျာ၊ စွယ်လုံးစိုက်ထားတဲ့ အရာကြီးတွေ' လက်ညှိုးတငေါငေါနှင့် သဲပြင်ပေါ်၌ ကြီးမားလှသည့် အစွယ်ရာကြီးများကို ပြနေသည့် ဦးမောင်၏သဏ္ဍာန်မှာ မာန်ပါလှပေ၏။ သေနတ်တွေကို အသင့်ကိုင်ကာ ရဲဘော်တစ်စုလည်း ဆင်ကြီး၏ အပျင်းပြေ အယားပြေ လူးလှိမ့်ကစားထားသည့် သဲပြင်ပေါ်က ကိုယ်လုံးရာကြီးကို ဝိုင်းအုံကာကြည့်ရင်း ထင်ကြေးအမျိုးမျိုးပေးနေကြလျက် ပတ်ဝန်းကျင်ကိုလည်း နိုးရိမ်တကြီးနှင့် မျက်စိကစားရင်း အလုပ်များနေကြလေသည်။

ကျွန်တော့်အဖို့မှာ အတော်စဉ်းစားနေရပါသည်။ စစ်ထွက်ခဲ့သည့် အရေးထဲတွင် ရှေ့ကဆင်နှင့် တိုးနေရခြင်းအတွက်ပင်။ ထိုစဉ် ဦးမောင်က 'ကျွန်တော်တို့ ခဏနားကြရင် မကောင်းဘူးလား ဗိုလ်မှူး၊ ရှေ့က ကိုယ်တော်မြတ်ကြီးသွားနှင့်ရင် ကျုပ်တို့အရင် လွတ်လွတ်လပ်လပ် သွားနှင့်အောင်ပေါ့'

http://www.cherrythitsar.org



'သူ့ဘာသာ ရှေ့က သွားနှင့်ပြီးသားပါ၊ ရှေ့သုံးမိုင်လောက်မှာ ရေဖိုင်ကြီးရှိတယ်၊ ဒီကောင်ကြီး ရေသောက်သွားမှာ သေချာတယ်၊ အင်း ဆလ စွယ်ကားကြီးတော့ မဟုတ်တန်ကောင်းပါဘူး၊ စုလောက်ဆိုရင် သစ်ပုပ်ပင်ဘက်မှာ ရှိနေမှာပဲ၊ အိမ်ဆင်မှန်း တောဆင်မှန်း မခွဲတတ်တာက ခက်တယ်၊ ဆွဲကြိုးအရာတော့ဖြင့် မတွေ့မိဘူးဗျ၊ တောဆင်ဖြစ်ဖို့က များတယ်'

ခေးတံကြီးကို အားပါးတရ ဖွာလိုက်ပြီး မှဆိုး ကိုဖိုးထွန်းက ဝေဖန်ချက်ချလျက် ပေးသည်တွင် ရဲဘော်တွေကလည်း 'ဟုတ်တယ်ဗျို့၊ ကျုပ်တို့ဘာသာ ကျုပ်တို့ လမ်းသွားတာ၊ ဒီဆင်က ဘာမှ ရန်ရှာမှာ မဟုတ်ဘူး၊ ရှေ့တက်ကြရအောင်'

ကျွန်တော်ကလည်း အချိန်ကုန်မခံလိုပါ၊ ထို့ကြောင့် ဦးမောင်သို့ လှမ်း၍ ကျီစယ်လိုသဖြင့် 'ဦးမောင်၊ နွတ်ခမ်းမွေးကြီးကားကားနဲ့ ဆင်ကြောက်နေပြီလားဗျ၊ ပြေးတော့ မပြေးနဲ့နော်၊ ခါးတောင်းမြီးကို အတင်းဆွဲအထားပဲ'

တဝေါဝေါရယ်သံများ ဆူညံသွားလေသည်။ 'တက်မယ်ဗျို့ လာလာ၊ ကျုပ်မကြောက်တဲ့အကြောင်းပြရအောင် ကိုဖိုးထွန်းနဲ့ အမီလိုက်ပြမယ်' ဟု ဦးမောင်က ဟန်ပါပါနှင့် ကိုဖိုးထွန်းဆီသို့ အမီလိုက်မည်အမူအရာမျိုး လုပ်ပြလေသည်။ ကျွန်တော်တို့လူသိုက်လည်း အမောအနည်းငယ်ပြေစပြု၍ ရွှင်ရွှင်ပျပျနှင့် ချောင်းအထက်ဖျားဘက်သို့ ခြေဦးလှည့်ကြပြန်တော့သည်။

ကျွန်တော်တို့လူစုသည် စကားတစ်ခွန်းတလေမျှ မပြောကြဘဲ ခရီးတွင်မှုအတွက် ခြုံကြီးမဲကြီးနှင့် ရှေ့သို့ ဆယ့်ငါးမိနစ်ခန့် လျှောက်ခဲ့ကြသည်။ ချောင်းကလေး၏အခြေအနေမှာ ရုတ်တရက်ပင် 'ဗ' အက္ခရာသို့ တွေ့ကာ ချောင်းလယ်တွင်စိမ်းစိုသော သဲပြင်ကျယ်ပေါ်၌ ကိုင်းတော၊ မောင်းတော၊ ဝါးရုံတောများ ရောနှောပေါက်ရာ တွေးတော ကြီးများဖြစ်နေသည့်အတွင်း ကျွန်တော်တို့တစ်စု ဝင်မိခဲ့ကြသည်။

'လမ်းဆုံလမ်းခွများကို ကင်းနေရာ သတ်မှတ်ရမည်၊ ကင်းလှည့်တွဲများကို စနစ်တကျစီစဉ်၍ တိုက်ကင်းအဖွဲ့များ လွှတ်ရမည်။ တောင်တွင်းဘက်သို့ လူရည်လည်သော ရွာသားများကိုရွေးထုတ်၍ ရှေ့ပြေးကင်းထောက် လွှတ်ရမည်။ ဂျပန်တွေဖြတ်ဆင်းမည့်လမ်းများကို အချက်ကျကျ မိုင်းထောင်လျက် တချို့နေရာ မြက်တောများကို ချောင့်ထောင် ကွင်းများလုပ်ရမည်' စသည်ဖြင့် ကျွန်တော်၏စိတ်မှာ လုပ်ငန်းစဉ်များဆီသို့ အတွေးရောက်ကာ မည်မျှကြာသည်မသိရဘဲ ကျွန်တော်၏ကိုယ်လုံးနှင့် ရှေ့မှ တစ်စုံတစ်ယောက် ကိုယ်လုံး နောက်ကျောပိုင်းနှင့် တိုက်မိ၍ ဖြန်းခနဲ ကျွန်တော်စဉ်းစားနေရာမှ ချက်ချင်းသတိရ၍ ရှေ့နှင့် ဝဲယာသို့ ကြည့်မိသည်။ ကျွန်တော်၏ ရှေ့မှ ခပ်ယိုင်ယိုင်ရပ်ကာ မတုန်မလှုပ်ဖြစ်နေသော မုဆိုး ကိုဖိုးထွန်း၏ နောက်ကျောပြင်ကို ကျွန်တော်က တိုက်မိခြင်းဖြစ်၍ ကိုဖိုးထွန်း၏ ဘယ်လက်က အသာနေကြ၊ မလှုပ်နဲ့ ငြိမ်ငြိမ်'ဟု အထိမ်းအမှတ် အချက်ပေးနေသည်နှင့် ကျွန်တော်က ချောင်းအနိပ် ကောင်းကောင်းတွင် တောင်တွင်းကြီးက ဆင်းလာသော ဂျပန်တွေ ခြေကုန်လက်ပန်းကျကာ အိပ်နေသည်ကို မုဆိုးကျော် ကိုဖိုးထွန်း တွေ့လေပြီဟု အထင်ရှိ၍ ခါးမှ ဓားရှည်ဆီသို့ လက်ရောက်သွားလိုက်တော့၏။ ပြီးမှ ကိုဖိုးထွန်း၏ အဆောတကြီး တုန်လှုပ်စွာနှင့် လက်ညှိုးထိုးပြရာသို့ ကျွန်တော်နှင့် နှုတ်ခမ်းမွေး ဦးမောင်တို့က ကသောကမျောကြည့်လိုက်ကြသည်။ ၎င်းပြသည့်နေရာမှာ ကျွန်တော်တို့ရှေ့ ဆယ့်ငါးကိုက်အတွင်း၌ ကြိမ်တော ကြိမ်နွယ်ကြီးများ၊ ဝါးသုဉ်းပင်ကြီးများနှင့် လူ့လက်ခုပ်တစ်ဖောင်ကျော်ထက် မြင့်မားနေအောင် ပေါက်ရောက်နေသည့် ချောင်းအလယ်မှ တွေးတောကြီးကိုသာ မြင်ရ၍ ဒီပြင် သက်ရှိသတ္တဝါဟူ၍ တစ်စုံတစ်ရာ မတွေ့ရ။ ဦးမောင်ကလည်း လေသံတလေးဖြင့် 'ရှို့ ကိုဖိုးထွန်း၊ ဘာလဲဗျ၊ ပြောစမ်းပါဦး'

ရှေ့မှ ဒူးလေးကြီးကို တုန်လှုပ်စွာကိုင်ကာ ရပ်နေသော ကိုဖိုးထွန်းသည် စကားတစ်ခွန်းမျှ ပြန်မပြောနိုင်တော့ဘဲ လက်နှစ်ဖက်နှင့် ပါးစပ်နား

http://www.cherrythitsar.org



ကပ်ကာ ခေါင်းကို အသာငုံ့ကာ လက်သွီးနှစ်ချောင်းကို ပါးစပ်၏ ဝဲယာ၌ တပ်၍ ပြကာ ပြကာ နေတော့သည်။ ထိုအခါကျမှ ဆင် ဟူသော သရုပ်ပြအဖြေကို ကျွန်တော် သိလိုက်ရသည်နှင့်တစ်ပြိုင်နက်တည်း ပထမဦးဆုံး ရဲဘော်ဖိုးချိုသံမှ ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်ကို ဆွဲယူလိုက်ပြီး နောက်က ရဲဘော်တို့၏ လှုပ်ရှားမှုကို ရှာဖွေလိုက်တော့သည်။ သို့ရာတွင် ကျွန်တော်တို့၏ ကံကြမ္မာက ဥပေက္ခာလုပ်လေသလား မသိရ။ ကျွန်တော်တို့ နောက်ကျောပေးကာ ရပ်နေကြသော ကမ်းပါးယံကြီးမှာ မတ်စောက်၍ အထက်သို့ ဆယ်သုံးပေခန့် မြင့်နေလျက် တက်ရန်မလွယ်ကူကြောင်း ရိပ်မိလိုက်သည်။ ကျွန်တော်က ၄၀၄ မော်ဆာ ရိုင်ဖယ်အစား ၄၇၀ ဗိုနှစ်လုံးပြူး ရိုင်ဖယ်ကြီးကို အသုံးပြုရန် ကြိုရွေးလိုက်ခြင်းမှာ မမှားကြောင်း သက်သေခံနေပေ၏။ ကျွန်တော်တို့ နောက်ကို ပြန်ဆုတ်ရန် အချိန်လည်း မရှိပါ။ ကမ်းပါးပေါ်သို့တက်ရန်လည်း မဖြစ်နိုင်။ ဤမြူးမျှားပြားသော လှူဦးရေ ဆယ့်ငါးယောက်ကို နောက်ရှင်း လာလမ်းသို့ အချိန်မီ တစ်ယောက်မကျန် ပြန်လစ်ရန်လည်း လုံးဝအချိန်မရ မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ၄၀၄ ဗိုမော်ဆာရိုင်ဖယ်ကြီးကို ဆွဲလိုက်ခြင်းဖြင့် ကျွန်တော်တို့ ချောင်ပိတ်မိသောဘဝမှ ဆင်ကြီးနှင့်ရင်ဆိုင်ရန် တစ်လမ်းသာရှိပေတော့သည်။

ကျွန်တော်က သေနတ်ကိုအသင့်ပြင်ကာ မုဆိုးကျော်ကိုဖိုးထွန်း လက်ညှိုးတရမ်းရမ်းနှင့် ညွှန်ပြရာသို့ မျက်စိရှင်ရှင် ပါးနပ်စွာနှင့် အတန်ကြာကလေးကြည့်လိုက်မှ အမှန်ကိုမြင်ရပေတော့သည်။ ဝါးပင်တွေကြားမှ ကြီးမားကားတက်နေသော နားရွက်ကြီးတစ်ဖက်၊ ကိုမ်းနွယ်ကြားမှ ဖောက်ထွက်နေသော အသည်းယားစရာ ဖြူဖွေးတုတ်နိုင်နေသည့် အစွယ်ကြီးနှစ်ချောင်း၊ ကိုင်းပင်များမှ မြေဝါရောင်သဏ္ဌာန်အဆင်းနှင့် ဆင်ဦးခေါင်းကြီးကို မြင်ရလေပြီ။ ကျွန်တော်တို့ကို တမင်စောင့်ကာနေကြောင်းမှာ ထင်ရှားလှပေ၏။ ကျွန်တော်တို့၏ လှုန့်ကို ၎င်းကကြိုတင်ရ၍ တောပုန်းစောင့်ကာ ချောင်ပိတ်၍ ကျွန်တော်တို့ကို ချေမှုန်းရန် စောင့်ဆိုင်းပင်

http://www.cherrythitsar.org



လိုတော့၏။ မျောက်ဖိုးထွန်း မျက်စိရှင်မှုကြောင့်သာ သူရှိရာ၊ အသင့်ပုန်းနေရာ တောတွင်းသို့ ကျွန်တော်တို့တစ်တွေ တည့်တည့်ကြီးမတိုးမိဘဲ အသက်နှင့်ကိုယ် မြဲပေတော့သည်။ သို့မဟုတ် သူ့ခြေရင်း၊ သူ့အစွယ်များ၊ သူ့ ရင်ခွင်ထဲသို့ ကျွန်တော်လား၊ ကိုဖိုးထွန်းလား၊ နှုတ်ခမ်းမွေးကြီးလား၊ သို့မဟုတ် ကျွန်တော်တို့အထဲက တစ်ယောက်ယောက်ရှေးဦးပေါက် ခန္ဓာစံရပေတော့မည်။

ကျွန်တော်တို့ကိုမြင်စကာ ကျွန်တော်က သူ့ကို မြင်စဉ်က သူ၏ နားရွက်ကြီး တဖျပ်ဖျပ် ခတ်ခဲ့ရာမှ ယခုအခါ တဖြည်းဖြည်း ငြိမ်သက်စ ပြုလေပြီ။

လူကိုတွေ့ကာစ ကျားသည်လည်းကောင်း၊ ဆင်ဆိုးသည်လည်းကောင်း အကြဲယူသောကျား၏ သဘောက နာခေါင်းရင်းက အမွေးကလေးများ လှုပ်ကာ ထောင်ကာ ဦးခေါင်းဆီသို့ဆန်တက်လျက် နောက်ကျောရိုးတစ်လျှောက်မှ အမြီးဖျားဆုံးသည့် တစ်ပြိုင်နက်တည်း ထိုကျားက ဖြန်းခနဲ လူကိုခုန်ကာ အုပ်လေ့ရှိသည့် သဘာဝကိုလည်းကောင်း၊ လူတွေ့ကာစက နားရွက်တဖျပ်ဖျပ်ခတ်၍ အကြဲယူပြီး နားရွက်ခတ်လည်း ငြိမ်သည့် တစ်ပြိုင်နက်တည်း တအားကျူးကာ ထိုဆင်က လူကို ပြေးထိုးသည့်သဘာဝတို့ကို သိရှိနားလည်ခဲ့သည့် တောအမျိုးမျိုး၌ တိရစ္ဆာန်ကြီးအမျိုးမျိုးကို ပစ်ခတ်ခဲ့ဖူးသော ကျွန်တော့်ကို နောက်ဆုံး သတိပေးလေသည်။ နောက်ကျလျှင် ဒုက္ခသာအဆုံးသတ်ပေမည်။

အားယူစပြု၍ လှုပ်သယောင်ယောင်ဖြစ်နေသော ကိုင်းရွက်များ ကာထားသည့် ဆင်ကြီး၏ ဦးနှောက်ပိုင်းဆီသို့ လျှင်မြန်စွာ ၄၇၀ ရိုင်ဖယ်ကြီးနှင့် ချိန်ပစ်လိုက်သည့် တုန်ဟည်းကာ ပဲ့တင်ရိုက်ခတ်သွားသော ကော်ဒိုက် ယမ်းတောင့်သံကြီးနှင့်အတူ ဦးမောင်ကလည်း ဘွားခနဲပေါ်လာသော ဆင်ကြီး၏ လက်ပြင်ဆီသို့ ၄၀၄ ရိုင်ဖယ်နှင့် ပစ်ခတ်လိုက်မှုကြောင့် ဆိတ်ငြိမ်နေသော ချောင်းပြင်တစ်ဝှမ်းလုံးကို တစ်မုဟုတ်ချင်း တုန်လှုပ်

http://www.cherrythitsar.org



သွားစေပါသည်။ အကောင်ကြီးသလောက်လျင်မြန်လှသည့်သတ္တဝါကြီးမှာ ချာခနဲ နောက်သို့လှည့်ကာ ကိုင်းတောစထဲတွင် ပျောက်ကွယ်သွားပါသည်။ ကျွန်တော့် ၄၇၀ ရိုင်ဖယ်မှ ယမ်းတောင့်တစ်တောင့်ကို နေရာကောင်းမရ၍ မပစ်လိုက်ရရုံမက ဆင်ကြီး၏ လျင်မြန်မှုကို အံ့အားသင့်နေပါတော့သည်။

တစ်ခဏအတွင်း ဆိတ်ငြိမ်ခြင်းက လွှမ်းမိုးနေပြန်သည်။ ရိုင်ဖယ်ကြီးများ အသင့်ချိန်ကာရပ်နေသော ကျွန်တော်တို့ ရှေ့တန်းလူစု စစ်ရိုင်ဖယ်များကို ရှေ့သို့တန်းလျက် မောင်းဖြုတ်ဖို့ ပြင်နေသော ရဲဘော်တစ်စု၏ သဏ္ဌာန်မှာ မြင်ရသူအဖို့ ရုပ်သေးပြနေသည်နှင့် တူလှတော့၏။ ထွေးတောကြီးမှ တစ်စုံတစ်ရာလှုပ်ရှားပုံ၊ ဆင်ကြီး၏ထပ်မံ၍ ရှေ့တိုးမှုနှင့်တကွ ၎င်းကိုယ်လုံးသဏ္ဌာန်ပါ မတွေ့ကြရသည့်နောက်တွင် ရှေ့တန်းက ကျွန်တော်တို့အဖွဲ့ကလူများသည် တစ်ယောက်သို့ တစ်ယောက် မျက်စပစ်ရင်း 'ဘယ့်နှယ်လဲဗျာ၊ ဆင်ကြီး ဘယ်ပျောက်သွားသလဲ၊ ငြိမ်ချက်သားကောင်းလှချည့်ကလား' ဟူသော အဓိပ္ပာယ်မျိုးနှင့် ကြည့်ကြကာ ရှေ့သို့ အရမ်းမတိုးဝံ့ကြဘဲ ခေတ္တအခိုက်အတန့်အတွင်း တွေဝေနေမိကြပါသည်။ ဦးဆောင်က တောရည်ဝသည့် မုဆိုးပီသစွာနှင့် ကျွန်တော်တို့ကို အသင့်ချိန်ခိုင်းထားပြီး မြေကြီးခဲများကို ကမ်းပါးယံမှခွာ၍ ကိုင်းတော ထွေးတောကြီးထဲသို့ ဆင့်ကာ ဆင့်ကာ ပစ်ခတ်ချောက်လှုပ်ပါတော့သည်။ သို့ရာတွင် ထွေးတောကြီးကား ဆိတ်ငြိမ်လျက် မည်သို့မျှ ထူးခြားမှုမရှိခဲ့။

အနည်းငယ် စိတ်ချမိသည့် အဆုံးတွင် ဆင်ကြီးပင်လျှင် ပထမ သေနတ်ချက်ဖြင့် ကိစ္စတုံးပြီလား၊ သို့မဟုတ် ပြင်းထန်လှသည့်ဒဏ်ချက်ကြောင့် အသက်ငင်ကာလဲနေပြီလားဟု အတွေးနှင့် ရှေ့တန်းမှ ကျွန်တော်တို့ တစ်သိုက်က ဝီရိယကြီးစွာနှင့် သေနတ်တွေအသင့်ချိန်ရင်း ရှေ့သို့တိုးမိခဲ့ကြသည်။ ထွေးတောအတွင်းတွင် မျက်စိကိုလျင်စွာသုံး၍ ကြည့်လိုက်ပြန်ပါသည်။ သို့ရာတွင် ဆင်ကြီး၏ လက္ခဏာကို တစ်စုံတစ်ရာမတွေ့ရသည့် ကာလတွင် ကျွန်တော်တို့က ရင်ဘောင်တန်းကာ ထွေးတောကြီး အတွင်းသို့

http://www.cherrythitsar.org



ချဉ်းနင်းဝင်ရောက်သော်၏။ ဆင်ကြီး ရပ်နေရာတစ်ဝိုက်သို့ ပထမဆုံး ဂရုတစိုက် ကြည့်မိရာဖွေမိသည်။ ဖျဉ်းအိုးကြီးကို ရိုက်ခွဲထား၍ ရေတွေ ဒရေဟာ ယိုထွက်နေသလို ဆင်ကြီးရပ်တည်နေသော နေရာတစ်ဝိုက်၌ သွေးချင်းချင်းနီမြန်းလျက် ကျွန်တော်တို့ ဘောင်းဘီ အင်္ကျီများကိုပင် စွန်းထင်းနေပါသည်။ ဆင်ကြီးရပ်ရာ ဦးခေါင်းတစ်ဝိုက် ဝါးရုံတန်းများတွင် သွေးစီးကြောင်းများပန်းနေသည်မှာ ထင်ရှားစွာတွေ့ရ၍ ကျွန်တော်တို့က နိုင်လှုအဖြစ် စိတ်အားတက်ကာ နောက်မှရဲဘော်များကို လိုက်ခဲ့ကြရန် အမိန့်ပေးပြီး ကျွန်တော်၊ ဦးမောင်၊ ကိုဖိုးထွန်းတို့က ရှေ့မှ သွေးကြောင်းနှင့် ဆင်ခြေရာကြီးများကိုခံရင်း ဆက်လိုက်ခဲ့ကြသည်။ ထိုမိလျှင် အလွန်ရှုလှ သည့် ကြိမ်ဆူး၊ ခတ်ချိုဆူးများက ကျွန်တော်တို့ အဝတ်အစားများကို ဆွဲငင်နေမှုကြောင့် စိတ်ထင်တိုင်း ကျွန်တော်တို့ ခရီးမပေါက်နိုင်ပါ။

ခပ်သုတ်သုတ်ဆုတ်ခွာပြေးသော ကြီးမားလှသည့် ဆင်ခြေရာကြီး များနှင့် ဖျောက်မရသည့် သွေးတန်းကြီးများက ကျွန်တော်တို့အဖို့ ဆင်ကြီး ပြေးရာဆီသို့ မလွှတ်တမ်းညွှန်ပြနေသည်နှင့် တူစေ၏။ ကျွန်တော်တို့ နောက်ပိုင်းအဖွဲ့မှ ရဲဘော်များကလည်း ဝမ်းမြောက်ဝမ်းသာစွာနှင့် လည်း ကောင်း၊ တုန်လှုပ်သည့်အသံများနှင့် ရှုသံစွာ အကြံပေးဆွေးနွေးကြရင်း ကျွန်တော်တို့ကို အမီလိုက်နေကြပါသည်။ ချောင်းကလေးမှာ တဖြည်းဖြည်း နှင့် အနည်းငယ် ကျယ်လာပါသည်။

ဆင်ခြေရာကြီးများမှာ အလှမ်းကျဲလျက် တစ်ခါတစ်ခါ ရပ်နား နေဟန်နှင့် သွေးကွက်ကြီးများကျနေပုံကိုမြင်ရ၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေ သော နွယ်တန်းကြီးများ၊ ကြိမ်နွယ်ကြီးများကို ကျော်ရ ဖြတ်ရနှင့် ကျွန်တော် တို့တစ်တွေ ချွေးပြန်နေကြပါပြီ။ ရှေ့မှ ကျင်လည်ဖျတ်လတ်သည့် မုဆိုး ကိုဖိုးထွန်းနှင့် ဦးမောင်တို့က ဆင်ခြေရာများကိုကြည့်ကာ အကဲခတ်ရင်း ဝေဖန်နေကြရင်းက ကျွန်တော်တို့ကိုကြည့်၍ 'ဒီမှာ ဗိုလ်မှူးကြီး၊ ဆင် ခြေရာတွေက ရပ်ရာရော၊ လျှောက်လှည့်ရာရော ရောနှောနေတယ်၊ ပြန်

http://www.cherrythitsar.org



ခြေရာ၊ သွားခြေရာတွေနဲ့မို့ အတော်စဉ်းစားရကျပ်တယ်ဗျို့၊ လာ လာ ရှေ့နား ခဏတက်ကြည့်စမ်းရအောင်' ကျွန်တော့်ကိုပါခေါ်၍ ရှေ့ကိုက်တစ်ရာကျော်ခန့် တောရှင်းစပြုသော ချောင်းပြင်ဆီသို့ ကျွန်တော်တို့သုံးဦး ထွက်ခဲ့မိသည်။ ချောင်းတွင်းမှ တွေးတောကား ကုန်ဆုံးခဲ့ပြီ။ သို့သော် ချောင်းဘေးမှကပ်ကာ ပေါက်ရောက်နေသည့် သစ်ပင်ကြီးများပေါ်မှ တွဲလွဲခိုကာကျနေသည့် ဒိုးနွယ်တန်းများနှင့် အခြားနွယ်ပင်ကြီးများမှာ ချောင်းဘေးတစ်လျှောက်၌ ရှုပ်တုန်းရှိသေးသည်။ ချောင်းကမ်းပါးမှာ လူတစ်ရပ်သာသာအမြင့်ရှိ၍ မတ်စောက်လျက် ကျွန်တော်တို့အဖို့ ချောင်းတွင်း ထောင်ချောက်ထဲ၌ပင် ရှိပါသေးကြောင်း ထင်ရှားစေ၏။ ချောင်းကလေးမှာလည်း အတော်ကျယ်ဝန်းနေရုံမျှမက ကျွန်တော်တို့၏ ဘယ်ဘက်ကမ်းတစ်ဝိုက်၌ ချုံပိတ်ပေါင်း၊ ဝါးရုံပင်ကြီးများ၊ ကြိမ်တောကြီးများဖြင့် အုံ့ဆိုင်းလျက်ရှိကာ ကျွန်တော်တို့ ရောက်နေသည့် ချောင်းလယ် နေရာတစ်ဝိုက်လောက်သာ အနည်းငယ်ရှင်းလင်းနေပါသည်။ ကျွန်တော်တို့နောက် တပ်ဖွဲ့ဝင်တစ်သိုက်မှာ နွယ်ပင်၊ ကြိမ်ဆူးများကို ချောင်ကာ ကွင်းကာ ကျွန်တော်တို့ဆီသို့ လာနေတုန်းပင်ရှိ၏။ သူတို့တစ်သိုက်နှင့် ကျွန်တော်တို့ အဖွဲ့မှာ ပေငါးဆယ်ခန့် ကွာလှမ်းလျက်ရှိပါသည်။

ရှေ့မှ ဒူးလေးကြီးကို မြေသို့ထောက်ကာ ဆင်ခြေရာကြီးများကို ငုံ့၍ ဦးဆောင်နှင့် တိုင်ပင်နေသော မုဆိုးကိုဖိုးထွန်းကို ကျွန်တော်က လှမ်း၍ 'ဘယ့်နှယ်လဲဗျို့၊ ရှေ့ပဲ ဆက်လိုက်ကြမလား ဒီလိုပုံဖြင့်'

နောက်ဖိုးထွန်းက အလွန်ကရုစိုက်သည့် မျက်နှာနှင့် ဝဲယာသို့ တစ်ချက် မယုံသင်္ကာသည့် မျက်လုံးများနှင့် သိမ်းကျုံး၍ တစ်ချက်ကြည့်လိုက်ပြီးမှ 'နေဦး စစ်ဗိုလ်ကြီး၊ အရမ်းလိုက်လို့မဖြစ်ဘူး၊ သူ့ခြေရာတွေက အဓိပ္ပာယ်တစ်မျိုး ရှိနေလို့ဗျ'

'ဘယ်ရှုပ်တာကိုဗျာ၊ ခင်ဗျားဟာကြီး လစ်ပြေးပါပြီဗျ' ကျွန်တော်က ကျွန်တော့်အတွေးနှင့် ဖြေ၍ မဆုံးမီပင် ကျွန်တော်တို့၏ လက်ဝဲဘက်

http://www.cherrythitsar.org



ဝါးသုဉ်းတောဆီမှ ရုတ်တရက်လေမွှေတိုက်သလို ဝိုးခနဲ လှုပ်ရှားမှုထွက်လာသည့် သဏ္ဍာန်ကြီးတစ်ခုကို လှစ်ခနဲမြင်လိုက်ရပြီးနောက် ဆက်တိုက် 'ကျစ်ကျစ် ကျစ်ကျစ်'ဟု ဆင်အံသွားကျိတ်သည့် ဒေါသထွက်နေသည့် အသံကြီးပါ ကြားလိုက်ရပြီး အလွန်ကြီးမားလှသည့် ကိုယ်လုံးကိုယ်ထည်နှင့် တောဆင်ကြီးသည် ကျွန်တော်တို့ဆီသို့ နှာမောင်းကြီးကို တဖြောင့်ဖြောင့် ရိုက်ကာ အပြေးကလေး ထွက်လာပါတော့သည်။

မြင်ရသူအပေါင်းတို့၏ အလန့်တကြားဟစ်အော်သံ၊ သတိပေးသံနှင့် အတူ ကြောက်လန့်ကြီးစွာနှင့် ချိတိုးသံများက ကျွန်တော်တို့ကို သတိပေး လိုက်သည်နှင့် တူလှပေ၏။ ကျွန်တော်က ဖျတ်ခနဲ ရိုင်ဖယ်ကို ဆင်ကြီး၏ ရှေ့တည့်တည့် ထိပ်အချိုင့်ကြီးအလယ်သို့ ချိန်ကာပစ်လိုက်တော့သည်။ ထိုခလုတ်ဆွဲလိုက်သည့် အခိုက်အတန့်ကလေးအတွင်းမှ ရှေ့ချိန်အားယူထား သော ကျွန်တော်၏ ဘယ်ဘက်ခြေထောက်မှာ ခပ်ပျော့ပျော့ သဲမြေထဲသို့ နိမ့်ကျသွားသည်ကို သတိပြုမိလိုက်တော့သည်။ ကျွန်တော်၏ မျက်စိများက ပစ်လိုက်သော ကျည်ဆန်သွားရာဆီသို့ မျက်ခြည်မပြတ်ကြည့်လိုက်သည်တွင် ဘယ်ခြေ နိမ့်ဆင်းသွားသည့်အရှိန်ကြောင့် ဘယ်လက်ကောက်ဝတ်သည် ရိုင်ဖယ်ကိုင်ထားရာမှ အောက်သို့အရှိန်နှင့် ဆွဲကျသွားသည့် တစ်ပြိုင်နက် တည်း ကျည်ဆန်ပေါက်ကွဲသံကြီးပါ ကြားရ၍ ဆင်ကြီး၏ ရှေ့နားဆီမှ ဖုန်မှုန့်များ ထောင်းခနဲတက်သွားသည်ကို မြင်လိုက်ရတော့၏။ ကျွန်တော် ၏ ကျည်ဆန်မှာ ဆင်ကြီးကို မမှန်ဘဲ လန့်ရုံကြောက်ရုံ သို့မဟုတ်ဒေါသ ဆွရုံ သဘောမျိုးအဖြစ်သို့ ဆိုက်ရောက်စေသည်ကို ပူထူနေရာမှ ကျွန်တော် သတိရလိုက်သည်။ လျှင်မြန်စွာနှင့် ဘယ်ဘက်ပြောင်းအတွက် ဒုတိယ ခလုတ်ကို လက်ညှိုးတင်ကာ ဆွဲပစ်လိုက်မိသည်။ ချောက်ဟူသော ခလုတ် ကျသံသာ ကြားရပြီး မီးပွင့်သံ ပေါ်ထွက်မလာမှ ပထမအကြိမ် ဆင်ကြီး ပစ်ကတည်းက နောက်ထပ် ယမ်းတောင့်အသစ် မထည့်မိဘဲ ကျန် ယမ်းတောင့်တစ်တောင့်တည်းနှင့်ပင် ဆက်လိုက်ခဲ့မိသည့် အဖြစ်ကို ရုတ်ချင်း

http://www.cherrythitsar.org



သတိရမိတော့သည်။ ကျွန်တော်၏ မေ့လျော့ပေါ်ဆဲသော အပြစ်ဒဏ်ကား သေဘေးနှင့် ရင်ဆိုင်နေရလေပြီတကား။ ယမ်းတောင့်ထပ်ထည့်လျှင် ကုန်မည့်အချိန် ဆယ့်ငါးစက္ကန့်၊ ဆင်ကြီး၏တစ်ဟုန်ထိုး အပြေးစံချိန် သုံးစက္ကန့်လျှင် ကိုက်တစ်ရာခြွန်နေ၍ ကျွန်တော်၏ စိတ်ပူမှု တုန်လှုပ်မိမှုကို စာဖြင့် ရေးသားခြင်းငှာ မတတ်စွမ်းနိုင်တော့ပါ။

ကျွန်တော့်နောက်ဘက်ဆီမှ မချော်လင့်ဘဲ ဒေါင်ဟုသော အသံ တစ်ချက် ကြားလိုက်ရပြီး ရှေ့သို့မာန်သွင်းကာ အပိုင်သဘောမျိုးဖြင့် အပြေး ကလေးလျှင်နေသော ရွယ်ဖြူဖွေးဖွေးနှင့် ဆင်ကြီး၏ ဘယ်လက်မောင်း ရင်းတွင် မြားတန်းလန်းအရှိန်ပြင်းစွာ စိုက်ဝင်သွားလေတော့သည်။ ပစ်ခတ်မှု၏ အရှိန်ကြောင့် မြားအမြီးရှိ မြားရွက်ကလေးပင်လျှင် တဆတ်ဆတ် တုန်လျက် သွက်သွက်ခါနေတော့၏။ ကျွန်တော်တို့ဆီသို့ ဦးတည်ကာ နေသော ဆင်ကြီး ရုတ်တရက် ဘယ်ဘက်လက်မောင်းကို မြှောက်ကာ စူးရှစွာနှင့် ဟစ်ကြွေးလိုက်သည်။ တစ်ခဏတွင် ကျွန်တော့်နောက်ဆီက 'စစ်ဗိုလ်ကြီး မြန်မြန်၊ နွယ်ပင် ခင်ဗျားနောက်နားမှာ တက်ချိုး တက်ချိုး' ဟုသော မုဆိုးကျော် ကိုဖိုးထွန်း၏ အရေးတကြီး အော်ဟစ်သတိပေးလိုက်သည်တွင် ကျွန်တော်သည် နိုင်ဖယ်ကြီးကို လျှင်မြန်စွာ ပခုံး၌ချိတ်၍ ကိုဖိုးထွန်းနှင့် ဦးမောင်တို့ တအားနိုတက်နေကြသည်နှင့် ဆူညံနေသော အသံများနောက်သို့ ဖျတ်ခနဲကြည့်လိုက်ကာ လက်မောင်းသာသာတုတ်လျက် တွဲလွဲကျနေသည့် နီးနွယ်ကြီးဆီသို့ အားယူ၍ပြေးလွှဲလွှဲကာ ဆင်မျက်စောင်း ထိုးရှိ ကမ်းပါးပေါ်သို့ နွယ်တန်းအရှိန်ရော၊ ကျွန်တော့်အားပါ စုပေါင်း လွှဲတက်လိုက်ပါသည်။ ထိုအချိန် စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ကျွန်တော် ရပ်နေခဲ့သောနေရာ သဲပြင်ဆီမှ လေးကန်ပြင်းထန်လှသည့် မြေကြီးပေါ်သို့ သံထည် ကိရိယာကြီးများ အထက်အမြင့်မှ လွှတ်ချသည့် အသံမျိုးကြီး ကြားလိုက်ရပြီး ကျွန်တော့် နားခေါင်းထဲ၌ ဖုန်နံ့များ၊ သွေးစေးနံ့များနှင့် ဆင်များ၏ ချေးနံ့ မုန်နံ့များပါ စုပေါင်း၍ စူးစူးရှရှ ရှူရှိုက်မိသည့်

http://www.cherrythitsar.org



အဆုံးတွင် ကျွန်တော့်မှာ ကိုယ့်အရှိန်နှင့်ကိုယ် ကမ်းပါးရှိ မြေမာမာတွင် ပစ်ကျ ကျလိုက်သည်ကို သိလိုက်ရပါသည်။ ကျွန်တော်၏ တင်ပါးတစ်ခြမ်း များစွာနာကျင်နေရာမှ ချောင်းထဲသို့ လှမ်း၍ကြည့်လိုက်ရာ ကျွန်တော် ရပ်နေသောနေရာ၌ ဆင်စွယ်ရာ အစွက်ကြီးနှစ်စွက်နှင့်တကွ ဆင်ဦးခေါင်း ရာကြီး ချိုင့်ကျန်ရစ်လျက် ချောင်းအထက်ပိုင်းဆီသို့ အမြီးထောင်ကာ ဒေါ်မောကြီးစွာဖြင့် အရှိန်မပြေသေးဘဲ အပြေးလိုက်သွားသော ဆင်ကြီးကို ရိပ်ခနဲ မြင်လိုက်ရပါသည်။ ကျွန်တော်၏ နာကျင်မှုကို အတော်အခံရ ဆိုးစွာနှင့် ကြိတ်မှိတ်ခံပြီး အားယူ၍ ထမိပါသည်။ ကျွန်တော်၏ နည်းတူ သက်ဦးဆံပျား နွယ်ကြိုးအသက်ရှင်ကြောင့် စုန်လွှဲတက်ခဲ့၍ ကျွန်တော့်အရင် အကျဆိုးဆိုး ကျခဲ့သော ကိုဖိုးထွန်းနှင့် ဦးမောင်တို့လည်း လူးလဲကာ အတင်းကျုံးထရင်း တဟီးဟီးနှင့် ရယ်မောကြလျက် ကျွန်တော်ရှိရာသို့ ခြေ ထော့နင်း ထော့နင်းနှင့် ပိုင်းလာကြ၍ ကျွန်တော့်ကို တွဲထူကြရန် ပြင်ဆင်နေကြသည်။

ကျွန်တော်က မရှိပြုံး ပြုံးနေရာမှ 'ကံကောင်းလို့ဗျို့၊ သီသီကလေး လိုတော့တယ်' အသာထ၍ ဖုန်များကိုခါရင်း အိတ်ကပ်ထဲမှ လွင့်စင်ကျ နေသော ယမ်းတောင့်များနှင့် အိမ်မြှောင်ကိရိယာကလေးတို့ကို ကောက်ယူမိ သည်။

'ပေါ်ပေါ် မထင်နဲ့ စစ်ဗိုလ်ကြီး၊ ဒီကောင်ကြီးဟာ လူသတ်နေကျ ပန်းဆင်ကြီး (တစ်ကောင်တည်းအုပ်ခွဲကာနေသော ဆင်ဆိုး)၊ ကံသာနဲ့ ဒလန်စွန် တစ်ပိုက်မှာဆိုရင် 'စွယ်ကား စွယ်ကော့'ဆိုရင် ပြေးပေတော့ပဲ၊ သူသတ်တာ ဒီနှစ်ထဲမှာ ဘယ်နှလောင်းရှိပြီလဲ'

ကျွန်တော့်မှာ ထိုအခါကျမှ ကျောချမ်းမိပါတော့သည်။ ကံသာနှင့် ဒလန်စွန်ဘူတာမှာ အနည်းဆုံးမိုင်သုံးဆယ်ရှိ၍ ဤနယ်ဒေသရှိ တောတောင် ကြီးပိုင်းများအတွင်း၌ တစ်ကောင်တည်း ဗိုလ်ကျကာ လူသတ်နေသည့် ဆင်ကြီး၏ ရာဇဝင်ကို စုမှပင် သိရှိမိတော့သည်။

http://www.cherrythitsar.org



သူ၏ ဒူးလေးကြီးကို အပျက်အစီး အထိအခိုက် ရှိ မရှိ သေချာစွာ စစ်ဆေးရင်း မှဆိုးကိုဖိုးထွန်းက ဆက်လက်၍ 'ဒီအကောင်ကြီးလို့ ကျွန်တော်တွေ့ကာစက မထင်မိဘူး၊ ကံသာဘက်မှာ ရောက်နေတယ်ကြားရလို့ စိတ်အေးနေမိပါတယ်ဗျာ၊ ဆင်ရိုင်းထဲမှာတော့ ဆိုးတဲ့နေရာမှာ နှစ်ကောင်မရှိဘူး၊ လူကိုမှမသတ်ရရင် ကံသာနားက ဝင်တဲ့ကုန်း ဗိုလ်တဲကိုသွားပြီးဖျက်ဆီးတဲ့ အကောင်ကြီးဗျ၊ ဘာကြာသေးသလဲ၊ သရက်ချောင်းရွာက လျှော်ရုတ်တဲ့ လူတစ်ယောက်နဲ့ ကြိမ်ဖန်ရွာက ယာခင်းစောင့်တစ်ယောက်ကို အလစ်ထိုးသတ်သွားတဲ့ အကောင်ကြီးဗျ၊ ဟီး ဟီး၊ ကျုပ်တို့ပါနောက်ဆက်တွဲ အဆစ်ပါတော့မလို့'

ဦးမောင်က အံ့အားသင့်နေရာမှ ပွန်းပဲ့သွားသော သူ၏ ဒူးကို အသာအာရွှေ့ မှုတ်ရင်း

'လက်စသတ်တော့ ရွယ်ကားကြီးနဲ့ ကျုပ်တို့လာတိုးနေတာကိုး‌ဗျ၊ ကျုပ်လဲ ဒီလောက် ရွာနဲ့နီးနီးမှာ မလာတန်ဘူးလို့ စိတ်ချနေမိတယ်၊ မီးရထားလမ်း တစ်လျှောက်မှာတော့ သူ့အသံ နားထောင်နေရတယ်၊ ခရီးသွား ကန်းတဲ့ဆင်ကြီးအကြောင်း စောစောကဗိုလ်မှူးကို မပြောမိခဲ့ဘူး၊ ခြေဘိ ဒါနဲ့ နောက်ကလူတွေကိုလဲ အသံပေးကြပါဦး၊ အထိအခိုက်တော့ ကင်းပါလိမ့်မယ်၊ ဆင်ကြီးက ရှေ့က ကျုပ်တို့ကို အတင်းမဲနေတာဗျ'

ဦးမောင်၏ 'ဗူး' ဟူသော တောသံပေးချက်ကို တစ်ဖက်ကမ်းပေါ်မှ ရဲဘော်တစ်သိုက်က ပြန်၍ထူးရင်း စကားပြောသံများ ကြားရလေသည်။ ကျွန်တော်က ရိုင်ဖယ်ကို ယမ်းတောင့်အသစ်နှစ်တောင့် ထည့်ပြီးနောက် 'ဟေ့၊ ရဲဘော်တို့၊ အားလုံး ဘေးကင်းရဲ့ မဟုတ်လားဟေ့' ဟု အခြေအနေကို လှမ်းမေးလိုက်သည်တွင် သူတို့ဘက်ကလည်း

'အပြေးကောင်းလို့ လွတ်ရုံပဲ ဗိုလ်မှူး၊ ရောဘူးတွေ၊ တရို့လုံ့ရွှပ်တွေ ချောင်းထဲမှာ ကျပြီး ကျန်ရစ်ခဲ့လေရဲ့၊ အပေါ်က ဗိုလ်မှူးတို့ အသင့်ကြည့်နေပါဦး၊ ကျွန်တော်တို့ ဆင်းရှာပါရစေ'

http://www.cherrythitsar.org



ချောင်းတွင်းမှ အသက်လွတ်အောင်ရှောင်ခဲ့ရပုံ၊ ဘယ်သူက နွယ်ပင်နှင့် ခြေထောက်ငြိနေသည်ကို ဘယ်သူက ပြေးရင်းဖြတ်ပေးခဲ့ရပုံများကို ပြောဆိုရယ်မောရင်း ပစ္စည်းများကို ရှာဖွေနေကြလေသည်။

ကျွန်တော်တို့ လူစုရှိရာသို့ နောက်အဖွဲ့သားများ စုမိ ဆုံမိသောအခါ၌ အချင်းချင်းကြည့်မိကြ၍ တဟားဟားရယ်မော ပြက်လုံးကျနေပါသည်။ အကျီစုတ်သုစုတ် ဘောင်းဘီစုတ်သုစုတ်နှင့် ထိမိရှမိသည့်အတွက် သွေးစသွေးနမှားကို ဖုန်များ သဲများလူး၍ အသင့်ပါလာသော တင်ချာများကို ထုတ်ကာ လိမ်းပေးကြလျက် ရှေ့ရေးကို တိုင်ပင်မိကြသည်။

ကျွန်တော်က ဒဏ်ရာပြင်းထန်စွာရရှိသော ဆင်ဖြစ်စေ၊ ကျားဖြစ်စေ အလွန်ဆိုးတတ်ကြောင်း၊ ရန်သူမှန်သမျှကို လက်စားချေတတ်ကြောင်းကို သတိပေးလိုက်သည်။ ရဲဘော်တစ်ဦးက ချောင်းထဲမှ ကောက်ယူခဲ့သော မုဆိုးကိုဖိုးထွန်း ပစ်ခတ်လိုက်သည့် မြှားချက်ကို ဒေါသကြီးစွာနှင့် ဆင်ကြီးက ချိုးဖဲ့ပစ်ထားခဲ့သည့် မြှားတံအကျိုးကြီးကို ကျွန်တော်တို့ရှေ့သို့ တင်ပြပါသည်။ မြှားတံ၏ တစ်ဝက်ကျော်ကျော် ဆင်ကြီး၏ လက်မောင်းအတွင်းသို့ စူးဝင်ကြောင်းနှင့်တကွ သွေးစီးကြောင်းများနှင့် မြှားရွက်တံအကျီးအပဲ့နှင့် မြှားကျိုးကို ဝိုင်းအုံကြည့်ရင်း အံ့အားသင့်နေကြသည်။ ဤမြှားချက်ပင်လျှင် ကျွန်တော်၏အသက်ကို ကယ်ခဲ့သည်။ ရှေ့သို့ တစ်ဟုန်တည်းထိုးစေမည့် ဆင်ကြီးကို အနိုက်အတန့်အားဖြင့် တားဆီးရပ်တန့်စေသည့် မျောက်ဖိုးထွန်းကား ကျွန်တော်၏ အသက်သခင် ကျေးဇူးရှင်ပင် ဖြစ်တော့၏။ ထိုမြှားကျိုးကို ကျွန်တော်က ဂရုတစိုက် သိမ်းထားလိုက်ပြီး ဆင်ကြီးကို ရှေ့တွင် မည်သို့စီစဉ်ကြရန် တိုင်ပင်သည်။

'ဒီကောင်ကြီးကို ကိစ္စမတုံးဘဲ လွှတ်ထားရင်တော့ ကျွန်တော်တို့ ရွာသားတွေကို စစ်ဗိုလ်ကြီးများက မပြန်ခင် တန်းစီပြီး သေနတ်နဲ့သာ ပစ်သတ်သွားပေတော့'ဟု မုဆိုးကျော် ကိုဖိုးထွန်းက မှတ်ချက်ပေးပါသည်။

http://www.cherrythitsar.org



‘ဒီလောက်တောင်ပဲ ကြောက်နေရလားဗျ’ ဟု ကြားမှ ရဲဘော်တစ်ဦးက မခံမရပ်နိုင်သည့်အတွက် ဝင်ရောက်မေးလိုက်သည်တွင် နှုတ်ခမ်းမွေးကြီးရှင် ဦးဆောင်က နဖူးက ချွေးများကို သုတ်နေရာမှ ‘ကြောက်ပြီလား ရဲဘော်ရယ်၊ ဒီရွာသားတွေ ထင်းခွေ မှိုချိုးတောင် ရွာပြင်မထွက်ရဲအောင် နာမည်ဆိုးနေတဲ့ စွယ်ကား ကြီးကိုး။ ခုဟာ ကံကြီးပေလို့ မောင်ရေ့၊ ကျုပ်တို့ မောင်တို့တစ်တွေ အသက်နဲ့ကိုယ်အိုးစားကွဲခဲ့တာ၊ ပထမအကြိမ် တောထဲမှာမြှုပြီး ချောင်းနေတာကို ယောဒီက မျောက်လိုမျက်စိရှင်တဲ့ ကိုဖိုးထွန်းက အမြင်ဦးပေလို့၊ ဒုတိယအကြိမ်မှာ ကြည့်စမ်း၊ ဘယ်လောက်ပါးသလဲ၊ ရှေ့မှာ သူ့ခြေရာတွေကိုပြပြီး နောက်က တစ်ပတ်ပြန်ရစ်ပြီး ကျုပ်တို့ကို ချောင်းပိတ်အလစ်ချောင်းတာ ကိုယ်တွေ့မဟုတ်လားကွယ်’

‘စကားပြောနေရင် ဒီကောင်ကြီးလစ်ပြေးဖို့ အချိန်ပိုရနေမယ်၊ ကိုင်း လိုက်ကြရအောင်၊ ဒီကောင်ကြီးလဲ လူနဲ့ရန်သူကြီး ဖြစ်နေပြီအတူတူ’ဟု ဗိုလ်ထွန်းအောင်က အတင်းအကြံဉာဏ်ပေးရင်း ကျွန်တော့်ကို လှမ်းကာ ကြည့်လိုက်သည့်အတွက် ကျွန်တော့်မှာ အနည်းငယ်သက်သာစပြုသော ကျွန်တော်၏ နာကျင်မှုကိုကို အသာမေ့ပစ်လိုက်၍ ‘ဘယ်ပုံဘယ်နည်းနဲ့ ရှေ့ဆက်လိုက်ကြမလဲဗျို့၊ လုပ်စမ်းပါဦး ဆရာကြီး ကိုဖိုးထွန်းရယ်’

‘ဆင်နင်းခံချင်ရင်၊ ဆင်နဲ့ အစွယ်ဖမ်းတမ်းကစားချင်ရင် ချောင်းထဲက လိုက်၊ ဆင်ကြီးကို အပြီးအပိုင်ပစ်ချင်ရင် ချောင်းကမ်းပါးပေါ်က ဒီအတိုင်းအသာလျှောက်ကြပေတော့’ဟု ဝါးဆေးတံကြီးကို ပါးစောင်၌ခဲကာ ဦးဖိုးထွန်းက သူ၏ တင်ပါး၌ပေကျံနေသော ဖုန်များကိုခါရင်း ကမ်းပါးပေါ်မှ ရှေ့သို့သွားရန် လက်ပြပါတော့သည်။ နှစ်ကြိမ်တိတိ သက်ဦးဆံဖျား ဆင်ကြီး၏ အန္တရာယ်အစွယ်ဦးမှ မှတ်ကာသီကာ လွတ်ခဲ့ရသော ကျွန်တော်တို့ တစ်စုမှာ စကားတစ်ခွန်းတလေမျှ မဟနိုင်ရှာဘဲ အထူးဝီရိယကြီးစွာနှင့် ရှေ့နောက် ဝဲယာသို့ကြည့်ကာ ချောင်းကမ်းပါးအပေါ်မှ ခြေထောက်များကို ကြွကာ ဖော့၍နင်းလျက် ရှေ့သို့ ခြေရာခံခဲ့ကြသည်။ တောတွင်းနေ့ခင်းဆီမှ

http://www.cherrythitsar.org



တိုက်ခတ်သည့် လေပြည်လေညင်းကလေးက အတင်းတိုးဝှေ့ပြေးလွှားခဲ့ရ၍ ချွေးတွေရွှဲနေသော ကျွန်တော်တို့၏ ကိုယ်ခန္ဓာများကို ယုယုယယလေမှုတ်ပေးသည်နှင့် တူညီလေအောင် အေးမြလှပါပေ၏။ သစ်ကြီး၊ ဝါးကြီးများ အပြည့်ရှိသော ပဲခူးရိုးမအစွယ်ဖြစ်၍ ကျွန်တော်တို့အပေါ်က နေပြောက် မထိုး စတမ်း သစ်ရိပ် ဝါးရိပ်များက ကာဆီးလျက် ခရီးသွက်စေပါသည်။

ကျွန်တော်တို့ ချောင်းရိုးကလေးအတိုင်း ဆက်လက်ချီတက်ခဲ့ရာတွင် ဆင်ကြီးကို ပထမ စတင်တွေ့ရှိသောနေရာနှင့် သုံးမိုင်ခန့်အရောက်တွင် ဖွတ်ချိုးဖျား ခေါ်သော နွယ်တော်မြောင် ချောင်းထဲသို့ တိုးဝင်နေသည့် ချောင်းကလေးအနီးသို့ ဆိုက်ရောက်ခဲ့သည်။ ကျွန်တော်၏ ညာဘက်မှ မုဆိုးကိုဖိုးထွန်းက ရုတ်တရက် လက်ညှိုးဖြင့်သာ ရှေ့ကိုက် ၅၀ ခန့်ရှိ ချောင်းထဲသို့ တိုးဝင်နေသည့် အခြားချောင်းပေါက်ဆီသို့ အတွင်းသာထိုးပြနေပါတော့သည်။ ထိုအခါတွင် ကျွန်တော်က သေသေချာချာကြည့်လိုက်မှ နွယ်တော်မြောင်ချောင်းပေါက်ဆီသို့ ဦးတည်လျက် ချောင်းကမ်းပါးတစ်ဖက်ကို ခပ်စောင်းစောင်းပုန်းကွယ်ရင်း အကာအကွယ်ယူ၍ ကျွန်တော်တို့ ချောင်းတွင်းမှ အလာကို အသင့်စောင့်နေသော ကျွန်တော်တို့မိတ်ဆွေကြီး နွယ်ကားကို ခပ်မှောင်မှောင် သစ်ပင်ရိပ်အောက်တွင် မြင်လိုက်မိပါသည်။

ကျွန်တော်က ရှေ့ကတက်၍ ၄၀၄ ရိုင်ဖယ်နောက်ပြန်ကန်ထား၍ နောက်ထပ် ရိုင်ဖယ် မပစ်ဝံ့အောင် ပခုံးရောင်နေသော ဦးအောင်နှင့် မုဆိုးကျော် ကိုဖိုးထွန်းတို့ကို နောက်မှ အသာလိုက်စေပြီး တစ်လှမ်းချင်း ချောင်းကမ်းပါးထိပ်ဆီသို့ ချဉ်းကပ်ခဲ့သည်။ ကျွန်တော်၏ စိတ်ထဲ၌ အနာရ၍ မှိန်းနေသော သတ္တဝါတစ်ကောင်ကောင်ကို ဆက်လက်မပစ်ခတ် လို၊ သူ့ရဲဘောကြောင်သော အပြုအမူဟု သဘောထားခဲ့သည်။ ထို့ကြောင့် နွယ်ကား နွယ်ကောင်ကြီးမှာ သေနတ်ချက်ကြောင့် မှိန်းနေပြီလားဟု သံသယ ကြောင့် ချောက်ကမ်းပါးထိပ်မှာရပ်ကာ 'ဟေး ဟေး တို့ဒီမှာကွ' ဟု လက်ခုပ်တီးကာ ညာသံပေးမိပါသည်။ ကျွန်တော့် ထင်မြင်ချက်မှာကား မှားလေပြီ။

http://www.cherrythitsar.org



ကျွန်တော်တို့ ဒီလမ်းမှ မှရလိုက်လာလိမ့်မည်၊ ငါ့အနားရောက်မှ အပိုင်တစ်ချက်တည်း လက်စားချေလိုက်မည်ဟု ခွဲကြီးကြီးနှင့် ကျွန်တော်တို့ လာလမ်းကို မလှုပ်မယှက်စောင့်နေသော ဆင်ကြီးက ရုတ်တရက် လန့်သွားသလို လှုပ်ရှားလိုက်ပြီး ဘာမျှဒဏ်ရာမထိမိုက်သည့် ဆင်တစ်ကောင်ပမာ ကျွန်တော်ရှိရာ ခပ်လျှောလျှောကာမ်းပါးဆီသို့ အကောင်းအထည်နှင့် မလိုက်အောင် လျှင်မြန်စွာနှင့် ဦးခေါင်းလှည့်လိုက်ပြီး ရှေ့ခြေနှစ်ချောင်းကို ကမ်းပါးအခြေသို့ ပေါ့ပါးစွာတင်၍ နင်းတက်နေတော့၏။

အဆင်သင့်ချိန်ပြီးသော ကျွန်တော်၏ ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်မှ အသင့်ချိန်ပေးနေသလို ဖြစ်နေသည့် စွယ်ကားစွယ်ကော့ကြီး၏ ဦးနှောက်ဆီသို့ မီးပွင့်နှစ်ချက်မြည်ဟည်းကာ ထွက်သွားပါသည်။ ကောက်ပင်ရိတ်ချလိုက်သကဲ့သို့ ဖြည်းညင်းလေးကန်စွာနှင့် ဆင်ကြီး၏ကိုယ်ခန္ဓာမှာ ပက်လက်လန်၍ ကျသွားပါတော့သည်။

တုတ်နိုင်ဖြူချေး၍ ဘေးသို့ကားလည်းကားရုံမက သာမန်ဆင်စွယ်တို့ထက် ကော့လည်းအတော်ကော့နေသည့် အစွယ်ကြီးနှစ်ချောင်းနှင့် ပြင်းထန်လှသည့် ရိုင်ဖယ်ရာသုံးချက်နှင့်တကွ ဘယ်လက်တစ်ဖက်မှ မြားဒဏ်ရာ ငုတ်စိစိကလေးကိုပါ အဆုံးသတ်တွေ့လိုက်ရသည်။

'တို့ဗိုလ်မှူးက စစ်ထွက်ကျင်လည်ရုံမဟုတ်ဘူး၊ ရိုက္ခာပြသနာအစက်အခဲကိုလဲ ဆင်သားနဲ့ ရှင်းပေးတယ်ကွ' ဟု စံဘော်အချင်းချင်း ဝမ်းမြောက်ဝမ်းသာနှင့် ပြောဆိုသံများကို ကြားယောင်လျက်ရှိပါတော့သည်။

[ မြဝတီ။ ။ ဖေဖော်ဝါရီ၊ ၁၉၅၅ ]

http://www.cherrythitsar.org

# တစ်ည သဲသဲရာ

အိပ်မပျော်နိုင်ကြသော လူများအဖို့ တစ်ညတာကာလကို ကုန်လွန်နိုင်ခဲလှသည်ဟူ၍ စိတ်၏လှည့်စားချက်အရ အထင်ရောက်ရှိကာ စိတ်နှင့်ကိုယ် ပင်ပန်းခြင်းတို့ကို ဖြစ်စေခဲ့၏။ ထိုနည်းတူစွာ တစ်ညတာ၊ သို့မဟုတ် ဆယ့်နှစ်နာရီကာလအဖို့ တစ်ညတာ၏ ဒုက္ခအန္တရာယ်ကို ရင်ဆိုင်နေရသူများအနေဖြင့် တစ်ညကို တစ်လထင်စေခဲ့သလို တစ်နာရီပြီး တစ်နာရီ ရောက်ရှိရန်အရေးမှာလည်း ရောက်ခဲလှသည်ဟူ၍ ထိုညကာလကို မုန်းတီး ရွံရှာစေခဲ့၏။

စာရေးသူအနေဖြင့် ထိုတစ်ညတာ အန္တရာယ်ကိစ္စများကို စစ်သား ဘဝ၊ မုဆိုးဘဝတို့၌ မလွဲမရှောင်သာစတမ်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပေသည်။

မုဆိုးဘဝတစ်လျှောက်၌ စာရေးသူအနေဖြင့် အနိုင်ဘက် ထိုးစစ်ဘက်က အောင်ပွဲရယူခဲ့သလို ခံစစ်ဘက်မှ အရှုံးဘက်ကလည်း နေရသည့် အကြိမ်များစွာ ရှိခဲ့ပေသည်။ မုဆိုးအကြောင်းကို နားမလည်သူများအနေဖြင့် သားကောင်ကြီးငယ်တို့ကို သေနတ်သမား မုဆိုးက အပွဲပွဲတိုင်းတွင် အနိုင်ဘက်ကချည်း နေရသည်။ သားကောင်ကြီးငယ်တို့အား ခေါင်းမထောင်

http://www.cherrythitsar.org



နိုင်အောင် မုဆိုးက အထက်စီးမှ အရေးသာ နိုင်နင်းနေကြသည်ဟူ၍ တစ်သမတ်တည်း အထင်ရှိကြပေ၏။

တကယ့် တကယ် အရေးအခင်းများ၌ တောကို အစိုးရသော သားကောင်ကြီးငယ်တို့နှင့် စွန့်စားခြင်း၊ ပစ်ခတ်ခြင်း သတ္တိကိုရင်းသော စိတ်ဓာတ်တို့ဖြင့် တောတွင်းသို့ရောက်ရှိလာခဲ့သည့် မုဆိုးတို့၏ အကင်းပါးနပ်မှု၊ ကြိုတင်တွက်ချက်နိုင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ ဇွဲသတ္တိ ဝီရိယ ပိုက်ခဲမှုတို့၏ ယှဉ်ပြိုင်ပွဲ အဆုံးအဖြတ်ပွဲသာလျှင် အဖြေထွက်စေ၏။

စာရေးသူ၏ တောတွင်းအတွေ့အကြုံတို့မှ ရရှိခဲ့သည့် လက်တွေ့ သင်ခန်းစာများအနက် သားကောင်ကြီးငယ်တို့သည် တောတောင် ခရီး လမ်းပန်း မြေမျက်နှာပြင်အနေအထား ကျွမ်းကျင်မှုတို့၌ မနုဿလူသား မုဆိုးတွေထက် သာလွန်ကြောင်းကိုမူ မှင်လင်းရိုးသားစွာ ဝန်ခံရပေမည်။ လူသား မုဆိုးတွေက သားကောင်ကြီးငယ်တို့ထက် သာလွန်ချက်မှာ စဉ်းစား တွေးခေါ်သည့်ဉာဏ် တစ်ခုသာလျှင် ဖြစ်ပါသည်။

ကျွန်တော်အဖို့ တစ်ညတာအဖြူ့ ရာယ်ကို တစ်လကြာမြင့်စေခဲ့သည် ဟူ၍ အထင်ရှိခဲ့သည့် ဖြစ်ရပ်တစ်ခုကို အလျဉ်းသင့်၍ ရေးသားဖော်ပြခြင်းဖြင့် စာဖတ်ပရိသတ်များအား ထိုစဉ်က ကိုယ်တွေ့ကြုံခဲ့ရသည့် စိတ်နှလုံး တုန်လှုပ် ဆင်းရဲပင်ပန်းမှုဒဏ်ကို ထပ်တူထပ်မျှ ရင်တဖိုဖိုနှင့် ခံစားကြရပေ လိမ့်မည်။

* * *

တောတစ်ပြင်လုံးမှာ အုံ့မှိုင်းရီဝေနေတော့သည်။ မျှော်ကြည့်လိုက်တိုင်း နှင်းထုက ကာဆီးနေသလို သစ်ရိပ်ဝါးရိပ်တွေအောက်ဝယ် နေပြောက်နှင့် ဝေးခဲ့လေပြီ။ တောရိပ် တောင်ရိပ်များအောက်ဝယ် အအေးဓာတ်က မင်းမူ လျက် ကျွန်တော်တို့ မုဆိုးတစ်စုကို နိုက်နိုက်တုန်မျှ ချမ်းနေစေခဲ့သည်။

http://www.cherrythitsar.org



အကယ်၍သာ သားကောင်ကြီးများကို ပစ်ခတ်မှုအာရုံနှင့် ဆုံးဖြတ်ချက် မရှိစတမ်း ကျွန်တော်တို့လူစု အနေဖြင့် ဤလေကားတောင်မြောင်နှင့် ကြက်သီးထမြောင်များသို့ ရောက်ရှိခဲ့ပါမူ အအေးဓာတ်ပြင်းပြမှုကြောင့် မီးဖိုဘေးမှ မထတမ်းကျေးကာ နေမိမည်ဖြစ်၏။ သို့သော် ကျွန်တော်တို့ မုဆိုးဝါသနာကြောင့်သာ အချမ်းအအေးနှင့် ပင်ပန်းမှုဒဏ်ကို အလုံးအလဲ ခံရင်း သေနတ်တပြင်ပြင် ခြေလှမ်းသွက်သွက်နှင့် တစ်တောဝင် တစ်တောထွက် နိုတက်နေရပေ၏။

ဖော်ပြပါ မြောင်နှစ်မြောင်ကား ဖျဉ်းမနားအနောက် နယ်နိမိတ်ပဲခူးရိုးမတောင်ကြီး၏ အရှေ့ဘက်ခြမ်းကို မေးတင်နေသော နာမည်ကြီးသစ်တောကြီးများပင်ဖြစ်၏။

ကျွန်တော်နှင့် ဦးဘိုးဟန်တို့ဦးဆောင်ကာ တပ်ကြပ်ကြီး သန်းထွန်း၊ တပ်ကြပ် မောင်ပု၊ တပ်ကြပ် မောင်နု၊ မောင်တင်၊ ရဲဘော်ကျော်လှိုင်၊ ထမင်းချက် ဦးနုတို့ လူစုသည် ငါးလိုက်ချောင်း၏ အရှေ့ဘက်ကမ်းခြေတွင် ရှာပြုလုပ်ထားသည့် ဦးဘိုးဟန်၏ ဆရာသမား မုဆိုးကြီး ဦးလှကျော်၏ ဇာတိရပ်မြုပ်ဒေသဖြစ်သည့် မိုးချွေရွာတွင် စခန်းချကာ ဖော်ပြပါ လေကားတောင် ကြက်သီးထမြောင်ဒေသဆီသို့ ပြောင်နှင့် ဆင်များကို ပစ်ခတ်ရန် နိုတက်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုနေ့အဖို့ ကျွန်တော်၊ ဦးဘိုးဟန်၊ တပ်ကြပ်ကြီးသန်းထွန်း၊ တပ်ကြပ်မောင်နုနှင့် လမ်းပြရွာသားနှစ်ဦးစီ အပါအဝင် မုဆိုးနှစ်ဖွဲ့ခွဲ၍ တောင်နှင့်မြောက် ရက်ကန်းခတ် ခြေရာခံနည်းအတိုင်း ပြောင်နှင့် တောဆင်ကြီးများကို စတင်ခြေရာခံကာ ရှာဖွေခဲ့ကြသည်။

ဆင်၊ ကြံ့၊ ပြောင်၊ ဗိုင်၊ ကျားစသည့် ကြီးငါးကြီးကို ရှာဖွေခြေရာခံရာ၌ တစ်ရက် နှစ်ရက်နှင့် ရုတ်တရက် ရှာဖွေ၍မတွေ့တတ်ပါ။ ကြေညာ မြွက်နေရာဆိုသလို သားကောင်ကြီးများသည် တစ်ကောင်ချင်းသော်လည်းကောင်း၊ အုပ်ဖွဲ့၍သော်လည်းကောင်း ရာသီလိုက် မှည့်ကြ မွှင်ကြ

http://www.cherrythitsar.org



ဖူးကြသည့် သစ်လွင်သော သစ်သီးသစ်ရွက်များရှိရာ တောတောင်ဒေသများသို့ မနားတမ်း တစ်နေ့လျှင် အဖျင်းဆုံး မိုင်သုံးဆယ်ပတ်လည် လှည့်လည်ရှာဖွေ စားသောက်လေ့ရှိကြသည်ကြောင့် တစ်ရက်နှစ်ရက်နှင့် ရှာဖွေ၍ မတွေ့တတ်ခြင်း ဖြစ်ပါသည်။

ထိုနေ့အဖို့ ခြေရာခံခြင်း အလုပ်အနေဖြင့် တော်သင့်လောက်ပြီဟု ယူဆကာ ကျွန်တော်က ဦးဘိုးဟန်နှင့် လမ်းပြလုပ်သူကို ရွာဘက်သို့ လှည့်၍ပြန်ရန် အချက်ပေးလိုက်ရ၏။

'ကဲ၊ ပြန်ခေတ် ခတ်သွားကြရအောင်၊ တွေ့တဲ့ ဆတ်ကြီးကြီး အကောင်ကို ဟင်းအဖို့ ပစ်ကြရအောင်'ဟု ဦးဘိုးဟန်က ပြောလိုက်ပြီး ခြေလှမ်းသွက်သွက်နှင်းကာ ရွာဆီသို့ ပြန်လှည့်ခဲ့ကြသည်။ ကျွန်တော်လည်း ရွာတွင် ကျန်ရစ်ခဲ့သည့် မနေ့က ကိုယ်ပူခေါင်းကိုက်နေသူ ရဲဘော်ကျော်လှိုင်ကို သတိရမိသည်ကြောင့်

'ကျော်လှိုင်တော့ နေကောင်းပါလိမ့်မယ် ထင်ပါရဲ့ ဦးဘိုးဟန်၊ မောင်တင်၊ မောင်ပုနဲ့ ဦးနုတို့ကို စခန်းစောင့်ရင်း ကျော်လှိုင်ကို ပြုစုကုသကြဖို့ ထားရစ်ခဲ့ရတယ်'ဟု ပြောလိုက်ရာ 'မနက်က ကျုပ်တို့ထွက်လာခါနီး စမ်းကြည့်တော့ အပူသိပ်မကျဘူးဗျ၊ အခြေအနေ ကြည့်တာပေါ့ဗျာ'ဟု ဖြေကြားလိုက်ပြီး ရွာဆီသို့ ခပ်သုတ်သုတ်နှင်ခဲ့ကြသည်။

နေကလည်း အနောက်တောင်ဆွယ်ပေါ်သို့ မေးတင်နေလေပြီ။ ကျွန်တော်တို့လူစုသည် မည်သူမျှ စကားမပြောဘဲ ရှေ့နောက်တန်းကာ အရှေ့တောင်ယွန်းယွန်း မိုးစွေရွာဆီသို့ တစ်နာရီ လေးမိုင်နှုန်းအရ ပြန်ခဲ့ကြသည်။

ကံတရားကား အလွန်ဆန်းကြယ်လှပါ၏။ တစ်နေ့လုံး သားကောင်တစ်ကောင်မျှပင် ပစ်ခတ်ခွင့်မရခဲ့သော ကျွန်တော်တို့ မုဆိုးများအဖို့ မိုးစွေရွာသို့ရောက်ရန် ခြောက်ဖာလုံခန့်အကွာ ငါးလိုက်ချောင်း၏ အရှေ့ဘက်ကမ်းကို ဖြတ်၍ ကူးခါနီးဆဲဆဲတွင် ရှေ့ဆုံးမှ ဦးဘိုးဟန်က ချောင်း၏

http://www.cherrythitsar.org



အထက်ပိုင်းကို တစ်ချက်မျှော်၍ကြည့်လိုက်ပြီး အရေးတကြီး ဖျတ်ခနဲ သူ၏လက်တွင်းမှ ၃၀၄ မော်စာရိုင်ဖယ်ကို ထိုးချိန် ချိန်လိုက်သည်။ ကျွန်တော်က ချောင်းကမ်းပါးထိပ်မှ ရိပ်ခနဲမြင်လိုက်ရသည်။ တခဲနက် ပေါက်ကွဲသံကြီးကြောင့် မုဆိုးတစ်စုသည် အရေးတကြီး ချောင်းထဲသို့ အပြေးအလွှားဆင်းလိုက်ကြသည်။

'နိပ်ဟ၊ တကယ်တန်းတဲ့ ဘကြီးဟန်ပေဟ့'

ထားဝယ်သံဝဲဝဲနှင့် တပ်ကြပ်ကြီး သန်းထွန်းက ချောင်းအထက်ဆီသို့ ရှေ့ဆုံးမှ ပြေးတက်လိုက်သည်တွင် ကျွန်တော်က ဝါးပင်များကြားမှ လျှောချ၍ဆင်းကာ ချောင်းအထက်ပိုင်းဆီသို့ လှမ်း၍ကြည့်လိုက်မိသည်။

ခြေလက်တွေ တဆတ်ဆတ်ဖြစ်လျက် အသက်ငင်ကာလဲနေသည့် ချိုကြီးကားကားနှင့် ဆတ်ကျွဲကြီးတစ်ကောင်ကို ကိုက်တစ်ရာငါးဆယ်ခန့် အကွာတွင် တွေ့လိုက်ရ၏။

'တစ်နေ့လုံး ပင်ပန်းလာတာကွ၊ ဟင်းကောင်းမြက်မြက်မစားရရင် ဘယ်ဖြစ်ပါ့မလဲ'ဟု ဦးဘိုးဟန်က ရယ်မောသံကြီးဖြင့် ပြောလိုက်သည်။

'တို့ခြေသံတွေကြားရလို့ ချောင်းကူးမယ်ဆဲဆဲ ဘသားချောက နောက်ပြန်အလှည့်မှာ ဖြတ်ပစ်ထည့် လိုက်ရတယ်'

ခြောက်စထောင် ချိုကားကားကြီးနှင့် ပိဿာရှစ်ဆယ်ခန့် အသား ထွက်မည့် ဆတ်ထီးကြီးဆီသို့ ကျွန်တော်တို့လူစု ရောက်ရှိခဲ့ကြသည်တွင် ထားဝယ် သန်းထွန်းသည် အမဲလိုက်ဓားမြှောင်ကိုထုတ်ကာ အရေးတကြီး ပေါင်ထိပ်မှ အရေကို ခွဲထုတ်ပြီး ဆတ်သားနှစ်ပိဿာခန့်ကို လှီးယူလိုက်ပါသည်။ ရွာသို့ထမ်းယူရန် ဝါးခုတ်ကြ၊ နှီးဖျာကြနှင့် အတော်ကလေးကြာသွားပြီးမှပင် ကျွန်တော်တို့ မုဆိုးတစ်စု မိုးချွေရွာသို့နေဝင်ပြီးမှ ဆိုက်ရောက်ခဲ့ကြသည်။

ကျွန်တော်သည် စခန်းချရာ မိုးချွေရွာခေါင်း၏ နေအိမ်ပေါ်သို့ တက်ရောက်ခဲ့ပြီး ဖျားနေသော ကျော်လှိုင်၏ အခြေအနေကို အကဲခတ်လိုက်

http://www.cherrythitsar.org



သည်။ ကျော်လှိုင်၏ အသက်ရှူသံမှာ ပြင်းနေသလို ကောင်းကောင်းသတိမရ တော့ပါ။ သူနာပြုအတတ် တတ်ကျွမ်းသည့် ရဲဘော်မောင်တင်သည် ကျွန်တော့်အား ကပ်၍ အဆုတ်အအေးမိသည့် နမိုးနီးယား ရောဂါဖြစ်ကြောင်း သတင်းပို့ပါသည်။

ကျွန်တော်တို့တွင် ပါလာသည့် ဆေးဝါးနှင့် စိတ်မချရမှန်း ကိုသိရ၍ ကျော်လှိုင်အား အဖျားဒီဂရီတိုင်းလိုက်ရာ တစ်ရာလေးရှိကြောင်း တွေ့ရ တော့သည်။

ထို့ကြောင့် ဦးဘိုးဟန်ကိုခေါ်လိုက်ပြီး ကျော်လှိုင်အား ဖျဉ်းမနားရှိ တပ်တွင်းဆေးရုံသို့ အမြန်ဆုံးပို့ရန် စီစဉ်လိုက်ကြရ၏။ သယ်ယူပို့ဆောင်ရေး ပြဿနာကား ခက်ခဲလှပါသည်။ ကျွန်တော်တို့လာစဉ်က စီးဆင်၊ ဝန်တင် ဆင် ငါးစီးဖြင့် ရောက်ရှိလာခဲ့သော်လည်း ထိုဆင်များကို ငလိုက်ချောင်း အောက်ပိုင်းရှိ တိုက်မရွာအနီး ဦးမင်းဒင်၏ ဆင်စခန်းသို့ ပြန်လွှတ်လိုက်ခဲ့ သည့်အတွက် ရုတ်တရက် ဆင်နှင့်ပို့ရန် ခဲယဉ်းပြန်တော့သည်။

* * *

ရဲဘော်ကျော်လှိုင်ကို တပ်ရင်းဆေးရုံသို့ အမြန်ဆုံးရောက်အောင် ပို့နိုင်ရန် စီစဉ်ရ၏။ မိုးချွေရွာခေါင်းကြီးနှင့် ဦးလှကျော်တို့လူစုကလည်း လိုသမျှ အကူအညီများ ပေးကြပါသည်။ ကျွန်တော်၏ အစီအစဉ်မှာ ရှစ်မိုင်မျှဝေး သော တိုက်မရွာသို့ ရဲဘော်ကျော်လှိုင်အား ပုခက်တွင်ထည့်ကာ လူထမ်းနှင့် ပို့စေပြီး တိုက်မမှ ဦးမင်းဒင်ဆင်စခန်းသို့ စီးဆင်ခေါ်ယူပြီး ဆင်ကတွင် တင်ဆောင်၍ သရက်တောစခန်းရှိ တပ်ရင်းဆေးရုံသို့ တင်ပို့ပေးရန်ဖြစ်ပါ သည်။

မိုးချွေရွာမှ ရွာသားဆယ့်နှစ်ယောက် အသင့်ရှိနေသည်ကြောင့် ကျွန်တော်တို့ ညစာကို ဆတ်သားဟင်းတစ်ပန်းကန်နှင့် ခပ်သုတ်သုတ် စားသောက်လိုက်ကြပြီး ရဲဘော်ကျော်လှိုင်ကိုလည်း ရှိစုမဲ့စု ဆေးကောင်း

http://www.cherrythitsar.org



များကို တိုက်ကျွေးကာ ခရီးထွက်ရေးအတွက် ပြင်ဆင်လိုက်ကြသည်။ ရဲဘော်ကျော်လှိုင်နှင့် အကုရဲဘော် မောင်တင်ကို လမ်းတစ်လျှောက်လုံးတွင် ဆေးဝါးတိုက်ကျွေးပြုစုရင်း ဗျဉ်းမနားအထိလိုက်ပို့စေရန် စီစဉ်သတ်မှတ်လိုက်ရ၏။ ကျွန်တော်၊ ဦးဘိုးဟန်၊ တပ်ကြပ်ကြီးသန်းထွန်း၊ မောင်ပုတို့က အမွေးထည်များဝတ်ဆင်ကြပြီး ရေဘူး၊ ခရီးလမ်းတစ်လျှောက်အဖို့ ရေမွေးဓာတ်ဘူး၊ စားစရာ၊ လက်နှိပ်ဓာတ်မီးလေးလက်နှင့် ဓာတ်ခဲများကို အရံသင့်စီစဉ်လိုက်လေသည်။ မိုးချွေစခန်းတွင် မောင်နုနှင့် ထမင်းချက် ဦးနုတို့ကို အစောင့်ထားခဲ့ပြီး ခရီးထွက်ရေး အဆင်သင့်အခြေအနေသို့ ဖန်တီးလိုက်ရ၏။

ဦးဘိုးဟန်က ကျွန်တော့်အား 'နေမကောင်းတဲ့ကျော်လှိုင်ကို အပို့သွားတုန်းမှာ လမ်းမှာတွေ့တဲ့ သားကောင်ပစ်ကြရင် ကောင်းမယ်၊ သေနတ်သံတွေကြားတော့ လူမမာ စိတ်ချောက်ချားအောင် လုပ်သလိုဖြစ်နေမှာ စိုးရတယ်ဗျ'ဟု ပြောလိုက်ရာ ကျွန်တော်ကလည်း 'ကောင်းပါတယ်၊ ဒါပေမယ့် ခုအချိန်ဟာ ပြာသိုလမို့ ဦးဘိုးဟန် မိတ်ဆွေကြီးတွေကို ကောင်းကောင်း သတိပြုရမယ်၊ သူတို့ရဲ့ မိတ်လိုက်တဲ့အချိန်အခါကြီးမို့ တစ်နေရာမှာ တွေ့ချင်တွေ့နိုင်တယ်၊ ဒီလမ်းစခန်းက သူတို့စားကျက်လမ်းမကြီးတွေဗျ'ဟု ပြန်၍ပြောလိုက်ရာ နှစ်ဦးစလုံး ရယ်မောမိကြသည်။ မိုးချွေနှင့် တိုက်မရွာအကြားဝယ် သုံးရာသီမရွေး ကျားခြေရာတွေ တွေ့နိုင်သည့်ပြင် ပထမတန်း ကျားပေါ်များသော တောတောင်ဒေသလည်း ဖြစ်ပေသည်။

ကျွန်တော်က ကျားမှစ၍ ကြီးငါးကြီးအတွက် စိတ်ချရသော ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်ကို ဆွဲယူသလို ဦးဘိုးဟန်ကလည်း ညပစ်ခတ်ရေးတွင် စူးရှလှသည့် ၁၂ ဗို့ ဘရောင်နင်း မောင်းပြန်သေနတ်ကို လွယ်လိုက်ပါသည်။ သန်းထွန်းနှင့် မောင်ပုတို့က ၄၇၅ မက်နမ်ရိုင်ဖယ်နှင့် ၄၁၆ ရိုင်ဖယ်တစ်လက်စီကို ဆွဲကိုင်လိုက်ကြပါသည်။

http://www.cherrythitsar.org



ကျွန်တော်က လက်ပတ်နာရီကို ငုံ့၍ကြည့်လိုက်ရာ ညရှစ်နာရီ အချိန်သို့ ပြနေသည်ကြောင့် ရေနံချေးစိမ်ထားသည့် မီးစွေများဖြင့် ရှေ့မှ ရွာသားတစ်ဦးနှင့် သန်းထွန်းတို့က လမ်းပြခေါ်ဆောင်ကာ တောလမ်းခရီး မှပင် တိုက်မရွာဆီသို့ စတင်၍ ခရီးထွက်ခဲ့ကြပါသည်။ ရာသီဥတု အခြေအနေကလည်း ရက်ရက်စက်စက်အေးနေသလို နှင်းတွေက ကိုးရပ်ခွင် လုံးကို ပိတ်ဖုံးနေပါတော့သည်။ မိုးစွေရွာသားများအနေနှင့်လည်း ဂွမ်းဆောင် ယောင်းတစ်ထည်စီ ခြုံလွှမ်းလျက် လုံချည်တိုတိုဝတ်ထားကြပြီး ပုဆက်နှင့် ထည့်ထားသည့် လူနာကို လေးယောက်ကျစီ ဝါးလုံးကြီးနှင့် ရှေ့နောက် ဦးမှ ထမ်းလာကြပါသည်။

ကျွန်တော်၏ ဓာတ်ခဲသုံးတောင့်ထိုး ဓာတ်မီးကို ရိုင်ဖယ်ပြောင်း နှစ်လုံးအောက်တွင် ဆွဲထားလိုက်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်ကို အနေအထား မှန် မမှန် မီးခလုတ်ကိုနှိပ်ကာ စမ်းသပ်ကြည့်လိုက်မိပါသည်။ မီးရောင် အကျယ်အဝန်း အနေအထားမှန်အောင် ဓာတ်မီးခေါင်းကို အနည်းငယ် ရှေ့တိုး နောက်ဆုတ် လုပ်လိုက်ပြီး ကိုက်နှစ်ရာခန့် မီးရောင်အကွက်အကြား မရှိစတမ်းတွေ့ရမှ မီးခလုတ်ကို ပြန်ပိတ်လိုက်၏။ ဦးဘိုးဟန်လည်း သူ၏ အောက်တိုမက်တစ် သေနတ်ခလုတ်ထဲသို့ ခြောက်လုံးကျည် ကျည်မ တစ်တောင့်စီ ရှေ့ဆင့်နောက်ဆင့် ငါးတောင့်ထည့်လိုက်သည်ကို တွေ့လိုက် ရပေ၏။ မီးတုတ်နှစ်ချောင်းနှင့် သန်းထွန်း၏ လက်နှိပ်ဓာတ်မီးရောင်သည် တောတွင်း ခြောက်ပေလမ်းတစ်ဝိုက်မှ နှင်းထုကို မနည်းထိုးဖောက်ကာ အလင်းရောင်ပြလျက် ခပ်မှန်မှန် ချီတက်မှုအခြေအနေကို အထောက်အပံ့ ပြုနေပါသည်။

တစ်တောလုံးလည်း ညဉ့်ငှက်များနှင့် သားရဲတိရစ္ဆာန်များ၏ အော် မြည်သံများဖြင့် ပွဲတင်ထပ်လျက်ရှိတော့၏။ ဆတ်တစ်သံ၊ ဂျီဟောက်သံ၊ ကျားသစ်ကြီးများ၏ ဝမ်းရုတ်သံများ၊ တောကြောင်များ၏ တစ်ကောင်နှင့် တစ်ကောင် ခေါ်သံများကလည်း နေရာအနှံ့အပြားမှာ ကြားနေရသလို

http://www.cherrythitsar.org



ဒီးဒုတ်ငှက်ကြီးများ၊ တောလုံးငှက်၊ ဆုတ်ကလေးငှက်များ၏ ကြောက်မက်ဖွယ်ရာ မြည်တွန်သံများကလည်း အားငယ်တတ်သူအဖို့ စိတ်ဓာတ်ကို ပျက်ပြားစေပါတော့သည်။

တစ်မိုင်ခရီးသို့ ရောက်ရှိခဲ့သည်တွင် ကျွန်တော်တို့သွားနေသည့် ခြောက်ပေလမ်း၏ ဘယ်ဘက်တောတွင်းမှ လျှောခနဲ တောတိုးသံကြီး တစ်ချက် ကြားလိုက်ရ၍ ရိုင်ဖယ်နှင့် ထိုးချိန်လိုက်ပြီး မီးခလုတ်ကို ဖွင့်ကြည့်လိုက်သည်တွင် သက်ကယ်ပင်နှင့် ဝါးသုဉ်းတောထဲ၌ တသိမ့်သိမ့် လှုပ်ယမ်းလျက် သွက်လက်စွာဝင်ရောက်သွားသည့် သတ္တဝါတစ်ကောင်၏ ကျောရိုးပိုင်းကို သက်ကယ်ရွက်များအတွင်းမှ ရိပ်ခနဲ မြင်လိုက်ရ၏။ 'ဘာကောင်မှန်းမသိဘူး အဘိုးကြီး' ဟု ကျွန်တော်က သားကောင် လှုပ်ရှားတိုးဝင်မှုရာ သက်ကယ်တောအတိုင်း လင်းနေသော ဓာတ်မီးရောင် လမ်းကြောင်းအရလိုက်၍ ရိုင်ဖယ်နှင့် ချိန်ရွယ်မိုက်တွင် ဦးဘိုးဟန်က လှမ်း၍ 'မပစ်လိုက်ပါနဲ့ဗျား၊ ညကြီးအချိန် ကျုပ်တို့သေနတ်သံဟာ သိပ် ကျယ်လောင်လှတယ်' ဟု တားမြစ်သတိပေးလိုက်သောကြောင့် မီးကို ပြန်၍ မှိတ်ချလိုက်ရင်း လမ်းအတိုင်း ဆက်တက်ခဲ့ကြသည်။

တစ်ဖာလုံခန့် တက်ခဲ့ကြသည်တွင် ကျွန်တော်တို့ ရိုတက်ရမည့် ညာဘက်လမ်း၏ ကပ်နေသော ချုံထဲသို့ ဦးဘိုးဟန်က အမှတ်တမဲ့ ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်တွင် ပြောင်းဖူးဖက်ဆေးလိပ်မီးကို မှောင်ထဲ၌ ဖွာထုတ်လိုက်သည့်အခါ တွေ့ရသည့် ဒိုးဒိုင်းခန့် ရဲရဲသဏ္ဍာန်နှစ်ခုကို နီးကပ်စွာ တွေ့လိုက်ရ၏။ ချက်ချင်း ထိုရဲရဲသဏ္ဍာန်နှစ်ခုသည် ရိပ်ခနဲ လှုပ်ရှားမှုဖြင့် ပျောက်ကွယ်သွားပါသည်။ ဦးဘိုးဟန်သည် မြေပျော့ပျော့ ခြောက်ပေလမ်း တစ်လျှောက်ကို ဓာတ်မီးဖြင့်စိုက်၍ ထိုးကြည့်လိုက်သည် တွင် ဧရာမ ခြေရာဝိုင်းဝိုင်းကြီးများကို ရှင်းလင်းနေသော ခြောက်ပေလမ်း ပေါ်တွင် အစီအရီ တွေ့မြင်လိုက်ရ၏။

http://www.cherrythitsar.org



'ပြောလို့မှ မဆုံးသေးဘူး ဗိုလ်မှူးရေ၊ တွေ့ကြ ဆုံကြပြီစို့၊ တောကောင်ကြီး ခြေရာတွေလေဗျာ' ဟု စပ်ပြုံးပြုံးမျက်နှာဖြင့် ပြောလိုက်သည်။ ကျွန်တော်က သစ်လွင်လတ်ဆတ်သော ဧရာမ ကျားကြီးခြေရာတွေကို ကြည့်လိုက်ရင်း 'ချောင်းအတက်တုန်းက တောထဲကိုဝင်သွားတာ ဒီကောင်ကိုးဗျ' ဟု ပြောလိုက်ပြီး နောက်က လိုက်ပါလာကြသည့် အထမ်းသမားတွေကို စောင့်ကာခေါ်ယူလိုက်ရသည်။ သန်းထွန်းနှင့် မောင်ပုတို့အားလည်း ကျွန်တော်တို့နောက်သို့ ကျားတစ်ကောင်လိုက်နေကြောင်း မသိမသာကပ်၍ သတိပေး ပြောကြားလိုက်ရ၏။ သူတို့နှစ်ဦးလည်း ပွဲပေါင်းများစွာ တိုးခဲ့ဖူးသည့် မုဆိုးများပီပီ ဂရုစိုက်ရမည့် အရေးအခင်းကို မြင်ဆင် အသင့်ရှိနေတော့သည်။ မောင်ပုက ရှေ့မှ မီးတုတ်ကိုင် ရွာသားတစ်ဦးနှင့်တွဲ၍ တက်သလို သန်းထွန်းက နောက်ဆုံးပိတ်မှနေ၍ ရွာသားမီးတိုင်ကိုင်တစ်ဦးနှင့် ရှေ့နောက်ပိတ်၍ ချီတက်ကြပါသည်။

တောကောင်၊ ဟင်းမျိုး၊ ခေါင်းကြီး၊ မျက်ကွင်းဖြူ၊ ပိုးကောင်၊ ငပြောက် စသည်ဖြင့် နာမည်အမျိုးမျိုးဖြင့် သူ့အကြောင်း သိသူတွေက သူ့အသံကြားရုံဖြင့် ဆောက်တည်ရာမရအောင် ကြောက်ရွံ့နေကြသော ကျားကား အင်မတန်တောကျွမ်းလှသလို တစ်ဖက်ရန်သူအပေါ် အတွက် အချက်နှင့် ချက်ကောင်းစသည်တို့ကို ကောင်းကောင်းသိတတ်၏။ သူ့ထက် ခွန်အားဗလကြီးမားသည့် လေးတန်ငါးတန် အချိန်စီးသည့် အစွယ်ဖွေးဖွေး နှင့် ဆင်ကြီးများကိုလည်း မည်သည့်နေရာ မည်သည့်အကြောကို ကိုက်ဖြတ်လိုက်ရုံဖြင့် ဖင်ထိုင်ကျကာ အရှုံးပေးတတ်သည်အထိ ချက်ကောင်းကို များစွာ နားလည်သိရှိပေ၏။ တစ်တန် နှစ်တန်ခန့် ကိုယ်အလေးချိန်စီးလျက် ခွန်အားကောင်းလှသော ပြောင်ထီးခေါင်း၊ စိုင်ထီးခေါင်း၊ သစ်ဆွဲကျွဲကြီး တွေကိုလည်း ပေါင်ငါးရာမျှအချိန်စီးသည့် ကျားက အသေကိုက်သတ်ရုံ မကဘဲ ဤမျှ အလေးချိန်စီးသော စိုင်များ၊ ကျွဲများကို မြေအနိမ့် အမြင့် မရွေး ဒရွတ်တိုက်ကာ ဆွဲချီ၍ တစ်မိုင်နှစ်မိုင်အထိ နေရာကို ရွှေ့ပြောင်း

http://www.cherrythitsar.org



ယှဉ်ငင်နိုင်သော ခွန်အားလည်းရှိ၏။ တိရစ္ဆာန်တွေကို ဉာဏ်ပညာဖြင့် အုပ်ချုပ်စေခိုင်းနိုင်သည့် မနုဿလူသားတွေကိုလည်း တစ်ချိုတစ်ချို အလစ်တွင် အမိအရ ကိုက်ချီသတ်စားလေ့ရှိသော ဤကျားသတ္တဝါ၏ လျှင်မြန်ပါးနပ်မှုများကို စံတင်လောက်ပေ၏။ ခြေရာမြင်ရပြီး သူ၏ မျက်စိနှစ်လုံးကို မြင်ရပါလျက် အကာအကွယ်ကင်းရှင်းသော ပစ်ကွင်းကောင်းတစ်ရပ်ကို အပြမခံတမ်း မျက်ကွယ်၊ ကညင်ကွယ်တွေယူလျက် ခိုကပ်ပြီး ရှောင်းမြှောင်းနေသော ကျား၏ ယုတ်မာပုံများကို ကျွန်တော်တို့က တစိမ့်စိမ့်စဉ်းစားမိ၏။

ကျားထုံးစံကား ခြေရာတွေ့ရပြီး ဟိန်းသံ ဟစ်သံများကြားရလျှင် ဖော်ပြပါ ကျားအတွက် စိုးရိမ်စရာမရှိချေ။ သူ့ဘာသာ သဘာဝအလျောက် လှည့်လည်ကျက်စားနေခြင်းသာ ဖြစ်၏။ ခြေရာအသစ်တွေ လတ်လတ်ဆတ်ဆတ် တွေ့ရပြီး အကောင်မတွေ့ရသော ကျားကား ထိုတစ်ခိုက်မှ သားကောင်ကို အပိုင်လိုက်၍ ရှောင်းမြှောင်းနေခြင်းသာ ဖြစ်၏။ ယခုတွေ့ရှိရသော ခြေရာရှင်ကျားကား ကျွန်တော်တို့ မနုဿသားကောင်များကို မနားမနေလိုက်၍ ရှောင်းမြှောင်း လုပ်ကြံနေခြင်းသာဖြစ်၏။

နောက်ဆုံးမှ သန်းထွန်းက ရိုင်ဖယ်နှင့် တောဘက်သို့ ချိန်ရွယ်ကာ လှည့်၍ ကြည့်နေသည်ကို မြင်လိုက်ရ၏။ အထာမ်းသမားတစ်ခုအနေနှင့်လည်း ကျား၏ ရှောင်းမြှောင်းခြင်းအကြောင်း ပိုရိပ်မိလာ၍ ခြေလှမ်းသိပ်မသွက်တော့ချေ။ ကျားဆိုးသည် ရေ့မှပုန်း၍ ဖြတ်၍ ရှောင်းမြှောင်း၍ မရစွန်း သိရသည်ကြောင့် နောက်ပိုင်းသို့ပြန်ကာ ရှောင်းမြှောင်းလုပ်ကြံတတ်သည်ကို ကျွန်တော်က သတိပြုမိပါသည်။

"ဒီအကောင် အတော်ကို အတင့်ရဲတယ်၊ လူသားစားမူး၊ မြည်းဖူးပုံရတယ် ဗိုလ်မှူး၊ ရိုပ်ခနဲမြင်ရင် မလွှတ်တမ်းပစ်ထည့်ဖို့ အရေးကြီးတယ်"

ဦးဘိုးဟန်သည် နဖူးမှ ချွေးစီးကြောင်းများကို ကမျာကယာ မျက်နှာသုတ်ပဝါကလေးနှင့် သုတ်လိုက်ရင်း အရေးတကြီး သတိပေးပါသည်။

http://www.cherrythitsar.org



'အေးဗျာ၊ ညဆိုတော့ သူ့ဘက်က တစ်ပန်းသာနေတာကလား၊ ကျားက ကျားအိုကြီးနဲ့ တူတယ်ဗျ၊ ခြေရာကလဲ တယ်ကြီးတာကိုး'

ကျွန်တော်သည် မျက်စိနှစ်လုံးကို အငြိမ်မထားဘဲ မီးတိုင်များမှ မီးရောင်တစ်ဝိုက် ထွန်းလင်းရာ တောတန်းတစ်လျှောက်ကို အကဲခတ်ကြည့်ရှုရင်း ပြောလိုက်မိသည်။ ကျွန်တော်တို့မုဆိုးတစ်စုသည် ပိုမိုဂရုစိုက်ကာ အရေးတကြီး လက်မနေးတမ်း ပစ်ခတ်နိုင်ရေးအတွက် သေနတ်တပြင်ပြင် တချိန်ချိန်နှင့် တက်ခဲ့ကြသည်။ သို့ရာတွင် ကျားသတ္တဝါကို အမြဲတမ်းအကြောက်ပေးခဲ့ရသည့် အထမ်းသမားများအဖို့ စိတ်ဓာတ်တွေ ပျက်ပြားကာ သူတို့၏မျက်နှာပြင်များဝယ် တုန်လှုပ်စိုးရိမ်မှုများ သိသိသာသာ ထွက်ပေါ်နေလေသည်။

* * *

ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် နောက်ပိုင်းကို စိတ်မချတော့သည့်အလျောက် ရှေ့နောက်သို့ တစ်ယောက်ချင်းလွှဲကာ အရေးရှိ ဖိဖိစီးစီး ပစ်ခတ်နိုင်ရန် စီစဉ်လိုက်ရ၏။ ကျွန်တော်က ရှေ့မှတက်ခဲ့သည်တွင် နှင်းပေါက်တွေ တဖြောက်ဖြောက် ကျဆင်းနေသော တောတွင်းလမ်းအတိုင်း တရိပ်ရိပ် ချီတက်ခဲ့သည်တွင် ချိုင့်ဝှမ်းကျသော ရေစပ်စပ်ပြေးနေသည့် ချောင်းသေးသေးကလေးတစ်ခုကို ဖြတ်၍ ဆင်းလိုက်ရ၏။ ကျွန်တော် ဝဲယာသို့ ဓာတ်မီးအနှံ့အပြားထိုး၍ ရှာဖွေပြီး ရေစပ်စပ်ဆီသို့ ကြည့်လိုက်ရာတွင် ကျွန်တော်တို့မရောက်ခင် စက္ကန့်ပိုင်းအတွင်းက ကျားကြီးဖြတ်၍ ကူးသွားသောကြောင့် ခြေရာတန်းကြီးများနှင့် ရေနောက်ကျ၍ ကျန်ရစ်ခဲ့ပြီး ကျား၏ ခြေလက်များလှုပ်ခတ်ခဲ့ကြောင်း ဝဲကလေးများပင် လည်၍နေသည့် အဖြစ်ကို တွေ့ရ၏။

http://www.cherrythitsar.org



တစ်ခါတစ်ခါ ကျွန်တော်တို့က ရှေ့ကနေပြီး သည်းကာစောင့်လိုက် တစ်ချို့ တစ်ချို့ နောက်ပိုင်းကနေပြီး ချောင်းလိုက်နှင့် ချိတက်ခဲ့ကြရင်း ခြေသွက်လှသော ကျားကြီး၏ အန္တရာယ်ကို စဉ်းစားလာခဲ့မိပါသည်။ လစ်လျှင်လစ်သလို လျင်မြန်လှသော အဟုန်ဖြင့် ကျွမ်းပန်ကာ ဝင်ရောက်လာပြီး တစ်ယောက်ယောက်ကို အရကိုက်ချီပြီး အံ့သြစရာ လျင်မြန်လှသော အရှိန်ဖြင့် သူ၏ ပါးစပ်တွင်းက စားကောင်လှုကိုပါ တစ်ချိုးတည်းခုန်လွှား၍ ကိုယ်ဖျောက် တိမ်းရှောင်လေ့ရှိသည့် ကျားတို့၏ ကြောက်မက်ဖွယ်ရာ လှုပ်ရှားမှုကိုလည်း ကြိုတင်တွက်ချက် ထားမိပါသည်။ နောက်ဆုံးပိတ်မှ မီးစည်းတစ်ချောင်းကိုကိုင်ကာ ဦးဘိုးဟန်၏ သေးမှကပ်၍ အလင်းရောင် ပြနေသော သန်းထွန်း၏ သဏ္ဍာန်၊ ၁၂ ဒိုး သေနတ်ကို လမ်း၏ညာဘက် တောတွင်းသို့လိုက်၍ ချိန်ရွယ်ရင်း ကျားကြီး၏ တောတိုးသံကို နားစွင့်ကာ ပစ်ကွင်းတစ်ရပ်အား ရှာဖွေနေသည့် ဦးဘိုးဟန်ကြီး၏ သဏ္ဍာန်တို့မှာလည်း စိုးရိမ်မှုအခြေအနေကို ညွှန်ပြနေကြ၏။

'အမြီးက တဘုတ်ဘုတ် မြေကြီးနဲ့ ရိုက်နေတဲ့အသံ ကြားတယ်၊ အကောင်ကို ရှင်းရှင်းမမြင်ရတာ သိပ်နာတယ်ဗျို့'

ကျွန်တော်အား ဦးဘိုးဟန်က လှမ်း၍ ပြောလိုက်သည်။ ကျားကြီးသည် တောက လှည့်ကာပတ်ကာ ချောင်းရင်း ကျားတို့ထုံးစံအရ၊ စိတ်လှုပ်ရှားမှုအနေဖြင့် သူတို့၏ ရှည်လျားသော အမြီးနှင့် မြေကြီးချုံနွယ်တို့ကို တဘုတ်ဘုတ် ရိုက်ခတ်နေလေ့ရှိသည်ကို ကျွန်တော် သိရှိလိုက်မိသည်။

ကျားကြီးရှိရာသို့ မှန်းဆ၍ ပစ်ခတ်ရန်မှာလည်း အသည်းအသန် ဖြစ်၍နေသော ပုခက်တွင်းမှ လူမမာ၏ အခြေအနေကို ငဲ့ကွက်၍ မပစ်ခတ်ဝံ့အောင် ရှိနေပါသည်။ စိုးရိမ်လာရသည့် ကျားကြီး၏ မပြတ်တမ်း လိုက်လံချောင်းမြောင်းနေမှုကြောင့် ကျွန်တော်က အထမ်းသမားတို့အား တစ်စုတစ်ဝေးကြီး သွားကြရန် ပြောကြားလိုက်ရ၏။ သေနတ်သမားများက အထမ်းသမားများ၏ အပြင်ဘက်စခန်းအနေဖြင့် သေနတ်ပြေးလက်ဖြင့် ဝိုင်းရံကာကွယ်၍ လိုက်ရလေသည်။

http://www.cherrythitsar.org



အထမ်းသမားများအဖို့ ပင်ပန်း၍လော၊ ကျားကြီး၏အနံ့ရာယ်ကို ကြောက်ရွံ့နေ၍လော မသိရ၊ သူတို့၏မျက်နှာပြင်ဝယ် ချွေးတွေရွှဲနေသည်ကို တွေ့ရ၏။ စိတ်မချရသော ခရီးလမ်း၌ ထိတ်ထိတ်လန့်လန့်နှင့် ခရီးသွားရခြင်းကြောင့် ခရီးတွင်သင့်သလောက် မတွင်တော့ချေ။ အောက်ခြေက ရှုပ်ထွေးစွာ ပေါက်ရောက်သော ခြောက်ပေလမ်းမျိုးသို့ ရောက်ခဲ့သည်။ လမ်းဘေးက အလစ်တွင်ကပ်၍ လိုက်ဆီးနိုင်သည့် ကျားကြီး၏ အနံ့ရာယ်ကို ကာကွယ်စေရန် သေနတ်လေးလက်က ရှေ့နောက်ဝဲယာ အပြင်မှ ချိန်ရွယ်၍ တစ်လှမ်းချင်း သတိကြီးစွာဖြင့် တက်ခဲ့ရလေသည်။ စိတ်ပန်းလူပန်းအခြေအနေသို့ ဆိုက်ရောက်ခဲ့ကြသလို ခြေအိတ်ကြားမှ ဖောက်၍ သွေးစုတ်ကြသည့် ကျွတ်သတ္တဝါများ၏ တစစ်စစ်နှင့် သွေးစုတ်နေမှုကိုပင် တစ်ချက်ကလေးမှ ပြန်လည်ရှာဖွေ ကြည့်ရှုခွင့် မရတော့ချေ။

ကျွန်တော်သည် မြန်မြန်မိုးလင်းစေရန် တောင့်တမိသည်။ လက်ပတ်နာရီကို မီးရောင်နှင့် ကြည့်လိုက်ရာ ညနှစ်နာရီ လေးဆယ်မိနစ်အချိန်ကလေးကို တွေ့မြင်လိုက်ရ၏။ ဆယ့်ငါးမိနစ်ခန့် ဆက်လက်၍ချီတက်ခဲ့ရပြန်ပါသည်။ မိုးချွေနှင့် တိုက်မရွာသို့ သွားသည့် တောတွင်း ခြောက်ပေလမ်းကား ငါးလိုက်ချောင်းစီးဆင်းရာနံဘေးတွင် ဖြတ်လိုက် ကျော့လိုက် ဖောက်လုပ်ထားသည်ကိုပင် ကျွန်တော်က အထူး ကျေးဇူးတင်မိ၏။ အကြောင်းမှာ ငါးလိုက်ချောင်းတွင်းသို့ ဆင်းခဲ့ရသည့်အခါ၌ ပြောင်တလင်းသဲဖွေးဖွေးတို့ဖြင့် ကျားကြီး၏ ချောင်းမြောင်း ပုန်းကွယ်ကာ လုပ်ကြံမှု အနံ့ရာယ်ကို အဝေးကပင် တွေ့မြင်ခုခံနိုင်စွမ်း ရှိသောကြောင့်တည်း။ အထမ်းသမားများသည် အတော်ကလေးပင်ပန်းလာကြသလို မကြာခဏ ချောင်းထဲရေထဲမှ ဖြတ်ရသည့်ကြောင့်တစ်ကြောင်း၊ ပြာသိုလ၏ ဆိုးရွားလှသော ဆောင်းရာသီ၏ အေးမြမှုတို့ကြောင့်တစ်ကြောင်း သဲပြင်ဖွေးဖွေးပေါ်တွင် ထင်းခြောက် ဝါးခြောက်များ စုပုံ၍ အရေးတကြီး မီးဖိုလိုက်ကြသည်။

http://www.cherrythitsar.org



'တောကောင်ကြီး၊ ကျုပ်တို့နောက်ကို ထက်ကြပ်မကွာ လိုက်နေတယ်ဗျို့၊ အင်မတန်ဆိုးရွားတဲ့ အကောင်ကြီးဗျ၊ ဗိုလ်မှူးတို့အရေးမိုလို့သာ သေနတ်တွေအားကိုးပြီး ကျုပ်တို့ရွာသားတွေ အခုလို မငြင်းတမ်းလိုက်ခဲ့ကြတာ၊ ဒီလိုရာသီမျိုးနဲ့ ကျားတွေ မိတ်လိုက်ချိန် ဒီလိုလမ်းမျိုးကို နေ့ခင်းကြောင်တောင်မှာတောင် အဖော်မပါဘဲ ကျုပ်တို့ခရီးမသွားဝံ့ကြဘူး'ဟု ရွာသားကြီးတစ်ဦးက ပြောလိုက်ပါသည်။ ကွမ်းဝါးသူဝါး၊ ဆေးလိပ်သောက်သူ သောက်နှင့် ဆူဆူညံညံ စကားပြောနေကြသည်။ ခြေသလုံးမှ ကျွတ်များကို ခွာသူခွာနှင့် သဲပြင်ဖွေးဖွေးပေါ်တွင် စိတ်ချလက်ချ အနားယူနေကြသည်။

အထမ်းသမားတစ်ဦးက ခြေသလုံးမှ ရွှံ့စများနှင့် ကျွတ်တွယ်ထားရာမှ သွေးစများကို ရေနှင့်ဆေးကြောရန်အတွက် ရေစပ်စပ်စီးဆင်းနေရာသို့ သွားသည်တွင် အကင်းပါးလှသော ဦးဘိုးဟန်သည် ကျွန်တော့်ကို မေးငေါ့၍ အချက်ပေးလိုက်ပြီး သူ၏ လက်တွင်းမှ ဓာတ်မီးနှင့် ရေစီးရာနေရာ ဆယ့်ရှစ်ပေခန့် ရေကြော၏ အရှေ့ဘက်ကပ်နေသော နှစ်ပေခန့်အမြင့်ရှိ သစ်ရိုပ် ဝါးရိုပ်များဖြင့် ကမ်းထိပ်ဆီသို့ စွတ်၍ ထိုးပြလိုက်သည်။

ခပ်ကျုံ့ကျုံ့ကိုယ်လုံးကြီးဖြင့် ကြွက်ကိုချောင်းနေသော ကြောင်ကြီးပမာ ရေစပ်ဆီသို့ တက်လာနေသည့် အထမ်းသမားကို ရဲထွက်နေသော မျက်လုံးကြီးများဖြင့်ကြည့်ကာ ချောင်းကမ်းပါးထိပ်ဆီသို့ ကျိတ်၍ တက်လာသည့် ကျားကြီး၏ ရှေ့ပိုင်းကို မြင်လိုက်ရသည်တွင် ကျွန်တော်က အရေးတကြီး ရိုင်ဖယ်နှင့်ထိုး၍ ချိန်လိုက်သည့်ခဏ၌ ဖျတ်ခနဲ နောက်ကျွမ်းတစ်ပတ် ပစ်လိုက်သော ကျားကြီး၏လျှင်မြန်မှုကို တွေ့လိုက်ရပြီး ဒိုင်းခနဲ အသံများဖြင့် ကျားကြီးသည် တောထဲသို့ ကျရောက်ပျောက်ကွယ်သွားတော့၏။

'တောက်၊ သိပ်ပါးတဲ့အကောင်ကြီးကွာ၊ နည်းနည်းကလေးမှ အချိန်တောင်မရဘူး၊ နေနှင့်ဦးပေါ့'

http://www.cherrythitsar.org



ဦးဘိုဟာန်၏ ကြိမ်ပါးသံနှင့်အတူ အခြေအနေအားလုံးကို မြင်တွေ့လိုက်ရသည့် အထမ်းသမားများနှင့် ခြေကို ရေဆေးကြောရန် ထွက်လာသည့် အထမ်းသမား၏ အလန့်တကြားအော်သံများကြောင့် ရှုညံ့တုန်လှုပ်သွားပါတော့သည်။

'ကံကောင်းလို့ဟေ့၊ ဆရာဟာန်က အကင်းပါးလို့၊ မောင်ငယ်ကို တောကောင်ကြီးက ခုန်အုပ်တော့မလို့၊ သီသီကလေး လိုတော့တယ်'

တစ်ယောက်တစ်ခွန်း ဆူညံစွာပြောဆိုကာ ကျောချင်းကပ်၍ တုန်လှုပ်နေကြလေသည်။ သူတို့အချင်းချင်းလည်း အရေးတကြီး ပြောဆိုတိုင်ပင်နေကြပါသည်။ ကျွန်တော်နှင့် ဦးဘိုဟာန်တို့သည် ရိုင်ဖယ်များကို ရင်ဝယ်ပိုက်ကာ မီးဖိုကြီးများဘေးတွင်ကပ်လျက် မီးလှုံလျက် ကြုံတွေ့နေရသည့် အန္တရာယ်အခက်အခဲမှ မည်သို့ ကျော်လွှားရမည်ကို စဉ်းစားနေမိကြ၏ ။

'ဘယ်လိုလဲဟေ့ မောင်တင်၊ ဒီကရီဘယ်လောက်ရှိသလဲ' ကျွန်တော်က လှမ်းမေးလိုက်ရာ 'တစ်ရွာနှစ် ဗိုလ်မှူး၊ နည်းနည်းတော့ သတိရလာပါပြီ' ဟု ဖြေကြားလိုက်သည်။

ကျွန်တော်တို့လူစုသည် အရိပ်အခြည်ကိုကြည့်လျက် မီးလှုံ၍ နားခဲ့သည်တွင် တစ်နာရီကျော် ကြာခဲ့ပါသည်။ အထမ်းသမားတစ်ဦးက မရဲတရဲနှင့် ကျွန်တော့်အား

'ဗိုလ်မှူးရေ၊ ကျုပ်တို့အားလုံးရေ့က ချောင်းတက်က ချပ်ကြားကို သိပ်စိုးရိမ်နေတယ်ဗျ၊ အထက်က ကမ်းပါးတွေက မိုးထားသလိုဖြစ်ပြီး လှည်းတစ်စီး မနည်းမောင်းရတဲ့ အကျဉ်းအကြားမို့ တောကောင်ကြီးက အဲဒီချပ်ကြားထိပ်က စောင့်မှာစိုးရတယ်' ဟု စိုးရိမ်သည့် မျက်နှာဖြင့် ပြောလိုက်ရာ ကျွန်တော်သည် ချောင်းသဲခုံပေါ်မှ ခပ်ဝေးဝေးလှမ်း၍ မြင်နေရသည့် ချောင်းတောင်ဘက်အတက် ချပ်ကြားထိပ်ဆီသို့ လှမ်းကြည့်လိုက်ရင်း မသိမသာ သက်ပြင်းချမိသည်။

http://www.cherrythitsar.org



ဦးဘိုးဟန်က ကျွန်တော့်ကိုလှမ်း၍ 'သူတို့ချောင်းအတိုင်း တဖြည်းဖြည်း တက်ခိုင်းကြ၊ ခင်ဗျားနဲ့ကျုပ် ယောဒီ မြေလှမ်းကလေးအတိုင်း ချပ်ကြားထိပ်ကို ဖြတ်ပြီးစီးနင့်ရအောင် တောကောင်ကြီးအရင် ကျုပ်တို့ရောက်ဖို့ အရေးကြီးတယ်၊ ကျားနဲ့ မုဆိုး ဘယ်ဒင်းက သတ္တိရှိတယ်၊ ဘယ်ဒင်းက ဉာဏ်ရည်သာတယ်ဆိုတာ သိကြရအောင်' ဟု ကြုံးဝါးလိုက်၏။ 'ကျုပ်တို့ ရောက်မှ လက်ကွင်းမှုတ် အချက်ပေးသံကြားမှ ခင်ဗျားတို့ တက်ခဲ့ကြပေါ့' ဟု အထမ်းသမားတွေကို အချိန်းအချက်ပြောကြားလိုက်ပြီး ကျွန်တော်က ရှေ့မှတက်ရန်ပြောလိုက်ပါသည်။ ကျွန်တော်သည် အေးစက်နေသော ရိုင်ဖယ်ပြောင်းနှစ်လုံးကို ဘယ်ဘက်လက်ချောင်းများအတွင်းသို့ နေရာ ချထားလိုက်ပြီး လက်နှိပ်ဓာတ်မီးခလုတ်ကိုဖွင့်ကာ ခပ်ယောင်းယောင်း လှုသွားလမ်းကလေးအတိုင်း ခပ်သုတ်သုတ်နင်းတက်လိုက်ရာ ဦးဘိုးဟန်ကလည်း လက်နှိပ်ဓာတ်မီးကိုဖွင့်လျက် ကျွန်တော်၏နောက် ခြောက်လှမ်းကွာလောက်က ကပ်၍ အပြေးလိုက်ပါတက်ရောက်ခဲ့ကြသည်။

ကျွန်တော်၏ နားနှစ်ဖက်နှင့် မျက်စိနှစ်လုံးကို အစွမ်းကုန်ဖွင့်ကာ အသုံးပြုရင်း ကျားကြီးအရိပ်ကို တွေ့ခဲ့လျှင် လက်ဦးမှုရအောင် ပစ်နိုင်ရေးအတွက် ရှေ့နှင့် ဝဲယာတို့ကို ကြည့်ရှုရှာဖွေရင်း ခပ်သုတ်သုတ်နင်းတက်ခဲ့သည်။ ခပ်ပြေပြေ တက်လမ်းကလေးမှတစ်ဆင့် ခပ်မော့မော့ တောင်စောင်းအတိုင်း ကိုက်လေးရာကျော်ခန့် တက်ရောက်ခဲ့သည့်တွင် ကျောက်တုံးကြီးများနှင့် ဝါးရုံပင်များရောနှောလျက်ရှိသည်။ ကျားကြီးအဖို့ ပုန်းကွယ်စရာ အင်မတန်ကောင်းသည့်နေရာများကို နှစ်ယောက်သား ပြောင်းဝနှစ်ပေါက်နှင့် ချိန်ရွယ်ကာ ဖြတ်ကျော်ခဲ့သည် အဆုံးဝယ် နားမည်ကြီးလှသော ချပ်ကြားထိပ်ပိုင်းဆီသို့ ရောက်ရှိခဲ့ကြပါသည်။

ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် ချပ်ကြားအောက်တွင် ဝင်ပေါက်ထွက်ပေါက်များဆီသို့ အရေးတကြီး ဓာတ်မီးနှစ်လက်ဖြင့်ထိုး၍ ရှာဖွေလိုက်သည့်တွင် ကျားကြီး၏ အရိပ်အရောင်ကို မတွေ့ရမှု ကျောက်တုံးလေး

http://www.cherrythitsar.org



အကြားတွင် နှစ်ယောက်သား ကျောချင်းကပ်ကာ နေရာယူလိုက်ပြီး မြေပြ အခြေအနေကို ဆောင်ကြည့်ကြ၍ လက်နှိပ်ဓာတ်မီးများကို မှိတ်ချလိုက်ကြသည်။ ကျွန်တော်တို့နှစ်ယောက်၏ အာရုံများက ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် တစ်ဖက်ချုပ်ထိပ်ဆီသို့သော နားမျက်စိတို့ကို စူးစိုက်နားထောင်ကြည့်ရှုခဲ့ကြသည်။

ကျွန်တော်တို့လူစုကို တစ်လမ်းလုံးပင် မလွတ်တမ်းချောင်းမြောင်းလုပ်ကြနေသည့် ကျားကြီးကား ကျန်ရစ်ခဲ့သည့် သန်းထွန်းတို့ အထမ်းသမားများဆီ မဲတင်းနေပြီး ကျန်ရစ်ခဲ့ပေမည်လား၊ သို့တည်းမဟုတ် ကျွန်တော်တို့ကဲ့သို့ ချုပ်ကြားအမြင့် နေရာကောင်းမပေါ်သို့ အရယူရန် တဖြည်းဖြည်းချင်းပင် အထမ်းသမားတို့၏ လှုပ်ရှားမှု အရိပ်အခြည်ကို ကြည့်လျက် တက်လာပေပြီလား စသည့် တွေးလုံးများမှာ ကျွန်တော့်ဦးနှောက်တွင်းသို့ ဝင်ရောက်လာပါတော့သည်။

ကျွန်တော်တို့ နှစ်ယောက်စလုံး၏ နားလေးဖက်အတွင်းမှ ချွတ်ခနဲ တောတိုးသံ ခပ်ရှည်ရှည် ကြားလိုက်ရ၏။ ဦးဘိုးဟန်က ကျွန်တော့်ကို တံတောင်နှင့်တွက်ကာ အရေးတကြီး သတိပေးလိုက်သည်။ ထူးထူး ဆန်းဆန်း တောတိုးသံများထွက်ပေါ်ရာနေရာကား ကျွန်တော်တို့နှစ်ယောက် မကြာမတင်ကလေးကတက်ရောက်လာခဲ့သည့် တောင်တက်လမ်းကလေး အောက်ပိုင်းဆီမှ ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ယောက်သား ကျောက်တုံးများ ကြားမှ ကွယ်လျက် ဝပ်လျက် နားစွင့်ကာ ထောင်လိုက်ကြပြန်သည်။ မကြာမီအတွင်း ကျွန်တော်တို့ ပုန်းကွယ်နေရာသို့ ရောက်ရန် အမောတက် ကလေးဆီမှ ဖြောက်ခနဲ ဝါးအဆွေး တစ်ချောင်းကို တစ်စုံတစ်ရာက တိုက်မိသည့်ပုံဖြင့် ဝါးကျိုးသံအဆုံးဝယ် ကျွန်တော်၏ ရိုင်ဖယ်ပြောင်းနှစ်လုံး နှင့်တွဲထားသည့် မီးလှေတ်ကိုနှိပ်ကာ ထိုးချိန် ချိန်လိုက်သည်။

မွှေးခနဲ လင်းခနဲ ထွက်ပေါ်လာစဉ် ဓာတ်မီးရောင်အပိုင်းအတွင်းဝယ် ရှေ့ဦးစွာ ရဲခနဲ မီးလုံးကြီး နှစ်လုံးကို တိုက်နှစ်ဆယ်အတွင်းမှာ ကပ်၍

http://www.cherrythitsar.org



တွေ့လိုက်ရပြီး ကျိန်းစပ်နေသော မျက်လုံးနှစ်လုံးကို အားယူ၍ ဂရုတစိုက် ကြည့်လိုက်မှပင် ဆောင့်ကျက်ပျော့ရွက်များ၏ အကြားမှ ရှေ့သို့တစ်ပိုင်းကျော် လျက် ဝင်လာသည့် ကျားကြီး၏ခေါင်းပိုင်းကို တွေ့မြင်လိုက်ရလေ၏။ ရုတ်တရက် မီးရောင်အထိုးခံရသည့်ကြောင့် ကျားကြီးက ဒေါသထွက်ခြင်း၊ အံ့အားသင့်ခြင်းတို့ ရောပေါင်းထားသည့် နီရဲနေသော မျက်လုံးကြီးနှစ်လုံး၊ ဖြဲဟနေသော ပါးစပ်ကြီးအတွင်းမှ အစွယ်ဖွေးဖွေးကြီး လေးချောင်းကို ရိပ်ခနဲ မြင်လိုက်ရသည့်တွင် ကျွန်တော်သည် များစွာချိန်ရန် မလိုသည့် အလျောက် ကျားကြီး၏ နီရဲနေသော မျက်လုံးနှစ်လုံးအကြားသို့ အသေအချာ ချိန်ရွယ်လိုက်ပြီး မောင်းဖြုတ်ချလိုက်မိသည်။

ဒိုင်းခနဲ ကောက်ကိုက်ယမ်းအား ငါးရာတစ်ဆယ် ဂရိန်၏ ပေါက်ကွဲ သံနှင့်အတူ ကျွန်တော်၏ ညာဘက်ပခုံးကြားသို့ ဆောင့်လိုက်သည့် ရာဘာ ထူထူတပ်ထားသော နိုင်ဖယ်ဒင်ပိုင်း၏ ဆောင့်ကန်မှုကို ခံလိုက်ရသလို ကျားကြီး၏ ခေါင်းကြီးမှာ နောက်ပိုင်းဆီသို့ လည်ထွက်သွားသည်ကို မြင်လိုက်ရပါသည်။ ကျွန်တော်၏ ညာဘက်ဆီမှ ဦးဘိုးဟန်၏ ၁၂ ဗို သေနတ်သံ တစ်ချက်ပြီးတစ်ချက် ပစ်ခတ်သံများနှင့်အတူ ပစ်ပြီးသား ကျည်ဆန်အခွံများ တဖုတ်ဖုတ်နှင့် ကျောက်တုံးပေါ်သို့ ကျရောက်သံများကို ပါ သိရှိလိုက်ရ၏။

'အား ဝူး'

မြေတုန်ဟည်း၍ ပွဲတင်ခတ်ကာ ထွက်ပေါ်လာသော ကျားကြီး၏ လေးဘက်ပစ်၍ ကျရာမှ ကုန်း၍ ဟိန်းသံကြီးများကြောင့် ကျွန်တော်သည် ဒုတိယပစ်ကွင်းကို အရေးတကြီးရှာဖွေလိုက်ရ၏။ ကုန်းထလိုက် ပြန်ကျ လိုက်နှင့် ဖြစ်နေသောကျားကြီး၏ လည်မျိုကို ကျွန်တော်က ချိန်ရွယ်ကာ ကျန်နေသည့် ကျည်ဆန်နှင့် ပစ်ခတ်ချလိုက်သည့်တွင် ကျားကြီးအဖို့ ဂရိန် ငါးရာတစ်ဆယ်၏ တွန်းကန်အားကြောင့် ဘေးသို့ပစ်၍ကျသွားတော့၏။ ဦးဘိုးဟန်သည် စတုတ္ထကျည်ဆန်တစ်တောင့်ကို ကျားကြီး၏ လက်ပြင်သို့ ချိန်ကာ ပစ်ခတ်ချလိုက်ပြန်သည်။

http://www.cherrythitsar.org



ကျွန်တော်တို့နှစ်ယောက် ရပ်နေသော ချုံကြားထိပ်ဝယ် ကော်ဖိုက်ယမ်းငွေ့နံ့တွေ တထောင်းထောင်းနံနေတော့၏။ နှစ်ယောက်စလုံး သေနတ်များအတွင်းသို့ ကျည်ဆန်အသစ်များကိုထိုးကာ မောင်းတင်ကြပြီး ကျားကြီးကျဆုံးနေရာသို့ တစ်လှမ်းချင်းတက်ရောက်ခဲ့ကြသည်။ ကျားကလည်း တကယ့်ကျားပင် ဖြစ်ပါသည်။ ကျားကြီးမျိုးဖြစ်ပြီး နှာခေါင်းဖျားမှ အမြီးဖျားအထိ ဆယ်ပေကောင်းကောင်းကျော်ပေမည်ဟု တွက်ချက်ခန့်မှန်းကြည့်လိုက်ကြသည်။

'ခွေးကောင်ကြီး ခုဟာ အငိုက်မိလိုက်တာဗျ၊ ကြည့်စမ်း၊ ဘယ်လောက် ပါးတဲ့အကောင်ကြီးလဲ၊ ကျုပ်တို့ထင်သလို ဟိုဘက်ချုပ်ထိပ်က လိုက်မလာဘဲ ကျုပ်တို့ အနံ့ကိုခံရင်း ကျုပ်တို့ ခြေရာရင်းက နင်းပြီး အတင်းဖိလိုက်တာကလား၊ ရုတ်တရက် ခေါက်မီးရောင်မှာမိလိုက်တုန်း ကြောင်နေတုန်းမှာ တစ်ချီတည်း အပိုင်ပစ်ထည့်လိုက်ကြတာ တိုက်ပွဲဖြစ်နေသလိုပဲဗျို့'ဟု ရယ်မောသံကြီးနှင့် ဦးဘိုးဟန်က ကျားကြီး၏ခေါင်းကို ဖိနပ်နှင့် တစ်ချက်ဆောင့်ကာ ကန်ကျောက်လိုက်ပြန်ပါသည်။

'အေး'ဟူသော အထမ်းသမားများဆီက အသံပြသံများထွက်ပေါ်လာသည်တွင် ကျွန်တော်တို့လည်း 'ဟေး'ဟူသော အောင်အနိုင်ရကောင်ကြီး ကင်းရှင်းကြောင်း အထိမ်းအမှတ်အဖြေကို တုံ့ပြန်လိုက်ရ၏။

ကျွန်တော်တို့လူစုအတွင်းမှ အရှုံးအဖြစ် မနေသလူသားတစ်ယောက်အစား တစ်ညလုံး တစ်လမ်းလုံး မလွှတ်တမ်း လိုက်လံချောင်းမြောင်းလုပ်ကြံနေသည့် စိတ်ဆင်းလှသည့် ကျားကြီးကို အစားထိုးကာ လက်တွေ့အဖြေထွက်ပေါ်စေခဲ့သလို ကျွန်တော်၏ခေါင်းပေါ်၌ လေးလံသောဝန်ထုပ်ကြီးတစ်ထုပ် ပြေကျသွားသကဲ့သို့ ပေါ့ပါးလျင်မြန်လှသော ဘဝသစ်အခြေအနေဖြင့် စစ်ချီ သီချင်းတစ်ပုဒ်ကို လေချွန်ကာ ရွှင်မြူးမိပါတော့သတည်း။

[မြဝတီ၊ ။]

http://www.cherrythitsar.org

# စိန်ဘိုး အလီမှာ

ချောင်းရေယဉ်သည် တဲစခန်းကိုပတ်ကာ ဝိုက်ကာ စီးဆင်းနေတော့သည်။ တစ်တီတူးငှက် နှစ်ကောင်တို့သည်လည်း ရေစပ်၌ ငါးကိုစောင့်လျက် မလှုပ်မယှက် ခြေစုံရပ်နေကြသည်။

တဲစခန်းဟုဆိုရာ၌ သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးအခင်းတို့ဖြင့်သာ ဆောက်လုပ်ထားကြသည့် တဲငယ်ကလေးဆယ့်နှစ်လုံးသာရှိသည့် စခန်းငယ် တစ်ခုသာ ဖြစ်ပါသည်။ ခွေးတစ်အုပ်နှင့် ကလေးသုံးလေးယောက်တို့ ကလည်း ချောင်းရေစပ်၌ ပြေးလွှားပျော်မြူးနေကြသည်။ တဲစခန်းတစ်ဝိုက်၌ ဆင်ချေးတုံး အစိုအခြောက် နေရာအနှံ့အပြားတွေ့ရခြင်းကို ထောက်ရှုရခြင်း အားဖြင့် သစ်တောကြိုးဝိုင်းတစ်ခုတွင်း၌ ခေတ္တစခန်းချနေသော ဆင်သမား များနေထိုင်ရာ ဆင်တဲဝိုင်းတစ်ခုဖြစ်ကြောင်းမှာ ထင်ရှားစေတော့၏။ စခန်း ၏ တောင်ဘက် လျှိုဖျားဆီမှ တောကြက်တွန်သံများသာလျှင် တဲစခန်း၏ အခါပေးနာရီဟု အသိအမှတ်ပြုစေတော့သည်။

ဆင်တဲဝိုင်းရှိ ယောက်ျားများအလုပ်သွားခိုက်ဖြစ်၍ ကျန်ရစ်ခဲ့သည့် ဆင်ဦးစီး ပဲ့ချိတ်တို့၏ ကြင်ယာတော် မိန်းမတစ်သိုက်တို့ အပျင်းပြေ

http://www.cherrythitsar.org



ဝိုင်းဖွဲ့လျက် သန်းတုပ်ရင်း အတင်းအဖျင်းပြောကာ တသောသော ရယ်မောနေကြချိန် ဖြစ်ပေ၏။

'အေး၊ ရှင်မွေးရယ်၊ ဟိုကောင်မ အေးသာတစ်ယောက်တော့ ဒုက္ခပေါ်နေပြီ၊ သူ့လင်ညီပုတော့ ဘယ်လိုနေမယ်ဆိုတာ မသိရဘာ'

ဆင်ဦးစီး၏မိန်းမ မိညိုက သန်းတုပ်ခံနေရာမှ ပဲ့ချိတ်ထွန်းပေါ်၏ မိန်းမ မွေးလှသို့ ပြောလိုက်သည်။ ဟင်းရွက်သင်နေသည့် ဆင်ခေါင်းကွဲ (ဒုတိယ ဆင်အုပ်ဖြစ်သူ)၏ဇနီး ဒေါ်ကြိုင်သည် စိတ်ဝင်စားဟန်ဖြင့်

'ဘယ့်နှဲ့၊ အေးသာတစ်ယောက် ဘာဖြစ်လို့လဲ မိညိုရဲ့'

'သြော်၊ ဒွေးကြိုင်နှယ် ကျားကိုက်ပါတယ်ဆို နာတာရှည်လားတဲ့၊ အေးသာယောကျ်ား ဦးစီး ညီပုအကြောင်း တော် မကြားမိဘူးလား၊ ရုံးက အမိန့်လာတယ်တော့၊ ကိုညီပုကို ကိုးလောင်းလို့ နာမည်ကြီးနေတဲ့ စိန်ဘိုးဆိုတဲ့ ဆင်ဆိုးကြီးကို ဦးစီးဖို့ဆိုပဲ၊ ဒါကြောင့် အေးသာအတွက် ရင်လေးမိကြတာပေါ့'

ဆတ်ဆတ်ကြဲ မျက်နှာဖြင့် မိညိုသည် အရေးကြီးသည့်သတင်းကို အားရပါးရ ပြောလိုက်ပါသည်။

မှန်ပါသည်။ သူတို့ဆင်ဝိုင်းအဖို့ ဤနာမည်ကြီးသလောက် ဆင်ဦးစီးပဲ့ချိတ်တို့၏ အသက်ကို အခွင့်ရလျှင် ရသလို မပြန်လမ်းသို့ အရောက်ပို့တတ်သည့် စိန်ဘိုးအမည်ရှိ ဆင်ဆိုးကြီးတစ်ကောင်သည် သူတို့ဆင်ဝိုင်းသို့ ရောက်လာမည့်သတင်းမှာ သူတို့ဆင်ဝိုင်းအဖို့ အသက်ဦးဆံဖျား တကယ်ပင် အရေးကြီးနေပါ၏။ စိန်ဘိုးဟူသော ဆင်ပေါက်ကြီး၏ နာမည်မှာ သူတို့ဆင်ဝိုင်းသာမက အခြားဆင်ဝိုင်းများကို ဖောက်ထွင်းကျော်လွန်၍ သစ်တောအရေးပိုင်ရုံး၊ မင်းကြီးရုံးအပြင် စတီးဘရားသားကုမ္ပဏီ၊ ဘုံဘေဘားမားကုမ္ပဏီများကိုပင် ပေါက်ပေါက်ရောက်ရောက် နာမည်ကြီးနေပေ၏။ ဤစိန်ဘိုးအမည်ခံ ဆင်ပေါက်ကြီး၏ အတိတ်ရာဇဝင် အကျဉ်းချုပ်မှာလည်း ကြောက်ဖွယ်ရာ တုန်လှုပ်ဖွယ်ရာ အကြောင်းအရာ အဖြစ်အပျက်များဖြင့်သာ

http://www.cherrythitsar.org



ပဏာမချီလျက် ရက်စက်ကြမ်းကြုတ်မှ ငိုသံ အော်သံတို့ဖြင့်သော နိဂုံးချုပ် ရမည့် အချက်အလက်များဖြင့် ပြည့်နှက်နေတော့၏။

ဖျဉ်းဖနား အနောက်နယ် ပဲခူးရိုးမ၏အခြေ၌ တောဆင်ဖမ်းရန် ဆင်ဖမ်းသမားတစ်စုသည် ကျုံးများကိုတည်ဆောက်လျက် ပြင်ဆင်နေကြ လေသည်။ လပိုင်းအတွင်း၌ပင် အကောင်ပေါင်းများစွာသော တောဆင်များ ကို တောင်တွင်းကြီးနယ်၊ နတ်မောက်နယ်၊ မကွေးနယ်စပ်များမှ ဆင်ချောက် သမားများ၏ ညာသံ၊ ချောက်အိုးမောက်သံများနှင့်အတူ ဆင်ကျုံး ဆောက် လုပ်ထားရာဘက်သို့ မောင်းနှင်ခေါ်ဆောင်ခဲ့ကြလေသည်။ မှောင်မိုက်သော ညဥ့်တစ်ညဥ့်၌ သေနတ်မောက်၍ အချက်ပေးသံများအဆုံး၌ တောဆင် တစ်အုပ်ကို ကျုံးထဲသို့ အပိုင်အနိုင် သွတ်သွင်းပြီးသား ရှိချေ၏။ ထိုဆင် အုပ်ထဲ၌ အလုံးအရပ်တောင့်တင်း၍ အစွယ်နှစ်ချောင်း ပြူထွက်ကာစ ဆင်ပေါက်ကလေးတစ်ကောင်ကို ဆင်သမားများအားလုံးမှာ ဂရုပြုမိ မှတ်သား ထားမိကြလေသည်။ များမကြာမီကာလအတွင်း၌ ဆင်ရိုင်းများကို ဆင်ယဉ်နှစ်ကောင် သုံးကောင်စီ ခြံရံလျက် တွဲ၍ ကျုံးအပြင်သို့ ကြပ်မတ် ကာ ခေါ်ထုတ်ခဲ့ကြပြီးနောက် အလွန့်အနေအထိုင် ကျပ်တည်းလှသည့် ဆင်တစ်ကောင်ဝင်နိုင်ရုံသာရှိသည့် ဆင်ရိုင်းတို့၏အကျဉ်းချုပ်စခန်းဟူ၍ သိရှိကြသော 'မှိန်း' ဆီသို့ ဆင်ရိုင်းတစ်ကောင်စီသွင်းလျက် ခြေထိပ် လက် ထိပ် ခတ်ကြလေသည်။ ဆင်ရိုင်း၏ ရှေ့လက် နောက်ခြေများ၌ မလှုပ်နိုင် အောင် ကြီးမားလှသည့် တုံးကြီးများကိုထိုးကာ သပ်သင်းထားရုံမျှမက ပတ်ပတ်လည်၌လည်း မလှုပ်ရှားနိုင်အောင် သစ်တုံးကြီးများဖြင့်လည်း ညှပ်ပူးညှပ်ပိတ်ကာထားရုံထားတော့၏။ လုံးဝ ရုန်းကန် မလှုပ်ရှားနိုင်သော တောဆင်ရိုင်းကို ထိုအချိန်အခါ မှိန်းသွင်းပြီးသည်မှပင် စ၍ ဆင်ယဉ်ဖြစ် လာအောင် အမိန့်ပေးသံနှင့်အတူ ခြေမြှောက် လက်မြှောက် သင်ကြား၍ လူနှင့်ယဉ်ပါးစေရန်အတွက် လေ့ကျင့်ခန်းပေးကြလေတော့သည်။

http://www.cherrythitsar.org



အလုံးအထည် လှပထွားကျိုင်းလှသော ဆင်ပေါက်ကလေးအလှည်တွင် မှိန်းသွင်းရာ၌ များစွာရုန်းကန်သည်ကြောင့် ဆင်သမားများအားလုံး ဂရုတစိုက်နှင့် မှိန်းထဲသို့ရောက်အောင် ပို့ဆောင်ခဲ့ရလေသည်။ နှာမောင်းမှတစ်ပါး အခြား ခန္ဓာအစိတ်အပိုင်းများ မလှုပ်ရှားနိုင်အောင် ချုပ်နှောင်ခြင်းခံရသော ဆင်ပေါက်ကလေးမှာ များစွာ ဒေါသထွက်လျက် ကျွေးသမျှ အစာရေစာကို လုံးဝမစားဘဲ ခေါင်းမာ၍နေတော့၏။ တစ်ချိန်တွင် ၎င်းအား ပေါက်ငမ်းဆဲဆိုကာ ခြေမြှောက် လက်မြှောက်ခိုင်းလျက် ညှဉ်းပန်းခဲ့သူ ဆင်သမားတစ်ဦးအား အလစ်တွင်နှာမောင်းဖြင့် ရုတ်တရက် ဆွဲဖမ်းလိုက်ပြီးနောက် ဆင်ပေါက်ကလေး၏ ခြေရင်း၌ရှိသည့် တိုင်ကြီးနှင့် တအားပိတ်၍ ရိုက်နှက်ချလိုက်တော့၏။ စုရုံး၍ အလန့်တကြားပြေးဝင်လာကြသော ဆင်သမားများရှေ့မှောက်၌ ဆင်ပေါက်ကလေးလက်ချက်ဖြင့် ဆင်သမားတစ်ယောက်မှာ ဦးနှောက်ထွက်ကာ အသက်ပျောက်လျက် တွေ့ရလေတော့သည်။ ဤကား စိန်ဘိုးလောင်း ဆင်ပေါက်ကလေး၏ ပွဲဦးထွက် လူသတ်ခန်းပင်ဖြစ်တော့၏။ ထို့နောက် စိန်ဘိုးအမည်ဖြင့် ဆင်ယဉ်တစ်ကောင်သည် ဆင်လောက၌ ဦးရေတိုးစာရင်း ပါဝင်ခဲ့ပေသည်။ လပိုင်းအတွင်း၌ စိန်ဘိုးအား သစ်အတင်းဆွဲနိုင်သော ဆင်ဦးစီးကို အလစ်တွင် အစွယ်ဖြင့်ဖိကာထိုး၍ ဒုတိယအကြိမ် လူသတ်လိုက်ပြန်၏။ ထို့နောက် တစ်နှစ်အတွင်း၌ပင် ဦးစီးပဲ့ချိတ် စုစုပေါင်းလေးယောက်မှာ စိန်ဘိုး၏လက်ချက်ဖြင့် ခွေ့ာစဲရလေသည်။ ဤတွင်မှစိန်ဘိုးပိုင်ရှင်သည် အသက်ဖိုး လူသေခ လျော်ကြေးပေးရလွန်း အားကြီးသည်ကြောင့် နိုင်း၍ကောင်းသလောက် လူသတ်ရက်စက်သော စွယ်စုံ ဆင်ပေါက်ကလေး စိန်ဘိုးအား အစိုးရ သစ်တောဘက်သို့ လျှော့ဈေးဖြင့် ရောင်းလိုက်တော့သတည်း။

အလုပ်အကိုင်တွင် အလွန်အသုံးချ၍ကောင်းသလောက် ခွန်အားဗလနှင့် ပြည့်စုံ၍ ခြေမြန်သလောက် ဆင်ပေါက်စိန်ဘိုးကား လူသတ်ရာ၌ လက်မနှေးခဲ့ချေ။ အလျှော့မပေးခဲ့သေးချေ။ အကြောင်းမှာ ၎င်းသည်

http://www.cherrythitsar.org



သစ်တောဘက်သို့ရောက်ပြီး လေးလအတွင်း၌ လူလေးယောက်ကို ခမ္မာ ခြေလိုက်ပြန်တော့၏။ စိန်ဘိုး၏ အစွယ်များနှင့် ခွာအောက်၌ အသက် ပျောက်ရသူများမှာ သူ့အား အနိုင်အထက်အုပ်ချုပ်စေနိုင်သော ဆင်ဦးစီး ပဲ့ရိုတ်တို့သာလျှင် ဖြစ်ချေ၏။ စိန်ဘိုးအားနိုင်စေရည်၌ ဆင်ဆိုးတစ်ကောင်ဟု သဘောထားယူဆပြီးလျှင် ခားရော ချွန်းပါ ရက်ရက်စက်စက် အသုံးပြုလျက် နိုင်းစေခဲ့သည့် ဆင်ဦးစီးများကို ဦးကောင်းတစ်ခုလုံး၌ ဓားဦးချက် ချွန်းချက် များကြောင့် သွေးရဲရဲ သံရဲရဲဖြစ်လျက် ခေါင်းငုံ့ခံခဲ့ရသူ စိန်ဘိုးသည် ထိုအချိန်အခါ၌ တကာယ်ဆင်ကောင်းတစ်ကောင်ကဲ့သို့ ဟန်မပျက် နိုင်းစေ ချက်များကို လုပ်ကိုင်ခဲ့ပေသည်။ သို့ရာတွင် ဆင်ဦးစီးပဲ့ရိုတ်များသည် စိန်ဘိုးတစ်ကောင် ယဉ်သွားပြီ ကျိုးနွံသွားပြီ ဟု၍ အောက်မေ့ယူဆကာ သတိလစ်သည်နှင့် တစ်ပြိုင်နက်တည်းတွင် အခွင့်ကောင်းကို မျက်ခြည်မပြတ် တမ်း စောင့်နေသူ စိန်ဘိုး၏ လက်ချက်ဖြင့် လတ်လတ်လောလော သေပွဲဝင် ခဲ့ရတော့၏။

ဆင်ပေါက်စိန်ဘိုး၏ ရာဇဝင်၌ လူကိုးယောက်ကို ပိုင်ပိုင်နိုင်နိုင် သတ်ဖြတ်ခဲ့သည်ကြောင့် မူလနာမည်ရင်း စိန်ဘိုးပျောက်၍ လူကိုးယောက်ကို သတ်ခဲ့သည့်အတွက် 'ကိုးလောင်း' ဟူသော နာမည်ဆိုးကြီးမှာ လက်ဖက် မကာမ်း ကင်ပွန်းတပ်ရဘဲနှင့် ပေါ်ထွက်လာပြီးနောက် သစ်တောဘက်မှ စိန်ဘိုးကို ဆုံးဖြတ်ချက်တစ်ခု ချမှတ်လေတော့၏။ အကယ်၍ စိန်ဘိုးသည် နောက်ထပ် ဆင်ဦးစီး၏အသက်ကို သတ်ဖြတ်ခဲ့ပါလျှင် လူသတ်သမားကြီး စိန်ဘိုးအား သေဒဏ်ပေးသည့်သဘောနှင့် သေနတ်နှင့် ပစ်သတ်ရန်ဟူသော ဆုံးဖြတ်ချက်အမိန့် ဖြစ်ပါသည်။ စိန်ဘိုးကို ဦးစီးမည့်သူ ဆင်သမားအဖို့ သရေဇာတ်ပုံတင်ထားပြီးမှ ဦးစီးရမည့်ကိန်းမျိုး ကြုံနေသည်ကြောင့် နောက်ဆုံး၌ မဲပေါက်သူ ဆင်သမား ညီပု အလှည့်သို့ ကျရောက်ခဲ့ပေတော့သတည်း။

ဆံပင်ဖြူတစ်ပင်ကို ဖျတ်ခနဲ ဆွဲနုတ်လိုက်ပြီးနောက် ဒေါ်ကြိုင်က 'ဟုတ်ပါရဲ့ အေး၊ တို့ဆင်ဝိုင်းမှာပဲ ဒီသေနာကောင်ဆင်ကြီး လာပြီးမဲကျတယ်၊ ပြီးတော့ ညီပုကို ငါကြည့်ရတာဖြင့် တယ်ပြီး'

http://www.cherrythitsar.org



ဟင်းရွက်တောင်းကို ဘေးသို့ချကာ သန့်ဝင်ရှာရင်း ပြောလိုက်သည်တွင် ပဲချိတ်ကတော် စိန်ပုကလည်း 'အမယ်လေး၊ ဒီ ကိုညီပုအကြောင်းတော့ မပြောပါနဲ့၊ လုပ်တာက ဆင်သမား၊ စိတ်ထားက ဘုန်းကြီး၊ ဒီတစ်ခါဖြင့် တွေ့ကြရောပေါ့၊ ကျုပ်ဖြင့် အေးသာအတွက်သာ သနားမိပါတယ်'

'ဟီး ဟီး၊၊ ညည်းလဲ ငါလို ကိုညီပုကို မြင်နေတာကိုး စိန်ပုရဲ့၊ တို့ဆင်ဝိုင်းထဲက ဦးစီးထဲမှာဆိုရင် ညီပုက အချောဆုံး အနုံဆုံးပဲအေ၊ လူကိုယ်က မခုတ်တာတ်တဲ့ ကြောင်လိုပဲ၊ အင်း၊ ဘယ်နေ့ ငိုသံကြားရမလဲ ဆိုတာ စောင့်ကြည့်ဖို့ပဲလိုမယ်'

ဆင်ဝိုင်း၏ နာယက ဗိုလ်ချုပ် ဆင်အုပ်ဦးကျော်စိန်၏ မိန်းမ ဒေါ်ငွေခင်က မှတ်ချက်ချလိုက်လေသည်။

'ဒါနဲ့ ဦးလေးစိန်တို့ ဘယ်တော့ပြန်လာကြမှာလဲ မကြီးခင်'ဟူသော ဦးစီးကတော်တစ်ဦး၏ အမေးကို

'နက်ဖြန် သဘက်ဆိုရင် ပြန်လာကြမှာပါပဲ၊ ဒီစိန်ဘိုးကြီးကို ကိုသူတော်တို့ ဆင်ဝိုင်းကသွားယူဖို့ကိစ္စမှာ သူကိုယ်တိုင်လိုက်ပြီး အပြောင်းအလဲလုပ်ရမှာမို့ အိမ်ကလူလိုက်သွားရတာပါ၊ ဘယ်တော့မှ ကောင်းကျိုးပေးမယ့်ဆင် မဟုတ်ပါဘူး၊ ကြည့်ပါလား၊ ဆင်သမားတွေ အားရတာယ်လို့ မရှိရတဲ့အထဲ ဆင်တစ်ဝိုင်းလုံးက ယောကျ်ားတွေအားလုံး စုပြီး ဒီ သေနာကောင် ဆင်ကြီးကို သွားယူရတာယ်ဆိုတာ ဘယ်လောက်အလုပ်ပျက်တယ်၊ အချိန်ကုန်တယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့'

ဆင်သမား သားမယားများ၏ အရေးပေါ်ညီလာခံမှာ စိတ်ဝင်စားစရာ အခြေအနေသို့ ရောက်ရှိခဲ့လေ၏။ လူသတ်သမား ကိုးလောင်းအမည်ခံ စိန်ဘိုး ရောက်လာမည်အရေးနှင့် ဦးစီးရမည့် ညီပုနှင့် အေးသာတို့၏ အနာဂတ်ကာလ အခြေအနေများကိုပါ ထည့်သွင်းပေဖန် စဉ်းစားနေကြခြင်းသာ ဖြစ်ပေ၏။

ထိုအခိုက်တွင် ချောင်းဘက်မှ ရေအိုးတစ်လုံးရွက်ကာ ထဘီရင်လျားဖြင့် တဲဝိုင်းဆီသို့ပြန်လာသူ မိန်းမတစ်ဦးကို တွေ့မြင်နိုင်ပေလိမ့်မည်။

http://www.cherrythitsar.org



သန်းတုပ်ရင်း ဆွေးနွေးနေကြသော မိန်းမတစ်သိုက်မှ အသံတစ်သံဖြင့် 'ဟော ဟော၊ အေးသော ပြန်လာပြီ၊ တော်ကြ တော်ကြ၊ ကြားသွားရင် စိတ်မကောင်းဖြစ်နေမယ်' ဟု သတိပေးလိုက်မှ ဆုညံနေအောင် ဝေဖန်ချက်များ ချမှတ်နေသည့် မိန်းမတစ်သိုက်သည် မီးကိုရေနှင့်သတ်လိုက်သလို ရှဲခနဲ စကားပြောရပ်ကာ ကိုယ်ရှိန်သတ်သွားကြလေတော့၏။

* * *

ခလောက်သံနှင့် သံကြိုးသံများသည် ပဲ့တင်ထပ်လျက် ပေါ်ထွက်နေလေသည်။ ကြီးမားလှသည့် ကိုယ်ခန္ဓာကြီးများကို လှုပ်လိုက်တိုင်း သံကြိုးသံတချွင်ချွင် ပေါ်ထွက်လာရုံမျှမက ကိုယ်လုံးကိုယ်ထည်ကြီးများ၌ ကပ်ပါလာသည့် ဖုန်မှုန့်များမှာ ထောင်းခနဲ ထောင်းခနဲ လွင့်စဉ်ပြန့်တက်သွားသည့် ဆင်ကြီးများကို ဆင်တဲဝိုင်းနံဘေးတွင် အဆင်သင့်တွေ့ရလေသည်။

တချို့ဆင်များသည် ဝါးရုံပင်များကို အားပါးတရ ဆွဲ၍ ချိုး၍ စားသောက်လျက် ဝါးကျိုးသံ တဖြောင်းဖြောင်း ထွက်ပေါ်လာပြီးလျှင် တစ်ကောင်နှင့် တစ်ကောင်လှမ်း၍ နှာမောင်းဖြင့် လိမ်ဆွဲ၊ ခြေနှင့်ကန်ကာ ငြိမ်သက်ခြင်းကို ဖောက်ထွင်းနေတော့၏။

ထူးထူးခြားခြား ဆင်တစ်ကောင်၏ အနီး၌ကား လှံရှည်များစွဲကိုင်ထားကြသည့် ဆင်ဦးစီးတစ်သိုက်ကို တွေ့နိုင်ပေလိမ့်မည်။ ဆင်သမားများ ဝိုင်းအုံကြည့်နေသော စွယ်စုံဆင်ပေါက်ကြီးမှာလည်း ကိုးပေထက်မနည်း မြင့်လျက် အရိုးအစား အလွန်ကျနရုံမကဘဲ ခွန်အားကြီးမားနေကြောင်းမှာ ဆင်ကြီး၏ မားမားမတ်မတ် ရပ်တည်နေပုံက သက်သေခံနေတော့၏။ သို့ရာတွင် ထိုဆင်ပေါက်ကြီးသည် အခြားဆင်များထက် ထူးခြားစွာ တွေ့မြင်နိုင်သော အချက်တစ်ချက်လည်း ရှိနေပေ၏။ ထိုအရေးကိစ္စမှာ အခြားမဟုတ်ပေ။ တခြားဆင်များ၌ နောက်ခြေထောက် တစ်ဖက်၌သာ

http://www.cherrythitsar.org



သံကြိုး (ထူးကြိုး) ခတ်ထားပြီးလျှင် ဤလက်နှစ်ဖက်နှင့် ခြေတစ်ဖက်တို့၌ လွတ်လွတ်လပ်လပ် တွေ့မြင်နိုင်ပါလျက်နှင့် ယခု ဆင်ပေါက်ကြီးအဖို့၌မူကား ရှေ့လက်နှစ်ဖက်ကို တုတ်နိုင်လှသော သံကြိုးကြီးဖြင့် (ထူးခတ်) သံကြိုးချည်ထားလေသည်။ ဆင်ပေါက်ကြီး၏ ညာဘက် လက်ကောက်ဝတ်လောက်မှစ၍ သံကြိုးဖြင့်ရစ်ပတ်ချည်နှောင်ပြီးလျှင် ဆင်ကြီး၏ နောက်ကျောပေါ်မှ ကျော်ကာ ကျန်ဘယ်ဘက် လက်ကောက်ဝတ်ကို သံကြိုးတင်းတင်း ချည်နှောင်ထားသည်ကြောင့် ဆင်ပေါက်ကြီးအဖို့ အခြားဆင်များကဲ့သို့ ကောင်းစွာ လွတ်လပ်မှုကို မရရှိသည်မှာ ထင်ရှားစေတော့၏။ နားရွက်မခတ်တမ်း၊ ခေါင်းမှာလည်း မလှုပ်တဲ့ ဆိတ်ငြိမ်စွာရပ်နေသည့် လက္ခဏာကို တောက်ရှုရခြင်းအားဖြင့် ဆင်ပေါက်ကြီးသည် များစွာ စိတ်ဆိုးနေကြောင်း သိသာစေပါသည်။

ပန်းရောင် ပိုးခေါင်းပေါင်းကိုပေါင်း၍ ဖဲထီးတစ်စင်းကို ပခုံး၌ ချိတ်လျက် ညာဘက်လက်ကြား၌ ဆေးပေါ့လိပ်တိုကိုညှပ်ကာ ဆင်ကြီးအား ကြည့်လျက် စကားပြောလောကန်နေသော ပုဂ္ဂိုလ်ကြီး၏ ဝဲယာ၌ လှံကိုယ်စီ ထမ်းလျက် ဆင်ကြီးကိုကြည့်ပြီး ဝေဖန်ချက် ထင်ကြေးများပေးနေကြသည့် ဆင်သမားတစ်သိုက်၏ အသံများကို ခပ်လှမ်းလှမ်းမှပင် ကြားရလေသည်။

ခေါင်းပေါင်းပန်းရောင်နှင့် အသက် ၅၀ ခန့် လူကြီးက ဆေးပေါ့လိပ်ကို တအားဖွာလိုက်ပြီးလျှင် "ဟား ဟား၊ စိန်ဘိုးနဲ့ ငါနဲ့တော့ ဒီတစ်ခါ တွေ့ရပြန်ပြီပေါ့ကွာ၊ မင်းကလဲ လူသတ်နာမည်ကြီးတဲ့ စိန်ဘိုး၊ ငါကလဲ သစ်တောဘက်မှာ ဆင်ဆိုးထိန်းကျောင်းရာမှာ နှစ်ယောက်မရှိတဲ့ ဆင်အုပ်ကျော်စိန်တဲ့ကွ၊ တစ်စိန်တည်းရှိတယ်၊ ဘယ်နှယ်လဲဟေ့ ငါ့လူများ"

ဘေးမှ ဆင်သမားအားလုံးသည် ဆင်အုပ်ဦးကျော်စိန်၏ လေလုံးကြီးကြီးနှင့် ကြွားဝါးချက်ကို မြှောက်ပင့်ပေးသကဲ့သို့ တဟဲဟဲရယ်သံများ ထွက်ပေါ်စေပြီးလျှင် "အိုး၊ ဒီဆင်စုတ်လောက်တော့ အပျော့ပေါ့ ဆရာကြီးရဲ့၊ ကျွန်တော်တို့ ဆင်ပိုင်းရောက်တဲ့ နာမည်ကြီးဆင်ဆိုးမှန်သမျှ ဖွတ်ဖွတ်

http://www.cherrythitsar.org



ကျော့ပြီး ဒူးတုပ်သွားရစမြဲ မဟုတ်လား ခင်ဗျ' ဆင်ဦးစီး တစ်ဦး၏ ထောက်ခံချက်ပေးသံမှာ နောက်ဆက်တွဲထွက်ပေါ်၍ လာပါတော့၏။

သို့ရာတွင် လုံ့နစ်ချောင်းကို မြေကြီး၌ ထောက်ကာ ဆင်ပေါက်ကြီးကို မမိုတ်မသုန်ကြည့်၍ စဉ်းစားနေပုံရသော ဆင်သမားတစ်ဦးကို အခြားဆင်သမားများက လုံးဝ သတိထားမိပုံမရပေ။

'ဘယ့်နှယ်လဲဟေ့၊ မောင်ညီပု၊ ဒီဆင်ကို ကျကျနန နှိပ်စက်လိုက်ရရင် ဝပ်သွားကောင်းပါရဲ့၊ ဟုတ်လားကွ'

ဆင်အုပ်ကြီး ဦးကျော်စိန်က ကြားဖြတ် မေးခွန်းထုတ်လိုက်သည်တွင် ငေးကာစဉ်းစားနေသည့် ဆင်ဦးစီး ညီပုသည် များစွာစဉ်းစားသည့်လေသံဖြင့် 'ကြည့်လုပ်ရတာပေါ့ ဆရာကြီး၊ အရမ်းညှဥ်းဆဲလို့လဲ ဘယ်ဖြစ်မလဲ'

နားရွက်တစ်ဖက်ကိုစွင့်၍ ရှေ့လက်နှစ်ဖက်စလုံး ထူးခေါ်ခြင်းခံရသည့် ဆင်ကြီးသည် ဆင်သမားများပြောဆိုနေကြပုံကို နားထောင်နေသလို ငြိမ်သက်လျက်ရှိ၏။

'တယ်ပျော့တဲ့အကောင်ပဲ ညီပုရာ၊ မင်း ဆင်ဦးစီးမလုပ်ပါနဲ့တော့၊ အေးလေ၊ မင်းကိုယ်တိုင်ဦးစီးရမယ့် အကောင်ကြီးပဲ၊ တော်တော်ကြာ ညီပုတစ်ယောက် ဆင်နင်းလို့' ရွှတ်ရှု ပြစ်တင်သည့် မျက်နှာကြီးဖြင့် ဆင်အုပ်ဦးကျော်စိန်သည် မာန်ပြော ပြောလိုက်သည်။

'ကဲ အစ်ကိုရေ၊ စခန်းပြန်ရမှာ မိုးချုပ်နေမယ်၊ သွားကြစို့၊ ဆင်လဲ အပ်ပြီးပါပဲ၊ ဟေ့ ညီပု၊ မင်းနဲ့ ပုံရိုက်ငတင် စောင့်ပြီး စိန်ဘိုးကြီးကို ခေါ်ခဲ့ပေတော့၊ ဖြည်းဖြည်းပေါ့ကွာ၊ ကြားရဲ့လား' ဆင်ခေါင်းစွဲ ဦးမဲက ပြောလိုက်သည့်နောက်တွင် လူစုခွဲကြလေသည်။

ရှင်းရှင်းမှာ လူသတ်သမား ဆင်ဆိုးကြီး စိန်ဘိုးအား ဆင်ဦးစီး ညီပုလက်သို့ အဖော်အလျော့အဖြစ်နှင့် ပုံရိုက်မောင်တင် တစ်ယောက်တည်း

http://www.cherrythitsar.org



ပေးအပ်ခဲ့ပြီး ဆင်အုပ်ရော၊ ဆင်သမားတွေပါ မျက်နှာလွှဲသွားခြင်းသာ ဖြစ်ပေ၏။

ဆင်သမားတွေ ရှင်းလင်းသွားသည်တွင် ညီပုသည် ဣန္ဒြေရရနှင့် ဆင်ကြီးရှိရာသို့ တစ်လှမ်းချင်းကပ်သွားပြီးလျှင် ဆင်ကြီး၏ ညာဘက်ဘေး၌ အသာ ခြေစုံရပ်လိုက်ပြီးလျှင် 'ဘယ်နှယ်လဲစိန်ဘိုး၊ မင်း ဆင်အုပ်ကြီး ပြောသွားတာ ကြားရဲ့မဟုတ်လား၊ ငါ့အနေနဲ့တော့ သတ္တဝါအချင်းချင်း အနိုင်အထက် နှိပ်စက်ကလူမလုပ်လိုဘူး။ ဒါအမှန်ပဲ စိန်ဘိုး၊ ပြီးတော့ မင်းဟာ အလကား ဆိုးချင်လို့ အရမ်းဆိုးနေတာ မဟုတ်ဘူးဆိုတာရယ်၊ မင်းဟာ အမြဲလူသတ်မယ့် ဆင်မဟုတ်ဘူးဆိုတာရယ် ငါယုံကြည်တယ်၊ နားလည်တယ်၊ ဒါကြောင့် ဒီနေ့ကစပြီး မင်းနဲ့ငါနဲ့ သူငယ်ချင်းနော်၊ ဟုတ်လား နားလည်လားဟေ့'

စိန်ဘိုးကြီးသည် နားရွက်ကြီးနှစ်ဖက်ကို အနည်းငယ်မျှပင် မလှုပ်တမ်း ငြိမ်သက်စွာဖြင့် နားထောင်နေတော့သည်။ ပြီးလျှင် သူ၏ နှာမောင်းများကလေးကို လိပ်ကာ ခွေကာဖြင့် ခပ်ဆတ်ဆတ်ကလေး ပစ်ဆန့် ဆန့်ချလိုက်လေသည်။ ခေါင်းကြီးကိုလည်း သုံးလေးကြိမ်ညိတ်သလိုလှုပ်ခါပြလိုက်တော့သည်။

'ကဲ စိန်ဘိုး၊ တို့တဲဝိုင်းပြန်ကြရအောင်ဟေ့၊ ခဏနေဦး၊ မင်းလဲ ဒဏ်တပ်ခံရတာ တော်တော်ဒုက္ခဖြစ်ရောမယ်၊ မင်းကို ခတ်ထားတဲ့ ထုံးကြိုး တစ်ဖက် ငါ ဖြေပေးဦးမယ်'

ဆင်ဦးစီး ညီပုသည် စိန်ဘိုးကြီးအားကြည်ကာ ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်ပြီးနောက် ဘယ်လက်၌ခတ်ထားသော သံကြိုးကွင်းဆက်ကို ရဲတင်းစွာဖြင့်ဝင်ရောက်ပြီး ဖြုတ်ပေးလိုက်ပါသည်။ ဤတွင်မှ လက်ပြန်ကြိုး ချည်သလို ထုံးကြိုးခတ် ဒဏ်ပေးခြင်းခံရသော စိန်ဘိုးကြီးသည် ပေါ့ပေါ့ ပါးပါး လှုပ်ရှားခွင့်ရရှိသွားလေတော့၏။

http://www.cherrythitsar.org



ပွဲရိုတ်မောင်တင်က 'ဘယ့်နှယ်လဲ ကိုညီပု၊ လက်တစ်ဖက်က ထုးကြီးကို ဖြုတ်ပစ်လိုက်ရတာလဲဗျ၊ အရေးထဲကျမှ ခက်နေလိမ့်ဦးမယ်'ဟု အပြစ်တင်၍ ပြောဆိုသည့်အခါတွင် ညီပုသည် ခပ်ပြုံးပြုံးဖြင့် 'ကိစ္စမရှိပါဘူးကွ မောင်တင်၊ ငါ့တာဝန် ထားလိုက်စမ်းပါ'

'အေးပါဗျာ၊ ကိုညီပု သဘောပါပဲ၊ ဆင်ဆိုတာမျိုးဟာ သိပ်စိတ်ချရတာမျိုး မဟုတ်ကြောင်း ခင်ဗျားက ကျုပ်ထက် ပိုနားလည်ပါတယ်လေ၊ မိကျောင်းမင်း ရေခင်းမပြပါရစေနဲ့ဗျာ၊ ကောင်းပါပြီ'

သို့ရာတွင် ဆင်ကြီးမှာ သူတို့ရှေ့မှ တစ်လှမ်းချင်းမှန်မှန်သွားလျက် ညာဘက်လက်ကောက်ဝတ်၌ တွဲလွဲပါရှိနေသည့် သံကြိုး (ထုးကြီး)မှာလည်း မြေကြီးတစ်လျှောက် လမ်းတစ်ခွင်လုံး၌ အရာကြီး အစင်းကြီးများထင်ကာ ထင်ကာ ကျန်ရစ်ခဲ့လေပါသည်။

ထိုနေ့မှစ၍ ဆင်ဦးစီးညီပုနှင့် အေးသာတို့လင်မယားနှစ်ယောက်မှာ မိန့်ဘိုးကြီးကို လက်ခံဦးစီးရသည့်ကြောင့် သေမင်းကိုလက်ခံကာ စာချုပ်ထားကြသကဲ့သို့ ဆင်ဝိုင်းတစ်ဝိုင်းလုံး၏ မေးငေါ့ အတင်းပြောအများဆုံး ခံခဲ့ကြရလေသည်။ အေးသာအား အခြားဆင်သမား မိန်းမများကတွေ့လျှင် 'အေးသာ၊ ညည်းလင် ကိုညီပုနဲ့ ချစ်ရတာ ဝနေပြီလားဟေ့၊ အဟီး၊ ကောင်မတော့ အသက်ဖိုး လျော်ကြေးရမှာမို့ သိပ်ဝမ်းသာနေတယ်ထင်တယ်' ဟူ၍ နိမိတ်မင်္ဂလာမရှိသော နောက်လုံးပြောင်လုံးများဖြင့် နောက်ပြောင်ကြလေသည်။ ထိုအခါတွင်ရိုးသားလှသည့် အေးသာက 'သေနေ့စေ့မှ သေမှာပါအေ၊ ညည်းတို့နယ် တကတည်း၊ စကားမရှိ စကားရှာ၊ ဒီပြင် နောက်စရာ ပြောင်စရာ ရှားလွန်းလို့လား'ဟု ရန်တွေ့သလို အပြစ်တင်လိုက်မှ ကိစ္စပြီးတော့၏။

* * *

http://www.cherrythitsar.org



နေကလည်း ခြစ်ခြစ်တောက်ပူလျက် ကွင်းပြင်ကလည်း ဖြစ်ပြန်၊ အရိပ်အာဝါသ ကင်းမဲ့သည့် တောလယ်၏ သစ်ကွင်းတစ်ကွင်း။

ဆဲသံ၊ ဒေါက်သံ၊ ဆင်သံကြိုးသံများမှာ တချွင်ချွင်မြည်လျက် သစ်များဆွဲနေသည့် ဆင်တစ်အုပ်ကို လုပ်သားကုလီများအကြား၌ တွေ့ရလေသည်။ ကွင်းအလယ်ဗဟိုလောက်ဆီ နေရာကောင်းတွင် သစ်ပင်ရိပ်အောက်၌ကား သစ်တောအရေးပိုင်၊ သစ်တောအုပ်များအပြင် ဆင်အုပ်ကြီး ဦးကျော်စိန်ကိုပါ မြင်ရလေသည်။ နေရာအနှံ့အပြား၌ မီးခြစ်ဘူး မှောက်ကျသည့်အခါ၌ မီးခြစ်ဆံများ ဖရိုဖရဲဖြစ်နေသကဲ့သို့ သစ်တုံးကြီးများမှာလည်း ရှုပ်ယှက်ခတ်နေလေသည်။ ဆင်ကြီးများ၏ ရင်ဘတ်တွင် သိုင်းကြိုးကြီးများ တပ်ကာ သစ်တုံးများကို ကွင်းတစ်ဖက်စ ချောင်းဆိပ်သို့ ဆွဲပို့နေသည့် အလုပ်ရှုပ်ချိန်ပင် ဖြစ်ပေ၏။ နေပူရှိန်ကို များစွာမခံနိုင်သော ဆင်ကြီးများမှာ အလုပ်ကလည်းပန်း၊ နေကလည်းပူလွန်းလှ၍ တဂုဂုအော်မြည်သည်းတွားလျက် အလုပ်လုပ်ရန် ငြင်းဆန်နေကြလေသည်။ သို့ရာတွင် အထက်အရာရှိကြီးထံသို့ မျက်နှာကောင်းရရှိစေရန်အတွက် ဆင်အုပ်ကြီး ဦးကျော်စိန်ကမူ နေ့ခင်းရုပ်နားချိန် မပေးသေးသည်ဟု သူ့သခင်ကြီး သစ်တောအရေးပိုင်ဆိုသူ့ထံသို့ သံတော်ဦးတင်လျက် ဆင်သမားတွေရော၊ ဆင်ကြီးတွေပါ ဆံရင်းနာနာဖွပ်ဆိုသကဲ့သို့ ဇိကာနိုင်းစေနေခြင်းသာ ဖြစ်ပါသည်။

ချွေးရွှဲရွှဲ မျက်နှာတွင် နေပူရှိန်ကြောင့် နီမြန်းနေသော ဆင်ဦးစီး ညိုပုသည် သူ၏ ဆင်ကြီး စိန်ဘိုးကို မကြာခဏချော့ကာ

'ပြီးခါနီးပါပြီ စိန်ဘိုးရယ်၊ သည်းခံပြီး ကျိတ်လိုက်စမ်းပါ၊ မင်းနောက်ကျောပူနေတာကို ငါ သိပါတယ်ကွာ'ဟု အားပေးနှစ်သိမ့်ကာ သစ်များကို နေပူကျဲကျဲ မွန်းတည့်ချိန်အောက်၌ ဆွဲနေကြရတော့၏။ စိန်ဘိုးကြီးသာ ကျောပူနေသည်မဟုတ်၊ အခြားဆင်များမှာလည်း ကျောပူလွန်း၍ ဆင်ဦးစီးများကိုပင် ပမာမခန့် မကြောက်မရွံ့တော့ဘဲ အော်မြည်ရင်း

http://www.cherrythitsar.org



ခါ၍ ခါ၍ သူတို့၏ ကျောပေါ်မှ ချနေတော့၏။ စိန်ဘိုးလို ဆင်ဆိုးကြီးအဖို့၌ များစွာ စိုးရိမ်စရာ အချိန်အခါပင်ဖြစ်၏။

မျက်စိရှင်လှသော ဆင်ဦးစီး ညီပုသည် ဆင်အုပ်ကြီး ဦးကျော်စိန်၏ အလစ်တွင် သူ၏ဆင်ကြီး စိန်ဘိုးကို သစ်တစ်လုံးဆွဲစေပြီးလျှင် သစ်ပုံများ ကွယ်ထားသည့် ကွင်းအဆုံးသို့ ခေါ်သွားတော့၏။ စိန်ဘိုးကြီးမှာလည်း ရေငတ်လွန်း၍ နှာမောင်းကြီးမှအပူငွေ့များကို တဖူးဖူးမှုတ်လျက် ဣန္ဒြေမရ ဖြစ်နေရှာ၏။ ကွင်းအစ ချုံကွယ်သို့ရောက်သောအခါတွင် လျင်မြန်လှသော ညီပုသည် သစ်တုံးဆွဲကြိုးကို အသာဖြုတ်ချလိုက်ပြီးလျှင် သူ၏ ဆင်ကြီးအား ရေတသွင်သွင်စီးဆင်းနေရာ ချောင်းစသို့ အတင်းမောင်းချလိုက်သည်။ စိန်ဘိုးကြီးလည်း သူ၏သခင် ညီပု၏ ရည်ရွယ်ချက်ကို ရိပ်မိသည့်ပမာ သူ့ခေါင်းပေါ်မှ ညီပု၏ ဒူးနှင့်တော့၍ ခိုင်းလိုက်သည်နှင့် တစ်ပြိုင်နက်တည်းပင် တစ်ဟုန်တည်းရေစပ်သို့ အပြေးတက်သွားလေသည်။ စိန်ဘိုးကြီးသည် ချောင်းရေကို နှာမောင်းဖြင့်စုပ်ကာ သူ၏ နောက်ကျောပြင်တစ်လျှောက်သို့ ပက်ဖျန်းလိုက်ပြီးနောက် နှာမောင်းဖြင့် သဲတွင်းကလေးတစ်တွင်းယက်ကာ ရေသောက်လိုက်တော့၏။ ညီပုသည် သူ၏ဆင်ကြီးအား ခေတ္တခဏလေး အတွင်း၌ ရေသောက် အပန်းဖြေခိုင်းပြီးနောက် ချောင်းကမ်းပါးပေါ်မှ ဖုန်မှုန့်များကို လက်နှစ်ဖက်ဖြင့် ကျုံးကာ စိန်ဘိုးကြီး၏ ကျောပြင်ပေါ် အနှံ့အပြား သုတ်လိမ်းလိုက်ခြင်းဖြင့် နောက်ကျောပူ၍ ရေဖျန်းထားသည့် အချက်အလက်များကို ခြေရာလက်ရာ ဖျောက်လိုက်လေတော့၏။

'ဟေ့ ညီပု၊ ခုတင်က ဘယ်သွားနေသလဲကွ၊ သူများတွေ အလုပ်များနေရတဲ့ အထဲမှာ'

ဆင်အုပ်ဦးကျော်စိန်သည် ရှုနှစ်မောင်းတင်၍ ညီပုအား ဟောက်လိုက်တော့သည်တွင်

'ကျွန်တော် မအောင့်နိုင်လွန်းလို့ ဟိုတောစပ်မှာ အခင်းသွားရပါတယ်ဗျာ'

http://www.cherrythitsar.org



သူ၏ ဆင်ကြီးရှေ့နားဥ္စရှိသော သစ်တုံးပေါ်မှ ခါးထောက်ကာ ဝတ်ကောင်းစားလှဝတ်၍ ပန်းရောင်ခေါင်းပေါင်းသစ်ကြီး တလှုလှုဖြင့် ဟန်ရေးပြ ဟိန်းဟောက်နေသည့် ဆင်အုပ်ကြီးအား ပြေရှင်းချက်တင်သွင်းလိုက်တော့၏ ။

'အံမာ၊ မင်းပဲ ခဏ ခဏ ကိစ္စများလွန်းတယ်၊ ဒီနေ့ သခင်ကြီးကိုယ်တိုင်လာကြည့်နေတာ မင်း မျက်စိကန်းနေသလား၊ ကြပ်ကြပ်လုပ်၊ မင်း အလုပ်ပြုတ်မယ်'

ဆင်အုပ်ကြီးသည် နှုတ်ခမ်းမွှေးထောင်ကာ ဆက်၍ ကြိမ်းပြန်တော့သည်။ စိန်ဘိုးကြီးသည် မတုန်မလှုပ်ရပ်နေရာမှ ဆင်အုပ်ဦးကျော်စိန်နှင့် သူ့သခင် ညီပုတို့ ပြောဆိုနေသည့်စကားများကို ကောင်းစွာ နားလည်သည့်ပမာ ရုတ်တရက် ချက်ချင်းပင် သူ့ရှေ့၌ ဟန်ရေးပြနေသော ဆင်အုပ်ဦးကျော်စိန်သို့ နှာမောင်းကြီးဖြင့် တန်းကာချိန်၍ ဖူးခနဲ မှုတ်ပစ်လိုက်တော့၏ ။

အဝတ်သစ်၊ အစားသစ်များဖြင့် ဂိုက်ထုတ်လာသူ ဆင်အုပ်ကြီးဦးကျော်စိန်မှာ မျက်လှည့်ပြလိုက်သလို စိန်ဘိုးကြီး၏နှာမောင်းအတွင်းမှ ရေပန်းများကြောင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားလေ၏ ။ ဘေးမှ ကုလီများနှင့် ဆင်သမားအားလုံးသည်လည်း အတော မသတ်နိုင်အောင် ဟားတိုက်ကာ ရယ်မောကြလေတော့၏ ။

'အံမာ အံမာ၊ .... ဆင်၊ သိပ်စော်ကားတဲ့အကောင်'ဟု ပရိသတ်လှုပ်အလယ်၌ မဟာအရှက်တော်ခွဲခံရ၍ ဆင်အုပ်ကြီးဦးကျော်စိန်သည် အနီးရှိ ဝါးလုံးတစ်ချောင်းကို ကမန်းကတန်းကောက်ကာ ဆွဲလိုက်ပြီး စိန်ဘိုးကြီးအား ရိုက်ရန် ရွယ်လိုက်သည်တွင် စိန်ဘိုးကြီးသည် နှာမောင်းကို မြှောက်ကာ နားရွက်နှစ်ဖက်မှာလည်း ဖွင့်လိုက်ပြီး ဦးကျော်စိန်ကို အပြီးထိုးသတ်ရန် အားယူလိုက်သည်တွင် ခေါင်းပေါ်မှ ညီပုသည် သတိရ၍ 'ဟေ့ စိန်ဘိုး၊ မလုပ်နဲ့ကွ၊ မလုပ်ပါနဲ့'ဟု အော်ဟစ်လျက် ချွန်းနှင့်ခိုတ်၍

http://www.cherrythitsar.org



သတိပေးလိုက်ရတော့၏။ ဦးကျော်စိန်သည်လည်း ထိုအခါမှပင် စိန်ဘိုး၏ နာမည်နှင့် ရက်စက်ပုံကို ချက်ချင်းသတိရပြီး အသာနောက်သို့ဆုတ်၍ အံ့သွားကြိတ်လျက် 'နေနှင့်ကြဦးပေါ့ကွာ၊ စိန်ဘိုးရာ'ဟု ကြုံးဝါးဆဲဆိုကာ တစ်ဖက်သို့ ထွက်သွားလေတော့၏။

* * *

သစ်တောအရေးပိုင်ကြီး မြို့သို့အပြန်တွင် ဆင်ဦးစီးညီပုသည် ပစ္စည်းများ သယ်ဆောင်ရန်အတွက် မြို့သို့ပါသွားရလေသည်။ စိန်ဘိုးကြီးကိုမူကား နောက်ခြေတစ်ဖက်တွင် ထုံးစေတ် (သံကြိုးစေတ်) ခုံပြီးနောက် ဆင်စားကျက် တောထဲသို့ လွှတ်ခဲ့လေသည်။ စိန်ဘိုးကြီးအား ဝန်တင်၍ မြို့သို့ခေါ်ရန်မှာ စိန်ဘိုးကြီး၏ နာမည်ကြီးမှုကြောင့် စိုးရိမ်သည့်အတွက် မြို့သို့မခေါ်ခဲ့ဘဲ ဆင်ဝိုင်းတွင် ထားရစ်ခဲ့ခြင်းသာ ဖြစ်ပေ၏။

မြို့ရှိ သစ်တောရုံးရောက်၍ သခင်ကြီးဘုရား၏ ပစ္စည်းအားလုံးကို ချပေးပြီးသော်လည်း ဆင်ဝိုင်းသို့ ညီပုတို့တစ်သိုက် မပြန်နိုင်သေးချေ။ အကြောင်းမှာ ဆင်ခေါင်းနွဲ့ ဦးမဲမှာ မြို့တွင်းရှိဈေးသို့ ပစ္စည်းများဝယ်ရန် ကျန်နေသေးသောကြောင့် ဖြစ်ပါသည်။ ညီပု၏စိတ်ထဲ၌ နောက်ဝိုင်းတွင် ကျန်ရစ်သော စိန်ဘိုးကြီးအတွက် စိတ်မအေး ပူပန်နေရုံမျှမက စိန်ဘိုးကြီး အပေါ် ရန်ငြိုးထားသည့် ဆင်ဝိုင်း၏ အမိပတိဦးကျော်စိန်၏ ယုတ်မာ ညစ်ပတ်ခြင်းများကို ကြိုတင် စဉ်းစားထားမိသောကြောင့်တည်း။ ညီပု မရှိခဲ့လျှင် ညီပု၏အချစ်တော် စိန်ဘိုးကြီးအား ဦးကျော်စိန်တို့လူသိုက်က အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းတော့မည်မှာ သေချာလှ၏။ ညီပုစိတ်ထဲ၌ တထင့်ထင့်နှင့်ပင် အချိန်ကုန်ခဲ့ရလေသည်။

မြို့မှ စားသောက်ကုန်များဖြင့် ဆင်ဝိုင်းသို့ ပြန်ရောက်လာသော ဆင်ခေါင်း ဦးမဲတို့ လူသိုက်ကား ရောက်မဆိုက်ပင် များစွာ တုန်လှုပ်

http://www.cherrythitsar.org



ချောက်ချားသွားစေသောကိစ္စနှင့် ရင်ဆိုင်ရလေတော့၏။ ထိုသတင်းမှာ အခြားမဟုတ်ပေ။ ညီပုတ်မြို့သို့သွားခိုက်တွင် စိန်ဘိုးကြီးအား ဦးကျော်စိန်၏ အမိန့်ဖြင့် တောစားကျက်မှ ပြန်ခေါ်ယူခဲ့ပြီးလျှင် ရှေ့လက်နှစ်ဖက်ကို ထူးခတ်စေရန်အတွက် ဆင်ဦးစီးနှစ်ဦးအား တာဝန်ပေးလိုက်ပြီးနောက် ဆင်ကြီးကို အဖမ်းခိုင်းလိုက်သည်။ စိန်ဘိုးကြီးကား ဆင်ဦးစီးနှစ်ယောက်ကို သူ့အနား အကပ်မခံတော့ပေ။ အစွယ်တရမ်းရမ်းနှင့် ရန်မူနေသည်ကြောင့် ဆင်ဦးစီးနှစ်ယောက်သည် ဆင်အုပ်ဦးကျော်စိန်ထံသို့ ပြန်၍ သတင်းပို့ အစီရင်ခံရလေသည်။ ဤတွင်မှ ဒေါသကြီးသလောက် ရန်ငြိုးထားခဲ့သော ဆင်အုပ်ကြီးဦးကျော်စိန်သည် လှံရှည်နှစ်ချောင်းကိုဆွဲယူကာ ဆင်သမား ဖြစ်ပြီး ဒီလောက် ညံ့ဖျင်းနေရာရမလားဟု ဆင်ဦးစီးနှစ်ယောက်ကို ဆဲဆို အပြစ်တင်ပြီးလျှင် သူကိုယ်တိုင်တစ်ဦးတည်းပင် စိန်ဘိုးကြီးကို တဲဝိုင်းသို့ ပြန်ခေါ်ယူခဲ့ရန် ထွက်ခွာသွားလေတော့၏။ အချိန်ကုန်၍ ဆင်အုပ်ကြီး ဦးကျော်စိန်ပြန်မလာသည်ကြောင့် ဆင်ဝိုင်းတစ်ဝိုင်းလုံးရှိ ဆင်သမားများ စုဝေး၍ စိန်ဘိုးကြီး၏ ခြေရာကိုခံကာ လိုက်လံရှာဖွေကြသော်လည်း ဆင်အုပ် ဦးကျော်စိန်၏ ခြေရာများနှင့် စိန်ဘိုးကြီး၏ ရှေ့မှတက်ကာ သွားသော ဆင်ခြေရာများမှအပ သူတို့နှစ်ဦးကို မတွေ့ရတော့ချေ။ ဆင်ကြီး နှင့် ဦးကျော်စိန်တို့၏ ခြေရာများကိုခံ၍ ဆင်သမားများလိုက်လံခဲ့ရာ တွင် ဆယ်မိုင်ကျော်မျှ တောကြီး တောင်ကြီးများထဲသို့ ရောက်ရှိပြီးလျှင် ဦးကျော်စိန်၏ အရိပ်အခြည် ဆင်ကြီး၏ အစအနမျှ မတွေ့ရသည်အဆုံး၌ ဆင်သမားများမှာ တပ်ခေါက်၍ ဆင်ဝိုင်းဆီသို့ စိတ်ပျက်လက်ပျက်နှင့်ပင် ပြန်လာခဲ့ရလေတော့ သတည်း။

ဆင်ခေါင်းခွဲ ဦးမဲမှာလည်း ဦးကျော်စိန်၏ ညီတစ်ဝမ်းကွဲဖြစ်၍ ဦးကျော်စိန်ပါ ရှာမတွေ့သည့်သတင်း ကြားရသည်တွင် စိန်ဘိုးကြီးကိုလည်း ပိုမိုဒေါသထွက်ကာ အရေးပိုင်ရုံးသို့ စိန်ဘိုးကြီး မုန်ယိုနေကြောင်း၊ ဆင်အုပ် ဦးကျော်စိန်ကိုပင် စိန်ဘိုးကြီး သတ်ပစ်ပြီထင်ရကြောင်းနှင့် ဆင်ဆိုးကြီးကို

http://www.cherrythitsar.org



သုတ်သင်ရန် ဆင်ပစ်မုဆိုးတစ်ဦးကိုပါ အမြန်စေလွှတ်ရန် သို့မဟုတ်လျှင် တခြားဆင်များနှင့် ဆင်သမားများ၏ အသက်အန္တရာယ်ကိုပင် စိုးရိမ်နေရကြောင်းကို အကြီးအကျယ်လုပ်ကာ တိုင်တာမ်း အစီရင်ခံလိုက်တော့၏။ ထို့နောက် ဦးမဲသည် ညီပုအား

'ဘယ့်နယ်လဲဟေ့ ညီပု၊ မင်းစီးတဲ့ ဆင်ကြီးတော့ ခုကွဲပေးပြန်ပြီ၊ ငါ့အစ်ကိုအသက်နဲ့ မင်း ဆင်ကြီးအသက် လဲရမှာပဲ၊ မင်းတော့ ခုအချိန်မှာ မင်း ဆင်ကြီးကို ဘယ်လိုလုပ်နိုင်ဦးမှာတုန်းကွ'ဟု မခန့်လေးစားအသံဖြင့် မေးလိုက်သည်တွင် ညီပုသည် ဆုံးဖြတ်ပြီးသောမျက်နှာဖြင့်

'ကိုကြီးမဲရာ၊ ကျွန်တော့် စိန်ဘိုး လိုက်ရတာ မလျှော့သေးပါဘူး၊ ကိုကြီးမဲ ခွင့်ပြုရင် ကျွန်တော် လိုက်ရှာပါရစေဦး။ ရေဆုံးရေဖျားပေါ့ ကိုကြီးမဲရာ၊ ဘာပဲဖြစ်ဖြစ် အကြောင်းရင်း စာစ်မှန်အမှန်ကို သိရရင် ကျေနပ်ပါပြီ'

ဤတွင်မှ ဆင်ဦးခေါင်းခွဲ ဦးမဲသည် ညီပုအားချောက်ချလိုသည့်စေ့ပြည့်ဝသွားသည့်အတွက် မျက်နှာကို ပြင်၍ ထားလိုက်ပြီးလျှင် 'ကောင်းပါပြီဗျာ၊ မောင်သဘောအတိုင်း ကြွပေတော့၊ ပြန်မလာရင်တော့ ဟဲ ဟဲ ဆွမ်းသွတ်ဖို့ ကျုပ်တာဝန်ထားလိုက်ပါ'

ကတိုက်ကရိုက်နှင့် နိုကွာလွယ်အိတ်နှင့် ဓားလွယ်ကိုလွယ်ရင်း လုံနှစ်ချောင်းကို ဆွဲယူနေသည့် ညီပုအား သူ၏ကြင်ယာ အေးသာသည် ပူပန်စိုးရိမ်သော မျက်နှာငယ်လေးဖြင့်

'သတိနဲ့သွားပါ ကိုညီပုရယ်' ဟုသံပါသောအသံဖြင့် သတိပေးလိုက်သည်တွင် 'စိတ်ချပါ အေးသာရ၊ ငါ စိန်ဘိုးကြီးအကြောင်း ကောင်းကောင်းကြီး သိပါတယ်ကွ၊ မင်း ပူမနေပါနဲ့၊ သွားမယ်ကွာ အေးသာရာ'ဟု ပြောပြော ဆိုဆိုပင် လေကလေးချွန်လိုက်ပြီးလျှင် ညီပုသည် တောတွင်းသို့ ထွက်ခွာသွားလေတော့၏။ ဆင်ဝိုင်းမှ ဆင်သမားအားလုံးမှာ တောစပ်၌ ဝင်လုနီးနီး ညီပုအားကြည့်ကာ အမျိုးမျိုးထင်ကြေး ပေးဖန်ချက်များပေးနေတော့သတည်း။

http://www.cherrythitsar.org



မြင့်မားလှသော ပိတောက်ပင်၊ ကညင်ပင်ကြီးများကား ချောင်းကမ်းပါးတစ်လျှောက်၌ အစီအရီပေါက်လျက် တောတောင်ထူထပ်မှုကို ပြနေတော့သည်။ အောက်ချင်းငှက်တစ်အုပ်သည်လည်း သီးစားပင်တစ်ပင်၌ စုအုံကာ သစ်သီးစားရင်း တကျက်ကျက်အော်မြည်နေလေသည်။ မျောက်ညိုတစ်သိုက်လည်း တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးကာ ချောင်းကမ်းပါး တစ်လျှောက်၌ ဆူညံလှုပ်ရှားခြင်း ဖြစ်စေ၏။

တစ်တောဝင် တစ်တောင်တက်နှင့် ဆင်ပျောက်ရှာခဲ့ရသော ညီပုသည် တစ်ညဥ့်အိပ် ခရီးပြင်းနှင်ကာ စိန်ဘိုးကြီးကို ရှာဖွေနေတော့၏။ စိန်ဘိုးကြီး၏ ထူးကြီးရာကို နောက်ယောင်ခံ၍ လိုက်ခဲ့ခြင်းပင်ဖြစ်လေသည်။ သဲဖွေးဖွေးချောင်းစ၌ ညီပုသည် အသာထိုင်ချလိုက်ပြီးနောက် သဲတွင်းယက်ကာ ရေကို အားရပါးရသောက်ကာ အားဖြည့်ရပြန်လေသည်။ အမှန်မှာ ညီပုသည် စိန်ဘိုးကြီး၏အပေါ် ချစ်ခင်မှုသံယောဇဉ်ကြီးမားလှသည့်အတွက် အဖော်မပါ တစ်ယောက်တည်း အပင်ပန်းခံ၍ ရှာဖွေရခြင်းသာဖြစ်၏။ ဦးမဲ၏ တစ်ဖက်သတ် အစီရင်ခံချက်ကြောင့် စိန်ဘိုးကြီးသည် မှန်မယိုဘဲ မှန်ယိုသည်ဟု စွပ်စွဲ၍ လူတွေကိုသတ်ရန် ကြံသည်ဟူ၍ ဒုတိယစွပ်စွဲလျက် ပစ်သတ်ရန်ချောက်တွန်းထားခြင်းကို မဟုတ်မမှန်ကြောင်း ရှင်းလင်းရန် အရေးအတွက် ညီပုသည် စွန့်စားအပင်ပန်းခံခြင်းသာ ဖြစ်ပေ၏။ အကယ်၍သာ စိန်ဘိုးကြီးသည် ဆင်အုပ်ဦးကျော်စိန်ကို သတ်ပစ်ခဲ့လျှင် စိန်ဘိုးအဖို့ သေဒဏ်မှတစ်ပါး အခြားအပြစ်ဒဏ်မရှိတော့သည့်အတွက် ဤအခြေအနေမျိုး၌ စိန်ဘိုးအားလူနှင့်ဝေးရာ တောကြီးထဲသို့အရောက်ပို့ကာ ဆင်ကြီး၏အသက်ဘေးအန္တရာယ်ကို ကာကွယ်ပေးရန်သည် ဆင်ဦးစီးညီပု၏ ဒုတိယရည်ရွယ်ချက်ပင် ဖြစ်ပါသည်။

လုံနစ်ချောင်းကို ပခုံး၌ထမ်းကာ ဦးကျော်စိန်၏ ခြေရာကို မျက်ခြည်မပြတ်ခံ၍ လိုက်ပါလာခဲ့သော ညီပုသည် ချောင်းကွေ့တစ်ခု၌ ထူးခြားလှသော ခြေရာများကိုတွေ့ရသည့်အတွက် မျက်လုံးမှာ ပြူးသွားတော့၏။

http://www.cherrythitsar.org



ထိုခြေရာများသည် ဆင်ခြေရာပင် ဖြစ်၏။ အမှန်မှာ ထုံးစံအရ စိန်ဘိုးကြီးက ရှေ့မှသွားရမည်။ ဆင်ကြီးနောက်မှ ဆင်ကြီးကိုဖမ်းရန် ဦးကျော်စိန်သည် လိုက်ပါရပေမည်။ ယခု ညီပုတွေ့ရှိရသောခြေရာလက္ခဏာမှာ ဦးကျော်စိန်၏ ခြေရာနောက်သို့ ဆင်ခြေရာများက လိုက်နေသောကြောင့်တည်း။ တစ်ဖာလုံလောက် သွားမိသည့်နောက်တွင် ညီပု၏ အသည်းနှလုံးကို ဆွဲယူပစ်လိုက်သလို တုန်လှုပ်ဖွယ်ရာ အသွင်သဏ္ဌာန်များကို စတင်၍ တွေ့ရပေတော့၏။ ရှေ့ဦးဆုံး၌ ဦးကျော်စိန်ပေါင်းနေကျ မျက်နှာသုတ်ပဝါတစ်ထည်ကို သွေးသံပြင်ပေါ်၌ တွေ့ရပြီးနောက် ဦးကျော်စိန်၏ လွယ်နေကျ ရှမ်းလွယ်အိတ်မှာလည်း ကစဉ့်ကလျားနှင့် ရေစပ်တွင်တွေ့ရပြန်၏။ လွယ်အိတ်ထဲမှ ကွမ်းအစ်များ၊ ဆန်များလည်း သွေးသံပြင်ပေါ်၌ စပါးကြီထားသလို ပြန့်ကြဲနေတော့၏။ ဦးကျော်စိန်၏ ခြေရာမှာလည်း တစ်ခုနှင့်တစ်ခု လွန်စွာကွာပြီးနောက် တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် ပြေးနေသော ခြေရာများဖြစ်ကြောင်း ထင်ရှားပေ၏။

ရှေ့ဆက်၍ ဝါးငါးရိုက်ခန့်တွင်မူကား ပေါင်တခြား လက်တခြား မရှုမလှ ရုပ်အဆင်းဖြင့် သေပွဲဝင်နေသော သွေးအလူးလူးနှင့် ဆင်အုပ်ကြီး ဦးကျော်စိန်၏အလောင်းကို ညီပုသည် လှမ်း၍မြင်မိလေတော့၏။ ဆံပင်ဖားလျားနှင့် ဦးကျော်စိန်၏ ခေါင်းပိုင်းမှာလည်း ဆင်ကြီး၏ ဖနှောင့်ချက်ကြောင့် မုန့်လေမုန့်ချပ်ကြီးလို ပြားလျက် ရုပ်ပျက်ဆင်းပျက် မကြည့်ရဲအောင် ဖြစ်၏။

ညီပုအဖို့ စိန်ဘိုးကြီး၏ လက်ချက်ဟု ရုတ်တရက် ချက်ချင်း ထင်မိပေ၏။ ဦးကျော်စိန်၏ ခြေရာရော ဆင်ကြီး၏ ခြေရာရော ရှုပ်ထွေးယောက်ယက်ခတ်နေသည်။ ညီပုသည် စိတ်သဘောထားဆိုးလှသော ဦးကျော်စိန်၏ အလောင်းကိုကြည့်ကာ သနားလာသလိုလို သတိသံဝေဂ ရလာသလိုလို စိတ်ကလေးမှာဖြစ်ပေါ်လာတော့၏။ ထိုနောက် ဦးကျော်စိန်ကို ရန်ငြိုးကြီးစွာဖြင့် သတ်သော စိန်ဘိုးကြီး၏ ခြေရာများကိုကြည့်မိပြန်၏။

http://www.cherrythitsar.org



တစ်ခဏကလေးအတွင်း၌ ညီပုအဖို့ အံသြမျက်လုံးပြူးသွားပြန်သော အချက်တစ်ချက်နှင့် ကြုံရလေပြီ။ အကြောင်းမှာ ဆင်ခြေရာ တစ်လျှောက်လုံး၌ စိန်ဘိုးကြီး၏ ဘယ်ခြေကွင်း၌ ခိုင်မြဲစွာ စွပ်၍ထားသော ထုံးကြိုးအရာ (သံကြိုးအရာ) တစ်စုံတစ်ခုမျှ မတွေ့ရသောကြောင့်တည်း။ တစ်ဖန်ပြန်၍ ညီပုသည် သေသေချာချာ စဉ်းစားကြည့်ပြန်သောအခါ၌ သဲပြင်၌ ဆင်ခြေရာတွေ့၍သာ ဂရုမပြု အမှတ်မထားဘဲ လိုက်ခဲ့ခြင်းသာဖြစ်၍ ယခုတွေ့ရှိရသော ဆင်ခြေရာ၏ ပုပန်းသဏ္ဍာန် အကျယ်အဝန်းကို လေ့လာ စုံစမ်းကြည့်သောအခါ၌ စိန်ဘိုး၏ ခြေရာထက် အနည်းငယ်ကြီးနေသော ဆင်တစ်ကောင်၏ ခြေရာသာဖြစ်ကြောင်းကို ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရလေတော့၏။

ညီပုသည် သူ၏တံတောင်နှင့် ဆင်ခြေရာကို တောင်း၍ကြည့်လိုက်ပြန်၏။ ခြေသည်းများ၏ သဲပြင်ပေါ်၌ ကျနေပုံပါ တစ်ခုစီ တစ်ခုစီ လေ့လာကြည့်ရှုပြီးလျှင် 'မဟုတ်ဘူးကွ' ဟူ၍ တစ်ခွန်းတည်း အော်လိုက်မိ၏။ စိန်ဘိုးကို ဦးစီးရသော ညီပုသည် ဆင်ကြီးကို များစွာချစ်ခင်သည့်အလျောက် သူ့ဆင် စိန်ဘိုး၏ ခြေရာအနေအထား အကျယ်အဝန်းကို အပ်ကျမတ်ကျ ကောင်းစွာလေ့လာမှတ်သားထားသောကြောင့် ယခု ညီပုတွေ့ရှိရသောခြေရာမှာ ဘယ်နည်းနှင့်မျှ စိန်ဘိုး၏ ခြေရာမဟုတ်နိုင်ကြောင်းကို ကောင်းစွာ နားလည်ယုံကြည်မိခြင်းပင် ဖြစ်ပေ၏။

ညီပု၏ ရုပ်ဆင်းသဏ္ဍာန်နှင့် အမူအရာများသည် လတ်တလောပင် နုပျိုလာတော့သည်ဟု ထင်စေတော့၏။ သူ၏ ခြေနှစ်ချောင်းကလည်း မောပန်းစွာ ဖြတ်ကျော်လာခဲ့ရသည့် ခရီးကန္တာရများကို မေ့ပျောက်ထားခဲ့သလို ပိုမို၍ ခရီးသွက်စေတော့သည်။ ညီပု၏ စိတ်ထဲ၌ စိန်ဘိုးကို တွေ့အောင်ရှာဖို့အရေး၌ ခရီးလမ်းက ဘယ်လောက်ပင်ဝေးဝေး တောတောင်ဘယ်လောက်ပင်ကြီးကြီး အန္တရာယ်ပေါင်းမျှင် များစေကာမူ သူ့အဖို့၌ အိမ်ဦးနှင့်ကြမ်းပြင်ခရီးလောက်၊ အလည်အပတ်သွားရသည့် သဘောမျိုးလောက်သာ အောက်မေ့လေ၏။ ဤကား ညီပု၏ ဆင်ကြီးစိန်ဘိုးအပေါ်

http://www.cherrythitsar.org



ခင်မင်တွယ်တာနေသော ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ္တာနှောင်ကြိုး၏ တန်ခိုးသတ္တိထူးကြောင့်ပင် ဖြစ်၏။

နေလည်းစောင်းလှပြီ၊ တစ်တောလုံးလိုလိုပင် ချိုးကူသံများ ညူညံနေတော့သည်။ ဆင်ပျောက်ရှာသူ ညီပုအဖို့ ဆယ့်ငါးမိုင်ကျော်ကျော် ပေါက်ရောက်ခဲ့ပြန်တော့၏။ သူသည် စိန်ဘိုးကြီးအတွက် မျှော်လင့်ချက် မကုန်သေးချေ။ တွေ့လိမ့်နိုးနိုးစိတ်ကား ညီပုကို ခရီးတွင်စေတော့၏။

တောင်ကမူထိပ်မှ ခြေစုံရပ်ကာ လှံကိုထောက်လျက်ရပ်နေသော ညီပုသည် မိမိရောက်နေသည့်တောတောင်အခြေအနေကို မှတ်သားလေ့လာနေသည်။ 'အလို ဘာလိုလိုနဲ့ ရေအေးချောင်း ကြိုးငိုင်းထဲတောင် ရောက်နေမှကိုး'ဟု တစ်ကိုယ်တည်း ညည်းတွားလိုက်တော့သည်။ ပြီးလျှင် သစ်ပင်ရိပ်များပေါ်၌ မှေးတင်နေသော အစွမ်းကုန် တောက်ပနေသည့် ဝင်လုလုနေမင်းကို ညီပုသည် ညာဘက်လက်ဖြင့် နဖူးပြင်၌ကာ၍ အချိန်ကို ကြည့်ရှုမှန်းဆနေလေသည်။

ညီပုရပ်နေရာ မြောက်ဘက်လျှိုထဲမှ အသံတစ်သံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်ကြောင့် ညီပုသည် နားစွင့်ကာ အသက်မရှူတမ်း ဂရုစိုက်နေမိသည်။ ထိုအသံမှာ အခြားမဟုတ်ပေ။ ဆင်တစ်ကောင်၏ ထူးကြီး (သံဆွဲကြိုး)သံပင် ဖြစ်တော့သည်။ သံကြိုးသံမှာ ပို၍ပို၍ ကျယ်လာပြီးလျှင် ညီပုရပ်နေရာဘက်သို့ တရွေ့ရွေ့နှင့် ချုံများသစ်ပင်များကို တိုးဝှေ့၍လာနေသော သတ္တဝါကောင်၏ လှုပ်ရှားသွားလာနေမှုကို ညီပုသည် ကောင်းစွာ သိရှိနေလေသည်။ ဤတွင် ညီပုသည် လက်နှစ်ဖက်ကို သူ၏ပါးစပ်တွင် ကပ်၍ 'ဟေ့၊ စိန်ဘိုး စိန်ဘိုးရေ၊ လာ လာ'ဟု အသံကုန်ဟစ်၍ ခေါ်လိုက်တော့သည်။

ညီပု၏ အသံအဆုံး၌ သံကြိုးတချွင်ချွင်မြည်သံနှင့်အတူ ဝါးရုံပင်များကို ဖောက်၍ ဘွားခနဲပေါ်လာသည့် ဆင်တစ်ကောင်၏ ဦးခေါင်းအထက်ပိုင်းကို ညီပုသည် လှမ်း၍မြင်လိုက်တော့၏။

http://www.cherrythitsar.org



စိန်ဘိုးမှ စိန်ဘိုးကြီးအစစ်ပင် ဖြစ်တော့သည်။ သို့ရာတွင် စိန်ဘိုးသည် အမူအရာတစ်မျိုး ပြောင်းနေကြောင်းကို ညီပုမှာ ဂရုပြုလိုက်သည်။ ခါတိုင်း ညီပု၏ ခေါ်သံကြားလိုက်သည့် တစ်ပြိုင်နက်တည်း စိန်ဘိုးသည် ဆုတ်မဆိုင်းဘဲ အပြေးကလေးနှင့် ညီပုရှိရာသို့ လာစမြဲဖြစ်သည်။ ယခု အခါမှာမူ တရွေ့ရွေ့နှင့် သတိကြီးစွာထား၍ တစ်လှမ်းချင်းပင် ညီပုရှိရာသို့ စိန်ဘိုးသည် လာနေတော့၏။ ဆင်ကြီး၏ ဘယ်ခြေတွင် စွပ်ထားသော ထုးကြိုးတန်းသည် စိန်ဘိုးကြီး၏ နောက်ပိုင်းမှ သစ်ပင်များကို ရစ်ကာ ပတ်ကာ ဒရွတ်တိုက်ဆွဲနေစေသည်။ ညီပုသည် သူ၏ဆင်ကြီးကို အမြီးပြန် ခေါင်းပြန် ကြည့်လျက်ပြန်၍ တွေ့ရသည်ကြောင့် သူ့ဝမ်းထဲ၌ ဝမ်းသာနေလေသည်။

စိန်ဘိုးကြီးသည် သူ့သခင် ညီပုရပ်နေရာ တောင်ကမူထိပ်သို့ ရောက်သောအခါ၌ သူလာခဲ့သော နောက်ပိုင်းသို့ ခေါင်းကြီးကိုလှည့်၍ ကြည့်လိုက်ပြီးလျှင် သူ့သခင်ညီပုအား နှာမောင်းဖြင့် ပွတ်ကာ သပ်ကာ နှုတ်ဆက်နေရှာ၏။ ပြီးလျှင် စိန်ဘိုးကြီးသည် သူ၏နှာမောင်းကို အသာ အထက်သို့ မြှောက်လိုက်ပြီး လေထဲ၌ ဂရုတစိုက်နှင့် အနံ့ခံနေလေသည်။ သူ၏ နားရွက်နှစ်ဖက်ကလည်း မလှုပ်မယှက်နှင့် စွင့်၍ သူ၏ လာခဲ့ရာ နောက်ပိုင်းသို့ နားထောင်နေပုံရပေသည်။

စိန်ဘိုးကြီး၏ ဣန္ဒြေမရဖြစ်နေပုံကို ညီပုသည် စိုးရိမ်သည့်မျက်နှာ ဖြင့် အကဲခတ်ရင်း ကြည့်နေလေသည်။

ထို့နောက် စိန်ဘိုးကြီးသည် သူ့သခင် ညီပုအား နှာမောင်းဖြင့် တွန်းဖယ်လိုက်သည်။ ညီပုသည် စိန်ဘိုးကြီး၏ ပြုမူချက်အဓိပ္ပာယ်ကို ရုတ်တရက် နားမလည်နိုင်ရှာပေ။ သို့ရာတွင် စိန်ဘိုးကြီးသည် ညီပု၏ ရင်ဘတ်ကို အတင်းတွန်းကာ နောက်သို့ပို့နေတော့သည်။ ပြီးလျှင် နှာမောင်း ကို ထောင်ကာ ပြန်၍ အနံ့ခံနေပြန်၏။

http://www.cherrythitsar.org



ထိုအခါမှ ဆင်သမား ညီပုသည် စိန်ဘိုးကြီး၏ ထူးခြားမှုအဓိပ္ပာယ်ကို သဘောပေါက်မိလေတော့၏။ ဆင်များသည် ရန်အန္တရာယ်များဖြင့် တွေ့ဆုံသည့်အခါ၌လည်းကောင်း၊ ရန်သူ၏အနံ့ကို အနံ့ခံ၍ ရရှိသည့်အခါ၌ လည်းကောင်း သတိကြီးစွာထား၍ မိမိဦးစီး သခင်များကို ဘေးလွတ်ရာသို့ ထွက်ခွာသွားစေ၏။ ယခုလည်း နှာမောင်း တဆောင့်ဆောင့်ဖြင့် စိန်ဘိုးကြီး သည် အနံ့ခံကာ သူ့သခင်ညီပုအား တခြားသို့သွားရန် တွန်းပို့နေခြင်းသာ ဖြစ်ပေ၏။

ညီပုသည် ထိုအခါမှ ရုတ်တရက်သတိရကာ သူတို့ရပ်နေရာ တောတစ်ဝိုက်သို့ ကြည့်ရှုရှာဖွေပြီးနောက် စိန်ဘိုး၏ ဘယ်ခြေ၌ ချွဲထားသည့် ထူးကြိုးကို လျင်မြန်စွာဖြုတ်ပေးလိုက်လေသည်။ စိန်ဘိုးကြီးလည်း သူ၏ ခြေမှ သံကြိုးပြုတ်သည့်နောက်တွင် ညီပုအား ထပ်မံ၍ နှာမောင်းဖြင့် အမြန် တွန်းဖယ်နှင်ထုတ်ပြန်တော့သည်။ ဤတွင်မှ ညီပုသည် စိန်ဘိုးကြီးအား လက်ဖြင့်ပုတ်၍ အားပေးနှုတ်သိမ်းခဲ့ပြီးနောက် ခပ်မြန်မြန် ထွက်ခွာခဲ့လေသည်။

ညီပုသည် ခဲနှစ်ပစ်ခန့် အကွာအဝေးသို့ ရောက်သောအခါ၌ စိန်ဘိုး ကြီး ဆင်းလာရာဘက်မှပင် ဝါးပင်များကို တဖြောင်းဖြောင်း တိုး၍နင်း၍ ထွက်ပေါ်လာသည့် အစွယ်ကြီးများ တကားကားနှင့် တောဆင်ကြီး တစ် ကောင်ကို ရုတ်တရက် တွေ့ရလေသည်။ စိန်ဘိုးလည်း တောဆင်ကြီး ထွက်ပေါ်လာရာဘက်သို့ ဦးခေါင်းကိုလှည့်ပြီး ဆတ်ငြိမ်စွာဖြင့် ရင်ဆိုင်နေ တော့၏။ တောဆင်ကြီးမှာ စိန်ဘိုးထက် အလုံးအရပ်ကောင်းရုံမက အစွယ်ကြီးနှစ်ချောင်းမှာလည်း ရှည်လျားကာ တကယ့်ကြောက်မက်ဖွယ်ရာ အသွင်ကို ဆောင်စေတော့၏။ စိန်ဘိုး၏ အစွယ်ကား ထိုတောဆင်ကြီး အစွယ်နှင့် နှိုင်းယှဉ်လိုက်လျှင် တောဆင်ကြီးအစွယ်၏ သုံးပုံနှစ်ပုံခန့်သာ ရှည်သောကြောင့် ညီပုသည် သူ့ဆင်ကြီး စိန်ဘိုးအတွက် ပူပန်မိရာတော့၏။ တောဆင်ကြီးသည် နှာမောင်းတရမ်းရမ်း လုပ်ကာ အနီးအနားရှိသစ်ပင် များကို ခေါင်းနှင့်တိုက်ကာ ဖြိုလှဲ၍ မာန်သွင်းလိုက်ပြီးလျှင် ဝါးပင်များ

http://www.cherrythitsar.org



ကိုလည်း နှာမောင်းဖြင့် ဖမ်းကာ ရစ်ကာဆွဲ၍ ဟိုပစ် ဒီပစ် လုပ်နေတော့၏။

ညီပုသည် သစ်ပင်ကြီးတစ်ပင်၏ နောက်မှကပ်၍ ကွယ်ဝှက်ကာနေပြီးလျှင် ရင်တခုန်ခုန်နှင့် ဆင်နှစ်ကောင်၏ အခြေအနေကို အကဲခတ်နေရှာ၏။ တစ်ခဏအတွင်း၌ တောဆင်ကြီးသည် နှာမောင်းကြီးကို ဦးခေါင်းထက်၌ မြှောက်ကာ တကျွစ်ကျွစ် ကျယ်လောင်စူးရှစွာဖြင့် အော်မြည်လိုက်ပြီးနောက် စိန်ဘိုးကြီးရပ်နေရာ တောင်ကမူဆီသို့ ပြေးတက်လာလေ၏။ စိန်ဘိုးကား မလှုပ်မယှက် ကျောက်ရုပ်သဖွယ်ငြိမ်လျက်။

မာန်သွင်း၍ တောင်ကမူထိပ်သို့ အရှိန်နှင့် ပြေးတက်လာသော တောဆင်ကြီးသည် စိန်ဘိုးရပ်နေရာ တောင်ထိပ်အစွန်းသို့ ရောက်သည့် တစ်ပြိုင်နက်တည်း စိန်ဘိုးသည် ရုတ်တရက် အသက်ဝင်လာသည့် ကျောက်ဆင်ရုပ်ပမာ သူ၏ အစွယ်ရော၊ နှာမောင်းပါ တောဆင်ကြီး၏ရှေ့ ခပ်စောင်းစောင်းမှ ဆီးကြိုကာ နိုက်ထိုး ထိုးချလိုက်လေတော့၏။ အောက်မှ ခြေကုပ်မမြဲသေးသော တောဆင်ကြီးအဖို့၌ မိမိအရှိန်နှင့် အထက်မှ နေရာကောင်းကိုယူ၍ စောင့်ကာ အချက်ကျကျခံစစ်မှ ထိုးစစ်သို့ ကူးပြောင်းတိုက်ခိုက်လိုက်သည့် စိန်ဘိုး၏ ဒဏ်ချက်ကြောင့် နောက်သို့ တစ်ပတ်လည်ကာ သူ့အရှိန်နှင့်သူ ပြန်၍ ကျသွားလေသည်။ ဤတွင်တောဆင်ကြီး၏ အလုံးအရပ် သဏ္ဌာန်နှင့်စာလျှင် ဆင်ပေါက်ကလေးသာသာရှိသော စိန်ဘိုးသည် တောဆင်ကြီးကျသွားရာနောက်သို့ ထက်ကြပ်မကွာ ဆင်း၍လိုက်သွားလေတော့၏။

သစ်ပင်ကွယ်မှ ဖြစ်ပျက်သမျှကို အသက်မရှူနိုင်အောင် စောင့်၍ကြည့်နေသည့် ဆင်ဦးစီး ညီပုသည် သူတပည့်ကျော် စိန်ဘိုး၏ တိုက်ခိုက်ပုံကို ဝမ်းသာအားရဖြစ်ပြီးလျှင် 'စိန်ဘိုးကွနော်၊ စိန်ဘိုးဟေ့၊ ဖေသားကြီးကြိတ်လိုက်စမ်းကွ၊ ချဟေး'ဟု ညာသံပေးလိုက်သည်မှာ တောဆင်နှင့် အိမ်ဆင်တို့ ထိုးသတ်သည့် အသံများနှင့်ရောနှောကာ ပတ်ဝန်းကျင်၌

http://www.cherrythitsar.org



ပုံတင်ထပ်သွားစေတော့၏။ ညီပုသည် ဆင်နှစ်ကောင်၏ တိုက်ပွဲကို မျက်တောင်မခတ်တမ်း ဆက်လက်၍ ကြည့်ရှုနေမိ၏။

တောဆင်ကြီးမှာ ၎င်း၏ ကိုယ်လုံးကိုယ်ထည် ကြီးမားသလောက် ခပ်ဆောက်ဆောက်တောင် ကမ်းပါးပေါ်မှ အရှိန်နှင့် ကျသည့်အတွက် ရုတ်တရက် လဲရာမှ ပြန်၍မထနိုင်ခင် အတွင်း၌ လျှင်မြန်ဖျတ်လတ်လှသော စိန်ဘိုးသည် တစ်ချိန်တည်းပင် တောဆင်ကြီး၏ ခေါင်းပိုင်းဆီသို့ဖိ၍ နိုပ်၍ အားကုန် အစွယ်နှစ်ချောင်းဖြင့် ထိုးချလိုက်လေသည်။ ဆင်နှစ်ကောင်၏ စစ်ပွဲ ကြွေးကြော်သံမှာ ချောင်းမြောင်းတောင်ကုန်းမှ တောပြင်ကို ပုံတင်ထပ်သွားစေ၏။

ဝုန်းဝုန်းဒိုင်းဒိုင်း ဆူညံလှသော ဆင်နှစ်ကောင်၏ သတ်ပုတ်ပွဲအခန်း နှင့် အလွန်နက်နဲလှသည့်ငြိမ်သက်ခြင်းက ဝတ်ဝန်းကျင်ကို ချုပ်ကိုင်လွှမ်းမိုး ထားပါသည်။ သစ်ပင်ကွယ်မှ တိုက်ပွဲအဆုံးအထိ အလစ်မပေးတမ်း စောင့်ကြည့်နေသော ညီပုသည် တောဆင်ကြီးလဲနေရာအနီး၌ အသင့်စောင့် ကာ ရပ်နေသည့် စိန်ဘိုးရှိရာသို့ ဂရုတစိုက်နှင့် ထွက်လာခဲ့၏။

'စိန်ဘိုး၊ ဟေ့ စိန်ဘိုး' ဟု အသံပေးကာ ညီပုသည် စိန်ဘိုးအနီးသို့ ရောက်သွား၏။ ပြီးမှ စိန်ဘိုး၏ ကိုယ်ခန္ဓာ၌ ဒဏ်ရာအထိအရှကို ရှာဖွေ ကြည့်ရှုလိုက်သည်။ စိန်ဘိုးမှာ သွေးစသွေးန ဘာမျှ မတွေ့ရသည့်ပြင် စိန်ဘိုးမှာ ညီပုအား နှာမောင်းဖြင့်ပွတ်သပ်၍ နှုတ်ဆက်နေ၏။ တောဆင်ကြီး နားထင်၌ကား စိန်ဘိုး၏ အစွယ်ချက်ကြောင့် ကြောက်စရာအပေါက်ကြီးများ အဖြစ် ကျန်ရစ်၍ သွေးချောင်းစီးနေလေသည်။ ထူးခြားလှသော ကိစ္စတစ်ခုကို ငုံ၍ ညီပုက ကြည့်လိုက်သည်။ ထိုညီပုတွေ့မြင်ရသော တောဆင်ကြီး၏ အစွယ်ရင်း၌ ကပ်ငြိနေသည့်အရာမှာ ဆင်အုပ်ဦးကျော်စိန်၏ အပေါ်အင်္ကျီအစ တစ်ပိုင်းပြတ်ပင်ဖြစ်၍ သွေးအလူးလူးနှင့် တွေ့မြင်ရခြင်းဖြစ်၏။

ညီပုသည် စားအိမ်မှာ ဓားကိုချွတ်၍ တစ်စုံတစ်ခု ပြုလုပ်နေလေ သည်။ သူတစ်ဦးတည်းလုပ်ကိုင်ရ၍ တော်တော်နှင့် မပြီးဆုံးနိုင်ချေ။ သူ၏ သခင် လုပ်ပုံကိုင်ပုံကို နောက်မှ သက်တော်စောင့်အဖြစ်နှင့် စောင့်ကြပ်

http://www.cherrythitsar.org



ကာ ကြည့်ရှုနေသော စိန်ဘိုးကြီးအဖို့၌ တိုက်ပွဲပြီးချိန်မှ အနားယူနေသလို အခွင့်ကောင်းကို ရယူစေတော့သတည်း။

ဆင်တဲပိုင်းတစ်ခုလုံး ကျွက်ကျွက်ညံနေလေပြီ။ စိန်ဘိုးကြီး နောက်သို့ လိုက်သွားသော ဆင်တဲပိုင်း၏ နာယက ဆင်အုပ်ကြီး ဦးကျော်စိန်လည်း မပေါ်လာ၊ ထိုနောက် ဦးမဲ၏အမိန့်အရ လိုက်သွားသော ညီပုလည်း သတင်းမရ။ ဆင်သားအားလုံး နားတစွင့်စွင့် ဖြစ်နေတော့သည်။ ဦးမဲ၏ အစီရင်ခံချက်ကြောင့် မြို့ရှိ သစ်တောရုံးမှ မုန်ယိုသည်၊ လူသတ်သည်ဟူသော အပြစ်ဒဏ်ကြောင့် ပစ်သတ်ရန်စေလွှတ်လိုက်သည့် ဆင်ပစ်တောအုပ်တစ်ယောက်နှင့် သစ်တောဝန်ထောက်တို့ လူသိုက်လည်း ဆင်တဲစခန်း၌ အဆင်သင့်ရောက်ရှိနေကြလေ၏။ များစွာ စိတ်အဆင်းရဲဆုံး ပုဂ္ဂိုလ်မှာ ဆင်အုပ် ဦးကျော်စိန်၏ မိန်းမ ဒေါ်ငွေရင်နှင့် ညီပု၏မိန်းမ အေးသာတို့ပင်ဖြစ်၏။ ဒေါ်ငွေရင်အဖို့ မျက်နှာကြီးမို့ ဘေးမှပိုင်း၍ ချော့မေးဖြေဖျော်မည့်သူများ ရှိနေ၍ မဆောင်းသာသော်လည်း အေးသာအဖို့၌ တစ်ကိုယ်တည်းပင် မျက်ရည်နှင့်မျက်ခွက် ငိုပွဲဆင်နေရလေသည်။

အေးသာသည် သူတို့ဆင်တဲပိုင်း၌ မြို့မှတက်လာ၍ စခန်းချနေသော သစ်တောဝန်ထောက်နှင့် ဆင်ပစ်တောအုပ်တို့အတွက် စိတ်လက်ပင်မကောင်းစေကာမူတာဝန်အရ ထင်းခြောက်များကို စုဆောင်းရှာဖွေပေးနေရလေသည်။ အေးသာသည် ဝါးခြောက်များနှင့် ထင်းစများကိုပွေ့၍ ဆင်တဲပိုင်းသို့ ဝင်မည်အပြုတွင် သူမ၏ နောက်ပိုင်းမှ

'ဟော၊ အေးသာ' ဟူသော သူမ ကြားနေကျ ကိုညီပု၏အသံကြောင့် ကမန်းကတန်းနှင့်လှည့်၍ စိတ်စနောင့်စနင်းနှင့် ကြည့်လိုက်သည့်အခါ စိန်ဘိုးကို စီးလျက် ပြုံးပြုံးကြီးကြည့်နေသည့် သူမ၏ လင်တော်မောင်ကိုညီပုကိုတွေ့ရ၍ အယူတိမ်းပြီး အစိမ်းဖြစ်ကာ ကိုယ်ရောင်များ လာပြနေရောလားဟု ငေးငိုင်လျက်ပြန်လှန်၍ နှုတ်ဆက်ရန်သတိမရသည့်တွင်

http://www.cherrythitsar.org



'ဟော့၊ ဆေးသာ ဘာဖြစ်နေတာလဲကွ၊ မိန်းမရေ'ဟူသော ညီပု၏ အသံနှင့်အတူ စိန်ဘိုးကြီးသည် ရေ့ဆက်လာမှ တကယ်လူအစစ် ဆင်အစစ် ဖြစ်ကြောင်းကို ယုံကြည်တော့

'အမယ်လေး ကိုညီပု၊ တော် မသေဘူးနော်'

ကိုညီပုထံမှ ဟယ်ဟဲသဘောကျ၍ ရယ်သံသည်သာလျှင် ဆေးသာ အဖို့ အဖြေ ဖြစ်ပါသည်။

ဆင်တဲပိုင်းသို့ ဓပ်တည်တည် စိန်ဘိုးကြီးကိုမောင်း၍ ဝင်လာသူ ညီပုအား အိမ်ရှိလူကုန်ထွက်၍ အမြေးအလွှား ဝိုင်းအုံပြီး ကြည့်ကြ၏။ သစ်တောဝန်ထောက်နှင့် ဆင်ပစ်တောအုပ် ဆင်ခေါင်းခွဲ ဦးမဲတို့သည် အလောတကြီးနှင့်

'ဦးကျော်စိန်ကော တွေ့ခဲ့လားကွယ့် ညီပု'ဟု မေးမြန်းသည်တွင် ညီပုသည် တုံးတိတိနှင့် 'တွေ့ခဲ့တယ်၊ ဟောဒီမှာ သူ့ဝဇ္ဇည်းတွေ'ဟု ပြောပြောဆိုဆိုနှင့် ဦးကျော်စိန်၏ လွယ်အိတ်၊ မျက်နှာသုတ်ပဝါနှင့် ကျိုးပဲ့ နေသည့် ကွမ်းအစ်များကို ဆင်ပေါ်မှ လှမ်း၍ ပေးလိုက်လေသည်။

ဒေါ်ဒွေရင်၏ တအားဟစ်၍ ငိုကြွေးသံများနှင့် မိန်းမတစ်သိုက်၏ ငိုသံများပါရော၍ တစ်ယောက်တစ်ခွန်း ဆင်သမားများသည် စိတ်ဆိုး မာန်ဆိုးဖြင့် စိန်ဘိုးကြီးအား မုန်းတီးစွာနှင့် အပြစ်တင်ကြလေ၏။

ဦးမဲသည် စိန်ဘိုးကြီးကို လက်ညှိုးထိုး၍ ဆင်ပစ်တောအုပ်အား ပြသရင်း 'ကိုင်း ဆရာကြီး၊ ဒီအကောင်ကြီးသတ်တာ ခုဆိုရင် လူဆယ် ယောက် ရှိနေပြီခင်ဗျ၊ အထက်က အမိန့်အရအတိုင်း ခုပဲပစ်သတ်ပါတော့'ဟု စိတ်ဆိုးစွာဖြင့် ဆင်ပစ်တောအုပ်ကို အသေတ်နိုင်းလိုက်သည်တွင် စိန်ဘိုး၏ ဦးခေါင်းပေါ်မှ ဆင်ဦးစီးညီပုသည် မြုံးမြုံးကြီးလုပ်ကာလက်ကာ၍ပြလိုက်ရင်း 'နေကြဦး နေကြဦး၊ ဦးလေးမဲ စွပ်စွဲတာ တစ်ခုမှ မမှန်ဘူးဗျ သိရဲ့လား' ဟု ဆင်အုပ်ဦးကျော်စိန်ကိုသတ်တဲ့ တရားခံအစစ်ကိုပြမယ်၊ စိန်ဘိုးတော့ မဟုတ်ဘူးဗျို့၊ အောင်မြင်သောအသံဖြင့် လှမ်း၍ ပြောဆိုလိုက်သည်တွင်

http://www.cherrythitsar.org



ပရိသတ်အားလုံးမှာ ပါးစပ်အဟောင်းသားဖြင့် ညီပုအား လှုထူးလှဆန်း သဖွယ် ငိုင်း၍ ကြည့်နေကြတော့၏။

ညီပုသည် ဂရုတစိုက် ပုဆိုးနှင့်ထုပ်ဆောင်လာခဲ့သော အထုပ်တစ်ခုကို သေချာစွာဖြေ၍ အဆုံးတွင် ပန္နည်းနှစ်ခုကို ဦးမဲတို့လူကြီးများ ရှေ့မှောက်သို့ ဖုတ်ခနဲပစ်ချကာ 'ဦးကျော်စိန်ကို သတ်တာ သူပါပဲဗျာ'ဟု ခပ်လေးလေး ပြောပြလိုက်၏။ ညီပု ဆင်ပေါ်က ပစ်၍ချပေးလိုက်သော ပန္နည်းနှစ်ခုမှာ တောဆင်ကြီး၏ ကြီးမားလှသော နားရွက်ကြီးနှစ်ဖက်ပင် ဖြစ်လေ၏။

ပြီးမှ ညီပုသည် 'စိန်ဘိုးကို ဆင်အုပ်ဦးကျော်စိန် လိုက်ဖမ်းရင်း တောဆင်နဲ့တွေ့ပြီး အသတ်ခံရတာပါပဲ၊ တောဆင်ကြီးကို ယောဒီက ကျွပ်သားကြီး စိန်ဘိုးကိုယ်တိုင် ကျွပ်ရှေ့မှာ ယှဉ်ပြိုင်တိုးသတ်လို့ တော ဆင်ကြီးဟာ ရေအေးမြောင်ကြီးဝိုင်းထဲမှာ သေရစ်ခဲ့တယ်။ ဆင်စွယ်နဲ့ ဆင်သားစားချင်ရင် သွားယူကြပေတော့။ ဦးကျော်စိန်ရဲ့ အကျီစုတ်စိုင်းဟာ ခုအထိ တောဆင်ကြီးရဲ့အစွယ်ရင်းမှာ ငြိပြီးရှိလေရဲ့၊ ကိုင်း ဒါပါပဲ စိန်ဘိုးတော့ ခု ခင်ဗျားတို့ မြင်တဲ့ အတိုင်းပဲ'

ဆင်ပေါ်မှဆင်း၍ ဟန်ပါပါနှင့် ခါးထောက်ကာ ရှင်းလင်းပြောပြ နေသော ညီပု၏ စကားအဆုံး၌ သစ်တောဘက်အရာရှိများပါ စိန်ဘိုး အပေါ်၌ သံသယရှင်းသွားကြပြီးနောက် တစ်သက်လုံးနာမည်ဆိုးရာမှ တစ်ခဏအတွင်း၌ သူရဲကောင်းကြီးဖြစ်သွားသည့် စိန်ဘိုးကြီးရှိရာသို့ လှမ်း၍ကြည့်လိုက်သည်တွင်

ဆင်ဆိုးကြီးဟု နာမည်ကြီးနေသော စိန်ဘိုးကြီးသည် ထင်းချောက် တုံးကြီးသုံးတုံးကို နှာမောင်းဖြင့်ဆွဲကာ သူ၏ခေါင်းပေါ်၌ ဦးစီးမပါဘဲ သူ၏ ဆရာကတော် အေးသာနောက်မှ တရွေ့ရွေ့လှမ်းရင်း အိမ်၌ချွေးထား သည့် ချွေးပေါက်စကလေးတစ်ကောင်ကဲ့သို့ ဣန္ဒြေရရနှင့် အလုပ်ပိုများကို လုပ်ဆောင်နေသည့် ဆင်လိမ္မာတစ်ကောင်အဖြစ်နှင့် လက်တွေ့မျက်မြင် တွေ့ရှိကြရလေတော့သတည်း။

[ မြဝတီ။ ။ မတ်၊ ၁၉၅၇ ]

http://www.cherrythitsar.org

# ချက်ပိုင်သော ပစ်ကွင်း

ရေပေါ်၌ တစ်လက်မ၏ သုံးပုံနှစ်ပုံသာပေါ်နေသော ပစ်ကွင်း။

ကျွန်တော်သည် စိတ်ကို တည်ငြိမ်စွာထားလိုက်ပြီး ၃၇၅ မက်နမ် ရိုင်ဖယ်ကို မ ကာ ချိန်လိုက်သည်။ အရေးထဲတွင် အရာပေါ်သည်ဆိုသကဲ့သို့ အရှေ့ဘက်မှတက်လာသော နေရောင်ခြည်တွေကလည်း ကွန့်မြူးလျက် ရောင်ပြန်ဟပ်ကာ ကျွန်တော်၏ ပစ်ကွင်းနှင့် ကျွန်တော်၏ မျက်စိတစ်ဖက် ကိုပါ ဒုက္ခပေးပါတော့သည်။ ချိန်နေရင်းတန်းလန်းနှင့် ကျွန်တော်၏ ညာဘက်မျက်စိမှာ နေရောင်ခြည်၏ အရောင်ဟပ်မှုကြောင့် ပြာ၍ ဝါးတား တား ဖြစ်လာတော့သည်။

ညာမျက်စိကို ခဏမှိတ်၍ ဖွင့်လိုက်ပြီး ပစ်ကွင်းဆီသို့ရှာတနိုက် ပြန်ချိန်လိုက်ရာတွင် ကျွန်တော်ရပ်နေသော ဖော်တော်ဘုတ်ကလေးသည် လှိုင်းပုတ်ခတ်သောကြောင့် လှုပ်ခတ်သွားခဲ့သဖြင့် ကျွန်တော်၏ ချိန်ကွက်မှာ တစ်ခဏအတွင်း ပျက်ပြယ်သွားပြန်ပါသည်။

နဖူးဆီမှ ချွေးစေးကလေးများ အလျှို အလျှို ပေါ်ပေါက်လာ သလောက် ကျွန်တော်၏ စိတ်တွင်း၌ ဒေါသစိတ်ကလေးများ ပေါ်ထွက်ခဲ့

http://www.cherrythitsar.org



သည်။ ဤမျှအဆင်မပြေလှသော ပစ်ကွင်းမျိုးကို ကျွန်တော် များစွာ မကြုံဖူးပါ။ ဆိုးရွားစွာ၍ အဆင်မပြေ သဘာဝမကျသော ပစ်ကွင်းကို မည်သို့ရိုင်ဖယ်ချိန်သားရအောင် ပစ်ခတ်ရမည့် အရေးကို စဉ်းစားရင်း နည်းလမ်းသစ်တစ်ခုကို ရှာဖွေပြန်ပါသည်။

ရေပေါ်၌ နစ်မြုပ်လုလု သုံးပုံနှစ်ပုံခန့်သာ ပေါ်နေသော ပစ်ကွင်းသည် မရွေ့လျားသေးပါ။ တစ်ချို့ တစ်ချို့တွင် သူ့အပေါ်သို့ လှိုင်းဂယက်ကလေးများ ကျော်ခတ်လိုက်သည်တွင် ကျွန်တော်သည် သဲသဲမဲမဲ မှန်တင်းထားခဲ့သော ပစ်ကွင်း၊ သို့မဟုတ် ချိန်ကွင်းတွင် ပျောက်ကာ ပျောက်ကာ သွားပါတော့သည်။

ဤမျှ ရတောင့်ရခဲသော အခွင့်ကောင်းမျိုးကို ကျွန်တော်သုံးလေးရက်မျှ အပင်ပန်းခံကာ နေ့ပူမရှောင် နေရာမရွေး ကမ်းစောင့်မျှော်ခဲ့ရ၏။ အခွင့်ကောင်းရပြန်သော်လည်း ရိုင်ဖယ်၏ချိန်သားမကိုက်ခြင်း၊ ကျွန်တော်ရပ်တည်ရာ မော်တော်ဘုတ်က လှုပ်ရှားနေခြင်းတို့ကြောင့် ခဲရာခဲဆစ်ဖြစ်သည့် ပစ်ကွင်းကို တစ်ချက်တလေမျှပင် မပစ်လိုက်ရပါ။

အစဉ်တစိုက် ကျွန်တော် ချောင်းမြောင်းကြိုးပမ်းနေသော ပစ်ကွင်းကား အဘယ်နည်းဟု စာဖတ်သူများ အမျိုးမျိုးတွေးခေါ်ကာ စဉ်းစားခန်းတွေထုတ်နေကြပေလိမ့်မည်။ မိမိရေ ချက်ကောင်းကို ကျွန်တော်၏ သွေးဆာနေသော ၃၇၅ မက်နမ်ရိုင်ဖယ်က ပစ်ခတ်လိုသည့် ပစ်ကွင်းမှာ အခြားမဟုတ်ပါ။ 'ဂဟာန်း' ကမ်းခြေတစ်လျှောက်နှင့် ချောင်းရိုးတစ်လျှောက်၌ သောင်းကျန်းနေသော 'ကြောကြီး' အမည်ခံ မိကျောင်းကြီးပင် ဖြစ်ပါသည်။

ကြောကြီးသည် ကျွန်တော့်ကိုသာမက မုဆိုးကြီး ဦးဘိုးဟန်ကိုပါ ဒုက္ခပေးစပြုပါပြီ။ နှစ်ယောက်သား ညမအိပ်နိုင်တော့ဘဲ ကြောကြီး၏အကြောင်းကို ဆွေးနွေးဆဲပင်ရင်း သူ့အား ချက်ပိုင်ပိုင် သုတ်သင်ရေးအတွက် စီမံကိန်းတွေချကာ နည်းပရိယာယ်အမျိုးမျိုးသုံးရင်း ချောင်းမြောင်းကြသည်။ သို့ရာတွင် ကြောကြီးကား ကျွန်တော်တို့၏ လုပ်ကြံမှုကို ကြိုတင်၍ သတင်း

http://www.cherrythitsar.org



ရရှိထားသည့်ပမာ ကျွန်တော်တို့ ဒီဘက်ကမ်းက ချောင်းခွဲလျှင် ချိန်သား မကိုက်နိုင်သော ကိုက်သုံးရာခန့်ဝေးသည့် ဟိုဘက်ကမ်းစပ်၌ ခပ်ရေးရေး ကိုယ်ထင်ပြကာ ကျွန်တော်တို့ကို မထီလေးစား လုပ်ပြနေတော့သည်။ သူ သွားလာကျက်စားနေကျနေရာများသို့ မော်တော်ဘုတ်နှင့် လိုက်လံရှာဖွေ ကြသည့်တွင် ကြောကြီးသည် ကျွန်တော်တို့ မော်တော်ဘုတ် ကျော်ဖြတ်ခဲ့ရာ နောက်မှ ဂဟာန်းချောင်းကမ်းရှိ ရွာသူရွာသားများကို စောင်ခုကွဲပေးလိုက် ပါသည်။

မိကျောင်းကြီးကို ကြောကြီးဟု အဘယ်ကြောင့်ခေါ်ဝေါ်အမည်ပေးရ သနည်းဟု ကျွန်တော်သည် ဂဟာန်းချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများသို့ စုံစမ်းမေးမြန်းရင်း သုတေသနလုပ်ခဲ့သည့်အခါတိုင်း တွေ့နေကျမိကျောင်း တွေလို တစ်ကိုယ်လုံး ဝါပုပ်ပုပ် ဝါလဲ့လဲ့အရောင် ကိုယ်ရေမဟုတ်ဘဲ ကြောကြီးသည် အနက်ဖက်ခပ်ကျကျ တစ်ကိုယ်လုံးအရောင်ကြီးနှင့်တကွ ထိပ်တည့်တည့်တွင် အဖြူရောင်ကြောကွက်ကြီး ပေါ်နေခြင်းကြောင့် သူ့အား ကြောက်လန့်တကြား ရွာသားတွေက ကြောကြီးဟု ကင်ပွန်းတပ်ခေါ်ဝေါ် ခဲ့ကြောင်း သိရပါသည်။

ဂဟာန်းချောင်းဝသည် တနင်္သာရီ ကမ်းရိုးတန်း၏ အစွန်ကျကျ ဒေသဖြစ်သော မြိတ်မြို့၏ မြောက်ဘက် ဆယ့်နှစ်မိုင်ကွာ တနင်္သာရီကမ်းရိုး တန်းပေါ်၌ တည်ရှိသော ချောင်းဝဖြစ်သည်။ ထိုချောင်းဝ၌ ဂဟာန်းရွာ ကလေးသည် အိမ်ခြေလေးငါးဆယ်ခန့်ရှိပြီး ရွာသူရွာသားများမှာ အများ အားဖြင့် ပင်လယ်၌မှီ၍ အသက်မွေးကြသော တံငါများဖြစ်ကြပြီး ကွက်ကျား ကွက်ကျား အလုပ်အဖြစ်နှင့် ထင်းလုပ်ငန်း၊ ဓနိလုပ်ငန်းများကို လုပ်ကိုင်ကြ ပါသည်။ ကမ်းခြေတစ်ဖက်တစ်ချက်၌ ဓရပ်တောဟုခေါ်သည့် ပင်လယ် ကမ်းခြေတစ်လျှောက်၌ ပေါက်ရောက်တတ်သော ကနစိုးပင်၊ လမုပင်၊ ဓနိပင်၊ ရင်ငန်းပင်များ ထူထပ်စွာ ပေါက်ရောက်နေကြသော တောတန်း များဖြင့် သာတောင့်သာယာ ရှိလှပေ၏။

http://www.cherrythitsar.org



ရှေ့ကိုက် နှစ်ရာငါးဆယ်အတွင်း၌ တစ်လက်မ သုံးပုံ နှစ်ပုံခန့် ရေပေါ်၌ နှစ်ရှည်မြှပ်ရှည် ပေါ်နေသည့် ကြောကြီး၏ ထိပ်ပိုင်းမို့မို့ကလေးသည် လတ်တလောအတွင်း၌ ရေအောက်သို့ စုတ်ခနဲ မြုပ်သွားပါတော့သည်။

'သွားပြန်ပြီဗျို့ တစ်ချီ၊ အလွန်ပါးတဲ့ အကောင်ကြီး'

ကျွန်တော်၏ နောက်ကျောဘက်မှကပ်၍ မုန်ပြောင်းနှင့် ကျကျနန ကြည့်ကာ ကျွန်တော့်အား ကြောကြီး သုတ်သင်ရေးအတွက် အကြံဉာဏ်ပေးနေသော ဦးဘိုးဟန်၏ မကျေနပ်သံကြီးသည် ပေါ်ထွက်လာတော့သည်။

'ချိန်သားမကိုက်ဘူး အဘိုးကြီး'

ကျွန်တော်သည် ရိုင်ဖယ်မောင်းကို နှုတ်၍ မောင်းပြန်ချလိုက်ပြီး အခဲမကျေသည့်လေသံဖြင့် ပြောလိုက်သည့်တွင်

'မပိုင်ရင် မပစ်တာကောင်းတယ် ဗိုလ်မှူး၊ ပစ်လို့ မမှန်ရင်တော့ ဒီအယုတ်ကောင်ကြီး ဒီထက်ပိုပြီး သတိထားရမယ်၊ ကျုပ်တို့ မော်တော်အသံကြားရင် လုံးလုံး အပေါ်မတက်ဘဲ ရှောင်နေမယ်၊ တခြားသွားပြီး ဗိုလ်ကျနေမယ်'

ကျွန်တော်တို့ကို တင်ဆောင်လာသော မော်တော်မောင်းသူဆီသို့ ကျွန်တော်က လက်ဖြင့်အချက်ပေးလိုက်ရာ မကြာမီ မော်တော်ဘုတ်ကလေးသည် ချောင်းတောက်သို့ ပြန်လှည့်ခဲ့ရပေသည်။ မြေပြင်အောက်လှုံ့ခြရာမှ ကြောကြီးသည် ကျွန်တော်တို့၏ မော်တော်ဘုတ်ကလေးကို ရှောင်ပြေး ပြေးကာ မထီလေးစားနှင့်ကြည့်နေပေလိမ့်မည်ဟု ကျွန်တော် နားလည်မိပါတော့သည်။

* * *

လန်းဆန်းသောလေကလေးသည် ကမ်းခြေတစ်လျှောက်မှ ကျွန်တော့်ဆီသို့ ဖြတ်၍ တသွင်သွင်တိုက်ခတ်နေတော့သည်။ တစ်ချက် တစ်ချက် ချောင်း

http://www.cherrythitsar.org



ကမ်းဆီက နွံ့အနံ့ကလေးများက ညှပ်၍ လေပြည်ကလေးထဲတွင် ရောနှောကာ ပါလာပါသည်။ နောက်ကျို၍နေသော အဝါညစ်ရောင်ရေပြင်သည် ဂဟာန်းချောင်းဝရှိ ပေငါးရာခန့်အကျယ်မှ ဒလဟောတက်နေတော့သည်။

ကျွန်တော်၊ ဦးဘိုးဟန်၊ ကိုဘလှသိန်းတို့ လင်မယားနှင့် အလုပ်သမားများသည် ကမ်းခြေနှင့်ကိုက်တစ်ရာခန့်အကွာရှိ ကိုဘလှသိန်း၏ အလုပ်ရုံထဲတွင် အလာပ သလ္လာပ စကားတွေပြော၍ကောင်းနေတုန်းပင်။

'သုံးဆောင်ပါ ဗိုလ်မှူး၊ ကျွန်တော်တို့မှာ ဗိုလ်မှူးရဲ့ကျေးဇူးကို ဘယ်လိုလုပ်ပြီး ပြန်ဆပ်ရမှန်း မသိဘူးခင်ဗျ၊ ဘဝက ရေစက်လို့ပဲအောက်မေ့ရမှာပဲ' ဟု အလုပ်ကြီးလုပ်နေသူ ကိုဘလှသိန်းက ကျွန်တော့်အား ရင်းနှီးစွာ ဧည့်ခံရင်း ရှေးဖြစ်ဟောင်းအတိတ်ကို ပြန်ပြောင်း သတိရဟန်ဖြင့် ပြောလိုက်ပါသည်။

ဂျပန်ခေတ်အလယ် မရောက်တရောက်တွင် မန္တလေးသို့ ရေနံကုန်များ ငါးပိ ငါးခြောက်များကို ကိုယ်တိုင်ရထားဖြင့်တင်ပို့နေသော မြိတ်သား ကိုဘလှသိန်းသည် အသက်အန္တရာယ်ကြုံခဲ့ရ၏။ သူတို့စီးလာသော မီးရထားကို ရန်သူလေယာဉ်က ရွာတော်ရွာအနီး၌ စက်သေနတ်ပစ်ကာ ဗုံးကြဲလိုက်သည်တွင် ရထားတစ်စီးလုံး မှောက်ခုံပက်လက် ဖြစ်ခဲ့သည်။ ကျွန်တော်သည် မြို့နယ်တာဝန်ခံ တပ်မှူးဖြစ်၍ ဖော်ပြပါနေရာသို့ အရောက်သွားပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဦးစီးခဲ့ရသည်။ တွဲအောက်၌ ပိနေသော ဒုက္ခသည်အထဲမှ ညာဘက်ခြေသလုံးကျိုးနေသော ကိုဘလှသိန်းကို သယ်ယူခဲ့သည်။ သူ၏ ပစ္စည်းတွေကိုပါ မပျောက်မပျက်ရအောင် ကျွန်တော်တပ်ရင်းက တာဝန်ယူ၍ စောင့်ရှောက်ထိန်းသိမ်းပေးခဲ့သည်။ ကိုဘလှသိန်းကို တပ်မတော်ဆေးရုံ၌တင်ကာ တစ်လကျော်မျှ ဆေးကုသပေးခဲ့ရုံမျှမက သူ၏ ကုန်ပစ္စည်းတွေလည်း ဖျာပုံမြို့ရှိ ကုန်သည်များထံသို့ ပေါက်ဈေး နှင့် အလုပ်ဖြစ်အောင် ရောင်းပေးခဲ့သည်။

http://www.cherrythitsar.org



ဤကျေးဇူးတရားကြောင့် ကျွန်တော်သည် ငှက်ဖျားရောဂါကြောင့် မေတ္တာအနားယူရင်း ဆိုသလို ဆေးရုံမှ အဆောင်းတွင် တစ်နှစ်နီးပါးလူချင်း ကွဲသွားကြသော ကိုဘလှသိန်းတို့ မြစ်ကြီးနားသို့ ဦးဘိုးဟန်ကိုပါ ခေါ်ယူခဲ့ပြီး အပန်းဖြေ ထွက်ခဲ့ကြရင်း ရောက်ရှိခဲ့တော့သည်။

ဂဟာန်းချောင်းဝသို့ စုန်ချည် ဆန်ချည် မျောနေသော ဒိုက်ပင် ဖေါ ပင်များကို ကျွန်တော်သည် မျက်စိတစ်ဆုံး ကြည့်နေမိသည်။ စင်ရော် တစ်အုပ်ကလည်း ဝဲကာပျံကာနှင့် သမုဒ္ဒရာ ဝမ်းတစ်ထွာပြဿနာကို ရှင်းနေကြရှာသည်။ ကျွဲနှစ်ကောင်သည် ချောင်းစပ်တစ်လျှောက်၌ ပေါက် ရောက်နေသော မြက်နုနုကလေးတွေကိုစားရင်း ပင်လယ်ကမ်းစပ် ပန်းချီ ကားတစ်ချပ်အဖြစ် ဖန်တီးနေပါသည်။

'ဗိုလ်မှူးတို့ ရောက်တဲ့အချိန်မှာ ကြုံလဲ ကြုံနေပါတယ်ခင်ဗျာ'

ကိုဘလှသိန်းသည် ပြောမည့်စကားကို တစ်ပိုင်းတစ်စနှင့် ရှေ့ဆက် မပြောတော့ဘဲ ရပ်ထားလိုက်သည်တွင်

'လုပ်စမ်းပါဦးဗျ ကိုဘလှသိန်း၊ ကျွန်တော်တို့ ရောက်တဲ့အချိန် မှာ ဘာတွေဖြစ်လို့လဲဗျ၊ ပြောမယ့်သာပြောစမ်းပါဗျာ'

ကိုဘလှသိန်းသည် ချောင်းကမ်းပါးစပ်ဆီသို့ကြည့်ကာ 'စုတလော မိကျောင်းတစ်ကောင် တော်တော်လေး သောင်းကျန်းနေတယ် ခင်ဗျ၊ ဒါကြောင့် ရေစပ်တွေ ဘာတွေနားကို သတိပြုကြဖို့ သတိပေးမလို့ပါခင်ဗျာ၊ တတ်နိုင်ရင်လဲ ဒီသောင်းကျန်းနေတဲ့ မိကျောင်းကို ရှင်းလင်းသုတ်သင်ပေးခဲ့ဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ'ဟု ပြောလေသည်။

ကျွန်တော်သည် ဦးဘိုးဟန်၏ မျက်နှာကို လှမ်းကာကြည့်လိုက်ပြီး နှစ်ယောက်သား ပြုံးလိုက်ကြတော့သည်။ ပြီးမှ

'အမှန်အတိုင်း ကျွန်တော်တို့ ဝန်ခံပါရစေ ကိုဘလှသိန်း၊ မြေပေါ်မှာ ကျွန်တော်တို့နှစ်ယောက်ထက် အသက်အန္တရာယ်ကြီးမားတဲ့ တိရစ္ဆာန်ကြီး တွေကို လက်မနှေးတမ်း သုတ်သင်ပစ်တော်နိုင်ပါတယ်၊ ရေပိုင်းကျတော့

http://www.cherrythitsar.org



သိပ်မကျွမ်းကျင်ဘူး၊ မိကျောင်းဆိုတာကလဲ ရေပိုင်းကျတော့ သူက ပိုင်နဲ့ နေအောင် ကျွမ်းကျင်လေတော့ ကျွန်တော်တို့အဖို့ ဝန်မခံရဲပါဘူးဗျာ၊ ဆိုစမ်းပါဦး၊ ဒီနားမှာ မိကျောင်းရှိလို့လား'

'ဟောဒီ ချောင်းဝကစပြီး ပင်လယ်အထိ မိကျောင်းရော ငါးမန်းပါ မကြာခဏ တွေ့ကြရပါတယ်၊ ဟောဒီမှာ သောင်းကျန်းစပြုနေတဲ့ မိကျောင်း ကတော့ အကောင်ကြီးတယ် ခင်ဗျ၊ အကောင်က အကောင်နက်ကြီးဖြစ်ပြီး ထိပ်မှာကြာကြီးနဲ့တဲ့ ဗိုလ်မှူး၊ ချောင်းဖျား သနပ်စုရွာက တံငါနှစ်ယောက် လှေဆိုက်ပြီး ပိုက်ချနေတုန်း တစ်ယောက်ကို တစ်ချီတည်း ဝင်ဆွဲသွားလို့ ပါသွားပြီတဲ့ ခင်ဗျ'

'အင်း၊ ကျုပ်တို့ဆီက ရိုးမြေတွေမှာ ကျားဆိုးတွေရှိသလို ဒီပင်လယ် ပိုင်းမှာလဲ မိကျောင်းတွေရန်က တယ်ကြောက်ရသကိုး'

'လွန်ခဲ့တဲ့သုံးရက်ခန့်က ချောင်းဖျားကို ဈေးသွားရောင်းတဲ့ ကိုရွှေဝ တို့ ဈေးလှေကို အပြန်မှာ နောက်က မိကျောင်းကြီးက ရေပေါ်ဖော်ပြီး လိုက်လို့ တအားလှော်ပြီး နီးရာကမ်းအတင်းဆိုက်ပြီး ဈေးသည်တွေ ချောင်းကမ်းအတိုင်း ပြန်ပြေးခဲ့ရတယ်ခင်ဗျ'

ကျွန်တော်သည် မိကျောင်းကို သုံးလေးကြိမ်မျှ ပစ်ခတ်ခဲ့ဖူးသော်လည်း ကိုယ်မပိုင်သည့် အရေးကိစ္စတွင် တစ်ထစ်ချ ကျိန်းသေဝန်မခံရဲပါ။ သို့ရာတွင် လူထု၏အရေးပေါ်ပြဿနာနှင့် ရင်ဆိုင်စရာရှိသည့်အခါတွင် ကျွန်တော်တို့ မြန်မာ့တပ်မတော်သားတွေသည် တတ်နိုင်သမျှ လူထုရေ့က မားမားမတ်မတ် ရပ်ကာ တတ်စွမ်းသရွေ့ အကာအကွယ်ပေးရန် ဝတ္တရား ရှိသည့်အတွက်

'ကျွန်တော်တို့ စဉ်းစားလေ့လာပါရစေဦး ကိုတာလှသိန်း၊ ကျွန်တော် တို့လဲ ဒီမှာ တစ်ပတ်လောက်အနားယူရင်း တည်းခိုနေကြဦးမှာပဲ'

'ဒီရွာသားတွေက မိကျောင်းကြီးတွေ့လာရင် နိမိတ်ကောင်းဆိုပြီး နတ်မိကျောင်းလို့ ကင်ပွန်းတပ်လိုက်ကြတာပဲ၊ ကျွန်တော့်အနေနဲ့ မခံချင်

http://www.cherrythitsar.org



လွှန်းလို့ပါ ဗိုလ်မှူး၊ နတ်မိကျောင်းဆိုရင် ဘာလို့လူတွေကို ဒုက္ခပေးရမှာလဲ၊ မဆိုင်တာပဲဗျာ'

ကိုဘလှသိန်း မိန်းမက ဤသို့ သူမ၏ယောက်ျားက နတ်အကြောင်း ကိုပါ ထည့်၍ပြောဆိုခြင်းကို မနှစ်မြို့ဟန်နှင့် မျက်နှာအနည်းငယ်ပျက်သွား ရှာပါသည်။ ကျွန်တော်တို့ စကားပြောနေရာသို့ ဝင်ရောက်မဟန့်တားဝံ့၍သာ အသာကုပ်၍ မကျေနပ်ရှာကြောင်းကို ကျွန်တော် နားလည်မိပါသည်။

ထိုအခိုက်တွင် ဖြောင်း ဟူသော ဝါးလက်ခုပ်ကြီးကြီးတစ်ခုကို တစ်ချက်တည်း ရိုက်ခတ်လိုက်သကဲ့သို့ အသံကြီးတစ်ခု ချောင်းကမ်းစပ်မှ ထွက်ပေါ်လာပြီးနောက် ရုတ်တရက် အချိန်ကလေးအတွင်း ရေစပ်၌ မျက်နှာမူနေသော ကျွဲကြီးတစ်ကောင်သည် လေးဘက်လေးတန်နှင့် နောက် ပိုင်းသို့ တအားရုန်းကန်နေသည်ကို တွေ့လိုက်ရတော့သည်။ တစ်ခဏလေး အတွင်း၌ ကိုဘလှသိန်း၏ အလုပ်သမားများ အရေးတကြီး အော်ဟစ် လိုက်သည်။

'မိကျောင်း မိကျောင်း၊ ကျွဲကြီးနှာခေါင်းကို ဆွဲထားပြီ၊ လုပ်ကြပါ၊ လုပ်ကြပါ' ဟူသော အသံများဆူညံလျက် ထွက်ပေါ်လာပါတော့သည်။

ကျွန်တော်သည် စစ်ခါးပတ်အကြား၌ အသင့်ချိတ်ထားသော ဒုစ ဗို စပါယ်ရှယ်ခြောက်လုံးပြူးကို အမြန်ဆုံး ဆွဲထုတ်လိုက်ပြီး ကျွဲကြီး ရုန်းကန်နေရာဆီသို့ တအားပြေး၍ ထွက်လာခဲ့မိသည်။

နောက်ပိုင်းသို့ တအားတင်းတင်းကြီး လေးဘက်လေးတန် ရုန်းကန် နေသော ကျွဲကြီး၏ ရှေ့ပိုင်းမျက်နှာသည် နက်နေသော သစ်တုံးကြီးတစ်တုံး အတွင်း၌ ညပ်နေသည်ဟု ထင်မိသည်။ ဂရုတစိုက်ကြည့်လိုက်မှပင် ကြီးမားရှည်လျားသော မိကျောင်းကြီးတစ်ကောင်၏ ပါးစပ်ပြဲပြဲကြီးထဲသို့ ကျွဲကြီး၏ ရှေ့နှာခေါင်းပိုင်းအားလုံးမှာ ကျရောက်နေကြောင်း ကွဲကွဲပြားပြား တွေ့မြင်မိသည်။ လွန်ဆွဲသလို သူ့အား ကိုယ်အား အပြိုင်ဆွဲနေသော ကျွဲကြီးနှင့် မိကျောင်းကြီးတို့၏ အားစမ်းပွဲသည် ထူးခြားတိုးတက်လာပါ

http://www.cherrythitsar.org



တော့သည်။ ကျွဲကြီးသည် နောက်သို့ တအားကန်ရုန်းထားရာမှ ရှေ့သို့ တဖြည်းဖြည်း ပါမှန်းမသိ ပါစပြုနေပါသည်။

ကျွန်တော်သည် ၁၀ ၂၀ ခန့်အရောက်တွင် ၃၈ ဗိုု စပါယ်ရှယ် ခြောက်လုံးပြူးနှင့် မိကျောင်းကြီး၏ မျက်စိပေါက်ရှေ့သို့ သုံးချက်တိတိ ဆင့်ကာ ဆက်တိုက်ပစ်ခတ်လိုက်သည်။ သုံးချက်စလုံးပင် မိကျောင်းကြီး၏ မျက်စိတစ်ဝိုက်ကို ထိမှန်သွားကြောင်း ကျွန်တော် နားလည်လိုက်သည်။ အကြောင်းမှာ ကျွန်တော်၏ ၃၈ ဗိုု စပါယ်ရှယ်ကျည်ဆန်အမာ သုံးတောင့်သည် မိကျောင်းကြီး၏ မျက်နှာတစ်ဝိုက်နှင့် အင်္ဂတေလိုမာကျောနေသော ကျောက်ချူးအဖုများကို ဖောင်းခနဲ ဖောင်းခနဲ အသံများထွက်လာအောင် ဆက်တိုက် ထိမှန်သွားသံများကြောင့် ကျွန်တော့်အဖို့ အကျေနပ်ကြီး ကျေနပ် မိပါသည်။

ချက်ချင်းပင် မိကျောင်းကြီးသည် သူ၏ ရှည်လျားသလောက်အစွယ် တွေ ဖွေးနေသော ပါးစပ်ကြီးကိုဟကာ ကျွဲကြီး၏ မျက်နှာရှေ့ပိုင်းကို ကိုက်ထားရာမှ လွှတ်လိုက်ပြီး လှိုင်းဂယက်တွေ ထစေအောင် ဝုန်းခနဲ ရေထဲသို့ ငုပ်ဆင်းသွားပါသည်။ ကျွဲကြီးသည် အားလွန်၍ နောက်သို့ဖင်ထိုင် ကျသွားပြီး ကြောက်အားလန့်အားဖြင့် အလုပ်သမားတန်းလျားဘက်ဆီသို့ တစ်ချိုးတည်း ပြေးထွက်ခဲ့သည်။ သူ၏ ရှေ့ပိုင်းမျက်နှာတစ်ခြမ်း၌ သွေး ချင်းချင်း နီရဲနေသည်ကို ကျွန်တော်သည် အမှတ်မထင်တွေ့မိလိုက်သည်။

ကိုတလှသိန်း၏ အလုပ်သမားများမှာ တစ်ယောက်တစ်ခွန်းနှင့် ဆူညံစွာပြောဆိုနေကြ၏။ မိကျောင်းကြီး၏ အဖြစ်အပျက်ကိုရာဇဝင်မှာ ပြော၍မှ မပြီးသေးမီ ရုတ်တရက် ပေါ်ထွက်လာကာ ကမ်းခြေနှင့်နီးစပ်ရာ၌တွေ့ရ သော ခွန်အားဗလ ကြီးမားလှသည့် ကျွဲကြီးကိုပင် အတင့်ရဲစွာဖြင့် လိုက်ဆွဲ ရဲသည့် အခြေအနေကြောင့် အလုပ်သမားအားလုံး အကြီးအကျယ် တုန်လှုပ် နေတော့သည်။

'နတ်မကြိုက်အောင် ပြောတာတွေ သတိထားပါ အစ်ကို'

http://www.cherrythitsar.org



ကြောက်ရွံ့တုန်လှုပ်နေသော ကိုဘလှသိန်း၏ ဇနီးက သူမ၏ ယောကျ်ားသို့ သတိပေးနေရှာပါသည်။

'မှန်တယ် မှန်တယ်၊ သုံးချက်စလုံးပဲ မိကျောင်းကြီးကို မှန်တယ် ခင်ဗျ၊ ကျွန်တော်တို့ သေသေချာချာကြည့်နေကြတာ။ အထိနာလို့ ကျွဲကြီးကို လွှတ်ပြီး ရေထဲကို ငုပ်ပြေးတာပဲ၊ နို့မို့ဆိုရင် ကျွဲကြီး ခုလောက်ရှိရင် ရေနက်ထဲပါသွားလောက်ပြီဗျ'

ကိုဘလှသိန်းသည် ကမ်းစပ်တစ်လျှောက်သို့ မျက်ခြည်မပြတ်ကြည့်ကာ အော်ကြီးဟစ်ကျယ်ပြောလိုက်သည်။

'အရေးထဲမှာ နိုင်ဖယ်ကြီးတွေထဲ ကျည်ဆန်တစ်တောင့်တလေမှ မထည့်မိတာ နာတယ်ဗျို့'

ဦးဘိုးဟန်သည် လွှတ်သွားသော အခွင့်အရေးတစ်ခုကို ဝမ်းနည်းစွာဖြင့် ပြောလိုက်ပါသည်။ မှန်ပါသည်။ ကျွန်တော်တို့သည် ဤပင်လယ်ပိုင်း ဒေသတွင် ယခုကဲ့သို့ အရေးကြုံလာမည်ကို မည်သို့မျှပင် မမျှော်မှန်းမိခဲ့ချေ။

ကျွန်တော် ကောင်းကောင်းကြီး နားလည်သောအချက်မှာ မိကျောင်းကြီး မျက်လုံးဆီသို့ ချိန်ကာပစ်ထည့်လိုက်သော ၃၈ စပါယ်ရှယ် ကျည်ဆန်များသည် အတွင်းသို့ အထိနာအောင် မတော်စွမ်းစေကာမူ မိကျောင်းကြီးအဖို့ လူတွေကလည်း ပြန်လှန်၍ ခုခံပေးတတ်ခြင်း သဘောကို သိရှိနားလည်စေသော အချက်ပင်ဖြစ်ပါသည်။ ဤသို့ မိကျောင်းကြီးအတွက် အရဲအား မကိုးစေရန် ဆေးမြီးတိုတစ်လက်အဖြစ် သင်ခန်းစာ ကျကျနန ပေးလိုက်နိုင်ခြင်းအတွက်လည်း ကျွန်တော် အင်မတန် ဝမ်းသာပါသည်။

* * *

တစ်လှမ်းချင်း ကမ်းခြေအတိုင်း ကျွန်တော်တို့လေးဦးသား ချီတက်ခဲ့သည်။ ကျွန်တော်၊ ဦးဘိုးဟန်၊ ကိုဘလှသိန်းနှင့် လမ်းပြ ကိုရွှေအောင်

http://www.cherrythitsar.org



တို့သည် ဂဟာန်းချောင်း၏ အထက်ပိုင်းဆီသို့ဆန်၍ ခပ်မှန်မှန် ခြေလှမ်းတွေနှင့် လျှောက်ခဲ့သည်။ တစ်ချိုတစ်ချိုတွင် မသကာသောနေရာနှင့် အတော်လှမ်းသော ချောင်းတစ်ဖက်ကမ်းဆီသို့ ကျွန်တော်နှင့် ဦးဘိုးဟာန် တို့သည် မှန်ပြောင်းအကူအညီနှင့် ဂဟာန်းချောင်းရိုးနှင့်တကွ ပင်လယ် တစ်လျှောက်၌ သောင်းကျန်းနေသည့် ကြောကြီးကို လိုက်လံချောင်းမြောင်း ရှာဖွေနေကြပါသည်။

မညီညာသော ချောင်းကမ်းပါး တစ်လျှောက်၌ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ကျော်လွှား၍ဖြတ်ကာ အများအားဖြင့် ရင်ငန်းပင်၊ ဓနိပင်၊ ဓနိတောများ ရေပပ်ရာနွံအိုင်များကို သတိကြီးစွာဖြင့် ဖြတ်ကာ တက်ခဲ့မိကြသည်။ ကျွန်တော်တို့၏ စီစဉ်ချက်များမှာ မိကျောင်းမှန်လျှင် နေ့လယ် နေ့ခင်းတွင် ဝမ်းဝချိန်၌ ချောင်းလယ်မှ သောင်ပြင်သို့ဖြစ်စေ၊ အရိပ်အာဝါသကောင်းရာ ကမ်းစပ်၌ဖြစ်စေ တရေးတမောတက်၍ အနားယူရင်း အိပ်တတ်သော မိကျောင်းတို့၏ဓလေ့အတိုင်း ကြောကြီးကို ဤသို့သော အလစ်ချိန်မျိုး၌ အမိအရပစ်ခတ်ရန် အကြံအစည်ပြု၍ ချီတက်ခဲ့ကြခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် မြေညီရာမှ ကမ်းပါးမြင့်မြင့်သို့ ပြောင်းလွှဲ တက်ရောက်ခဲ့ကြသည်။ ကမ်းစပ်မှ လမုပင်ကြီးနှစ်ပင်ကလည်း ကြီးမားသော အရိပ်အာဝါသအဖြစ် ချောင်းဘက်သို့ ခပ်စိုက်စိုက်ကိုင်း၍ ပေါက်ရောက်နေတော့၏။ ကျွန်တော်နှင့် ကိုဘလှသိန်းက ရှေ့ဆုံးမှတက်၍လာခဲ့သည်တွင် ဦးဘိုးဟာန်နှင့် လမ်းပြ ကိုရွှေအောင်တို့က ဓေတ္တရပ်ကာ ဆေးလိပ်မီးညှိ၍ နောက်တွင်ကျန်ရစ်ခဲ့သည်။ လမုပင်ကြီးအောက်၌ ကျွန်တော်တို့ အပန်းဖြေရင်း ရပ်ကာ မှန်ပြောင်းကိုထုတ်၍ ချောင်းရိုးတစ်လျှောက်နှင့်တကွ တစ်ဖက်ကမ်းခြေတစ်လျှောက်သို့ ကြောကြီး အရိပ်လက္ခဏာကို ကြည့်ရှု ရှာဖွေနေမိသည်။

http://www.cherrythitsar.org



'ဟော ဟော' ဟူသော ခပ်အုပ်အုပ်အသံကို ကျွန်တော်သည်ကောင်းစွာ သတိမမူမိပါ၊ မှန်ပြောင်းနှင့်သာဖိ၍ အပြန်ပြန်အလှန်လှန် တစ်ဖက်ကမ်းခြေသို့ ရှာဖွေနေခဲ့သည်။

'ဗို့ ဗိုလ်မှူး၊ ခင်ဗျားတို့ အောက်မှာ အောက်မှာ' ဟူသော ကြားနေကျ ဦးဘိုးဟန်၏အသံကြောင့် ကျွန်တော်သည် မှန်ပြောင်းကို အသာချ၍ အရေးတကြီးနှင့် နှစ်ယောက်သား သေးချင်းယှဉ်ကာ ရပ်လိုက်မိသည်။ ချောင်းကမ်းပါးထိပ်မှ ဆယ ၃၀ ခန့် အနိမ့်ရှိ သစ်ရိပ်တွေ အုပ်နေသော ချောင်းကမ်းပါးဆီသို့ လှမ်းကာ ကြည့်လိုက်မိသည်။ ဝါးတစ်ပြန်ခန့်သာ ကျယ်ဝန်းသော ချောင်းစုံကလေးပေါ်မှ ရေစပ်ဆီသို့ လျှောခနဲထိုးချသွားသော သဏ္ဍာန်ကြီးတစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရပါသည်။ ကြောကြီးကား ကျွန်တော်တို့ထက် လျင်မြန်သလောက် မျက်စိလျင်ပြီး အကင်းပါးလှပါပေသည် တကား။

'တစ်ချက်ခံလိုက်ရပြန်ပြီဗျို့၊ အလွန်မျက်စိလျင်တဲ့ အကောင်ကြီးဗျ'

ဦးဘိုးဟန်သည် ရှိုင်းဖယ်သေနတ်ကို အသင့်ကိုင်ကာ မကျေမချမ်းနှင့် ပြောလိုက်၏။

'ဘာလို့ ပစ်မလွှတ်လိုက်သလဲ ဦးဘိုးဟန်၊ ခင်ဗျား အရင်မြင်ရင် အရင်ပစ်လိုက်ပါလားဗျာ'

ကျွန်တော်ကစတင်၍ အပြစ်တင်လိုက်ရာတွင် 'ဒီကလောကြည့်စမ်း ဗိုလ်မှူး၊ နည်းနည်းမှ ပစ်ကွင်းမကောင်းဘူး၊ ကျုပ်တို့နှစ်ယောက်လဲ ကမ်းခြေကို ငုံ့ကြည့်လိုက်ရော ဘသားချောက တလှုပ်လှုပ်နဲ့ သဲနုံထဲက ရေစပ်ကို ပြေးတက်နေတော့တယ်၊ ခက်တာက ဒီကနေပြီးချိန်တဲ့အခါမှ သဲနုံပေါ်က ခရာပင်တွေက ခံနေပြန်တော့ မပစ်သာဘူးဗျ'

ဦးဘိုးဟန်ကြီးသည် ပြောရင်းနှင့် ချောင်းအလယ်ဆီသို့ လှမ်းကြည့်လိုက်သည်။

'ဟော ကြည့်စမ်း၊ ဒီကောင်ကြီး ကျုပ်တို့ကို မခန့်လေးစား ခေါင်းကလေးပေါ်ရုံ ဖော်ကြည့်နေတယ် မြင်ရဲ့လား'

http://www.cherrythitsar.org



ပြောပြောဆိုဆိုနှင့် ဦးဘိုးဟန်သည် ရိုင်ဖယ်နှင့် လှမ်းကာချိန်လိုက်သည်။ ကျွန်တော်ကလည်း ချောင်းလယ် ကိုက် ၁၅၀ ခန့်မှ ကျွန်တော်တို့ဘက်သို့ ဦးခေါင်းကလေး ရေပေါ်တွင် ပေါ်ရုံမျှကလေး ဖော်ကာကြည့်နေသည့် ကြောကြီး၏ မျက်လုံးဘုကလေးနှစ်ခုဆီသို့ ကျွန်တော်၏ ရိုင်ဖယ်ကို လှမ်းကာချိန်လိုက်သည်။

ဖြုတ်ခနဲပင် ကြောကြီးသည် စက္ကန့်ပိုင်းကလေးအတွင်း၌ တစ်ရှိုးတည်း ရေအောက်သို့ ဇွေ့ခနဲ ငုပ်လျှိုးသွားပြန်တော့သည်။

'ငါ့နယ်ကွာ သိသိကလေးလိုတော့တယ်၊ စလုတ်ဖြုတ်တော့လေ၊'

ဦးဘိုးဟန်သည် အောက်နှုတ်ခမ်းကိုကိုက်ရင်း မချိတင်ကဲသံဖြင့် ပြောလိုက်လေသည်။

'တော်လောက်ပါပြီ ဖိုလ်မှူး၊ အကောင်ကြီးက သူ့ကို ကျုပ်တို့ မနားမနေလိုက်ရှာနေတာ သိသွားပြီဗျ၊ ဒီနေ့အဖို့တော့ မိကျောင်းကြီးက မပေါ်တော့ဘူး၊ အလစ်လဲပေးမှာ မဟုတ်ဘူး၊ နောက်ပိုင်း လှည့်ပြန်ကြရအောင်'

ကိုတာလှသိန်းက အကြောင်းကြား၍ ကျွန်တော်တို့သည် ကမ်းထိပ်တွင် မလှုပ်မယှက်စုပြုံ၍ ၁၀ မိနစ်ခန့်ရပ်ကာ ကြောကြီး၏ နောက်ထပ် လှုပ်ရှားမှုတစ်ခုခု တွေ့ရနိုးနိုး မျှော်လင့်ချက်နှင့် စောင့်ခဲ့ကြသည်။ သို့ရာတွင် ကြောကြီး၏ အရိပ်လက္ခဏာကား တစ်စုံတစ်ရာ မတွေ့ရတော့ပါ။

ဦးဘိုးဟန်နှင့် ကျွန်တော်သည် များစွာ မကျေမနပ်မျက်နှာတွေဖြင့် ဂဟာန်းချောင်းထိပ်ရွာဆီသို့ လှည့်ကာ ခပ်သုတ်သုတ် ပြန်ခဲ့ကြသည်။ တောတောင်၌ကျွမ်းကျင်ခဲ့သော ကုန်းမုဆိုး၊ သို့မဟုတ် ကြည်းမုဆိုး နှစ်ဦးကို ရေမုဆိုး ကြောကြီးက ပရိယာယ်ဆင်ကာ ဒုက္ခလှလှကြီး ပေးနေလေပြီတကား။

ကျွန်တော်တို့လေးဦးသားသည် ဂဟာန်းချောင်းဝ ရွာထဲသို့အရောက်တွင် ချောင်းစပ်၌ မော်တော်ဘုတ်တစ်စင်း စက်သံများ ဆူညံစွာဖြင့် ထိုး၍

http://www.cherrythitsar.org



ဆိုက်လာပါသည်။ ရွာသားများနှင့် အရေးတကြီးလှမ်း၍ မေးမြန်းပြောဆိုသံများအဆုံး၌ မော်တော်ဘုတ်မှ လူအချို့ဆင်းလာသည်ကို စတင်တွေ့ရှိလိုက်ပါသည်။ ရွာခံအချို့က ကျွန်တော်တို့ဘက်သို့ အရေးတကြီး လက်ညှိုးထိုးကာ မော်တော်ဘုတ်ပေါ်က ဆင်းလာသည်။ လူတစ်စုသည် ရေကြီးသုတ်ပျာနှင့် ကျွန်တော်တို့ရောက်အလာကိုမှ မစောင့်နိုင်တော့ဘဲ ကျွန်တော်တို့ရှိရာသို့ အပြေးရောက်လာကြလေသည်။

'ဆရာသိန်း ဆရာသိန်း၊ တဆိတ် စစ်ဗိုလ်ကြီးတို့ကို တောင်းပန်ပေးပါ၊ ချောင်းကျွေ့ဆုံနားမှာ ငြိမ်းမေတို့ လင်မယား သက်ငယ်လှေကို မိကျောင်းပုတ်သွားလို့ ခေါလိုက်ပြီး ကူညီကြပါ'

ခေါင်းဆောင်နဲ့တူသည့် ပုဂ္ဂိုလ်တစ်ဦးက အရေးတကြီးတောင်းပန်သည်တွင် ကျွန်တော်တို့သည် စက်မရပ်သေးသော မော်တော်ဘုတ်ပေါ်သို့ အပြေးအလွှား တက်ရောက်ခဲ့ကြသည်။ ချက်ချင်းပင် မော်တော်ဘုတ်ကလေးသည် ချောင်းဖျားဘက်ဆီသို့ ဦးလှည့်၍ အရှိန်ပြင်းပြင်းနှင့် ထွက်ခဲ့လေသည်။ ဖြစ်ပျက်ပုံကို ကျွန်တော်တို့က စတင်မေးလိုက်မိသည်။

ချောင်းဖျားတစ်လျှောက်ရှိ ကျေးရွာများသို့ စားစရာ သောက်စရာ ပစ္စည်းများကို သက်ငယ်များနှင့် လဲလှယ်စားသောက်ကြသော ငြိမ်းမေနှင့် သူ၏ ဇနီးတို့သည် ချောင်းဖျားရွာများက ရရှိသော သက်ငယ်ပျစ်များကို လှေနှင့်တင်ဆောင်ကာ ချောင်းအတိုင်း စုန်ဆင်းလာစဉ်တွင် ချောင်းခွဆုံအလွန်၌ ရေထဲမှ မိကျောင်းနက်ကြီးတစ်ကောင် ရုတ်တရက်ပေါ်လာပြီး လှေကလေးနောက်သို့ အတင်းအဓမ်းလိုက်လာသည်။ လှေပိုင်သို့ရအောင်တက်နေသည့် ကုန်ပစ္စည်းများက အဆမတန်လေးရသည့်အထဲတွင် မိကျောင်းကြီး၏ နှောင့်ယှက်တိုက်ခိုက်မှုကြောင့် လှေမှောက်တော့မည့်အရေးကို ကြိုတင်သိရှိလိုက်သော ငြိမ်းမေတို့ လင်မယားသည် ကြောက်အား လန့်အားနှင့် လှေပေါ်မှ ခုန်ဆင်း၍ ကိုက်တစ်ရာကျော်မျှဝေးသော ကမ်းသို့အရောက် လက်ပစ်ကူးပြေးကြလေသည်။ သို့ရာတွင် ကမ်းခြေနှင့် ကိုက် ၅၀ ခန့်

http://www.cherrythitsar.org



အရှေ့ဘက်တွင် ငြိမ်းဖေသည် ကြောက်စရာအော်သံကြီးနှင့်အတူ ရေပွက်ကြီး ထကာ ရေအောက်သို့ မြုပ်ဆင်းသွားလေသည်။ ငြိမ်းဖေ၏မိန်းမ မရှင်သည် လှေပေါ်မှခုန်၍ ဆင်းပြီး လေးငါးကိုက် အရှေ့ဘက်တွင် မိကျောင်းကြီး ပါးစပ်ထဲတွင် အတိုင်းသား ပါသွားသည်ကို မျက်မြင်ပုဂ္ဂိုလ်ကြီးဖြစ်သူ မော်တော်စက်ဆရာ ကိုဖိုးတင်က ပြောပြပါသည်။ မိမိတို့ မော်တော်သည် လှေကလေးဆီသို့ စက်ကုန်ဖွင့်၍ လိုက်ခဲ့ပါသော်လည်း ခရီးဝေးကွာနေခြင်း ကြောင့် ငြိမ်းဖေတို့ လင်မယားကို ကယ်တင်ရန် အချိန်မမီတော့ကြောင်း ကိုလည်း ဝမ်းနည်းကြေကွဲစွာ ပြောပြပါသေးသည်။

မိနစ် ၄၀ ခန့် စုတ်မောင်းမိသည့်အခါ၌ ချောင်းဆုံသို့ရောက်ရှိခဲ့ သည်တွင် ဆရာတင်က ရေစုန်အတိုင်းမျောပါလာသော သက်ငယ်ပူစ်များ အပြည့်နှင့် လှေကလေးကို လက်ညှိုးညွှန်၍ပြသကာ 'အဲဒီလှေအထက် တစ်ဖာလုံလောက်မှာ ဖြစ်တာပါပဲ ဗိုလ်ကြီးတို့ရာ'ဟု ပြောပြသည်။ ကျွန်တော်သည် ညာဘက်ကမ်းခြေတစ်လျှောက်သို့ ကြည့်နေလိုက်ပြီး

'ကိုတလှသိန်း၊ ကျွန်တော်တို့ စုတင်က ယောဒီကမ်းအတိုင်း မော်တော်ရောက်ခဲ့တယ် မဟုတ်လား'

'ဟုတ်တယ် ဗိုလ်မှူး၊ ကျွန်တော်တို့ ချောင်းဖျားအတိုင်း သုံးမိုင်ကျော် ရောက်ခဲ့တယ်၊ စုတင်က မိကျောင်းကြီး သောင်စုံပေါ်က ခုန်ဆင်းပြေးတဲ့ နေရာဟာ ဒီနေရာအထက် နှစ်ဖာလုံလောက်မှာလေ၊ သရက်ဖြူကျွေ့လို့ ခေါ်တဲ့ နေရာမှာပဲ'

ကျွန်တော်တို့လူစုသည် မော်တော်ပေါ်မှပင် ချေပြင်တစ်လျှောက်သို့ မှန်ပြောင်းများဖြင့် ကြည့်ကာ မိကျောင်းနက်ကြီး၊ သို့မဟုတ် ၎င်းကြီး၏ အရိပ်အယောင်တွေကို ရှာဖွေကြပါသည်။

'လင်မယားနှစ်ယောက်စလုံး တစ်ချိန်တည်း ဆွဲသွားရအောင်ဟာ မိကျောင်းတစ်ကောင်တည်းမှ ဟုတ်ရဲ့လားဗျာတို့'

ဦးဘိုးဟန်သည် သက်ာမကင်းသော မျက်လုံးတွေနှင့် ချေပြင်ကို ကြည့်ရင်း မေးမြန်းလိုက်သည်။

http://www.cherrythitsar.org



'အဲဒါတော့ မပြောတတ်ဘူး ဆရာကြီး၊ စုပ်ခနဲ စုပ်ခနဲ ရှေ့ကြီး တွေ ထလာပြီး မြုပ်သွားတာကို ကျွန်တော်တို့ ခပ်လှမ်းလှမ်းက မြင်မိ တာပဲ ခင်ဗျာ'

ဆရာတင်က ချက်ချင်း ဖြေပါသည်။

'ဟောဟိုမှာ တွေ့ရဲ့လား၊ ကျုပ်တို့ မော်တော်ကို ခေါင်းကလေး ပေါ်ရုံဖော်ပြီး ခေါင်းငန်းငန်းနဲ့ ကြည့်နေလေရဲ့၊ မိကျောင်းကြီးရို့'

မှန်ပြောင်းနှင့် ကြည့်နေသော ကိုဘလှသိန်းသည် မော်တော်နှင့် ကိုက် ၂၅၀ အကွာရှိ ချောင်းကြောအတိုင်း တစ်နေရာသို့ လက်ညှိုးဖြင့် ညွှန်ပြနေပါသည်။ ဂရုတစိုက်ကြည့်မိသည်တွင် ကိုဘလှသိန်း ညွှန်ပြသော နေရာ၌ ရေဂယက်ကလေးတွေထနေသည်ကို တွေ့ရပြီး မထင်မရှားသော မိကျောင်းကြီး၏ မျက်စိဘုကလေးနှင့် ခေါင်းပိုင်းကို တွေ့ရသည်တွင် ကျွန်တော်သည် ၃၇၅ မက်နမ်ရိုင်ဖယ်ကို ကျည်ဆန်တစ်တောင့်ထိုးကာ မော်ပြပါနေရာသို့ ကျကျနန ချိန်လိုက်သည်။ ကျွန်တော်တို့ရပ်နေသော မော်တော်ဘုတ်ကလည်း အငြိမ်မနေဘဲ လှုပ်ရှားနေခြင်းကတစ်ကြောင်း၊ ပစ်ကွင်းသည် သေးငယ်သည့်နှင့်အမျှ တစ်လက်မ၏ သုံးပုံ နှစ်ပုံခန့်သာ ပေါ်ရုံကလေး ရေပေါ်၌ ပေါ်နေခြင်းကြောင့် မသေချာသည့်ပစ်ကွင်းအတွက် ကျွန်တော်က မောင်းကွင်းကို ဆွဲမဖြုတ်သေးပါ။ မော်တော်ကို ရှေ့နားသို့ စက်ကို ဖြည်းနိုင်သမျှ ဖြည်းအောင် မောင်းကာတိုးစေပြီး ဟန်ရပန်ရချိန်၍ လိုက်ခဲ့သည်။ သို့ရာတွင် ကျွန်တော်တို့ မော်တော်သည် ပေ ၂၀ ခန့် တိုးမိ သည့်နောက်တွင် ရေပေါ်၌ တစ်လက်မ၏ သုံးပုံ နှစ်ပုံခန့်သာ ပေါ်နေသော မိကျောင်းကြီး၏ ထိပ်ပိုင်းကလေးသည် စုပ်ခနဲ ရေလှိုင်းကလေးများ၏ ကြားတွင် မြုပ်သွားတော့သည်။

'အားကြီးပါးတဲ့ အကောင်ကြီးပါဗျာ၊ ဒီပြင် လေ့တွေ့ သမ္မန်တို့ဆိုရင် သူကစပြီးလိုက်တာပဲ၊ ကျုပ်တို့လာမှန်းသိလို့ အနားအကပ်မခံပုံပဲ ဗိုလ်မှူး'

http://www.cherrythitsar.org



ဦးဘိုးဟန်ကြီးသည် သက်ပြင်းတစ်ချက်ချကာ မှန်ပြောင်းနှင့် နေရာအနှံ့အပြား ဆက်လက်ရှာဖွေပြန်ပါသည်။ သို့ရာတွင် ကြောကြီး၏ အရိပ်လက္ခဏာကိုမူကား နောက်ထပ် တစ်စုံတစ်ရာ မတွေ့ရှိရတော့ပါ။

'မိကျောင်းကြီး ကျွဲကြီးကို ကိုက်တဲ့အချိန်ဟာ ရေတက်ချိန် ဟုတ်ရဲ့လား'

ဦးဘိုးဟန်က မေးပြန်သည်တွင် ဆုတ်မဆိုင်းပင် ကိုဘလှသိန်းက 'ဟုတ်တယ်ခင်ဗျာ'ဟု ဖြေလိုက်သည်။

'ဒါဖြင့် ဟိုလင်မယားနစ်ယောက်ကို မိကျောင်းကြီးလိုက်ပြီး လှေမှောက်အောင်လုပ်ပြီး လိုက်တဲ့အချိန်မှာရော ရေတက်ချိန်ပဲလား'

'ဒါဖြင့် မဟုတ်ဘူး ခင်ဗျ၊ ရေကျချိန်ဖြစ်နေတယ်'

'ကောင်းပြီ၊ ရေတက်ချိန်နဲ့ ရေကျချိန် ကြားကာလမှာကော ဒီမိကျောင်းကြီး လူတွေသတ်ခဲ့တာ ရှိသေးသလား ဆရာသိန်း'

'မရှိပါဘူး ဦးလေး၊ ဘာဖြစ်လို့လဲခင်ဗျ၊ တဆိတ်ရှင်းပြစမ်းပါ'

'တခြားမဟုတ်ပါဘူး ရေတက်ချိန်နဲ့ ရေကျချိန်မှာသာ မိကျောင်းကြီး အလုပ်လုပ်တာတွေ့ရပြီး ကြားကာလမှာ မိကျောင်းကြီးရဲ့ လှုပ်ရှားမှုကို မတွေ့ရတာ ကျုပ် စဉ်းစားနေမိတယ်ဗျ'

ကျွန်တော်လည်း အနည်းငယ်စိတ်ပါဝင်စားစွာဖြင့် စာရေးနေရာမှ ရပ်၍ နားထောင်နေမိသည်။ ဦးဘိုးဟန်သည် တစ်စုံတစ်ခုကို အပြန်ပြန် အလှန်လှန် စဉ်းစားပြီးနောက်

'ကျုပ်တို့ ဟိုနေ့က ချောင်းကမ်းပေါ်ကလိုက်ပြီး ချောင်းတွန်းက ရေထဲစုန်ချတာ ကြောကြီးမှ ဟုတ်ရဲ့လား၊ နောက်တစ်ချက်က ငြိမ်းတေတို့ လင်မယားကို ဆက်တိုက် ကြောကြီးတစ်ကောင်တည်း အမိအရလိုက်ဆွဲနိုင် မဆွဲနိုင် ကျုပ် စဉ်းစားကြည့်နေမိတယ်၊ ဘယ့်နှယ်လဲ ဆရာသိန်း သဘောပေါက်ရဲ့လား'

'ဟုတ်တယ် ဦးလေးရေ့၊ စဉ်းစားစရာပဲ၊ ခက်တာက ကိုယ်တိုင် မမြင်တာရယ်၊ နောက်ပြီးတော့ ဒီတစ်ဝိုက်မှာ ကြောကြီးအပြင် ဒီပြင်

http://www.cherrythitsar.org



မိကျောင်း ရှိ မရှိ ဆိုတာကလဲ အချက်အလက်တွေ ထွက်နေတယ်၊ ဒီပြင် မိကျောင်းတွေကတော့ ရှိရမယ်ဗျာ၊ ကနေ့ ပင်လယ်ကမ်းခြေမှာလဲ မိကျောင်းတွေ ပေါ်နေတယ်ဆိုပဲ'

'ကောင်းပြီလေ ဆရာသိန်း၊ ကျုပ်ဆီကို ပေဟဒီ ချောင်းဖျားဒေသမှာ ကျွမ်းကျင်တဲ့ လူတစ်ယောက်ကို သုံးလေးရက် ခဏထားပေးပါ၊ ကျုပ် နည်းနည်းပါးပါး လုပ်စရာ ကြံစရာ ရှိလို့ပါ'

'ရပါစေမယ်၊ ဦးလေးလိုတာတွေ အမိန့်ရှိပါ၊ လူရော ငွေရော လှေပါ အားလုံး အဆင်သင့်ရှိပါစေမယ် ခင်ဗျာ'

ဦးဘိုးဟန်သည် ကိုတာလှသိန်းကိုခေါ်ယူ၍ လိုအပ်သော တောကျွမ်းသူ၊ ဒေသကျွမ်းသူသုံးဦးနှင့် တတွတ်တွတ် ခေါင်းချင်းရိုက်ကာ တိုင်ပင်နေကြသည်။ ဒီရေမတက်မီ တစ်ခေါက်၊ ဒီရေကျသွားပြီး တစ်ခေါက် ဦးဘိုးဟန်ဆီသို့ တောကျွမ်းသူ သုံးဦးတို့က အချိန်မှန်မှန်လာရောက်၍ အစီရင်ခံနေကြသည်။

သုံးရက်မြောက်သောနေ့တစ်နေ့ ဒီရေကျပြီး နှစ်နာရီခန့်အကြာတွင် ဦးဘိုးဟန်နှင့် တောကျွမ်းသူတစ်ဦး မျက်နှာစုံညီ တွေ့သည့်အခါတွင် 'ဒီနေ့လဲတွေ့တယ် ဆရာကြီး၊ တစ်ခါတစ်ခါ နှစ်ကောင်တစ်တွဲပဲ၊ တစ်ခါ တစ်ခါတော့ ရေ့နောက်စုန်ပြီး ရေပေါ်မှာ မျောလာတယ် ခင်ဗျ'

'အေး ဟုတ်ပြီ၊ ကျုပ်တို့ စောင့်ကြည့်တာ သုံးရက်ပြည့်ခဲ့ပြီနော်၊ ကဲ၊ ကျုပ်တို့ နက်ဖြန်အလုပ်စခန်း လက်တွေ့ဝင်ကြမယ်၊ ကျုပ်တို့ပြောထားတဲ့ အစီအစဉ်အတိုင်း အားလုံး မလစ်ဟင်းရအောင် စီစဉ်ထားနှင့်ကြဗျာ၊ ပစ္စည်းရိက္ခာ အစုံအလင်ပါကြပါစေဗျာနော်၊ ဟုတ်လား'

ဖောဖောစီးစီး ဦးဘိုးဟန်ကြီးသည် အိပ်ရာမှထ၍ ခရီးထွက်ရန် ပြင်ဆင်နေသည်။ ကျွန်တော့်အားလည်း 'လုပ်ဗျို့၊ ရေတက်တော့မယ်၊ ရေမတက်ခင် ကျုပ်တို့ ဟိုဘက်ကမ်းကိုအရောက် မော်တော်နဲ့ကူးရမယ်'

'ဘယ်လိုလဲ အဘိုးကြီး၊ ခြေလျင်သွားကြမယ်လား၊ ဆိုစမ်းပါဦး'

http://www.cherrythitsar.org



'ဟုတ်တယ်၊ ကျုပ်တို့ သံမဏိထိပ်ဖူးတပ် ကျည်ဆန်တွေပါလာတာ ဒီနေရာမှာ သိပ်တန်ပဲဗျို့၊ ဒါမှ မိကျောင်းရေကို ကျကျနနကြီး ဖောက်ထွင်းနိုင်မှာမို့ ဒီတစ်ချီတော့ ကျုပ်တို့အလှည့် ရောက်ကောင်းပါရဲ့ဗျာ၊ လက်မနေးနဲ့နော်၊ ဗိုလ်မှူး'

'ဟုတ်မှလဲလုပ်ပါ အဘိုးကြီး၊ ဆုတ်ပြန်ဆိုရင် ခြေညောင်း အဖတ်တင်နေမယ်ဗျို့'

ကျွန်တော်သည် ထ၍ အကျီလက်ရှည်၊ ဘောင်းဘီရှည်နှင့် ဒူးဆစ်ထိသော တောစီးဖိနပ်ရှည်ကြီးကို ကောက်ကာငင်ကာ ဝတ်ဆင်လိုက်ရသည်။ ကိုဘလှသိန်းကလည်း လမ်းပြများနှင့်အတူ မော်တော်ဘုတ်ပေါ်၌ အသင့်စောင့်နေကြသည်။ လမ်းပြများအပြင် ရေမငါးဖမ်းနိုင်သော လက်မခန့်တုတ်နိုင်သည့် ပိုက်ကြိုးကြီးများနှင့် ပိုက်တန်းကြီး တစ်တွေးကိုလည်း ကျွန်တော် တွေ့မြင်မိသည်။ တံငါသည်နှင့်တူသည့် လူပေါင်း ၁၅ ယောက်ခန့်ကိုပါ မော်တော်ပေါ်၌ အဆင်သင့်တွေ့မိ၍ အနည်းငယ်အံ့သြနေပါသည်။

မကြာမီ ရေလည်းတက်စပြုလာသည်တွင် ကျွန်တော်တို့ မော်တော်သည် ချောင်းအတိုင်းဆန်၍ မိုင်ဝက်ခန့်တက်ခဲ့သည်။

'ချောင်းဆုံနား နီးပြီလားဗျို့၊ နီးရင် ဘယ်ဘက်ကမ်းတစ်နေရာရာကို မော်တော်ကပ်ပြီး ကျုပ်တို့ ဆင်းမယ်'

ဦးဘိုးဟန်သည် အရေးတကြီး အမိန့်ပေးသည်။ ကျွန်တော်က ဘယ်လိုလဲ အဘိုးကြီး'ဟု မေးမိသည်။

'လိုက်သာလိုက်ခဲ့ပါ၊ ပစ်ရရင် ကျေနပ်မယ် မဟုတ်လားဗျ'ဟု ခပ်အေးအေးပင် ဦးဘိုးဟန်က ပြန်၍ပြောလိုက်သည်။

မော်တော်ဘုတ်သည် ချောင်း၏ တစ်ဘက်ကမ်းနေရာသို့ ထိုး၍ ကပ်လိုက်ပြီး ကျွန်တော်တို့ မုဆိုးတစ်စုက သွက်လက်စွာ ကမ်းပေါ်သို့ တက်လိုက်၏။

http://www.cherrythitsar.org



'ကျုပ်တို့ဆီက သေနတ်သံကြားမှ ခင်ဗျားတို့ လုပ်စရာရှိတာ မြန်မြန်လုပ်၊ သေနတ်သံတစ်ချက်မှ မကြားရရင် ဘာမှမလှုပ်ရှားကြနဲ့၊ ကြားရဲ့လားဗျို့'

ဦးဘိုးဟန်က ညွှန်ကြားလိုက်သည်တွင် 'ဟုတ်ကဲ့ဆရာ၊ ကြားပါပြီ' ဟု မော်တော်ပေါ်မှ တံငါသည်တစ်ဦးက ပြောဆိုပါသည်။

ကျွန်တော်တို့လှုစုထဲ၌ ရိုင်ဖယ်ကိုင်သူ ကျွန်တော်နှင့် ဦးဘိုးဟန်၊ လှံရှည်ကြီးများ ကိုင်သူမှာ လမ်းပြသုံးဦးနှင့် ကိုဘလှသိန်း၏ လက်ထဲတွင် ကော်ဖီဖျော်ထည့်ထားသော ဓာတ်ဘူးနှစ်လုံးကို သိုင်းကြိုးမှဆွဲ၍ ချောင်းကမ်းပါးအတိုင်း လမ်းပြတစ်ဦး၏ ခပ်သုတ်သုတ် ခေါင်ငင်ရာနောက်သို့ အမီလိုက်ပါခဲ့ရသည်။ ကိုင်းတောများ၊ ဓနိတောများကို ဖြတ်ကျော်၍ ခရီးပြင်းရှိတက်ခဲ့သည့်နောက် မိနစ်အစိတ်ခန့်ကြာသောအခါ ချောင်းမကြီးထဲသို့ ပေါက်ဝင်သော ချောင်းတစ်ချောင်း၏ ဘယ်ဘက်သို့ ကျွန်တော်တို့ မှဆိုးတစ်စု ရောက်ရှိခဲ့သည်။

'အဲဒီအတိုင်းတက်ရမှာပဲဆရာကြီး'

လမ်းပြလုပ်သူသည် လှံကြီးကို ညာဘက်မှကိုင်ရင်း ဦးဘိုးဟန်သို့ ပြောလိုက်ရာတွင် 'ကဲ၊ မြန်မြန်တက်ကြ၊ ရေလဲတက်နေပြီ' ဟု ကျွန်တော်တို့ အားလုံး၏ ခြေထောက်များကို ပိုမိုသွက်စေရန် ဦးဘိုးဟန်က အားမနာတမ်း စေနိုင်းပြန်ပါသည်။

ချောင်းလက်တက်ကလေး၏ အဖျားဆီသို့ ရှေ့ဆုံးမှ လမ်းပြလုပ်သူက တောများကို ဓားမတစ်ချောင်းနှင့် ခုတ်ထွင်ရှင်းလင်းသွားသည်။

'ဟော့ ဆရာ၊ ဘာသံမှမထွက်စေနဲ့၊ မခုတ်နဲ့ဗျာ၊ ငြိမ်ငြိမ်ကလေးသာ သွားကြပါစေ'

ချောင်းကလေးသည် အထက်သို့ တိုးမိတိုင်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်း၍ လာတော့သည်။ ရေကလည်းနောက်ကိုသလောက် ကမ်းလုံးပြည့်နေအောင်တက်စပြုလာပါပြီ။ ကျွန်တော်တို့ မုဆိုးတစ်သိုက်

http://www.cherrythitsar.org



သည် ချောင်းလက်တက်ကလေးအတိုင်း သုံးမိုင်နီးပါးခန့် တက်ခဲ့မိသည်တွင် လမ်းပြဆရာကြီးက နောက်သို့လှည့်ကာ 'ရောက်လှပြီ ဆရာကြီး၊ မိုင်ဝက် လောက်ပဲ လိုတော့တယ်'ဟု သတိပေးလိုက်သည်။ တစ်ခဏ၌ ဦးဘိုးဟန် သည် ချက်ချင်းပင် ချောင်းသောမှကပ်၍ ချီတက်နေရာ အစီအစဉ်ကို ပြောင်းပြီး ချောင်းရိုးကို ဘယ်ဘက်ပိုက်ကာတက်စေရန် လမ်းပြဆရာကြီးကို အစီအစဉ် အပြောင်းခိုင်းလိုက်သည်။ တချို့နေရာများ၌ ခွေ၍နေသော မြွေများကိုလည်းကောင်း၊ တောဝက်တစ်အုပ်ကိုလည်းကောင်း တွေ့ရသော် လည်း ကျွန်တော်တို့သည် တစ်စုံတစ်ရာ ရန်မမူဘဲ ခရီးရောက်အောင်သာ လမ်းပြဆရာကြီးနောက်ရာနောက်သို့ အမီလိုက်ခဲ့သည်။

မကြာမီ လမ်းပြဆရာကြီးသည် လှံတံကြီးကို မြေပေါ်တွင် စိုက်ထူ လိုက်ပြီး သူ၏ ညာဘက်လက်ကိုထောင်၍ ရပ်ကြပါဟု အချက်ပြလိုက် သည်တွင် ဦးဘိုးဟန်သည် ကျွန်တော့်အား လက်တို့၍ ခေါ်ယူလိုက်ပြီး သူ၏လက်ထဲမှ ၅၀၄ မဂ္ဂဇင်းရိုင်ဖယ်ကို ကျည်ဆန်တစ်တောင့်ထိုးကာ မောင်းတင်လိုက်သည်။ ကျွန်တော်ကလည်း ချက်ချင်းပင် ၃၇၅ မက်နမ် ရိုင်ဖယ် ကျည်ဆန်တစ်တောင့်ထိုး၍ မောင်းကိုတင်လိုက်သည်တွင် ဦးဘိုး ဟန်က လေသံကလေးဖြင့် 'ကျုပ်တို့နောက်က ခပ်ခွာခွာလိုက်ကြပါ၊ ကပ် မလိုက်ကြနဲ့၊ ခြေသံကိုတတ်နိုင်သမျှ မကြားအောင်နင်းကြပါ၊ အရေးကြီး တယ်'ဟု သတိပေးလိုက်ပြီး လမ်းပြဆရာကြီး၏ ပခုံးကိုပုတ်၍ ရှေ့သို့ အတက်ခိုင်းလိုက်သည်။

ခနုံးတောကြီးနှင့် ရင်ငန်းတောကြီးသည် ထူထပ်စွာပေါက်ရောက် နေရုံမကဘဲ တချို့နေရာ၌ ရေအနည်းငယ် ဝပ်နေပြီး စိုထိုင်းထိုင်းနှင့် တွေ့ရှိရ၏။ ကျွန်တော်တို့ သုံးဦးသားသည် ရင်တောင်တန်းကာ တစ်လှမ်း ချင်း ဖြန့်လျက် ရှေ့သို့တက်ခဲ့ကြသည်။ မှောင်လည်း အနည်းငယ် မှောင်နေ လျက် ရင်ငန်းပင်နှင့် ခနုံးပင် အကိုင်းအခက်တွေဖြင့် တင်းကြမ်း ကာမိုး

http://www.cherrythitsar.org



ထားသလို ပေါက်ရောက်နေပါသည်။ ရှေ့သို့ ကိုက် ၇၀ ခန့် ချီတက်ခဲ့သည်တွင် လမ်းပြဆရာကြီးက လေသံကလေးဖြင့် 'အဲဒါ ချောင်းများအဆုံးပဲ ဆရာကြီး' ဟု ပြောသံကြားလိုက်ရသည်။ ကျွန်တော်သည် အလင်းရောင်တော်တော်များများရှိသော ကျွန်တော်တို့ရှေ့ ၁၀ ကိုက်အကွာရှိ ခပ်နိမ့်နိမ့်နေရာတစ်ပိုက်ဆီသို့ ဂရုတစိုက်နှင့် လှမ်းကာ ကြည့်ရှုရှာဖွေလိုက်သည်။ ဦးဘိုးဟန်ကလည်း မုဆိုးမျက်စိနှစ်လုံးဖြင့် အရေးတကြီး သူ တွေ့လိုရာများကို ရှာဖွေနေပြီး 'ရှေ့နည်းနည်းတိုးကြရို့' ဟု လေသံကလေးနှင့် အမိန့်ပေးသောကြောင့် တစ်လှမ်းချင်းပတ်ဝန်းကျင်ကို အကဲခတ်ကာ တက်ခဲ့ကြသည်။

ကျွန်တော့်ထက်များစွာ အသက်ကြီးရင့်သော်လည်း ရက်စိလျင်လှသော ဦးဘိုးဟန်သည် ရွှတ်ခနဲပါးစပ်မှအချက်ပေးကာ ကျွန်တော်တို့ရှေ့ ကိုက် ၃၀ ခန့်အကွာရှိ ခွံ့ချွက်တွေထူထပ်နေသော ဆင်ခြေလျှောတစ်နေရာသို့ လက်ညှိုးနှင့် ညွှန်ပြလိုက်သည်။ ဂရုတစိုက်ကြည့်လိုက်သည်တွင် ဆင်ခြေလျှာ ခပ်မြင့်မြင့်ကမ်းခြေမှ ကိုင်းတောနှင့် ခရာတောများ စုပြုံပေါက်ရောက်နေရာဆီသို့ တစ်ဆက်တည်းမြင်နေရသော မြေပျော့ပေါ်တွင် ခြေသည်းလက်သည်းရှည်ရှည်နှင့် ခြေရာခွက်ကြီးများအပြင် အနံ့ သုံးပေထက်မသေးသော စိုက်ရာကြီးများ ရွှပ်ကြောင်းကြီးများကို အရှင်းသား လတ်လတ်ဆတ်ဆတ် တွေ့ရသည်ကြောင့် ကျွန်တော်တို့သည် ချက်ရှင်းနိုင်ဖယ်များကို အသင့်ကိုင်လျက် ဖြစ်ပေါ်လာမည့် အရေးအတွက် အရန်သင့် ပြင်ဆင်လိုက်မိသည်။

ကျွန်တော်တို့ နောက်နားဝါးတစ်ပြန်ခန့်က ဘုန်းခနဲ တစ်ချက် လဲကျသံတစ်ချက် မမျှော်လင့်ဘဲ ထွက်ပေါ်၍လာသည်။ ဦးဘိုးဟန်သည် ဒေါသထွက်နေသည့် မျက်နှာနီနီကြီးဖြင့် နောက်ပိုင်းသို့ တစ်ချက်လှည့်၍ ကြည့်လိုက်ပြီး တောက်ခေါက်လိုက်သည်။

http://www.cherrythitsar.org



မကြာမတင် အချိန်ကလေးအတွင်း၌ ကျွန်တော်တို့မျက်နှာမူရာ ခရာတောဆီမှ တဖြောင်းဖြောင်းနှင့် တအားတိုး၍ထွက်လာသော သတ္တဝါကြီး တစ်ကောင်၏ တိုးဝှေ့သံများ ထွက်ပေါ်လာပြီးနောက် စက္ကန့်ပိုင်း အတွင်း၌ ခရာမိကျောင်းကြီး၏ ခေါင်းပိုင်းကြီးသည် ဘွားခနဲ ခရာကိုင်းတွေကြားမှ ပေါ်ထွက်လာပါသည်။ သတ္တဝါကောင်ကြီးသည် ကျွန်တော်တို့ သုံးဦး သစ်ကိုင်းတွေကြားမှ ခိုကပ်နေသည်ကို ရုတ်တရက် မတွေ့မြင်ရဘဲ ကမ်းဆိပ်မှ ရေစပ်ဆီသို့ ဦးလှည့်ကာ ထွက်ရောက်လာသော အသံကို စုံစမ်းဟန်ဖြင့် ငြိမ်သက်နေလိုက်သည်။ သူ့၏ ရှည်လျားသော ပါးစပ်ကြီး၏ နောက်မှာ မို့မောက်နေသလောက် အမှုတွေ အထစ်တွေဖြင့် အခက်အတက် တွေ ထိုးထိုးထောင်ထောင်နှင့် ခေါင်းကြီးသလောက် မလှုပ်မခတ်သော မျက်လုံးနီဝင်းဝင်း နှစ်လုံး၏နောက်မှ သုံးလက်မခန့် အဖြူကွက်ကြီးကို ကြည့်ရင်း ရိုင်ဖယ် ပြောင်းဝကို ညင်သာစွာ မ၍ နေရာချထားလိုက်ပါသည်။

ဤသို့သော အခွင့်အရေးမျိုး ဤမျှလောက် ရတောင့်ရခဲသော ပစ်ကွင်းမျိုးကို ကျွန်တော်တယ်နည်းနှင့်မျှ လက်မလွှတ်နိုင်ပါ။ ပစ်ရန်အကွာ အဝေးကလည်း ကိုက်သုံးဆယ်အတွင်း ပစ်ရန်ပစ်ကွင်းကလည်း ရှေ့တည့်တည့်၌ရှိပြီး မလှုပ်တမ်းငြိမ်နေလျက်။

၃၇၅ မက်နမ် မဂ္ဂဇင်းရိုင်ဖယ်၏ သေးငယ်၍ မည်းနက်နေသော ရှေ့ချိန်သီးကလေးသည် မိကျောင်းကြီး၏ ပစ်ချင်စရာ မျက်လုံးနှစ်လုံး အောက်ပိုင်းရှိ ဦးနောက်ရှိရာတည့်တည့် ကြာကွက်ကြီးအလယ်ဗဟိုတွင် နေရာယူလိုက်သည်။ နောက်မှန်ချိန်ကလည်း ရှေ့မှန်ချိန်ကလေးနှင့် နေထား တကျ အလယ်ဗဟိုအရောက်တွင် ကျွန်တော်က ရှူ၍ အသက်ကိုအသာ အောင့်လျက် ရိုင်ဖယ်၏မောင်းကွင်းကို ဖိဆွဲ ဆွဲကာ ဖြုတ်ရလိုက်သည်။

တစ်စက္ကန့်လျှင် ပေတစ်ထောင်လေးရာ အမြန်နှုန်းဖြင့် လျင်မြန်စွာ လည်ပတ်စေရန် သုံးရာဂရိမ် ယမ်းမှုန့်ချိန်အားဖြင့် ပစ်ခတ်ပေါက်ခွဲလိုက်

http://www.cherrythitsar.org



သော သံမဏိထိပ်ဖူးခံ ၃၇၅ မက်နမ်ကျည်ဆန်သည် လျှပ်စီးလက်သကဲ့သို့ မီးပွင့်ကာ မိကျောင်းကြီး၏ထိပ်မှ ကြာကွက်ကြီးကို ထိမှန်လိုက်ပါသည်။ ခေါင်းမှ အမြီးများအထိ တုန်လှုပ်သွားသော မိကျောင်းကြီးသည် ဖြန်းခနဲ ရှေ့ကျွမ်းပစ်ကာ သူ၏ရှေ့ ငါးဆယ်ခန့်ကွာသော ချောင်းရေနောက်နောက် ထဲသို့ ပစ်ကျ ကျသွားပါသည်။ ပက်လက်လှန်ကာကျပြီးမှ ယက်ကန် ယက်ကန်နှင့် ရေထဲသို့ မြုပ်ဆင်းသွားပါတော့၏။ မရှေးမနှောင်းပင် ရော တောထဲမှ တဝုန်းဝုန်းပြေးလွှားလာသောအသံများ ဆက်တိုက်ပေါ်ထွက် လာသည်။ ကျွန်တော်လည်း ရိုင်ဖယ်မောင်းတံကို နှတ်၍ နောက်ထပ် ကျည်ဆန်တစ်တောင့်ကို ပြောင်းထဲသို့ထိုးသွင်းကာ ဆက်လက်ထွက်ပေါ် လာသော အသံများဆီသို့ အရေးတကြီးကြည့်လိုက်သည်။ တစ်ခဏလေး အတွင်း၌ မိကျောင်းကြီးတစ်ကောင်သည် ရောတောထဲမှ ဝေါခနဲထိုးထွက် လာပြီး ကျွန်တော်တို့ရှိရာဘက်သို့ သူ၏ ကျယ်ပြန့်သော ပါးစပ်ကြီးကိုဖြဲကာ အစွယ်တွေ တမွှေးမွှေးနှင့် ငါးလုံးထိုးသလို တန်း၍ ထွက်လာချေ၏။ ဦးဘိုးဟန်၏ ၄၀၄ မော်ဇာရိုင်ဖယ်သည် မီးပွင့်ကာ တစ်တောလုံးဟိန်းသွား သည်နှင့် တစ်ဆက်တည်း ပြဲနေသော မိကျောင်းကြီး၏ပါးစပ်မှ သွေးများ ဝေါက်ခနဲပန်း၍ ထွက်လာတော့သည်။ ကျွန်တော်၏ ရိုင်ဖယ်မှ တစ်ခဲနက် မီးပွင့်လာပြီး ရှေ့သို့တက်ရန် အားယူနေသော မိကျောင်းကြီး၏ ဘယ်ဘက် လက်ပြင်ထိပ်သို့ ပေါက်ထွက်သွားတော့၏။

လူးလိမ့်ကာ အမြီးနှင့် နေရာအနှံ့အပြားသို့ ရိုက်ခတ်နေသော မိကျောင်းကြီးသည် တဖြည်းဖြည်းနှင့် ငြိမ်ကျသွားပါသည်။ ကျွန်တော်တို့ နောက်မှ အဝတ်တွင် ရွှံ့တွေလူးနေသော ကိုဘလှသိန်းနှင့် လမ်းပြနှစ်ဦး တို့သည် တုန်လှုပ်စွာဖြင့် 'ဟိုကောင်ကြီး မှန်သွားတယ်ဗျ၊ ခေါင်းတည့်တည့် မှန်တယ်'ဟု ပြောလာသည်။ ဦးဘိုးဟန်သည် ဂုဏ်ယူရှုရှုနှင့် 'ကိစ္စမရှိပါဘူး၊ နှစ်ကောင်စလုံး ဓာတ်သိမ်းပါပြီဗျ' ယောဟိုမှာ ခင်းတို့လင်မယား အသိုက် ရှိလိမ့်မယ်၊ သွားရှာကြစို့'

http://www.cherrythitsar.org



မှန်ပေသည်။ ခရာပင်ကြားမှ သစ်ကိုင်းတွေ အထပ်ထပ်ခွေကာ ကျယ်ပြန့်သော အသိုက်ကြီးအလယ်မှ အုပြီးသား မိကျောင်းဥစုနစ်လုံးကို ကိုဘလှသိန်းတို့လူစုက ဓားနောင့်နှင့်ထုကာ ခွဲနေသည်ကို အရှင်းသား တွေ့ခနရပါသည်။ 'နောက်ကို ဒုက္ခပေးမယ့် အဆက်အနွယ်တွေ စောစော ကတည်းက ရှင်းပစ်မှ ကောင်းတယ်' ဟု ကျေနပ်သော အပြုံးကြီးနှင့် ကိုဘလှသိန်းက ပြောလိုက်ပါတော့သည်။

* * *

ချောင်းလက်တက်အဝမှ ပိုက်ကြီးတွေ အသင့်ကိုင်ကာ ကျွန်တော်တို့၏ သေနတ်သံများကို နားစွင့်နေခဲ့သော တံငါတစ်သိုက်၏ အချိန်မီ ချောင်း ပိတ်ဆို့ကာ ဒီဘက်ကမ်းအထိ ဖြန့်ကာ ရေအကျတွင် ထောင်ခဲ့သော ပိုက်တန်းကြီးများအကြား၌ ရွှေ့စခနေသော ကြောကြီး၏ ကိုယ်လုံးကြီးသည် တင်ရစ်နေခဲ့သည်။

ချောင်းများက ကျွန်တော်တို့ မော်တော်ဘုတ်အသံကို မျှော်ကာ ကမ်းလုံးညွှတ်မျှ ကြိုဆိုနေသော ချောင်းဝရွာသားများဆီသို့ ကျွန်တော်တို့ မုဆိုးတစ်သိုက် မိကျောင်းကြီးနှစ်ကောင်ကို မော်တော်ဘုတ်တွင်ဘယ်ညာ ချည်နှောင်ကာ သောင်းကျန်းမှု၏ ဓာတ်သိမ်းအဖြစ် သက်သေခံပြရန် ယူဆောင်လာခဲ့ကြသည်။

နှာရှုးမှ အမြီးဆုံးအထိ ဆယ့်ငါးပေရှည်သော ကြောကြီး သို့မဟုတ် လူသတ်ကောင် မိကျောင်းကြီးသည်လည်းကောင်း၊ နှာရှုးမှ အမြီးဆုံးအထိ ဆယ့်နှစ်ပေရှည်သော ကြောကြီးကတော် မိကျောင်းမကြီးသည် လည်း ကောင်း ယခုအခါ အသက်ရှင်နေသော ပုတ်သင်ညိုတစ်ကောင်လောက်မျှ ဂရုစိုက်စရာ၊ ကြောက်စရာမရှိတော့သောကြောင့် ရွာသူရွာသားများသည်

http://www.cherrythitsar.org



အလုအယက် ဝါးခုတ်ဓားများ ပုဆိန်များကိုယ်စီဖြင့် အမဲဖျက်ရန် ရောက်ရှိလာခဲ့လေသည်။

'ဘယ့်နှယ်တုန်းကွ၊ မင်းတို့ နတ်မိကျောင်းကြီး ဗိုလ်မှူးရိုင်ဖယ် တစ်ချက်တည်းနဲ့ ဦးနှောက်ပွင့်ပြီး ညာဘက်လက်ပြင်က ဖောက်ထွက်သွားလေရဲ့၊ နတ်မိကျောင်းဟာ သေနတ်ကျတော့ မပြီးပါကလား'

တဟားဟား ရယ်မောရင်း ကိုဘလှသိန်းသည် သူ၏ ဓနီးကို လှောင်ဖေး ဖေးသည့်တွင် ကျွန်တော်တို့ နှစ်ယောက်လည်း မကြားချင်ယောင် ဆောင်နေလိုက်ရပါတော့သည်။

[ မြဝတီ။ ။ ဇူလိုင်၊ ၁၉၆၂ ]

http://www.cherrythitsar.org

# အကျဉ်းအကြားမှ ပျောက်ကွက်

ချွတ်ခနဲ မီးမီးခြေထောက်နှင့် မတော်တဆတိုက်မိသည်ကြောင့် ကြိမ်နွယ်နှင့် ငြီးရာမှ ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် မှုဆိုးပေါက်စဖြစ်သူ မောင်ဘိုးဟန်သည် ကိုယ်ကိုတွန့်၍သွားပြီး ကိုယ်ရှိန်သတ်လိုက်သည်။ ပြီးမှ ပတ်ဝန်းကျင်ကို တစ်ချက်သိမ်းကျုံး၍ တောတောင်အခြေအနေနှင့် ခြေရာရှင်သားကောင်ကြီး၏ လှုပ်ရှားမှုကို အကဲခတ်လိုက်မိသည်။ တစ်တော လုံး တစ်တောင်လုံး ဆိတ်ငြိမ်နေသည်ကို တွေ့ရမှ မောင်ဘိုးဟန်သည် သက်ပြင်းကလေးချကာ မှုလတွေ့ရသည့် ခြေရာရှင်းကိုပြန်၍ ခြေရာခံကာ ရှေ့ဘက်လမ်းကိုမျှော်မှန်း၍ ကြည့်လိုက်ပြန်သည်။

ရက်ရက်ရောရောကြီးမားလှသော ခြေရာ အသေစ်ချပ်ချွတ်ကြီး၊ သို့မဟုတ် လွန်ခဲ့သည့် မိုးကလေးတစ်ပြိုက်ပြီးမှ သူ့ရှေ့ကထသွားခဲ့သည့် ပြောင်ထီးခေါင်းကြီး၏ ခြေရာကို မုဆိုးပညာသင်ကာစ မောင်ဘိုးဟန်သည် ဝမ်းသာအားရမျှော်ဖြင့် ငုံ့ကာ ကြည့်ရှုလိုက်သည်။ ဧရာမ ခြေရာခွက်ကြီးကို ကြည့်ကာ ဝိသာချိန်ငါးရာထက်မနည်းတမ်း ထွက်မည့်အရေးကို စဉ်းစား မိရင်း သူ၏ ညာဘက်က ကိုင်ဆောင်လာသော ၁၂ ဗို တစ်လုံးပြူးကို

http://www.cherrythitsar.org



ဟန်ပါပါနှင့် မြေပြင်၌ ထောက်ကာ ခေါင်းတညိတ်ညိတ်လုပ်၍ ကျေနပ်မိ၏။

သို့ရာတွင် သူ၏ အားထားအားကိုးရာ လက်နက်ကိုပြန်၍ ကြည့်မိသည်တွင် မြူးနေသောစိတ်ဓာတ်သည် ဖျတ်ခနဲပြန်၍ ကျဆင်းသယောင်ယောင် ဖြစ်သွား၏။ သေနတ်ဟုပြောရအောင် နာမည်ရရုံသာရှိသည့် ၁၂ ဗို့ လုံးချင်း၊ သို့မဟုတ် တစ်လုံးထိုးသေနတ်သည် အမဲကြီးနှင့် ယှဉ်လိုက်လျှင် စိတ်မချရကြောင်းကို မုဆိုးအိုကြီး ဦးလှကျော်၏ သြဝါဒစကားကို မုဆိုးပေါက်စ မောင်ဘိုးဟန်သည် ပြေး၍ စဉ်းစားမိတော့၏။

'စတ္တုကျည်ဆန်နဲ့ ပစ်ခတ်လို့ရတာ စိတ်မချရဘူး၊ စတ္တုကျည်ဆန်မှာ ခဲအကြီးဆုံးက ကျည်မကြီးတစ်လုံးပဲရှိတယ်၊ အဲဒီအောက်က စတ္တုကျည်ဆန်အနေနဲ့ ခြောက်လုံးကျည်နဲ့ ကိုးလုံးကျည်ဒီနှစ်တောင့်ပဲ အမဲကြီးအတွက် နည်းနည်းစိတ်ချရတဲ့ ကျည်ဆန်ဖြစ်တယ်၊ ဒါပေမယ့် ပြောင်နဲ့ဆင်ကျရင် စတ္တုကျည်ဆန်နဲ့ ပစ်ခတ်ရတာဟာ အန္တရာယ်များလှတယ် မောင်ဘိုးဟန်၊ တစ်ချက်နဲ့ ချက်မပိုင်ရင် နောက်ထပ်ဆင့်ပစ်ဖို့ဟာက မလွယ်လှတော့ဘူး၊ နှစ်လုံးပြူးဆိုရင်တော်ပါရဲ့၊ လုံးချင်းသေနတ်ဆိုရင်တော့ မုဆိုးဟာ တစ်ချက် အမဲကြီးပစ်ခတ်ပြီးရင် ချက်ရာမကျရင်တော့ ဆုတ်လမ်းပြေးလမ်းနဲ့ နီးရာက တွယ်တက်ဖို့ သစ်ပင်ကိုရှာပေတော့ မောင်ဘိုးဟန်'

ဖျဉ်းမနားအနောက်နယ်ရှိ ဗြိတိသျှမျက်နှာဖြူခေတ် သစ်တောဌာန၊ ပုလိပ်ဌာနနှင့် ဘုံဘေစတီး ကုမ္ပဏီအရာရှိတွေ၏ လက်သုံးတော် စီးပေါက်မင်းပေါက် မုဆိုးကြီး ဦးလှကျော်၏ အမဲပစ်နည်း နိဒါန်းစကားကို မောင်ဘိုးဟန်သည် ကြားယောင်မြင်ယောင်ရှိလာတော့၏။ သူ၏ ညာဘက်ဘေး၌ လွယ်ထားသော ခပ်စုတ်စုတ်လွယ်အိတ်ထဲမှ တစ်ပတ်နွမ်း စတ္တုကျည်ဆန် သုံးတောင့်ကလည်း မောင်ဘိုးဟန်၏ စိတ်ဓာတ်ကို ချောက်လှန့်နေတော့သည်။ ခြောက်လုံးကျည် (L.G)နှစ်တောင့်နှင့် ကိုးလုံးကျည် (S.G) တစ်တောင့်သာလျှင် မောင်ဘိုးဟန်၏ တစ်လုံးထိုးသေနတ်အတွက် ကျည်ဆန်အား သုံးတောင့်ရှိနေလေသည်။

http://www.cherrythitsar.org



ခြေရာခံနေသော မုဆိုးပေါက်စ မောင်ဘိုးဟန်၏ ရှေ့ ခဲနှစ်ပစ်လောက်ဆီမှ ဖူးခနဲ နွားခေါင်းမှုတ်သံကြီးတစ်ချက် ပေါ်ထွက်လာသည်။ တောရည်ဝစပြုလာသည့် မောင်ဘိုးဟန်သည် ပြောင်တစ်ကောင်၏ လှုန့်ရသည်ကြောင့် ဒေါသထွက်မာန်တင်းသည့် အမူအရာဖြင့် နှာခေါင်းမှုတ်လိုက်ခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်မိပါသည်။ ထို့ကြောင့် မောင်ဘိုးဟန်သည် တစ်လုံးပြူးသေနတ် သို့မဟုတ် တောအခေါ် တစ်လုံးထိုးသေနတ်ကို ခါးချိုးလိုက်ပြီး မြောက်လုံးကျည်တစ်တောင့်ထည့်ကာ မောင်းတင် လိုက်သည်။ ပြီးနောက် ပြောင်နှာခေါင်းမှုတ်သံထွက်ရာဘက်သို့ ဂရုတစိုက် ချုံကွယ်မှ လှမ်းချောင်းကြည့်လိုက်တော့၏။ ဝါးသုဉ်းကိုင်း တစ်ကိုင်းကို ဆွဲရမ်းကာ စားသောက်နေသော စရောမပြောင်ထီးခေါင်းကြီးတစ်ကောင်သည် မောင်ဘိုးဟန်ရှိရာဘက်သို့ ခေါင်းထောင်ကာ ရင်ဆိုင်ရန် အသင့်ရှိသည့် အထိမ်းအမှတ်ဖြင့် လေးဘက်တန်းတန်းနိုင်နိုင်ကြီးရပ်နေသည်ကို တွေ့လိုက်ရလေသည်။

မောင်ဘိုးဟန်သည် တစ်လုံးထိုးသေနတ်ကို အသင့်ကိုင်ကာ ပြောင်ကြီး၏ ထိပ်တိုက်ပေးထားသည့် အခြေအနေကိုကြည့်ကာ ပစ်ရေးမပစ်ရေးအတွက် ချင့်ချိန်နေတော့သည်။ သူကိုင်ထားသော ၁၂ ဗို့ တစ်လုံးထိုးသေနတ်မှာ ပြောင်းအရှည် သုံးဆယ့်နှစ်လက်မရှိ၍ ကျည်ဆန်ပေါက်ကွဲထွက်ရာ၌ သားကောင်များအဖို့ အထိနာသလောက် ကျည်ဆန်ချက်စူးရှခဲ့ကြောင်းကို မောင်ဘိုးဟန်နားလည်ထား၏။ သာမန် ဂျို၊ ဆတ်၊ ဝက်များကို သူ၏ တစ်လုံးထိုးသေနတ်နှင့် ပစ်ခဲ့သည်တွင် တစ်ဖက်လက်ပြင်ကမှန်လျှင် တစ်ဖက်လက်ပြင်ဆီသို့ ဖောက်ထွက်ခြင်း၊ ခဲလုံးများလာစုနေခြင်းစသည့် တစ်လုံးထိုးပြောင်းရှည်သေနတ်၏ စွမ်းအားကို နားလည်ခဲ့မိ၏။ သို့ရာတွင် မောင်ဘိုးဟန်အား နှစ်ပေခန့်မျှ ကျယ်ပြန့်သော ဦးကင်းထိပ်တိုက်ပေးကာ မာန်သွင်းရင်း နိုင်နိုင်ကြီးရပ်နေသော ပြောင်ကြီးကို ပစ်ခတ်ရေးအတွက်မူကား မောင်ဘိုးဟန်အတွက် စိတ်မရဲဝံ့ချေ။

http://www.cherrythitsar.org



အကြောင်းမှာ မောင်ဘိုးဟန်သည် ပြောင်သဏ္ဌာန်၏ ခွန်အားကြီးမားပုံ၊ လျင်မြန်ပုံနှင့်တကွ ပြောင်၏ နဖူးပြင်နှင့် ဦးကင်းရိုးကြီး ထုထည်ကြီးမား ထုထပ်ပုံတို့ကို ကိုယ်တွေ့လက်တွေ့ နားလည်ထားသော ကြောင့်တည်း။ တစ်ခါက မောင်ဘိုးဟန်သည် မျက်နှာဖြူအရာရှိ သစ်တော ဝန်ထောက် ဘရောင်းသခင်နှင့်အတူ ပြောင်အုပ်ထဲသို့ဖောက်ဝင်၍ မိမိတို့ ဆီသို့ မျက်နှာချင်းဆိုင်ရပ်နေသော ပြောင်ထီးတစ်ကောင်ကို ဘရောင်း သခင်က ရိုင်ဖယ်သေနတ်တစ်လက်ဖြင့် ထိပ်တည့်တည့်ပစ်ခတ်သည်တွင် ရိုင်ဖယ်ကျည်ဆန်ဖူးသည် ထုထပ်လှသော ပြောင်၏ နဖူးရိုးကို မှန်ကာ အတွင်းသို့ ထိုးထွင်း မဖောက်နိုင်တော့ဘဲ အပေါ်သို့လျှံ၍ ထွက်သွားခဲ့ သည်ကြောင့် ဒေါသထွက်နေသော ပြောင်ကြီး၏ ကဆုန်လိုက်ခြင်းကို ကိုယ်တွေ့ခံခဲ့ရသော မောင်ဘိုးဟန်သည် ယခုအကြိမ် သူ၏အရေးအတွက် ပစ်ခတ်ရန် ရွေးချယ်ရင်း စဉ်းစားနေမိပါတော့သည်။

ဝုန်းခနဲ အသံနှင့်အတူ မောင်ဘိုးဟန်အား ရင်ဆိုင်ရပ်နေသော ပြောင်ကြီးသည် ချာခနဲလှည့်ကာ တောအနီးမှိုင်းဆီသို့ ဆင်းသွားပါတော့ သည်။ လျင်မြန်လှသော ပြောင်ကြီး၏ လှုပ်ရှားမှုကြောင့် ချက်ကောင်းကို စောင့်နေသည့် မောင်ဘိုးဟန်အဖို့ သူ၏ တစ်လုံးထိုးသေနတ်ကို ချိန်ပင် ချိန်ရွယ်ခွင့် မရလိုက်ပါ။ ချက်ချင်းပင် မောင်ဘိုးဟန်သည် ပြောင်ကြီးဆင်း သွားရာနောက်သို့ တစ်လှမ်းချင်းနင်း၍ ဆက်လိုက်ခဲ့ပါသည်။ အကောင် ကြီးမားသလောက် လျင်မြန်လှသော ပြောင်ကြီးသည် တစ်ဖက်ခင်ကျော ပေါ်သို့ တက်သွားသည်ကို မောင်ဘိုးဟန်သည် ကျွန်းပင်နောက်မှကပ်၍ ခြေရာခံရင်းမှ လှမ်းကာတွေ့လိုက်ရပါသည်။

ရတောင့်ရခဲသော ဤသို့ သားကောင်ကြီးဖြစ်သည့် ပြောင်ထီးကြီး တစ်ကောင်ကို ပက်ပင်းပါ နီးနီးကပ်ကပ် တွေ့မြင်နေရသော မုဆိုးပေါက်စ မောင်ဘိုးဟန်အဖို့ ပြောင်ကြီးထွက်ခွာသွားရာဆီသို့ အလျှော့မပေးစတမ်း အစဉ်တစိုက် လိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။ ပစ်ခတ်ခွင့်ရလျှင် ချက်

http://www.cherrythitsar.org



ကောင်းဖြစ်သည့် သားတိုက် ပစ်ခတ်ခွင့်ကြုံသည့်အခါ၌ လက်ပြင်ကိုဆုပ်၍ ပစ်ခတ်နည်းအတိုင်း ပစ်ခတ်ရန်ကိုလည်းကောင်း၊ သို့မဟုတ် သန်ကြော ပစ်ခတ်နည်းဖြစ်သည့် ပြောင်ကြီး၏ ကျောပြင် ခါးတိုင်အထက်ကို မိမိရရ ပစ်ခတ်၍ မသွားနိုင် မပြေးနိုင်သည့် ဘဝရောက်မှ ချက်ကောင်းကို တစ်ချက်ချင်းရွေး၍ ပြောင်ကြီးအား ကိစ္စပြီး သုတ်သင်ရန်အတွက်ပါ မောင်ဘိုးဟန်သည် ပြောင်ကြီးထွက်ခွာသွားရာနောက်မှ ခြေရာခံရင်း စိတ်ထဲတွင် အကွက်ရိုက်မှတ်ထားလိုက်ပြီး ဖြစ်ပါသည်။

* * *

လှေကားတောင် မြောင်ပေါက်ကို ဖြတ်၍ ပြောင်ကြီး သွားရာနောက်မှ မောင်ဘိုးဟန်သည် ခွကြီးသဲကြီးဖြင့် လိုက်ပါခဲ့သည်။ နမ့်ကချွေးပေါက် တွေသည် ယိုစီးကာ မောင်ဘိုးဟန်၏ ပါးပြင်ကို သနပ်ခါးလိမ်းခြယ် ထားသလို ရွဲရွဲစို၍ စေးကပ်နေစေသည်။ ရှေ့မှစားရင်း ခပ်သုတ်သုတ်သွား နေသော ပြောင်ကြီးသည် လှေကားတောင် မြောင်ပေါက်မှ ဘယ်ဘက်သို့ ပန်းကာတက်ရင်း တွေးတောထဲသို့ ခြေဦးလှည့်နေပြန်သည်။ မောင်ဘိုးဟန် အဖို့ ယခုကဲ့သို့ အခြေအနေရှုပ်ထွေးနေသော အရှောင်ရ အသွားရခက်လှ သည့် အောက်ခြေရှုပ်လှသည့် လုတစ်ရပ်ကျော်ကျော် မြင့်မားစွာ သစ်ပင်စုံ ကိုင်းပင်၊ သက်ကယ်ပင်များပေါက်ရောက်ရာ တွေးတောထဲသို့ ရုတ်တရက် အမိုက်ခံ၍ မလိုက်ဝံ့ပါ။ ဒဏ်ရာရှိသွားပြီး တွေးတောထဲသို့ ဝင်သွားသည့် တောဝက်၊ ကျားနား၊ ပြောင်နှင့် တောဆင်များ၏ ရှောင်တခင်တုံ့ပြန်ကာ သေနတ်သမားမုဆိုးအား တိုက်ခိုက်ခဲ့သည့် မရှုမလှသေဆုံးခဲ့ရသည့် မုဆိုး များ၏ နိဂုံးချုပ်ရာဇဝင်များကို မောင်ဘိုးဟန်သည် ကြားဖူးနားဝရှိခဲ့ပြီး သူ့ဆရာ မုဆိုးကြီးဦးလှကျော်၏ သတိပေးတားမြစ်ချက်ကို အမှတ်ရနေ ပါသည်။ ထို့ကြောင့် တစ်လုံးထိုးသေနတ်ကို အသင့်ကိုင်ကာ မောင်ဘိုးဟန်

http://www.cherrythitsar.org



သည် သူနှင့် ဝါးသုံးရိုက်အကွာအဝေးရှိ တွေးတောစပ်ဆီသို့ နားတစွင့်စွင့် မျက်စိရှင်ရှင်နှင့် ပြောင်ကြီး၏ လှုပ်ရှားသံနှင့် အခြေအနေကို အကဲခတ် စောင့်ဆိုင်းနေခဲ့သည်။

ခြောင်းခနဲ တအားဖိ၍ တွေးတောကြီးထဲမှ တိုးထွက်လာသည့် ပြောင်ကြီး၏ စရာမ နက်မှောင်နေသော ဆင်ပေါက်ကလေး ကိုယ်လုံးနီးနီး ကြီးမားလှသည့် ခန္ဓာကြီးနှင့် ပြောင်ကြီးသည် ဒေါသခြောင်းခြောင်းထွက်နေ သည့် သဏ္ဍာန်ဖြင့် တွေးတော၏ တောင်ဘက် မြေကွက်လပ်ကလေးဆီသို့ အရောက် ပြေးတက်ခဲ့သည်။ လေနှင်အတူ လျှင်မြန်လှသော ပြောင်ကြီးသည် မြက်ပင်နုနုတွေ ပေါက်နေရာလွှင်ပြင်ထဲသို့ အရောက်တွင် တောင်ပို့ခြေရင်းရှိ ပေါင်လုံးခန့်တုတ်သော ကြသောင်းဝါးပင်ကြီးကို တည့်တည့်မတ်မတ်ကြီး ခေါင်းနှင့်ပြေးကာ တိုက်လိုက်ပြီး ဘယ်ပြန်ညာပြန် ရိုကြီးနှစ်ချောင်းဖြင့် သိမ်းကျုံး၍ မာန်သွင်းရင်း ခတ်ချလိုက်သည်။

ဖြောင်းကနဲ ဖျတ်ခနဲ ဝါးပင်ကြီးများသည် ပြောင်ကြီး၏ ကြီးမား လှသည့် ရိုနှစ်ချောင်းဒဏ်ချက်ကြောင့် ခြေရင်းဆီမှ ခြောက်ပေခန့်အကွာ က ဆောင်းခနဲ ရှဲခနဲ ပြတ်၍ လွင့်၍ကျသွားပါသည်။ သေနတ်ကိုအသင့်ချိန် ထားသော မောင်ဘိုးဟန်အဖို့ ပြောင်ကြီး၏ ကြောက်ဖွယ်ရာ စွမ်းအားသတ္တိ ကြောင့် သေနတ်ကိုင်ထားသောလက်တစ်ဖက်မှာ တုန်တုန်ယင်ယင်ဖြစ်နေ ရှာသည်။ ဝါးရုံပင်များအကြားတွင် မိုက်ဂုဏ်ပြနေသည့် ပြောင်ကြီးကို မောင်ဘိုးဟန်အဖို့ ချိန်သားမကောင်း ချက်မပိုင်၍ ပစ်ခွင့်မရသည်ကြောင့် မောင်ဘိုးဟန်သည် ပြောင်ကြီး၏ဘေးမှ ပန်း၍ ပစ်ခတ်ရန်အတွက် နံဘေး တောင်နံရံဆီမှ သီကာ လှည့်၍ဆင်းလိုက်သည်။

လူနံ့ရ၍နေသော ပြောင်ကြီးသည် မောင်ဘိုးဟန်ထက် အလျှင်ပင် လွှင်သာ ကွက်လပ်ကလေးမှ အနောက်ဘက်ချုံးချုံးသို့ ခြေလှမ်းခပ်ကျဲကျဲ လှမ်းကာ ထွက်သွားတော့သည်။ မောင်ဘိုးဟန်သည် ခြေလှမ်းသွက်သွက်နှင့် တောင်နံရံမှပန်းကာ ပြောင်ကြီး၏ ခြေလှမ်းများကိုမီအောင် အပြေးကလေး

http://www.cherrythitsar.org



လိုက်ခဲ့ပြန်သည်။ တောကျွမ်းကျင်လှသော ပြောင်ကြီးသည် တောင်ကမ်းကြီးမှခွာ၍ မြေနိမ့်ပိုင်းဆီသို့ ထွက်ခွာသွားခဲ့လေသည်။

မာန်သွင်းကာ တွေ့ကရာ သိမ်းကျုံးခေါ်ကာ တောင်ကမ်းကြီးမှ မြေနိမ့်ဆီသို့ အရေလုကာ မြေလှမ်းကျဲကျဲကြီးများနင်းလျက် ထွက်ခွာသွားသော ပြောင်ထီးခေါင်းကြီးနောက်သို့ အမီလိုက်ရန် ဖွေ့ကနဲ ညာခြေတစ်ဖက်ရှေ့သို့ လှမ်းလိုက်မိသော မုဆိုးပေါက်စ မောင်ဘိုးဟန်အဖို့ 'ဟင်'ခနဲ ပါးစပ်က အလွန်အမင်း အံ့သြသွားစေသည့် အာမေဍိတ်အသံကြီး ခုန်ထွက်မလာမိစေရန် မနည်းကြီးစားကာ ထိန်းသိမ်းထားလိုက်မိတော့၏။

အကြောင်းမှာ ပြောင်ထီးကြီးထွက်ခွာသွားရာ ဝါးရုံပင်ပေါက်အတွင်းဆီမှ မမျှော်လင့်သော သတ္တဝါကြီးတစ်ကောင်၏ ခေါင်းပိုင်းကျားကျားကြီးကို ရိပ်ခနဲ တွေ့လိုက်မိသောကြောင့်တည်း။ ခေါင်းကြီး ကြီးမားသလောက်နားရွက်တွေတိုပြီး ဝိုင်းနေလျက် မျှ၍ တိုနံ့နံ့နှာခေါင်းကြီးကို မော့ကာ ပြောင်ကြီးဆီသို့ အနည်းငယ်မော့ကာ အနံ့ခံရင်း သူ၏ လက်တစ်ဖက်ကို မကာ ရှေ့သို့ ဆက်လိုက် သင့် မသင့် ဝေခွဲချင့်ချိန်နေဟန်ဖြင့် အညိုရင့်ရောင်တွင် အနက်တန်းကြီးများ ခြယ်လှယ်ထားသည့် တောကောင်ကြီးသို့မဟုတ် ရောမ ကျားကြီးတစ်ကောင်၏ တောနိုပ်နိုကာ ပြောင်ကြီးနောက်မှ ထက်ကြပ်မကွာတမ်း လိုက်ပါချောင်းမြောင်းနေသည်ကို မျက်ဝါးထင်ထင်တွေ့လိုက်ရပေပြီတကား။

ချက်ခနဲကျားကြီးသည် ပြောင်ထီးခေါင်းကြီး စွတ်ထွက်သွားရာကို အနံ့ခံ၍ကြည့်လိုက်ရာမှ ညာဘက်သို့ပန်း၍ ဝါးရုံပင်ဖို့များ၏ အကြားမှ အနိုပ်နိုလျက် ပြောင်ကြီးကို ပန်းကာလိုက်သည့် အနေဖြင့် ခပ်စောင်းစောင်းမြင့်နေသည့် ဝါးရုံတောအတိုင်း လျှပ်တစ်ပြက်အတွင်း၌ ဝင်ရောက်သွားပြန်ပါသည်။

တပင်တပန်း အလိုက်ကြီးလိုက်ခဲ့ရသူ မောင်ဘိုးဟန်အဖို့ ရေဆုံးရေဖျား သဘောထားအနေဖြင့် သူ၏ အားထားရာ တစ်လုံးထိုး သေနတ်ကို

http://www.cherrythitsar.org



ခပ်တင်းတင်းဆုပ်ကိုင်ရင်း မျက်စိရှင်ရှင်နှင့် သားကောင်ကြီးနှစ်ကောင်၏ အနိုပ်အခြည်ကို အကဲခတ်ရင်း ပြောင်ထီးကြီး၏ ခြေရာရင်းက မခွာတမ်း တစ်လှမ်းချင်း ခြေသံလုံလုံနှင်းကာ တကော်ပြန်ပါတော့သည်။

သူ့အဖို့ အန္တရာယ်တစ်ရပ်မှ နောက်ထပ်တစ်ရပ်တိုး၍ လာခဲ့သည့်ကြောင့် သူ၏ ချွေးစို့နေသော ရင်ဘတ်မှာ တဒိတ်ဒိတ်ခုန်စပြုလာပါပြီ။ သို့ရာတွင် မုဆိုးကျော်ကြီးတစ်ယောက်ဖြစ်လာရမည့် မောင်ဘိုးဟန်၏ ပေကတ်ကတ် ရွှတ်တွတ်တွတ်ဉာဉ်ကား မောင်ဘိုးဟန်ကို နောက်သို့ မဆုတ်တမ်း ခြေလှမ်းတွေ ရှေ့သို့တစ်လှမ်းပြီး တစ်လှမ်း အရောက်ပို့ဆောင်နေပြန်ပါတော့သည်။

မကြာမီ ပြောင်ကြီးသည် သစေပြုရိုးကလေးဆီသို့ ချဉ်းကပ်ခဲ့သည်။ မိုးဦးကျစအချိန် မိုးရွာပြီးရေကျခဲ့ရာမှ စဲစအချိန်ဖြစ်၍ သစေပြုရိုးအမည်ခံ တောတွင်း စမ်းချောင်းကလေးအတွင်း၌ ရေစပ်စပ် ကျန်ခဲ့တော့သည်။ မောင်ဘိုးဟန်အဖို့ ခြေသံလုံလုံနှင့် ပြောင်ကြီးကို အမီလိုက်ခဲ့ရသလောက် ပြောင်ကြီးအဖို့၌ လူနံ့ရပြီးသည့် သဏ္ဍာဝါဒီ မနေမနေရှေ့မှ ခပ်သုတ်သုတ် သွားနေတော့သည်။

သစေပြုရိုးနှင့် ယှဉ်နေသော ချောက်ဦးတိုတိပ်သို့အရောက်ကာ ရောက်ရှိခဲ့သည့် မောင်ဘိုးဟန်အဖို့ ပြောင်ကြီး၏ သစေပြုရိုးချောင်းကလေးထဲသို့ အဆင်းတွင် ချက်ကောင်းကိုရွေးကာ ပစ်ခတ်ရန် အရေးတကြီး စီစဉ်လိုက်သည်။ မှန်ပေသည်။ ပြောင်ကြီးသည် သစေပြုရိုးအမည်ခံ ပေသုံးဆယ်ခန့် ရေစပ်စပ်ချောင်းထိပ်သို့ အရောက်တွင် သူလာခဲ့ရင်း နောက်ပိုင်းဆီသို့ လှည့်ကာ တစ်ချက်ပြန်၍ ခေါင်းငုံ့ကာ အနံ့ခံရင်း တစ်ချက်ကြည့်လိုက်ပြီး ဆုတ်မဆိုင်းပင် ချောင်းကလေးထဲသို့ တအား ထိုး၍ဆင်းချလိုက်ပါသည်။ ကိုယ်လုံးကြီးမားလှသော ပြောင်ကြီးသည် စွပ်ခနဲ ချောင်းထဲသို့အကျတွင် ရုတ်တရက် သူ၏ သွားလာလှုပ်ရှားမှုသည် တန့်ကနဲရပ်သွားသည်။ တစ်ခဏအတွင်း ပြောင်ကြီးသည် တစ်ချက်အားထုတ်၍ သူ၏ ကြီးမားလှ

http://www.cherrythitsar.org



သည့် ခွေးကြီးကို လှုပ်ရှားလိုက်သေး၏။ သို့ရာတွင် ပြောင်ကြီးက အားထုတ်၍ လှုပ်ရှားလိုက်တိုင်း သူ၏ ခန္ဓာကိုယ်ကြီးမှာ ချောင်းပြင်တွင် ကျွံကာ နစ်မြုပ်၍ ဝင်သွားတော့၏။

ရေကျကာစ ချောင်းကလေးအတွင်းဝယ် ရေနှင့်ထိတွေ့၍ နူးနေသော မြေစေးများအတွင်း၌ ပြောင်ကြီးသည် နွံနစ်နေခြင်းသာ ဖြစ်တော့သည်။ မောင်ဘိုးဟန်အဖို့ ချောက်ဦးတိုထိပ်သို့ တက်၍ ပြောင်ကြီးကို ပစ်ခတ်ရန် အတက်လိုက်တွင် သူ့အဖို့ မျက်လုံးမျက်ဆန်တွေ ပြူးသွားစေသည်။ မမျှော်လင့်သောသရုပ်ဆန်း ဖြစ်ရပ်တစ်ခုသည် ဘွားခနဲ ကားခနဲ ပေါ်ထွက်လာပါသည်။

ချောင်းကလေး၏ မြောက်ဘက် တစ်ဝပ်တည်းရှိသည့် တွေးတောအတွင်း လွှားခနဲရုန်းပျံကာ ပေါ်ထွက်လာသည့် ရှည်လျားလျား သစ္စာဝါကြီး တစ်ကောင်၏ သရုပ်ဆန်းသည် လျှပ်တစ်ပြက်အတွင်း၌ နွံနစ်နေသော ပြောင်ကြီး၏ လည်ကုပ်ပေါ်သို့ ကားခနဲ ကျရောက်လာလေသည်။ နွံထဲမှ ပြောင်ကြီးသည် တအားရုန်း၍ ရှောင်ရှားရန် ကြိုးစားလိုက်သော်လည်း လှုပ်လေ မြုပ်လေဖြစ်သွားရုံမက ပြောင်ကြီး၏ ဗိုက်အထိ နွံ့နွံတွေသည် နစ်မြုပ် ဆိုက်ရောက်လာတော့သည်။ ရှောင်တခင်အတွင်း၌ ပြောင်ကြီး၏ ရှေ့ပိုင်း လည်ကုပ်ပေါ်သို့ ကျရောက်လာသော သစ္စာဝါကြီးသည် ဆုတ်မဆိုင်း ကာလတွင်ပင် ရှေ့လက်နှစ်ဖက်ဖြင့် ပြောင်ကြီး၏ ကျောပြင်အရှေ့ပိုင်းသို့အားယူ၍ ကုပ်ထောက် ထောက်လိုက်ပြီး ကျယ်ဝန်းလှသည့် ပါးစပ်ပြဲကြီးဖြင့် တစ်ချက်တည်းငုံ့ကာ ပြောင်ကြီး၏ လည်ကုပ်ကို တအားဖိ၍ ကိုက်ချလိုက်သည်။

'ဟယ်' ဟူသော ကြောက်လန့်တကြား အော်ဟစ်လိုက်မည့်အသံကို မောင်ဘိုးဟန်သည် မနည်းပင် လည်ချောင်းဝမှ ပိတ်ပင် တားဆီးလိုက်ရတော့၏။ မောင်ဘိုးဟန်ထက် လျင်မြန်သော ပျော့ကွက်သိသော ချက်ပိုင်ပိုင် ကို မောင့်တာတ်သည့် တောကောင်ကြီး သို့မဟုတ် ကျားကြီးသည် ပြောင်ကြီး

http://www.cherrythitsar.org



ကို နောက်ယောင်ခံကာ အစဉ်တစိုက် လိုက်လံ ချောင်းမြောင်းခဲ့ရာမှ ပြောင်ကြီးက ချောင်းအကူးတွင် နှံ့နှစ်နေစဉ် ပြောင်ကြီးအား အပြီးအပိုင် စုန်၍ အုပ်လိုက်ပြီး ကိုက်သတ်လိုက်ခြင်းသာဖြစ်ပေ၏။

'ဘူး' ဟူသော ကြောက်မက်ဖွယ်ရာ ပြောင်ကြီး၏ ရုန်းကန်တွန့်လိမ် နေသည့် သဏ္ဌာန်ကြီးနှင့် အသံဆိုးကြီးများ ပေါ်ထွက်လာပြီးနောက် ကျားကြီးကလည်း စားမောန်သွင်းကာ ဆေါခနဲ ရုန်းကန်ဟိန်းရင်း အားရပါးရ ပြောင်ကြီး၏ လည်ကုပ်သံကြောကြီးကို ငုံ့ကာခဲရင်း တအားဆွဲ၍ ဖြတ်တောက် နေပါသည်။ ခေါင်းခါခါ လည်ခါခါနှင့် နှံ့နှစ်နေသောပြောင်ကြီး၏ ရုန်းကန်မှုသည် သိသိသာသာကြီး လျော့ပါးပြေလာသလောက် လည်ကုပ်ပေါ်က ကျားကြီးအဖို့၌ ခဲရင်း ကုပ်သွေးစုတ်၍ ကောင်းနေတော့သည်။

ဘေးမှ ပွဲကြည့်ပရိသတ်တစ်ဦးတည်းအနေဖြင့် ကျောက်ဦးတိုပေါ်မှ ရပ်ကြည့်နေသော မောင်ဘိုးဟန်သည် ချက်ချင်းသတိရကာ သူ၏ ၁၂ ဗိုတစ်လုံးထိုး သေနတ်ပြောင်းကို မ၍ ချိန်လိုက်သည်။ ကျား သို့မဟုတ် တောကောင်နှင့် သေနတ်သမားတို့သည် မုဆိုးချင်းဖြစ်၍ ရင်ဆိုင်တွေ့စေကာမူ တစ်ဦးနှင့်တစ်ဦး မပစ်စတမ်း ရန်မမူစတမ်းဟူသော ရှေးမုဆိုးများ၏ ဩဝါဒစကားသည် ယခုအခါ၌ မောင်ဘိုးဟန်အဖို့ ဆန့်ကျင်ဘက်ဖြစ်ခဲ့ပြီ။ သူ တပင်တပန်းလိုက်၍ ခြေရာခံရင်း ချောင်းမြောင်းခဲ့သော သားကောင်ကြီးကို သူ့အရင်ဝင်၍လုခဲ့သည့် ကျားကြီးကို မောင်ဘိုးဟန်သည် ချမ်းသာပေးမည့်လူစား မဟုတ်ချေ။

သူ့ရှေ့ရှိ သစ်ကိုင်းတစ်ခုပေါ်သို့ မေးတင်ကာ ပြောင်ကြီးကျောပေါ်မှ မလွှတ်တမ်း ကုပ်သွေးစုတ်နေသော တောကောင်ကြီး၏ လက်ပြင်တည့်တည့်ကို ချိန်ကာ မုဆိုးပေါက်စ မောင်ဘိုးဟန်သည် တစ်လုံးထိုးသေနတ်မောင်းကို ဖြုတ်ချလိုက်တော့၏။

'ဒူး' ဟူသော နားကျင်လှသည့်အသံကြီးနှင့် ကျားကြီး၏ ဟိန်းသံသည် ပဲ့တင်ထပ်၍ သေနတ်သံနောက်မှ ကပ်ကာ ထွက်ပေါ်လာတော့၏။

http://www.cherrythitsar.org



ဒေါသတကြီးဖြင့် ကျားကြီးသည် သူ ကိုက်နေသည့် ပြောင်ကြီး၏ လည်ကုပ်ကို တအားငုံကာ တဖေါါဖေါ ဖိ၍ သိပ်၍ ကိုက်ချလိုက်သည်တွင် မောင်ဘိုးဟန်၏ ခြောက်လုံးကျည်ထည့်ထားသည့် ဒုတိယကျည်ဆန်၏ ပေါက်ကွဲသံသည် နောက်ဆက်တွဲ ပေါ်ထွက်လာချေ၏။ မာန်သွင်းကာ ဖိကိုက်နေသည့် ကျားကြီး၏ နားတွင်းတစ်ဖက်၌ ပေအစိတ်ခန့်က ကပ်ကာ ပစ်သွင်းလိုက်သည့် ခြောက်လုံးကျည်အစုသည် အစုလိုက် အပြုံလိုက် ဝင်ရောက်သွားတော့၏။

ကျားကြီးသည် လေးဘက်ကန်၍ ပြောင်ကြီး၏ ကျောပြင်ပေါ်၌ ရပ်ထားရာမှ ညွတ်ကာဝပ်ဆင်းသွားတော့၏။ ချောက်ဦးတိုထိပ်မှရပ်ကာ အခြေအနေကြည့်နေသည့် မောင်ဘိုးဟန်သည် ပြောင်ကြီးရော ကျားကြီးပါ ကိစ္စပြီးနေသည်ကို ကွမ်းတစ်ယာညက်ခန့် ရပ်၍ စောင့်ကာကြည့်ပြီးမှ သေးပတ်ဝန်းကျင် တောတောင်အခြေအနေကို မှားရန် တစ်ချက်အကဲခတ်ကာ ကြည့်လိုက်ပြီး တစ်လုံးထိုးသေနတ်အတွင်းသို့ ကျန်သည့် ကိုးလုံးကျည်ဆန်တစ်တောင့်ကို ထည့်ကာ ပခုံးပေါ်၌ထမ်းလိုက်ပြီး မိုးစွေရွာဘက်သို့ ဖြတ်လမ်းမှ ပြန်ခဲ့လေသည်။

* * *

ကျွန်တော်သည် ပြောင်ခေါင်းကြီးကို ဂရုတစိုက် လေ့လာကြည့်နေရာမှ 'သိပ်ကောင်းတယ် ဦးဘိုးဟန်၊ ရန်ကုန်က သစ်ကုန်သည် ဦးဘသိန်းဆီ ပို့ပေးရအောင်၊ ကျုပ်ကာတိထားခဲ့မိလို့ဗျာ'

'ပို့ချင်ရာပို့ပါ ဗိုလ်မှူး၊ ကျုပ်ငယ်ငယ် သေနတ်စကိုင်စက ပွဲဦး ထွက် ရခဲ့တဲ့ တစ်ကြိမ်တည်းနဲ့ နှစ်ကောင်ရတဲ့ ပြောင်ကြီးလေ၊ မုဆိုး ထုံးစံအတိုင်းပဲ ပြောင်ကြီးခေါင်းရော ကျားကြီးခေါင်းပါ ကျုပ်ရခဲ့တယ်၊ ကျန်တာတွေတော့ လိုက်ထမ်းတဲ့ ဖျက်တဲ့လူတွေ ဝေပေးခဲ့ရတယ်'

http://www.cherrythitsar.org



ကျွန်တော်သည် ဘောင်းဘီအိတ်ထဲမှ ပေကြိုးကိုထုတ်ကာ ပြောင်ကြီး၏ ချိုရင်း ချိုဖျား နှစ်ဖက်စလုံးနှင့် ချိုဖျားတစ်ဖက်မှ တစ်ဖက်အဆုံးအထိ တိုင်းထွာလိုက်သည်။

'ဦးဘိုးဟန်ကြည့်စမ်း၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူးဗျ၊ ငါးဆယ့်ရှစ်လက်မခွဲ ရှိတယ်၊ ကျွန်တော် ပစ်ဖူး တွေ့ဖူးတဲ့ ပြောင်ထဲမှာအကြီးဆုံးပဲ၊ ကျားကိုက်လို့ ရတယ်ဆိုတာ ဒီလောက်ကြီးမားတဲ့ ပြောင်ကြီးအတွက် ကျွန်တော် ရုတ်တရက် မယုံနိုင်စရာပဲဗျ'

'မှန်တယ် ဒိုလ်မှူး၊ ကျားဆိုတဲ့အကောင်က ချက်ကောင်းနဲ့ မျှော်ကွက် ဟာကွက်ကို အားကြီးသိတယ်၊ အားကြီးစောင့်တဲ့အကောင်မျိုးဗျ၊ ကျုပ်လဲ ပြောင်ကြီးကို ကျားထွက်အုပ်မှ ကျုပ်အတွက် အတော်လန့်သွားတယ်၊ လားလားဗျာ၊ ပြောင်က ကျုပ်အနံ့ရလို့ အောက်မေ့ခဲ့တာ ဘယ်ဟုတ်မလဲ၊ တောကောင်ကြီးအနံ့ရလို့ကိုး၊ ဒါကြောင့် အကျဉ်းအကျပ်ဖြစ်ခဲ့တွေ့ခဲ့ရကတည်းက သူ့ အမြန်ပြန်ထွက်လာခဲ့တာရယ်၊ ပြီးတော့ မာန်သွင်းပြီး ဝါးပင်တွေ အပြတ်အသတ်ခတ်ခဲ့တာဟာ တောကောင်ကြီးကို ရန်မူတာပဲ၊ အမှန်ကတော့ ဒီလောက် စုစုပေါင်း ဝိသသာငါးရာခြောက်ဆယ်ထွက်တဲ့ မှောကုး ပြောင်ကြီးကို ရုတ်တရက် ကျားမကိုက်နိုင်ဘူး၊ မကိုက်ရဲဘူးဗျ၊ အကျဉ်းအကျပ်နဲ့ မျှော်ကွက်တွေ့တဲ့အခါ ချက်ပိုင်တဲ့အခါမှ တောကောင်ဟာ တစ်ချီတည်းဖိပြီး ဝင်တွယ်တတ်တာမျိုးလား၊ အိမ်ဆင်ရော တောဆင်ရော တောကောင်က ဒီလိုအချိန်အခါတွေမှာ စောင့်ပြီး လိုက်လေ့ရှိတယ်'

ကျွန်တော့်အဖို့ ဦးဘိုးဟန် ငယ်စဉ်က မုဆိုးသင်ခန်းစာယူခဲ့စဉ်က ပွဲဦးထွက်ရရှိခဲ့သည့် ပြောင်ချိုကြီးကို မက်မောစွာ ဆေးသုတ်၍ တခမ်းတနားအမွှမ်းတင်ရေးနှင့်တကွ ဧည့်ခန်းတွင် တင့်တယ်ထည်ဝါစေမည့် ဧည့်ခံပန်းဆည်း တစ်ရပ်အနေလို မြင်ယောင်ထင်ယောင် ရှိပါတော့သတည်း။

[ မြဝတီ။ ။ ဖေဖော်ဝါရီ၊ ၁၉၆၃ ]

http://www.cherrythitsar.org

# တိုလီမဲ

ဖောထူးသည် ဝါးဆေးတံကို မီးညှိလိုက်ပြီး သူ၏ ပါးစောင်တွင် ခဲလိုက်၏။ ထို့နောက် ကွမ်းထုပ်ကို သူ၏ခေါင်းလျှော်အိတ် ပုတ်ထဲသို့ ထည့်လိုက်ပြန်၏။ ထို့နောက် သူ၏အချစ်တော် တိုလီမဲကို စိတ်ဆိုးမာန်ဆိုးနှင့် အပြစ်တင်လိုက်၏။

'ငါ့ကို စကာ စကာ ဒုက္ခပေးတဲ့အကောင် တွေ့ရင်တော့လားကွာ၊ အသေပဲ ဆောက်ရမှပေတော့'ဟု ကရင်ဘာသာနှင့် ကြိမ်းဝါးအပြစ်တင်လိုက်ပြန်၏။

ထမင်းချက်ကြီး ဖောပန်းရွှာက ခေါင်းတညိတ်ညိတ်နှင့် ရယ်မောလိုက်ရင်း 'တိုလီမဲနဲ့ မင်းနဲ့တော့လားကွာ၊ မိုက်ကြတာကလဲ အတူတူပဲ၊ ချစ်ကြတာကလဲ သားအဖပဲ၊ ပြီးတော့ စကာ စကာရန်ဖြစ်ကြတာပေါ့'

မှန်လှပေသည်။ တိုလီမဲသည် သစ်ခွဲရာ သစ်ထုတ်လုပ်ရာ၌ အင်မတန်နိုင်းကောင်းသော ပထမတန်း ဆင်ပေါက်တစ်ကောင်သာဖြစ်ပေ၏။ သူ့သခင် ဆင်ဦးစီး ဖောထူးက တိုလီမဲ ခေါင်းပေါ်ကနေပြီး ချွန်းတစ်ချက်မခြောက်ရဘဲ ပါးစပ်ကနိုင်းနေရုံနှင့် အဆမတန်ကြီးမားလေးလံသော တန်ကျော်သစ်ကြီးတွေကို ဆင်ကူမပါတမ်း မိုက်မိုက်ကန်းကန်း

http://www.cherrythitsar.org



ပုတ်ရင်းမှ ထုတ်ခဲ့နိုင်၏။ တောင်ကျော်လွှန်ပြီးလည်း တစ်ကောင်ချင်းလည်း ခွဲပို့နိုင်၏။ အခြား ဆင်ပေါက်တွေလို အင်အားတောင့်တင်းလာလျှင် မိမိသခင် ဆင်ဦးစီးတို့ကို လှလှပပ တော်လှန်သတ်ဖြတ်ခဲ့ခြင်း စသည့် ရာဇဝင် အမဲကွက်လည်း မရှိခဲ့ချေ။ သို့ရာတွင် တိုလီမဲအဖို့ ပြစ်ချက်နှင့် ချွတ်ယွင်းချက် သုံးလေးချက်ကဖြင့် ရှိနေပြန်၏။

တိုလီမဲကို အလုပ်ကအပြန်လွှတ်လိုက်လျှင် တော်တော်နှင့် ဆင်တဲတွေရှားက မခွာဘဲ တရစ်သီသီလုပ်တတ်၏။ ဆင်ကြိုကြသည်ဟူသော စကားကို မှန်ကန်ကြောင်း ထောက်ခံသည့်အလား တဲပိုင်းများအနီး၌ ခိုကပ်နေသော တိုလီမဲသည် တဲရှင် ဆင်ဦးစီးကတော်များ အလစ်တွင် ဆားအိုး ငါးပိအိုးတို့ကို ဖွေ့ခနဲနေအောင် အပိုင်နှိုက်ကာ ကျကျနနကြီး စားသောက်တတ်ပေ၏။ ထို့ကြောင့်လည်း အလစ်သမား တိုလီမဲ အလုပ်က ပြန်လာပြီကို သိရတိုင်း အိမ်ရှင်မများက ဆောထူးအား သူ၏ချစ်သား တောက်ပြားလက်သစ် တိုလီမဲကို ဆင်စားကျက်ကြီးဝိုင်းထဲသို့ မဆိုင်းမတွ နှင်ထုတ်ကြရန် သတိပေးရစမြဲဖြစ်လာ၏။

တိုလီမဲ၏ ဒုတိယပြစ်ချက်မှာ အင်မတန်ခြေရှည်သောဆင် ဖြစ်ပေ၏။ စားကျက်ထဲသို့လွှတ်လိုက်လျှင် ညဘက် လက်ကောက်ဝတ်တွင် ထူးကြိုးကြီး တချွင်ချွင်နှင့် တိုလီမဲအဖို့ ခြေဦးတည့်ရာသို့ ရွှေစကြာဖြန့်ပြီး နောက်တစ်နေ့ အလုပ်ဆင်းရေးအတွက် ဆင်အကောက် လိုက်ရရှာသူ သူ၏သခင် ဆောဖိုးထူးအဖို့ ထူးကြိုးရာကို ကြည့်ကာ ခံကာဖြင့် အဖျဉ်းဆုံး လေးငါးမိုင်လိုက်ပြီး ခြေရှည်သူ တိုလီမဲကို ကောက်ယူရမြဲ ဖြစ်ပေ၏။

သူခြေဦးတည့်ရာ ခရီးစဉ်တစ်လျှောက်မှ တောင်သူလယ်သမားများ၏ လုပ်ခင်းကိုင်ခင်း လယ်ယာများ ဥယျာဉ်များကို တိုလီမဲသည် သွားရင်း လာရင်း တစ်ထောက် ဝင်ရောက်အနားယူသည့်ပမာ အသီးအနှံသစ်ပင် ပန်းမန်တို့ကို စားသောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ဆင်အုပ်ပိုင်ရှင် သစ်ခေါင်းကြီး ဆောသာရွှေအဖို့ မကြာခဏ လျော်ကြေးပေးခဲ့ရပေါင်းများခဲ့ပေ၏။

http://www.cherrythitsar.org



'နင် တော်တော်မိုက်တာနဲ့။ နင့်ကိုငါ မသနားဘူး၊ ဒီပြင်ဆင်ကို ပြောင်းစီးမယ်၊ ဒီလောက် ဒုက္ခပေးနေရင်'

စောထူးက တိုလီမဲကို အော်ငေါက်ကာ ကြိမ်းဝါးဆုံးမလိုက်သည့် အခါ၌ တိုလီမဲသည် သူ၏ရှေ့၌ မတ်မတ်ရပ်ကာ စိတ်ဆိုးမာန်ဆိုးနှင့် အပြစ်တင်နေသူ စောထူး၏ ရင်ကို ဦးကင်းနှင့်အသာဝင်၍ ပွတ်သီးပွတ်သပ် လုပ်ရင်း နှာမောင်းကလည်း စောထူး၏ ခြေရင်းသို့စိုက်ကာ ကြောက်ခွဲမွှယ်ရာ တရှုးရှူးအော်မြည် တောင်းပန်နေရှာပြန်သည်။

စောထူးသည် ဟန်လုပ်ကာ တကယ် စိတ်ဆိုးသည့် အမူအရာမျိုးဖြင့် 'ဆုံးမလို့ ပြောလို့မရတဲ့အကောင်၊ မင်းဟာ ငါ့သား မဟုတ်တော့ဘူး၊ ဒီပြင် ဆင်ရိုင်းကို ငါ ပြောင်းသွားမယ်၊ မင်းတစ်ယောက်တည်း နေရစ်ခဲ့ တော့'ဟု ပြောပြီး တိုလီမဲ၏ နှာမောင်းကိုဖယ်လိုက်ပြီးလျှင် သူ၏ တဲ ကလေးပေါ်မှ အိုးခွက်ပစ္စည်းများကို သယ်ပိုးရွှေ့ပြောင်းဟန် ပြင်ဆင်လိုက် သည့် တစ်ခဏ၌ တိုလီမဲသည် ဆောက်တည်ရာမရသော လူတစ်ယောက် ပမာ တကျစ်ကျစ်အော်မြည်ရင်း သူ၏သခင် စောထူးလက်မှ လွယ်အိတ်များ၊ ထင်းရှူးသေတ္တာများကို အတင်းနှာမောင်းဖြင့်ဆွဲလုရင်း စောထူးအား ဦးခေါင်း နှင့် ခွေ့ကာ ပွတ်ကာ တောင်းပန်နေသလို သရုပ်ဆောင်လိုက်သည်ကြောင့် ကရင်အမျိုးသမီးများအဖို့ တိုလီမဲအပေါ် သနားစိတ်တွေ ဝင်ရောက်လာကြ သည်နှင့်အမျှ 'တော်လောက်ပါပြီ စောထူးရယ်၊ ရှင့်သား နောင်တရနေပါပြီ၊ တကယ့်ကလေးတစ်ယောက်အတိုင်းပဲ သိတတ်လိုက်တာကွယ်'ဟု ဝိုင်းဝန်း ကာ တောင်းပန်ယူရရှာသည်အထိပင်။

စောထူးသည် သူ လူပျိုဘဝကပင် သူကိုယ်တိုင် မှိန်းသွင်းကာ နိုင်းစေနိုင်သည့် ဆင်ယဉ်တစ်ကောင်အဖြစ်သို့ ရောက်ရှိလာအောင် ဆုံးမ သွန်သင်ခဲ့ရသည်။ တိုလီမဲ၏ နားရွက်တစ်ဖက်ကို ဆွဲကာ ရယ်မောရင်း 'မင်း သူများလယ်တွေ စားဦးမလား၊ တွေ့ကရာလျှောက်လည်ဦးမလား၊ ပြောစမ်း လူကလေး၊ တိုလီမဲ' မေးလိုက်သည်တွင် အရပ်ရှစ်မျက်နှာခွဲခန့်မြင့်မား

http://www.cherrythitsar.org



သလောက် လေးဘက်လေးတန် တောင့်တင်းလှသော အစွယ်ကြီးဖွေးဖွေးနှင့် တိုလီမဲသည် ဆောထူး၏မေးမြန်းချက်ကို ကောင်းစွာ နားလည်သဘော ပေါက်သည့်အလား သူ၏ ခေါင်းကို တွင်တွင်ရမ်းကာ ရှေ့လက်တစ်ဖက် မြေကြီးကို ရှပ်၍ ရှပ်၍ တိုက်ပွတ်ရင်း တအား ဝူးခနဲ အော်မြည်လိုက်ပြန် တော့၏။

မနုဿလူသားနှင့် တိရစ္ဆာန်တို့၏အကြားဝယ် သန့်စင်နိုင်မြဲသော ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာဓာတ်ကား အပြီးသား ရစ်ပတ်ချည်နှောင် နေလေပြီတကား။

*   *   *

'ထမင်းစားပြီးမှသွားပါလား ဆောထူး၊ နေအတော်မြင့်နေပြီကွယ်'

ဆောပန်းရွှေက သတိပေးလိုက်ရာတွင် 'ကိစ္စမရှိဘူး ဖထီး၊ ဒီအကောင် သိပ်စရိုးလွန်နေလိမ့်မယ်၊ ထမင်းစားနေရင်'

ဆောထူးက ပြောပြောဆိုဆိုနှင့်ပင် ဆင်သမားလက်နက် လှံရှည် တစ်ချောင်းနှင့် သစ်သားအိမ်နှင့်ထည့်ထားသည့် ဓားမသေးသေးတစ်ချောင်း ကို လွယ်ကာ ခမောက်ကို ဆောင်းလိုက်ပြီး တဲပေါ်မှဆင်းခဲ့သည်။

'တောကအားကြီးရှုပ်တယ် ဆောထူး၊ မျက်စိလည်မယ်နော်၊ မင်းမှာ မီးခြစ်တွေ၊ ဓားဘူးတွေ ပါရဲ့လားကွ'

'ပါပါတယ် ဖထီး၊ အပြန် မိုးချုပ်ချင် ချုပ်မယ်နော်၊ ဘာမှမပူနဲ့ ဖထီးရေ့'ဟု နှုတ်ဆက်လိုက်ပြီး တိုလီမဲ စတင်ထွက်ခွာသွားရာ ရေဆိပ် ဘက်မှ အခြေပြုကာ ခြေရာလက်ရာကို ခံယူလိုက်ပါသည်။

မိုးမကုန်တကုန်ကာလ သီတင်းကျွတ်လအတွင်းဆမို့ တောတစ်ပြင် လည်း ထ၍ ကောင်းတုန်းကာလပင်၊ သို့ရာတွင် တိုလီမဲ၏ခြာလက်မှ ဆူးကြီးကြောင်းကြီးမှာ ဆွဲရာ ဖြတ်ရာတစ်လျှောက်၌ မပျောက်မပျက်နိုင်

http://www.cherrythitsar.org



သော စွတ်ကြောင်းကြီးများအဖြစ် ထင်ရှားစွာ ကျန်ရစ်ခဲ့သည့်ကြောင့် ဇောထူးအဖို့ တိုလီမဲ မြေဦးတော်ရာဒေသကို ခန့်မှန်း၍ လိုက်နိုင်ခဲ့ပေ၏။ နှစ်မိုင်ခန့် ထူးကြီးကြောင်းအတိုင်း ဆက်လိုက်ခဲ့သည့်နောက်တွင် ထူးကြီးကြီးကို ရုတ်တရက်တွေ့လိုက်ရပေ၏။ ဇောထူးသည် ထူးကြီးအခြေအနေကို ငုံ့ကာ အကဲခတ် ကြည့်ရှုလိုက်သည်တွင် ကြီးမားသော သံကျွင်းများပင် ကျွင်းဆက်ပြုလုပ်ထားသောကာမူ မြေကြီး ကျောက်ခဲ စသည့် အဓာခံပစ္စည်းများနှင့် နှစ်ရှည်လများစွာ ပွတ်တိုက်ခဲ့ရခြင်းကြောင့် ပါးကာ ကျွင်းဆက်နေရာ တစ်ခုက ပွင့်ဟလျက် တိုလီမဲအဖို့ လွတ်လပ်ရေးပေးလိုက်သလို အနောင်အဖွဲ့မှ လွတ်မြောက်သွားသည့် အခြေအနေမှန်ကို သိလိုက်ရပေ၏။

ဇောထူးအဖို့ သူ၏သားမိုက် တိုလီမဲကို တွေ့ရှိရန် ခရီးရှည်ခပ်သုတ်သုတ်လိုက်နိုင်မှသာ တွေ့ရှိမည်အဖြစ်ကို စဉ်းစားမိပါတော့သည်။ ထို့ကြောင့် မပျောက်မပျက်နိုင်သော တိုလီမဲ၏ ဧရာမ ခြေရာကွက်ကြီးများကို နင်းကာ နင်းကာဖြင့် အစဉ်တစိုက် လိုက်ခဲ့ပြန်ပါသည်။

တစ်စ တစ်စနှင့် ဇောထူးအဖို့ သူ ယခင်က ရောက်ဖူးခဲ့သည့် တောတွင်းဒေသ နယ်ပယ်များကို ကျော်လွန်ကာ နယ်စိမ်းနယ်သစ်ထဲသို့ တိုလီမဲ၏ ခြေရာအတိုင်း လိုက်လံခဲ့ရာမှ လွန်ကျူးခဲ့ပါသည်။ နေကလည်း အနောက်ရိုးမတောင်စွယ်ဆီသို့ စိုက်ကာ ဆင်းနေလေပြီတကား။ ထို့ကြောင့် တောတောင်ဒေသ၏ အခြေအနေကိုကြည့်ကာ အကဲခတ် ဝေဖန်လိုက်ပြန်သည်တွင် သစ်ခုတ်ရာ ဝါးခုတ်ရာ အစအနမျှပင် တစ်ချက်တလေ မတွေ့ရသည့်ကြောင့် တောတောင်၏နက်ရှိုင်းမှု၊ လူသူနှင့်ကင်းဝေးပုံတို့ကို သဘောပေါက်ခဲ့တော့၏။ ပတ်ဝန်းကျင်တစ်ဝိုက်၌ အပုံလိုက်လတ်လတ်ဆတ်ဆတ် တွေ့လိုက်ရသည့် ပြောင်ချေးပုံများနှင့် မလှမ်းမကမ်းရေစပ်တစ်လျှောက်၌ အိုးတောင်ခတ်ထားသကဲ့သို့ ရှုပ်ယှက်နေသော ကျားခြေရာကြီးတွေကို ထင်းခနဲ တွေ့လိုက်ရပြန်၏။ ဆင်သမားများအဖို့ တောဆင်ကော ကျားကို အရေးမလုပ် မရှုတမ်း တောတကာ တောင်တကာတို့၌ တွေ့ကြုံရမြဲ ကိစ္စတစ်ရပ်

http://www.cherrythitsar.org



ဖြစ်သည်ကြောင့် စောထူးအဖို့ သိပ်မဆန်းတော့ချေ။ သို့ရာတွင် မိမိ၏ ဆင်နှင့်မနီး ဆင်တဲနှင့်ကွာဝေးပြီး တောနက်ကြီးအတွင်း၌ တစ်ကိုယ်တည်း အဖော်မပါသည့် ဘဝကို စဉ်းစားမိပြန်သည်တွင် အားငယ်သလိုလိုဖြစ်လာပြန်သည်။

ထို့ကြောင့် လှံကြီးကို ညာဘက်မှအသင့်ကိုင်ရင်း တိုလီမဲ၏ ခြေရာကို ဆက်ကာခံ၍ လိုက်ခဲ့ပြန်သည်။ သွားရင်းလာရင်း ကညင်ပင်ကြီး၏ ခြေရင်းအခွက်ထဲမှ ကညင်ဆီများခဲနေသော အတုံးကြီးတစ်တုံးကို တွေ့ရသည်ကြောင့် ဝါးလုံးတစ်လုံးကို ခုတ်ယူကာ နှစ်တောင်ခန့်အရှည် ဝါးဆစ်သုံးချောင်းကို ခုတ်ဖြတ်လိုက်ပြီး ကညင်ဆီခဲကြီးကို သုံးပိုင်းပိုင်းကာ ဝါးဆစ်သုံးချောင်းအများ၌ ဖိ၍ခွပ်လိုက်ပြီး ညဉ့်ရေးညဉ့်တာအတွက် 'တောတွင်း လက်နှိပ်ဓာတ်မီး' သုံးစင်းအဖြစ် စီမံဖန်တီးလိုက်ပြန်ပါသည်။ တိုလီမဲ၏ ခြေရာများကား သွားခြေရာသာမက တစ်ပတ်ကျော့ကာ ပြန်တွေ့လာသည့် ခြေရာများနှင့် ခြေလှမ်းကျဲကျဲကြီးများပါ လှမ်းထားသည့် ခြေရာများကို စောထူးသည် ကြည့်ကာ စဉ်းစားခန်းထုတ်လိုက်ပြန်၏။ ထိုစဉ်တွင် နေမင်းက ရိုးမတောင်ကြောတစ်ဖက်အတွင်းသို့ ထိုးဆင်းသွားသည်ကြောင့် တောတွင်း၌ မှောင်စပျိုးလာချေ၏။ တစ်နေကုန် တစ်နေခန်း အိပ်ခဲ့ကြသည့် သားကောင်များ၏ အိပ်ရာထ စနိုးထချိန်လည်းဖြစ်နေသည်ကြောင့် မကြာခဏ ဂျီများ ဆတ်များကို တွေ့မြင်စပြုလာပါပြီ။

အမှောင်ချဉ်းလာသည်နှင့်အမျှ တောအကြောင်း တောသဘာဝကို ကျွမ်းကျင်ခဲ့သူ စောထူးသည် လောင်းရိပ်ကျသော မြင်ရိပ်မှခွာ၍ လွင်ကျကျ ဘက်သို့လှကာ စောထူးက သူ၏သားမိုက် တိုလီမဲကို တစ်နေရာရာတွင် တွေ့နိုးနိုး မျှော်လင့်ချက်ဖြင့် ဆက်လက်ရှာဖွေခဲ့ပြန်သည်။ စောထူး၏ ပါးစပ်ကလည်း သူ့အသံကို တိုလီမဲ ကြားလိုကြားငြားအနေဖြင့် 'တိုလီမဲ တိုလီမဲ၊ ကဆော် ကဆော်' ဟု အသံပြုလိုက်သည်။

http://www.cherrythitsar.org



ပွဲတင်သံမှအပ အခြားလှုသံနှင့် ဆင်သံ တစ်စုံတစ်ရာ မကြားရသည့်အကြောင်း စောထူးသည် ရပ်နေရာမှ ညာဘက်သို့လှည့်ကာ လျှောက်ရန် ခြေလှမ်းပြင်လိုက်သည့် တစ်ခဏ၌ သူ၏ညာဘက် ကြိမ်နွယ်တောထဲမှ ချွတ်ခနဲ ဝါးတိုးသံတစ်သံ ထွက်လာသည်ကြောင့် လှမ်း၍ကြည့်လိုက်သည်တွင် မြေကြီးနှင့်ကပ်လျက် သူနှင့် နီးစပ်သည်ထက် နီးစေရန် တရွရွတက်လာသည့် ရှင်ဖျောဖျော သတ္တဝါကြီးတစ်ကောင်ကို ရုတ်တရက် ရိုပ်ခနဲ တွေ့လိုက်ရသည်တွင် သတိရှိသူပီပီ သူ့လက်တွင်းမှ လှံရှည်ကိုမြှောက်ကာ ထိုးရန်ပြင်ဆင်လိုက်ရပေ၏။ ဤတွင် ဝါကျားကျားသတ္တဝါကြီးသည် ကြီးမားသော ခေါင်းကြီးကိုမော့ကာ ဟင်းခနဲမာန်သွင်းကာ တစ်ချက်ဟိန်းလိုက်ပြီး ကြိမ်တောထဲ၌ပင် ချက်ချင်း ပျောက်ကွယ်သွားပါတော့သည်။

သူ့အား ကျားကြီးတစ်ကောင်က အစာ သို့မဟုတ် သားကောင်တစ်ကောင်အဖြစ် လိုက်လံချောင်းမြောင်းနေခြင်းသာဖြစ်ကြောင်းကို သိလိုက်ရပေပြီ တကား။ ထို့ကြောင့် အကင်းပါးသော ဆင်သမားပီပီ သူ၏ဘယ်လက်ထဲမှ ဓားမနှင့် ဝါးဆစ်တစ်ခုကို တခုန်ခုန်ခေါက်ကာ ညာသံပေးလျက် ချောက်လှန့်လိုက်ပြီး လွင်ကျရာဘက်သို့ အရဲဆုတ်ခွာခဲ့၏။ သို့ရာတွင် လွင်ကျသည်အထင်ရှိ၍ ဆုတ်ခွာခဲ့သည့်နေရာမှာ သက်ကယ်နှင့်ကိုင်းတောရှည်ကြီးများ ဖြစ်နေသည်ကြောင့် သူ့အား အမဲကောင်အဖြစ်နှင့် လိုက်လံချောင်းမြောင်းနေသည့် ကျားကြီးအတွက် ပထမတန်းနေရာကောင်းဖြစ်နေကြောင်းကို စောထူးက စဉ်းစားမိသည့် တစ်ခဏအတွင်း၌ ဘယ်ဘက်တောစပ် လွင်သာယာဆီသို့ စွပ်၍တက်ခဲ့ရပြန်၏။ မှောင်နေသည့်အရေးကြောင့် သူသည် မီးခြစ်တစ်လုံးကိုဖွင့်ကာ ချက်ချင်းပင် ကညင်ဆီတုံးကို မီးနှင့်ညှိကာ အလင်းရောင်ပေးလိုက်ပြန်သည်။

လင်းထွက်လာသော မီးရောင်အောက်ဝယ် စောထူးသည် ပတ်ဝန်းကျင် အခြေအနေကို ကွဲပြားထင်ရှားစွာ တွေ့မြင် အကဲခတ်နိုင်ပေတော့သည်။ စက္ကန့်ပိုင်းအတွင်းမှ သူ ဆုတ်ခွာခဲ့သော ကိုင်းတောစနေရာ၌ သူ့အား

http://www.cherrythitsar.org



လိုက်လံနေသော ကျားကြီး၏ ရှေ့ပိုင်းကို တွေ့လိုက်ရပြီး ကျားကြီးသည် ဆောထူးကို မခန့်လေးစားကြည့်ကာ ရှေ့လက်နှစ်ချောင်းကို ညွှတ်ချလိုက်ပြီး အသာဝပ်လျက် ဆောထူး၏ ပြေးပေါက်ပြေးလမ်းကို စောင့်ကြည့်နေခြင်းသာ ဖြစ်ပေ၏။

ကျားကြီးသည် ဆောထူး၏ အကြံမရှုံ့နှင့် မပြေးသာသည့်အနေကို သိရှိသည့်အလား ဖွေ့ခနဲ ရှေ့သို့အသာစုန်၍ မြေပေါ်၌ဝပ်ကာ ခေါင်းတရမ်းရမ်း၊ လည်တရမ်းရမ်း လုပ်ရင်း ဆောထူးအား ကစားစရာအရုပ်ကလေးသဖွယ် သဘောထားပုံဖြင့် ရှေ့လက်နှစ်ဖက်ပေါ် မေးတင်လျက် အမြီးက မြေကြီး၌ ဘုတ်ခနဲ ဘုတ်ခနဲ ရိုက်ခတ်ရင်း တစ်ဆင့်တက်ပြန်ပါသည်။ ဆောထူးသည် ဘယ်လက်တွင်းမှ မီးတိုင်ကို မြေပျော့ပျော့တွင် ဖျတ်ခနဲစိုက်ချလိုက်ပြီး အရောင်ဖွေးဖွေးထွက်နေသည့် လှံရှည်ကြီးကို အသင့်ရွယ်ကာ 'လာခဲ့ သတ္တိရှိရင်၊ နင်ထက်မိုက်လို့ဆင်ဦးစီးလုပ်နေတာကွ၊ တက်ခဲ့စမ်း' အော်ဟစ်ကာ မြေကြီးကို ဖနောင့်နှင့်ဆောင့်ကာ ဟန်ရေးပြလိုက်ပြီး

'ဟော တိုလီမဲ၊ အမိုက်ကောင်၊ နင့်ကြောင့် ငါ ဒုက္ခရောက်နေပြီ၊ တိုလီမဲ တိုလီမဲ'ဟူ၍ အသံကုန်ဟစ်အော်ကာ ကျားကြီးရှိရာသို့ အပြေးတက် လိုက်ရာ ကျားကြီးသည် နောက်ကျွမ်းတစ်ပတ်ပစ်၍ လူတစ်ရပ်ကျော် မြင့်သော ကိုင်းတောထဲသို့ ကျရောက်သွားပြီး အစပျောက်သွားပြန်တော့၏။ သို့ရာတွင် ဆောထူးသည် သူ့အား ကျားကြီးက အလစ်မပေးတမ်း တစ်နေရာရာမှ လှည့်ပတ်ကာ ချောင်းမြောင်းမည်ဟု သိရှိထားလိုက်ပါသည်။ ကျားတို့၏ အလေ့အကျင့်ကား မျက်နှာချင်းဆိုင် ပါးတော့ နားတော့ဆိုလျှင် ရှောင်ဖယ်သွားလေ့ရှိပြီး နောက်ကွယ်နှင့် အလစ်တွင် ဝင်ရောက်ကိုက်ချီတတ်သည့် အလေ့မျိုးရှိသောကြောင့်တည်း။ ဆောထူး၏ နဖူး၌ ဆောချွေးတို့ကို သီလျက်တွေ့နိုင်ပေ၏။ သူသည် လှံရှည်ကြီးကို အသင့်ကိုင်ကာ ရုတ်တရက် ခုန်အုပ်တော့မည့် ကျားကြီး၏ နောက်ဆုံးပိတ်တိုက်ပွဲကို အသင့်ရင်ဆိုင်ရန် ပြင်ဆင်လိုက်ပါသည်။

http://www.cherrythitsar.org



ရှောင်တခင်အတွင်း၌ ဝေါခနဲ မြည်ဟည်းကာ ရုတ်တရက် သူ၏ ခေါင်းပေါ်တစ်ဝိုက်သို့ ပေါ်ထွက်လာသောအသံနှင့် အရာဝတ္ထုကြောင့် ဆောထူးသည် လျင်မြန်သူပီပီ လှံရှည်ကြီး၏ အသွားကို ဖျတ်ခနဲ လှမ်း၍ ချိန်ရွယ်လိုက်ပါသည်။ သို့ရာတွင် သူထင်ခဲ့သလို ရုတ်တရက် ပေါ်ထွက်လာသော လျင်မြန်လှသည့်အရာဝတ္ထုနှင့် သဏ္ဌာန်ကား ကျားကြီး၏ ကိုယ်လုံးကြီး မဟုတ်ဘဲ ခြေသလုံးခန့် တုတ်ခိုင်သော သစ်ခြောက်တုံးတစ်တုံး၏ အဖြစ်ကို လည်းပတ်ကာ သူ့ခေါင်းပေါ်မှ ကျော်တက်သွားပြီး တစ်ခဏ အတွင်း၌ပင် သူ၏ညာဘက်သော ခြေလှမ်းအစိတ်ခန့်ရှိ ကိုင်းတောထဲသို့ အရှိန်ပြင်းပြင်းနှင့် ပစ်ကျသွားပါသည်။ တုံးတိုကျသံနှင့် တစ်ပြိုင်နက်တည်း ကျားကြီး၏ စိတ်ဆိုးမာန်ဆိုးနှင့် ဟိန်းလိုက်သောအသံကြီးကပါ ဝေါခနဲ ထွက်လာချေ၏။

ထိုနောက် ဆောထူးအဖို့ အံ့အားသင့်နေခိုက်မှာပင် သူ၏ ဘယ်ဘက် ဝါးရုံအောက်မှ ရှောကနဲသတ္တဝါကြီးတစ်ကောင် ရုတ်တရက်ပေါ်ထွက်လာ သည်ကြောင့် အရေးတကြီးရင်ဆိုင်ရန်အတွက် လှည့်၍အကြည့်လိုက်တွင် ကြီးမားလှသော အစွယ်ကြီးဖွေးဖွေးနှစ်ချောင်းနှင့် ဆင်ပေါက်ကြီးတစ်ကောင် ၏ နားရွက်ကားကားဖြင့် ခေါင်းပိုင်းကြီးကို တွေ့လိုက်ရပေ၏။ ဆင်ကြီး သည် ပါးစပ်က 'ကျစ် ကျစ် ကျစ်'ဟူသော အံကြိတ်ကာဒေါသထွက်နေ သည့် အသံနှင့်အတူ သူ၏ နှာမောင်းအတွင်းမှ တုံးတိုတစ်ချောင်းကို ဝှီးခနဲအသံနှင့်အတူ ကိုင်းတောတစ်နေရာသို့ တည့်တည့်မတ်မတ်ကြီး ပစ်ထည့်လိုက်ပြန်တော့၏။ ပြီးလျှင် ဆောထူးခြေစုံရပ်နေရာဆီ တစ်ဟုန် တည်းထွက်၍ လာပါတော့သည်။

'ဟဲ့ တိုလီမိ၊ အမိုက်ကောင် လာခဲ့'

ဆောထူးသည် ဒေါသထွက်နေသော အသံအက်ကြီးဖြင့် ကြိမ်းဝါး လိုက်သည့်နောက်၌ ဆင်ကြီးက 'အု အု အု အု'ဟု အော်မြည်ရင်း သူ့ သခင် ဆောထူးဆီသို့ ချဉ်းကပ်ရောက်ရှိလာပြီး သူ၏ နှာမောင်းအတွင်းမှ

http://www.cherrythitsar.org



သစ်ခြောက်တုံးများကို မြေပေါ်သို့ချကာ တစ်တုံးပြီး တစ်တုံး ကျားကြီး ချောင်းမြောင်း ရောက်ရှိနေရာများသို့ ပေါက်ကာပစ်ကာ တည့်လိုက်တော့၏။ ကျားနှင့်ဆင်သည် ရန်သူပင်ဖြစ်ကြသည်ကြောင့် တစ်ကောင်၏ အနံ့ကို တစ်ကောင်က ကောင်းစွာ ရှာဖွေနိုင်စွမ်းရှိပေ၏။ ကိုင်းတောတစ်ဖက်သို့ ချောင်တိမ်းပြေးနေသော ကျားကြီး ခြေသံသဲ့သဲ့များကို စောထူးက ကြား လိုက်ရပြီးနောက် တိုလီမဲသည် စောထူးအား နှာမောင်းနှင့် တို့ကာ တို့ကာ တစ်နေရာသို့ အတင်းအတွက်ခိုင်းပြန်ပါသည်။

'မက် မက်' ဟူသော ဝပ်ရန်အမိန့်ကို စောထူးက တိုလီမဲသို့ပေးလိုက်ရာ တိုလီမဲသည် ခေါင်းကို ရမ်းရင်း စောထူးအား ရှေ့မှ တက်ရန်သာ တိုက်တွန်းနေသည်။ စောထူးသည် သူ၏ဆင် သူ၏အမိန့်ကို နားမထောင်သည့် အကြောင်းရင်းကို ရှာဖွေရင်း ရှေ့မှ မီးတိုင်ကြီးကို ဘယ်လက်၊ လှံရှည်ကို ညာလက်နှင့်ကိုင်ရင်း တက်ခဲ့တော့၏။ သုံးလေးနေရာ၌ တိုလီမဲက နောက်ပိုင်းနှင့် ညာဘက်သို့ လှည့်ကာရပ်ကာ ချောင်းမြောင်းကာလုပ်ကြရန် လိုက်ပါလာသော ကျားကြီးကို တုံးတို့နှင့် ဖိ၍ ဖိ၍ ပစ်လွှတ်ခဲ့ပါတော့သည်။ တစ်ဖာလုံခန့် သွားမိသည့်နောက် အေးမြသောလေပြည်က ရုတ်တရက် စောထူး၏ မျက်နှာကိုလာ၍ ဟပ်လိုက်တော့၏။ ကြောသိ ရှင်းလင်းနေသော ချောင်းကမ်းထိပ်တစ်ခုသို့ စောထူးက ရှေ့မှ တိုလီမဲက နောက်မှကပ်၍ ဆိုက်ရောက်ခဲ့ကြပါတော့သည်။

* * *

တိုလီမဲလာခဲ့သော ခြေရာအတိုင်း စောထူးက ဆက်လိုက်ခဲ့ရပေ၏။ ချောင်း၏ အကျယ်အဝန်းမှာ ပေတစ်ရာခန့်ရှိနေပြီး ရေစပ်စပ်ကလေးသာ ရှိခဲ့သည်ကြောင့် မီးတိုင်၏ အလင်းရောင်အောက်၌ စောထူးနှင့် သူ၏ သားမိုက် တိုလီမဲတို့အဖို့ အခက်အခဲမရှိရဘဲ ချောင်းအထက်ပိုင်းဆီသို့

http://www.cherrythitsar.org



ဆန်တက်ခဲ့ကြပေသည်။ ချောင်းကွေ့တစ်ကွေ့ရောက်ခါနီး၌ တိုလီမဲသည် စောထူးရှေ့မှ ကျော်တက်ခဲ့ပြီး သူ၏ နှာမောင်းအတွင်းမှ သစ်ကိုင်းခြောက်ကြီးကြီးနှင့် ချောင်းထိပ်နထူးချုံထဲသို့ ဝိုးခနဲမြည်သွားအောင် ပစ်ထည့်လိုက်၏။ ဟင်းခနဲကျားကြီး၏ မာန်သွင်းသံသည် ပေါ်ထွက်လာပြီး အသာနောက်ပိုင်းသို့ဆုတ်ခွာသွားသည့် ကျားကြီး၏ သဏ္ဍာန်ကို မီးရောင်တွင် ရိပ်ခနဲ စောထူးက မြင်လိုက်ရပြန်၏။

သူတို့နှစ်ဦးသား တစ်မိုင်ခန့် ချောင်းအတိုင်း တက်ခဲ့သည့်နောက် ချောင်းနှစ်ခွဆုံရာအရောက်တွင် တိုလီမဲက တအုအုနှင့် အသံပြုလိုက်ရာ ရေအိုင်အတွင်းမှ အခြားဆင်တစ်ကောင်၏ အုအုဟူသော အသံနှင့်အတူ ချလွင်ဟူသော သံကြိုးချင်းရိုက်ခတ်သံပါ ရေသံများနှင့်ရောနှော၍ ပေါ်ထွက်လာချေ၏။ စောထူးသည် လက်မှ ကညင်ဆီမီးတိုင်တစ်တိုင်ကို အသာစ်ညှိထွန်းလိုက်ပြီးနောက် ရေအိုင်စပ်၌ ရပ်နေသော ဆင်ကို အသေအချာကြည့်လိုက်မိ၏။ လက်နှစ်ဖက်စလုံး၌ ထူးခတ်ထားခြင်းခံရသော ဆင်မှာ ဆင်မတစ်ကောင်ဖြစ်ပြီး ရေအိုင်ကြီးအတွင်း၌ ကျရောက်နေသော သစ်ပင်ကြီး၏ အမြစ်နှင့် သံကြိုးကွင်းများ ငြိတွယ်မိနေပုံကိုပါ စောထူးက မြင်တွေ့လိုက်ရပေ၏။ ထို့ကြောင့် စောထူးသည် ဆင်မအနီးသို့ ရဲတင်းစွာကပ်သွားပြီး ‘လွှတ်ဟဲ့ လွှတ်ဟဲ့၊ ကဆော်’ ဟူသော ကရင်ဘာသာဖြင့် ‘ထစမ်း ရပ်စမ်း’ ဟူသော အမိန့်ကိုပေးလိုက်ပြီး ကျင်လည်စွာဖြင့် ဆင်မ၏ လက်နှစ် ဖက်၌ စုံခတ်ထားသည့် သံကွင်းကြီးကို ဖြုတ်ပေးလိုက်ပါသည်။

အနှောင်အဖွဲ့မှ လွတ်မြောက်သွားသော ဆင်မသည် နှာမောင်းကို ခေါင်းပေါ်သို့မြှောက်ကာ တအွတ်အွတ်မြည်ရင်း တိုလီမဲရှိရာသို့ ချဉ်းကပ်သွားသည်တွင် တိုလီမဲက ချောင်းခုံတစ်ဖက်သို့ နိုင်နိုင်ကြီးရပ်နေရာမှ လှည့်၍ ဆင်မကို ခေါင်းနှင့်တိုက်၍ လွှတ်လိုက်ပြီး သူ၏ နှာမောင်းကို အနံ့ခံယူပုံဖြင့် ရှေ့သို့ဆန့်တန်းကာ ပွစိ ပွစိလုပ်နေတော့၏။ မကြာမီ ကညင်ဆီမီးရောင်အောက်၌ အစွေးသားမြင်နေရသော ချောင်းခုံပေါ်သို့ ကျားကြီးသည်

http://www.cherrythitsar.org



ငုံ့ကာကပ်ကာ တစ်လှမ်းချင်းပေါ်လာတော့၏။ ဆင်နှစ်ကောင်သည် မြွန်းခနဲ သံခုံကို နှာမောင်းများဖြင့် ရိုက်ခတ်ပစ်လိုက်ပြီး တစ်ဟုန်တည်း ကျွားကြီးရှိရာသို့ ဗိုန်း၍ လိုက်တိုက်ကြပါသည်။ ကျွားကြီးကား ပါးစပ်ကြီးဖြဲကာ ပြောင်တလင်း၌ ရင်မဆိုင်ဝံ့တော့ဘဲ လာရင်း ချောင်းကမ်းပါး တောစပ်ဆီသို့ တစ်ချိုးတည်း သုတ်ခြေတင်ပြေးတော့၏။

စောထူးသည် ထင်းခြောက်များကိုစုကာ မီးဖိုကြီး ဖိုလျက် မြက်ခြောက်များကို သောင်ခုံပေါ်၌ ဖြန့်၍ခင်းလိုက်ပြီး ခပ်မောမောရှိခဲ့သည်ကြောင့် ပက်လက်လှန်ကာ တုံးခြောက်ကို ခေါင်းအုံးရင်း အမောဖြေလိုက်ရပေ၏။ လေပြည်ကလေးကလည်း တဟူးဟူးတိုက်ခတ်နေတော့၏။ သူ၏ခြေရင်းဘက်၌ကား ချောင်းခုံထဲမှ ပေါက်ရောက်နေသော မောင်းတောကို စားရင်း သူ၏သားမိုက် တိုလီမဲနှင့် စောထူး၏ ချွေးမအသစ်ကလေးသို့မဟုတ် အမည်မသိရသေးသော ဆင်မသည် တစ်ကောင်နှင့်တစ်ကောင် နှာမောင်းဖြင့်ပုတ်ခတ်ရင်း တအီအီနှင့်စကားပြောရင်း သူတို့ဖခင် စောထူး တရေးတမော စိတ်ချလက်ချ အနားယူအိပ်စက်နိုင်စေရန် ကင်းတာဝန်ထမ်းဆောင်ရင်း ချစ်ရေးဆိုလျက် ရှိနေပေတော့သည်။

[ မြဝတီ။ ။ ဒီဇင်ဘာ၊ ၁၉၆၃ ]

http://www.cherrythitsar.org

# သိုင်းနယ်မှ ကျားသောင်းကျန်း

မကြီးကုန်းရွာကလေးသည် တောင်ကုန်းမော့မော့ကလေးပေါ်၌ တည်ထားခဲ့ခြင်းကြောင့် ရုတ်တရက် တွေ့မြင်ရလျှင် အင်မတန် နေထိုင်စရာကောင်းလှသည့် ရွာကလေးတစ်ရွာဟု ထင်မှတ်စရာ ဖြစ်သော်၏။ သို့ရာတွင် မကြီးကုန်း ရွာသူရွာသားအားလုံးမှာမူ နေဝင်မည်ကိုပင် စိုးရိမ်ကြောက်ရွံ့နေကြလေသည်။ ကြောက်မက်ဖွယ်ရာ အန္တရာယ်ဆိုးသည် ရွာသူရွာသားများကို သွေးပျက်စေသလို ကာယ်မည့်သူဆေးကွာခဲ့သည့်အလျောက် သက်ပြင်းတွေချကာ ရွာသူရွာသားတွေအနေဖြင့် နတ်ကိုး စုန်းကိုးနှင့် ခေတ်နောက်ပြန်ဆွဲဝါဒကို အသက်သွင်းနေသကဲ့သို့ပင် ရှိနေတော့သည်။

လွန်ခဲ့သော ဆယ်ရက်ခန့် ညပိုင်းမှပင် ဤကဲ့သို့ ဖျဉ်းမနားခရိုင်နှင့် တောင်ငူခရိုင်နယ်စပ် တောင်ပိုင်းကျကျရှိခဲ့သည့် မကြီးကုန်းရွာအတွင်းသို့ တောကောင်ကြီး ဝင်ရောက်လာပြီး မှိုင်းနွားတစ်ကောင်ကို ခဲဟာင်းဖွာဆွဲချီသွားခဲ့သည်။ ထိုညမှစ၍ တောကောင်ကြီး သို့မဟုတ် ကျားဆိုးကြီးသည် လေးငါးရက်တစ်ကြိမ်ကျ ဆိုသလို မကြီးကုန်းရွာတွင်းသို့ ညမှောင်သည်နှင့် တစ်ပြိုင်နက် ပြိုပျက်ဟောင်းနွမ်းနေသော ရွာစည်းရိုးကို ထိုးဖောက်ကာ

http://www.cherrythitsar.org



ဝက်များ ရွာများသာမက အိမ်ကခွေးကိုပင် မလွှတ်တမ်း ကိုက်ချီကာ သောင်းကျန်းခဲ့ပေသည်။

ကုန်းသာရွာရှိ ကျွန်တော်၏ တပည့်ကျော် ဦးဘိုးစိန်နှင့် ဦးစံဖဲတို့က ဆက်သားလွှတ်ကာ ကျွန်တော့်အား အမြန်ဆုံးလာရောက်ပါရန် အကြောင်းကြားခဲ့သည်ကြောင့် ကျွန်တော်နှင့် ဦးဘိုးဟန်တို့ ဦးဆောင်သော မုဆိုးတပ်စိတ်သည် ပျဉ်းမနားမြို့အနောက်ဘက် သရက်တောတွင်း၌ စခန်းချထားသည့် ကျွန်တော်၏တပ်ရင်းမှ ကားတစ်တန် လှည်းတစ်တန် ခြေကျင် လှထမ်းနှင့်တစ်မျိုး၊ ကုန်းသာရွာကိုဖြတ်ကာ တောင်ဘက်ရိုးရိုးရှိ တောင်ငူနယ်တွင်းရှိ ဆယ်မိုင်ခန့်ကွာဝေးသော မကြီးကုန်းရွာသို့ ခရီးပြင်းချီတက်ခဲ့ရပေ၏။

ကျွန်တော်သည် ရွာဝေးပတ်လည်က သစ်တောကြီးများ တွေးတော စိမ့်တောကြီးများ အထပ်ထပ် ကာရိုင်းနေသည့် အိမ်ခြေခြောက်ဆယ်ခန့်ရှိ မကြီးကုန်းရွာသို့ ညနေလေးနာရီခန့်တွင် ဆိုက်ရောက်ခဲ့သည်။ ရွာသားတွေသည် ကျွန်တော်တို့ကိုမြင်လိုက်ရလျှင် တအားတက်သွားကြပြီး ‘ငပြောက်’ကိစ္စကို အပြီးအစီး ဖြေရှင်းပေးပါရန် တောင်းပန်ကြသည်။ ကျွန်တော်လည်း အတတ်နိုင်ဆုံး ကြိုးစားပါမည်ဟု ကတိပေးအပ်ကာ ရွာအလယ်ရှိ တည်းခိုသော အိမ်ပေါ်တွင် ကျွန်တော်တို့၏ ဝန်စည်စလှယ်များကို နေရာချထားကာ လက်ဖက်ရည်ကြမ်းသုံးလေးခွက်ကို သောက်လိုက်ပါသည်။

‘မြန်မြန်သောက်ဗျို့၊ မိုးမချုပ်ခင် ရွာတွင်း ရွာပြင် အခြေအနေနဲ့ တောကောင်ကြီးရဲ့ ဝင်ပေါက် ထွက်ပေါက်လမ်းတွေကို လိုက်ကြည့်ကြရအောင်’

ဦးဘိုးဟန်သည် ရှပ်ကျယ်အင်္ကျီကလေးကို လဲလှယ်ရင်း သတိပေးလိုက်သည်။ ကျွန်တော်သည် စပို့ရှပ်အသစ်တစ်ထည်ကို ချွေးနစ်နေသော ရှပ်ကျယ်နှင့် ဝတ်ဆင်လိုက်ပြီး အိမ်ခေါင်းရင်း ထရံတစ်လျှောက်တွင် အစီလိုက်အတန်းလိုက်ထောင်ထားသည့် ရိုင်ဖယ်သေနတ်ကြီးများ အနက်

http://www.cherrythitsar.org



၈၇ဝ ဗိုး နှစ်လုံးပြူး ရိုင်ဖယ်နှင့် ကျည်ဆန်များ အစီအရီထိုးထားသည့် ခါးပတ်ပြားကြီးများကို လှမ်း၍ဆွဲလိုက်သည်တွင် အိမ်ရှင် ဦးဘိုးတုတ်နှင့် ဦးဘိုးဟန်တို့က

'မလိုသေးပါဘူးဗျ၊ ရွာအတွင်းက လိုက်ကြည့်မှာပါ၊ စောပါသေးတယ် ဗိုလ်မှူး' ဟု သေနတ်ကြီးကို မယူခဲ့ရန် တားမြစ်လိုက်သည်ကြောင့် ကျွန်တော်သည် စစ်သားထုံးစံအတိုင်း လူနှင့် လက်နက်နှင့် မကွာစေရန် အတွက် ၃၈ စပါယ်ရှယ်ခြောက်လုံးပြူး တစ်လက်ကို ကျည်ဆန်ခြောက်တောင့်ထည့်ကာ ဘောင်းဘီအိတ်ကပ်ထဲသို့ ထည့်လိုက်ပြီး ရွာတွင်းသို့ သုံးဦးသားထွက်ခဲ့ကြသည်။ တည်းခိုသည့်အိမ်အပေါ်ထပ်၌မူ တပ်ကြပ်ကြီး သန်းထွန်း၊ ဦးနု၊ တပ်ကြပ်မောင်ပု၊ ရဲဘော်ကျော်လှိုင်၊ တပ်ကြပ်မောင်နု တို့သည် သေနတ်ကြီးများကို စနစ်တကျ တိုက်ချွတ်ပြင်ဆင်ကာ ညစာ စားသောက်ရေးအတွက်ပါ လုပ်ကိုင်နေရစ်ခဲ့ကြသည်။

အခါသမယကလည်း နတ်တော်လထဲသို့ ရက်ကျူး၍လာခဲ့သည် ကြောင့် ညနေခင်းမြူနှင်းတွေနောက်မှ နှင်းမှုန်တွေက ထက်ကြပ်မကွာ လိုက်ပါကာ ကိုးရပ်ခွင်ကို မှုန်ဆိုင်းဝေရီစေလျက် လွမ်းမွှယ်ရာ ညနေ ဆည်းဆာကာလကို ဖန်နေတော့၏။

ကျွန်တော်သည် စစ်ဗိုလ်မျက်စိ၊ မုဆိုးမျက်စိနှစ်စုံပေါင်းထားသော ကြည့်ရှုစစ်ဆေးပုံမျိုးဖြင့် ရွာစည်းရိုးတစ်လျှောက်ကို ဂရုတစိုက် လေ့လာ ကြည့်ရှုလိုက်သည်။ ရွာစည်းရိုးအပေါက်များ အပေါက်များ၊ မလွှယ်ပေါက် များကို ကျားသောင်းကျန်းကိစ္စဖြစ်ပေါ်လာမှ ရွာသားတွေသည် အချိန်ရတိုင်း လူအားဖြင့်ဖိကာ အသစ်ပြုပြင်နေကြခြင်း၊ ဖာထေးကြခြင်းများ ပြုလုပ်နေ ကြောင်း တွေ့ရသလို တချို့နေရာများတွင် ကျားသာမက ဆင်တစ်ကောင် ပင် ချောင်ချောင်ချိချိဝင်နိုင်အောင် ကျိုးပျက်နေသော စည်းရိုးတန်းပျက် များကို တွေ့ရပေ၏။

http://www.cherrythitsar.org



ထို့ကြောင့်လည်း ကျွန်တော်တို့ မုဆိုးများ၏ ကြိုတင်စီစဉ်ချက် ဖြစ်သည့် ရွာတွင်းသို့ ကျားဝင်နိုင်သည့် ထွက်ပေါက်များမှ စောင့်ကြိုပစ်ခတ်ရေးမှာ မဖြစ်နိုင်ကြောင်း တွေ့ရှိရသလို ကျားဆိုးအနေဖြင့် သူဝင်ချင်သော ရွာမျက်နှာက အခက်အခဲ အနှောင့်အယှက်မရှိစတမ်း ဝင်ရောက်နိုင်ကြောင်းကိုပါ ရိပ်မိလာတော့သည်။ ကျွန်တော်က ဦးဘိုးဟန်၏ ရွာလူကြီးတစ်ဦးဖြစ်သော ဦးဖိုးတုတ်အား

'နက်ဖြန် ရွာစည်းရိုးပြီးအောင် ခတ်ကြဗျာ၊ ဘာပေါက်မှမရှိစေနဲ့၊ ဒီအတိုင်းကတော့ သိပ်မကောင်းနပ်စရာပဲ'ဟု သတိပေးပြောကြားလိုက်ရာ ဦးဖိုးတုတ်က 'ရွာသားတွေက သိပ်လဲ ပျင်းကြတယ် ဗိုလ်မှူး၊ ခုလို သေမယ့်ဘေး ရောက်လာကြမှ ရွာဆော်က မဆင့်ရ မဆော်ရဘဲ သူ့ထက်ငါ အလုအယက် ဝါးခုတ်ကြ၊ စည်းတန်းကြ၊ ကာကြ ပြုကြတော့တယ်ဗျ၊ သိပ်ခက်တဲ့ လူတွေဗျာ'ဟု ပြောကြားလိုက်သည်။

ကျွန်တော်တို့သုံးဦးသည် ရွာတောင်ဘက် အစပ်သို့အရောက်တွင် ရွာမြောက်ဘက်ဆီမှ စီခနဲ့ ဆူးဟောင်သံကြားလိုက်ရပြီး ဆက္ကန့်ပိုင်းခွဲဝင် တစ်ဆက်တည်း တစ်ရွာလုံး တဝုန်းဝုန်းနှင့် သံပုံးခေါက်သံ၊ ဝါးလုံးခေါက်သံများ ပွက်လောရိုက်သွားတော့၏။

ဦးဖိုးတုတ်သည် ရုတ်တရက်တုန်လှုပ်သွားပြီး 'ဟော၊ တောကောင်ကြီး ရွာမြောက်စကို ဝင်နေပြီဗျို့၊ လာကြ လာကြ ခက်ကုန်ပြီ'ဟု အလန့်တကြား အော်ဟစ်ကာ နီးရာအိမ်ပေါ်သို့ တက်ရောက်ခိုလှုံရန် ခြေလှမ်းပြင်လိုက်သည်။

"ဒီလောက်လဲ ကြောက်စရာမဟုတ်ပါဘူး ဦးဖိုးတုတ်ရာ၊ ကျုပ်မှာ ခြောက်လုံးပြူး ပါပါသေးတယ်၊ အိမ်ကို အမြန်ဆုံး အရောက်ပြန်ပြီး သေနတ်ကြီးတွေဆွဲကြရအောင်"

ကျွန်တော်သည် ဦးဘိုးဟန်နှင့်အတူ လာရင်းလမ်းမအတိုင်း စခန်းချထားရာ အိမ်ဆီသို့ ခပ်သွက်သွက်ပြေးခဲ့ကြသည်။ ရွာလယ်လမ်းမနှင့်

http://www.cherrythitsar.org



အိမ်ကြိုအိမ်ကြားတစ်လျှောက်ဝယ် နွားအုပ် ကျွဲအုပ်သာမက လူနှင့်ခွေးများပါ တရုန်းရုန်း ပြေးမိပြေးရာ တက်မိတက်ရာအိမ်များပေါ်သို့ ပြေးကြ တက်ကြသည်ကို ကျွန်တော်တို့သုံးဦး မနည်းရှောင်ကွင်းကာ ရွာလယ်စခန်းဆီသို့ ရောက်ခဲ့ရပါသည်။

အိမ်အပေါ်ထပ်မှ အိမ်ရှင်အဘိုးကြီးက "ရဲဘော်တွေလိုက်သွားကြပြီ၊ သိပ်ရဲတဲ့တောကောင်ကြီး၊ လုပ်ကြပါဦး၊ ကယ်ကြပါဦး" စသည်ဖြင့် အော်ဟစ်ကာပြောလိုက်ရာ ကျွန်တော်သည် အိမ်အပေါ်ထပ်သို့ပြေးတက်ခဲ့ပြီး ကျွန်တော်၏ နှစ်လုံးပြူးရိုင်ဖယ်ကို ဆွဲယူလိုက်ရင်း ကျည်ဆန်ခါးပတ်ပြားကြီးကို ဆွဲပတ်လိုက်၏။ တိုက်ရင်းချွတ်ရင်းနှင့်ထားခဲ့သည့် အခြားရိုင်ဖယ်သုံးလက်ကိုလည်း တွေ့ရသည်။

"ကျုပ်ကြောင့်၊ ကျုပ်အသုံးမကျတာဗျ၊ ဗိုလ်မှူးက သေနတ်တွေပါ တစ်ပါတည်းယူခဲ့ချင်တာ၊ ကျုပ်က တားလိုက်မိလို့ နောက်ကျသွားပြီ"

ဦးဘိုးဟန်သည် သူ့ကိုယ်သူ အပြစ်တင်ကာ မဂ္ဂဇင်း ရိုင်ဖယ်တစ်လက်ကိုဆွဲယူရင်း လှေကားမှ အမြန်ဆုံးဆင်းလိုက်ကြသည်။

"ဒိုင်း ဒိုင်း" ဟူသော ခပ်ကျယ်ကျယ် ခပ်မွှာမွှာ နှစ်လုံးပြူးသေနတ်သံ နှစ်ချက်တိတိ ဆက်တိုက်ကြားလိုက်ရပြီး ကျွန်တော်တို့နှစ်ဦးသည် ရွာမြောက်ဖက် စည်းရိုးခြေသို့ ကပ်မိကြသည်။ ဦးနု၊ သန်းထွန်း၊ မောင်နုတို့ လူစုကို ရိုင်ဖယ်နှင့် ၁၂ ဗို နှစ်လုံးပြူးသေနတ်များ တကားကားဖြင့် ရွာ၏စည်းရိုးအပြင်ဘက်တွင် ရွာသားများနှင့်ရောနှောကာ တွေ့လိုက်ရ၏။

"သိပ်ရဲ သိပ်ပါးတဲ့ အကောင်ကြီးဗျာ၊ ရဲဘော်တွေက သူ့ကို ပတ်ဝိုင်းမှန်းသိတော့ နွားတင်းကုပ် ကျွဲတင်းကုပ်တွေထဲက ဖြတ်ဝင်ပြီး ရွာပြင်ကို တစ်ချိုးတည်းထွက်ပြေးတယ်၊ ရှေ့ဆုံးက ကြိုပြီးဆီးထားတဲ့ ရဲဘော်ကြီးက ငုတ်မျောတောကြားက ဖြတ်ပြေးထွက်တဲ့ တောကောင်ကြီးကို နှစ်လုံးပြူးနဲ့ ဆင့်ပြီး ပစ်လိုက်မိအောင် ပစ်လိုက်တယ်"

ဦးနုကို လက်ညှိုးနှင့်ညွှန်ပြရင်း သူတို့ အချင်းချင်းကို ပြောပြသည်။

http://www.cherrythitsar.org



'ဘယ်လိုလဲဟ၊ မင်းတို့ မဆီးမိဘူးလား၊ ဒီအကောင်ကြီးကို ချောက်ထုတ်သလို ဖြစ်သွားမှဖြင့်ကွာ'

ဦးဘိုးဟန်က အရေးတကြီးမေးလိုက်ရာ တပ်ကြပ်ကြီးသန်းထွန်းသည် ရယ်မောရင်း 'သေနတ်တွေ ဓိမ်းနဲ့တိုက်နေတုန်း ခုန်းခနဲကြားလိုက်ပြီး ကျားဝင်မှန်းသိတော့ နီးရာစပ်ရာ သေနတ်နဲ့ ကျည်ဆန်တွေဆွဲပြီး လိုက်ပိုင်းတာပဲ ဦးကြီးဟန်၊ အကောင်ကြီးက သိပ်ပါးပြီး သိပ်မြန်တယ်ဗျာ။ အိမ်ကြိုအိမ်ကြားက တစ်ချိုးတည်းလစ်တာပဲ၊ ကျွဲတွေ နွားတွေရှောင်ရ၊ လူတွေကို ကွင်းရနဲ့ ဘယ်မှာကောင်းကောင်း ချိန်လိုက်ရမှာတုန်းဗျာ'ဟု သူကိုယ်တိုင်တွေ့ကြုံရပုံ အခြေအနေကို ပြောပြလိုက်လေသည်။

ကျားသည် သူ့နောက်သို့ အလွယ်တကူ ထွက်မလိုက်နိုင်စေရန် သူ၏အနံ့နှင့် သဏ္ဌာန်ဖြင့် ကျွဲနွားတွေကြားမှ ဖြတ်ပြေးခဲ့ခြင်းဖြင့် လှန့်ခြောက်ပေးခဲ့ရင်း အိမ်ဝက်တစ်ကောင်ကို ရအောင်ချီယူကာ ရွာပြင်သို့ထွက်ခဲ့ခြင်းသာ ဖြစ်ပေ၏။

ဦးနုသည် ရွာသားတစ်ဦးနှင့် သူပစ်လွှတ်လိုက်သော သေနတ်ချက်ကို တော်တော်ဝေးဝေးအထိ လိုက်၍ကြည့်ရင်း နောက်ကလူတွေ သေနတ်သမားတွေနှင့် မလွှတ်မှန်းသိသဖြင့် ပါးစပ်အတွင်းမှချထားခဲ့သည့် အသက်ငင်နေသော ပိသာသုံးဆယ်ခန့်ရှိ သွေးသံရဲရဲဖြင့် ဝက်ကို ပြန်ယူခဲ့ကြသည်။

'မှတ်မှန်သွားပုံပဲ ဗိုလ်မှူးရေ၊ သွေးစက်တော့ နည်းနည်းတွေ့ခဲ့ရတယ်၊ ပစ်လိုက်တာကလည်း ကိုးလုံးကျည်တွေဆိုတော့ သိပ်အထိမနာဘူးပေါ့ဗျာ၊ ကျားက တစ်ကောင်မကဘူး၊ နှစ်ကောင်ဗျ၊ အပြင်ဘက်က တစ်ကောင်က စောင့်နေတဲ့ခြေရာတွေကို တွေ့ခဲ့ရတယ်ဗျ'ဟု သူတွေ့ရှိခဲ့ရသည့် ကျားဆိုးများ၏ ခြေရာခြေကြောင်းများကိုပါ ပြောပြလေသည်။

ကျွန်တော့်အဖို့ သတိအလစ်ပေး၍ မရနိုင်သော အခြေအနေကို လက်တွေ့သဘောပေါက်မိသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့် ဦးဘိုးဟန်တို့မှစ၍ သေနတ်သမားတိုင်း သွားလေရာရာတိုင်း ရိုင်ဖယ်ကြီးများ မကွာတမ်း

http://www.cherrythitsar.org



ကိုင်ဆောင်ကြ၍ စားသောက်ရာအိမ်ရာ၌လည်း မိမိ၏လက်နက် နှင့် မကွာတမ်း လက်လှမ်းမီအောင် အဆင်သင့်ရှိနေကြစေရန် အထူး သတိပေးလိုက်ရပေသည်။

* * *

ထိုနေ့ညမှအစပြု၍ ကျွန်တော်တို့ သေနတ်သမားများက ရွာတံခါး နှစ်ပေါက်နှင့်တကွ တောကောင်ကြီးများ ခါတိုင်း ဝင်လေ့ ထွက်လေ့ရှိခဲ့သည့် ရွာစည်းရိုးပေါက်များအနီးရှိ အိမ်များပေါ်၌ လှည့်လည်၍ နေရာယူ ကင်းချလိုက်ကြသည်။ မာတင်ခဲသုံးတောင့်ထိုး ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီး တစ်လက်စီပေးအပ်ကာ ရိုင်ဖယ်တစ်လက် တစ်ကင်းကျစီ တွဲဖက်၍ ထားပေးခဲ့သည်။

ကျွန်တော်က ရွာအနောက်ဘက်စည်းရိုးတန်းမှ ရွာခံမုဆိုး ကိုကျော်နှင့် တွဲဖက်တာဝန်ယူရသလို ဦးဘိုးဟန်သည် ရွာမြောက်ဘက်တံခါးတွင် တံခါးစောင့်တာဝန်ကို ယူရသည်။ တပ်ကြပ်ကြီးသန်းထွန်းသည် ရွာ၏တောင်ဘက်တံခါးတွင် နေရာယူရသလို တပ်ကြပ်မောင်ပု၊ မောင်နု၊ ရဲဘော်ကျော်လှိုင်၊ ဦးနုတို့ကလည်း ဝင်ပေါက်ထွက်ပေါက် မလွယ်ပေါက်တွေ ရှိကြသည့် စည်းရိုးတန်းတစ်လျှောက် အိမ်များတွင် နေရာယူထားကြသည်။ ရွာသားများမှာ မှောင်စပျိုးကတည်းက အိမ်အောက်ကိုပင် မဆင်းဝံ့တော့ချေ။ အသွားအလာ အားလုံးရပ်စဲကာ သီချင်းဆိုသံ၊ စကားပြောသံတို့လည်း တိတ်ဆိတ်နေ၏။

ကြက်ဆိပ်ကြက်နီး သဘောမျိုးဖြင့် ကျွန်တော်တို့ မုဆိုးတစ်စုသည် အနားယူရင်း ကင်းစောင့်ရင်း မိုးစင်စင်လင်းခဲ့ရပေ၏။ ဦးနု ပစ်ခတ်လိုက်သည့် သေနတ်သံကြောင့်ပင်လော၊ သို့မဟုတ် ကျွန်တော်တို့ကို အလစ်ပေး အယုံသွင်းရင်း အခိုက်တွင် တစ်ချီအရေးက်ခွဲဖို့ အကြံနှင့်ပင်လော၊ မခွဲခြားနိုင်သော ငြိမ်သက်မှုတွေဖြင့် ကျားဆိုးများကား ထိုနေ့ညအဖို့ ရွာခြေသို့ မကပ်ခဲ့ကြချေ။

http://www.cherrythitsar.org



နောက်တစ်နေ့ နံနက်စောစောပိုင်းမှစ၍ ရွာသူရွာသားတိုင်းအား ရွာစည်းရိုးများကို အင်တိုက်အားတိုက် ကာရံနိုင်းလိုက်သည်။ ကျွန်တော်တို့ ကိုယ်တိုင် ကြပ်မတ်၍ မလွယ်ပေါက်ကလေးများပါမကျန် နိုင်ခံစွာ ပိတ် ဖွင့်နိုင်ရေး အချိန်အခါသတ်မှတ်ကာ ကြေညာလိုက်သည်။ ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ကျားဆိုးများကို ဘယ်နည်းနှင့်မဆို ရက်ပိုင်း အတွင်း၌ပင် ဤရွာတွင်းသို့ မုချမသွေ တစ်နေရာရာက ဖောက်ထွင်းကာ စားကောင် တစ်ကောင်ကောင်ကို ဆွဲရ ချီရပေမည်။ ဤကဲ့သို့ ရွာစည်းရိုးအတွင်းသို့ ဝင်ခဲ့မိသော ကျားဆိုးအဖို့ သေးပတ်ပတ်လည်က အတွေ့အကြုံရှိခဲ့သည့် မုဆိုးတစ်ပိုင်း စစ်သားတစ်ပိုင်း ကျွန်တော်တို့ သေနတ်သမားများ၏ ပြောင်း ဝမှ ရှောင်ဖယ်၍ မလွတ်နိုင်ဟု တွက်ချက်ထားကြသည်။

တတိယညသို့ ဆိုက်ရောက်ခဲ့သည်။ နေဝင်ချိန်မှစ၍ သန်းခေါင်ယံ အထိ တစ်စုံတစ်ရာ လှုပ်ရှားမှုမရှိခဲ့သော်လည်း သန်းခေါင်ကျော်ကာလမှစ၍ ရွာတွင်းမှ ခွေးများသည် တစီစီ တညံညံနှင့် ရွာပတ်ပတ်လည် စည်းရိုး တန်းများဆီသို့ကြည့်ကာ ခေါင်းမော့၍ အနံ့ခံကာ ဟောင်နေတော့သည်။ အိမ်အောက်ထပ်များတွင် ချည်နှောင်ထားကြသည့် ကျွဲများ၊ နွားများက လည်း ကျားနံ့ရသဖြင့် တရှူးရှူးနှင့် နှာခေါင်းမှုတ်ကာ ရုန်းကန်နေကြသည်။

ကျွန်တော် နေရာယူ ကင်းစောင့်ခဲ့သည့် အိမ်ရှင်အဘိုးကြီးသည် ချမ်းချမ်းစီးစီး နှင်းတဖြိုက်ဖြိုက်ကာလတွင်ပင် မအိပ်နိုင် မစောင့်နိုင်ရှာဘဲ မီးလှုံရင်း 'လာပြီဗျို့၊ ငပြောက်အနံ့ရလို့ ခွေးတွေဟောင်၊ နွားတွေ နှာခေါင်း မှုတ်ကြပြီ၊ ဘယ်တော့ ရွာထဲကို ရောက်လာမလဲဆိုတာ စီစနဲသံတွေ နားထောင်ပေတော့ ဗိုလ်မှူး'ဟု လှမ်း၍ သတိပေးလိုက်ပါသည်။

ကျွန်တော်သည် ပွဲကြီးပွဲကောင်းများစွာတွင် အသုံးပြုကာ အောင်ပွဲရ ယူခဲ့သည့် အိပ်ရာဘေးတွင် အရံသင့်ထောင်ထားသော ၄၇၀ ဗို နှစ်လုံးပြူး ရိုင်ဖယ်ကို ဆွဲယူလိုက်သည်။ ဤမောင်းဖုံး ရိုင်ဖယ်ကြီးနှင့်ပင် ကျားဆိုး ဆင်ဆိုး ပြောင်ဆိုးများစွာကို သေရွာသို့ကျကျနနကြီး ပို့ခဲ့သည်။ မြန်မာ

http://www.cherrythitsar.org



ပြည်၏ ကြီးငါးကြီး အမည်ခံ ဆင်၊ ပြောင်၊ ကြံ့၊ နိုင်၊ ကျားကြီးတွေအဖို့ ကောဒိုက်ယမ်းအား ခုနစ်ဆယ့်ဂရိမ် စီးနင်းသော ကျည်ဆန်အမာ သံမဏိ ထိပ်ဖူးနှင့် ထိပ်ဖူးခဲပျော့တွင် နောက်ပိုင်းမှ အမာခံနှစ်မျိုးက အသင့်လျော်ဆုံး လက်နက်ကျည်ဆန်အားအဖြစ် အဖြေပေးခဲ့ကြသည်။ ကြေးခွံကျည်ဆန် အရှည် ၃ လက်မရှည်ပြီး ရိုင်ဖယ်ပြောင်းနှစ်လုံးက ၂၆ လက်မ ရှည် လျက် စုစုပေါင်းရိုင်ဖယ်၏ အလေးချိန်ဆယ့်လေးပေါင်ရှိသည်။ ကျွန်တော့် အဖို့ အင်မတန် ချိန်သားကိုက်စေသည်။ နှစ်လုံးပြူး ရိုင်ဖယ်ကြီးသည် ကျားဆိုး၊ ဆင်ဆိုးများအတွက် အင်မတန်စိတ်ချရသော လက်နက်ကောင်း လည်း ဖြစ်ပါသည်။

မုဆိုးကို တုံ့ပြန်ရန်မူလေ့ရှိသည့် ကျားဆိုးများ၊ ဆင်ဆိုးများကို ရင်ဆိုင်ပစ်ခတ်ရာ၌ ပြောင်းတစ်လုံးတည်းရှိသော မဂ္ဂဇင်း မောင်းတိုး ရိုင်ဖယ်ထက် မောင်းတစ်ခါတင်ရုံနှင့် နှစ်ချက်တိတိ ပစ်ခတ်နိုင်သည့် နှစ်လုံးပြူးရိုင်ဖယ်တွေက ပိုမိုစိတ်ချ စရာကောင်းသည်။ ပထမတစ်ချက်ပစ်ပြီး ချက်မပိုင်သည့်ကာလတွင် နှစ်လုံးပြူးရိုင်ဖယ်အဖို့ ဘယ်ပြောင်းမှ ကျည်ဆန် ကို အရေးပေါ် အသုံးပြုနိုင်စွမ်းရှိသည်။ တစ်လုံးတည်းရှိသော မဂ္ဂဇင်း ရိုင်ဖယ်အဖို့ ပထမချက်မပိုင်သည့်နောက်ဝယ် ဒုတိယအကြိမ် ဆင့်ကာ ပစ်ခတ်ရန်အတွက် မောင်းတံ့းကိုမ၍ နောက်ပိုင်းသို့ဆွဲထုတ်ကာ မောင်းတင် ရပေမည်။ ဤကဲ့သို့ စက္ကန့်ပိုင်းလေးအတွင်း၌ ပြောင်းတစ်လုံးနှင့် မဂ္ဂဇင်း ရိုင်ဖယ်သမားအဖို့ သေရေး၊ ရှင်ရေး အဆုံးအဖြတ်ကို ရရှိစေနိုင်သည်။

ဤကဲ့သို့ ပထမတစ်ချီ ထိမှန်ခဲ့ခြင်းကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး ငိုင်၍နေခဲ့သည့် ကျားများ၊ ဆင်များသည်လည်းကောင်း ရုတ်တရက် သူတို့ကို မည်သည့်နေရာမှနေ၍ မည်သည့်ရန်သူက ပစ်ခတ် သည် မမြင်ရ မသိရသောဒဏ်ရာနှင့် ကျားဆိုး၊ ဆင်ဆိုးများအဖို့ ချောက် ခနဲ မောင်းတံ့းကိုမ၍ ဆွဲလိုက်ရင်းမောင်းတင်လိုက်သည့် အသံပြုလိုက်မှု

http://www.cherrythitsar.org



ကြောင့် ရုတ်တရက် သတိရလာကာ မုဆိုးရှေ့မှောက်မှ ရှောင်ရှားပြေးခြင်း၊ သို့မဟုတ် မုဆိုးကိုအမြန်ဆုံးလိုက်၍ တိုက်ခိုက်ခြင်းများကို ပြုလုပ်လေ့ရှိကြသည်။ ဤကဲ့သို့သော အကျိုးအကြား အသက်ဘေးနီးကပ်လှသော အရေးအခင်းပြဿနာမျိုးတွင် နှစ်လုံးပြူးရိုင်ဖယ်ကြီးများသည် အဆုံးအဖြတ်ကို ပေးနိုင်စွမ်းရှိပေ၏။ ထို့ကြောင့်လည်း ကြောက်စရာအကောင်းဆုံး ကျွားသတ္တဝါအတွက် ရင်ဆိုင်နိုင်ရန် ကျွန်တော့်အနေနှင့် ၄၅၀ နှစ်လုံးပြူးရိုင်ဖယ်ကို ကိုင်ဆောင်အသုံးပြုခဲ့ခြင်းပင် ဖြစ်သည်။

ကျွန်တော်ကဲ့သို့ပင် ကင်းအဖြစ်ချထားသော အခြားမုဆိုးများကလည်း သတိပြုမိကြောင်းကိုတွေ့ရ၏။ အကြောင်းမှာ လှမ်း၍ အချင်းချင်းလေချွန်ကာအချက်ပေးခြင်း၊ လက်နှိပ်ဓာတ်မီးများ စတင်စမ်းသပ်ကာ ထိုးကြည့်ကြခြင်းများဖြင့် လှုပ်ရှားမှုများကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်နှင့် မုဆိုးကိုကျော်တို့ နှစ်ဦးသားသည် နွားတစ္ဆေ့ပ်ရှင့်အရိပ်အခြည် တကြည့်ကြည့်နှင့် ကျွားဆိုးများ၏ ရွာတွင်းသို့ဝင်ရောက်လာမည့်အရေးကို စောင့်မျှော်ခဲ့သည်။ သို့ရာတွင် မိုးလင်းပိုင်းသို့သာ ကူးပြောင်းခဲ့သည်။ ကျွားဆိုးကား ရွာပြင်တောစပ်မှလှည့်ကာ ပတ်ကာ ရွာတွင်းသို့ ချောင်းမြောင်းလျက် ရွာတွင်းသို့မူ မဝင်ခဲ့ချေ။ ကျွန်တော်သည် ဦးဘိုးဟန်ဆီသို့ ကိုယ်တိုင်သွားရောက်ကာ ရုတ်တရက် ရွာတံခါးကို ခပ်စောစောဖွင့်မပေးဘဲ ကျွန်တော်တို့ သေနတ်သမားတွေက ရွာပြင်သို့နှစ်ရုံခွဲကာ ထွက်ကြပြီး တစ်ညလုံးလှည့်ပတ်ကာ ဒုက္ခပေးနေသည့် ကျွားဆိုး၏ လှုပ်ရှားမှုကို ကြည့်ရှုစစ်ဆေးရန် စီစဉ်လိုက်ကြလေသည်။

သို့ရာတွင် မိုးလင်းပိုင်းသို့ရောက်ခဲ့သော် ရွာတွင်းမှ ကျွဲနွားများမှစ၍ တား၍ ဆီး၍ တောင်းပန်၍ မရနိုင်တော့ဘဲ တံခါးနှစ်ပေါက်ကိုဖွင့်ကာ လယ်ကွင်းနှင့် လုပ်ခင်းများဆီသို့ ထွက်လိုက်ကြသည်တွင် ကျွန်တော်တို့ မုဆိုးတစ်စုသည် ကပျာကယာ မှုက်နှာသစ်ကာ ကာဖီတစ်ခွက်ကိုပင်

http://www.cherrythitsar.org



မသောက်နိုင်တော့တဲ့ ကျွဲနွားများ၏ ခြေရာများက ညခင်းတစ်ခင်းလုံး လမ်းသလားခဲ့သည့် ကျားဆိုးခြေရာများပေါ်သို့ ထပ်၍မနင်းမိစေရန် အဆောတလျင် ဦးဆောင်ထွက်ခဲ့ရ၏။

ကျွန်တော်တို့ကား နောက်ကျခဲ့ပေပြီ။ ကျွဲနွားနှင့် လူတစ်စုသည် ရွာမြောက်ဘက်တံခါးမှ တစ်စုတစ်ဝေးကြီးထွက်ကာ တောစပ်နှင့်ရောနှော နေသည့် လယ်ကွင်းများဆီသို့သွားနှင့်ကြသည်ကို ရွာတံခါးမှပင် ကျွန်တော်တို့ တွေ့ရှိလိုက်သည်။ ရုတ်တရက် နွားတစ်ကောင်၏ တဘူးဘူး အော်မြည်သံနှင့်အတူ နွားတစ်အုပ်သည် ရွာတံခါးဆီသို့ ကသုတ်ကရက် ပြေးလာသည်ကို တွေ့လိုက်ရကာ နောက်ထပ်လူတစ်စု၏ ငယ်သံပါအောင် တစ်စုတစ်ဝေးကြီး အော်ဟစ်သံများကြောင့် ကျွန်တော်တို့ မုဆိုးတစ်စုသည် ရိုင်ဖယ်ကြီးများကို မောင်းတင်ရင်း အပြေးတက်ခဲ့သည်။

ကျွန်တော်တို့ဆီသို့ ပြေးလာကြသည့် ရွာသားများက 'ကိုက်ပြီဗျို့၊ လူရော နွားရောဗျ၊ လမ်းဘေးမှာဗျို့ တောကောင်ကြီး'ဟု ဟစ်အော်ပြောမှပင် ကျွန်တော်တို့လူစု အပြင်းချီတက်မိကြသည်။ ကိုက်နှစ်ရာခန့်အရောက်တွင် ခြောက်ပေလှည်းလမ်းဘေးတွင် စင်းစင်းကြီးလဲနေသော နွားတစ်ကောင်နှင့် မှောက်လျက်လဲနေသော ရွာသားတစ်ဦးကို တွေ့လိုက်ရသည်။ အစိက ရန်သူကောင် ကျားဆိုးကြီးကိုမူ အသစ် လတ်လတ်ဆတ်ဆတ် ခြေရာကွက်ကြီးများမှတစ်ပါး မတွေ့ရတော့ချေ။

သို့ရာတွင် ကျွန်တော်တို့ သေနတ်သမားများက ဖုန်းဆိုးတောတွင်းသို့ လူချင်းရင်ဘောင်တန်းကာ ဖိ၍ တိုးဝင်ရင်း တစ်ဖာလုံခန့်အထိလိုက်ခဲ့ကြသည်။ တောင်ယာဟောင်းပစ်ခဲ့ပြီး ဆက်လက်၍ သစ်တောခုတ်ထွင် ရှင်းလင်းခဲ့ခြင်း မရှိခဲ့သည်ကြောင့် သစ်ပင်ပေါင်းစုံ ထူထပ်ချင်တိုင်း ထူထပ်နေသော ဖုန်းဆိုးမြက်တောတွင်းမှ ပေါ်ခနဲ ဟိန်းသံကြီးနှင့်အတူ ကျွန်တော်တို့ရှေ့ ကိုက်တစ်ရာခန့်မှ ကပ်လျက် ခုတ်ခွာသွားသော ကျားဆိုးကို ကျွန်တော်တို့ မမီခဲ့ချေ။

http://www.cherrythitsar.org



ထို့ကြောင့် ကျားကိုက်ခံရသောလူဆီသို့ ပြန်ဆုတ်သွားခဲ့ပြီး အခြေအနေကို ကြည့်လိုက်ရာတွင် လူရောနွားပါ သေဆုံးနေသည်ကို တွေ့ရတော့သည်။ အသက်လေးဆယ်ခန့် နွားရှင်ကို ကျားဆိုးသည် လည်ကုပ်မှ ကိုက်ကာ တအားမြေကြီးနှင့်ဆောင့်ကာ သွေးစုတ်ခဲ့သည်ကြောင့် လည်ကုပ်ရိုးနှင့် ရှေ့လည်တိုင်ပိုင်းတွင် တစ်ကျပ်လုံးခန့် ကျားစွယ်ရာအပေါက်ကြီးတွေမှ သွေးဒလဟောဆင်းရင်း လည်တိုင်ကျိုးလျက် သေဆုံးနေသည်ကို တွေ့ရပေ၏။

'စိုလ်မှူးတို့ပြောစကားမှ နားမထောင်ဘဲ၊ သေနတ်သမားတွေအရင် အလုပ်လုပ်ချင်တဲ့ အကောင်တွေ မှတ်ကရောကွ'

ရွာခေါင်း ဦးအောင်ဘော်သည် စိတ်ဆိုးမာန်ဆိုးနှင့် သူ၏ရွာသားတွေကို ဆဲဆိုကြိမ်းဝါးအပြစ်တင်ရင်း အလောင်းနှင့် နွားသေကို စီစဉ်ရန်အတွက် လူစုနေလေသည်။

'ကျားနှစ်ကောင်ဗျ၊ ယောဒီတစ်ဖက်ကို တစ်ကောင်ဆုတ်ပြေးတယ်၊ ကျားကြီးတစ်ကောင်နဲ့ ကျားအလတ်တစ်ကောင် ကြည့်ပါလား၊ ခြေရာတွေ ရွာပတ်လည် စည်းရိုးတစ်လျှောက်မှာ အိုးသောင်ခတ်ထားသလို တစ်ညလုံးလှည့်ချောင်းနေတာတွေ'ဟု ဦးဘိုးဟန်က ခြေရာတန်းကြီးများကို ကြည့်ကာ ဝေဖန်လိုက်ပြီး 'မနေ့ညနေက သေနတ်နဲ့ပစ်လိုက်တာကြောင့် ဒီအကောင်နှစ်ကောင် ရွာထဲကိုမဝင်ဘဲ ရွာပြင်ကလှည့်ချောင်းပြီး မနက်ခင်း ရွာထဲက ထွက်လာမယ့် ကျွဲနွားတွေကို အသင့်စောင့်နေတာဗျ၊ သိမ်ပါးသလို သိမ်ရဲတယ်၊ အပိုင်စောင့်ကိုက်တာပဲ'ဟု မှတ်ချက်ချလိုက်သည်။

ကျွန်တော့်အနေနှင့် ဖြစ်ပျက်ပုံ အလုံးစုံကိစ္စများကို စနစ်တကျ ဝေဖန်ကြည့်လိုက်မိသည်။ ကျွန်တော်တို့ မှဆိုးများက ကျားဆိုးများ ရွာအပြင်မှ စောင့်နေမည်ကို ထည့်မတွက်ချက်ခဲ့။ နံနက်လင်းလျှင် ကျားဆိုးများသည် တောကောင်းရာသေသို့ ကိုယ်ရောင်ဖျောက်ပြီး ဆုတ်ခွာမည်ဟု လွှားပေါ့၍ တွက်ချက်ထားခဲ့မိသည်။ ဒုတိယအချက်မှာ ကျားဆိုးသည်

http://www.cherrythitsar.org



ပထမဦးစွာ အစိက သားကောင်ဖြစ်သော နွားကို ခွဲချိုရာတွင် နွားရှင်က ဝင်ရောက်၍ ဓားမအားကိုးနှင့် ခုခံသည်တွင် ဆာလောင်နေသော စားမာန် ခုနေသည့် ကျားဆိုးက နွားရှင်ကိုပါတစ်ဆက်တည်း ကိုက်သတ်ခြင်း ဖြစ်သည်။ လူသေအလောင်းအနီး၌ ထက်မြက်စွာ သွေးထားသော ဓားမကြီး တစ်ချောင်းပါ တွေ့ရလေသည်။

ကျားသည် ယခုအခါ လူသွေးကိုသောက်မိသော၊ လူကိုကိုက်ချိုရဲ သော ကျားအဖြစ်သို့ ကူးပြောင်းရောက်ခဲ့သည်။ ထို့ကြောင့် ရှေ့အဖို့ ပိုမို၍ရဲတင်းလာမည့် ကျားအတွက် ကျွန်တော်တို့အနေဖြင့် ပိုမို၍ဂရုစိုက် ကြရပေမည်။ အခြေအနေဖြစ်ရပ်များ စုပေါင်းသိမ်းကျုံး၍ ကြည့်လိုက်ရလျှင် ကျားသောင်းကျန်းမှုအခြေအနေမှာ အဆိုးဝါးဆုံးအချိန်ပိုင်းသို့ ရောက်ရှိခဲ့ ကြောင်း ဝန်ခံရပေမည်။

ရဲစရာရှိလျှင် သူမတူအောင် ရဲဝံ့တက်သောအကျင့်၊ ကြောက်စရာ ရှိလျှင်ကြက်ကြက်ဖန်ဖန်ရာကြက်၍ ကြောက်ရွံ့တတ်သောအကျင့်အတိုင်း မကြီးကုန်း ရွာသားများအဖို့ ထိုအချိန်အခါမှစ၍ တစ်ယောက်တည်း နှစ်ယောက်တည်း တောထဲသို့ မတိုးဝံ့တော့ချေ။ မိုးမချုပ်မီ ရွာထဲ၌ လူစုံရောက်ရှိပြီး ရွာတံခါး နှစ်ပေါက်ကို တုံးတန်းကြီးကန့်လန့်ခံကာ ပိတ်ဆို့ကြကုန်သည်။

ကျားသောင်းကျန်းမှုသတင်းကား ရွာနီးချုပ်စပ်မှ တစ်ဆင့် တောမီး လောင်သည့်ပမာ လျှင်မြန်စွာ ပြန့်နှံ့သွားချေပြီတကား။

လဆုတ်ရက်ပိုင်းကလည်း ဖြစ်ပြန်၊ တောရိပ်တောင်ရိပ်ကလည်း ထူထပ်မှုကြောင့် ကျွန်တော်တို့ ဆက်လက်စခန်းချနေသော မကြီးကုန်းရွာ သည် မှောင်မည်း တိတ်ဆိတ်နေ၏။ အချမ်းဒဏ်ကလည်း ရက်ရက်ရောရော တိုးလာတော့သည်။ နှင်းကျသံတဖြောက်ဖြောက်ကလည်း ငြိမ်ချက်သား ကောင်းလှသော အခြေအနေကို ပိုမို၍ လေးနက်မှုအသွင်ဆောင်နေစေသည်။

ထိုညကား ကျွန်တော်တို့ မုဆိုးတစ်စုအဖို့ ငါးရက်မြောက်အအိပ်ပျက် ခံရမည့် ညဦးပိုင်းကို ရည်ညွှန်းနေပါသည်။ ကျွန်တော်သည် မုဆိုးကိုကျော် အိမ်ရှင်မိသားစုတို့နှင့်အတူ အိမ်အပေါ်ထပ်တွင် မီးလှုံနေမိသည်။

http://www.cherrythitsar.org



'ဒီရွာတစ်ဝိုက်က သိပ်မခွာပါဘူး ဗိုလ်ကြီးရာ၊ ကြာလှရင် သုံးလေးရက်ပါပဲ၊ အင်မတန်ဆိုးဝါးသောင်းကျန်းတဲ့ အကောင်ကြီးတွေရဲ့ ရွာသားတွေကိုများ အသက်ရှိတယ်တောင် မအောက်မေ့ဘူးဗျို့၊ တဟဲ့ဟဲ့ အော်တာ ခေါက်ထုတ်တာတောင် အသွားမဈေးကျဘူး'

အိမ်ရှင် အဘိုးကြီးက လက်ဖက်ရည်ကြမ်းအိုးကို မီးထိုးရင်း ကျွန်တော်အား စည့်ခံစကားပြောပါသည်။

'ဗိုလ်မှူးတို့သာ ကျုပ်တို့ရွာကို အချိန်မီမရောက်ခဲ့ရင် ရွာလုံးကျွတ် ရွှေ့ပြီး လက်ပန်ခုန်ကို ရောက်ကြပြီးသားပဲ၊ ပထွေးလေးပြောသလိုပဲ၊ ခြေပြောက်ခြေရာတွေ ဒီနေ့ ရွာတောင်စ လယ်ကွင်းကစပြီး အရှေ့ဘက် ပတ်ပတ်လည်မှာ တွေ့ခဲ့ရတယ်ဗျို့၊ သတိနဲ့သာစောင့်ပေတော့'

မှဆိုးကိုကျော်သည် ခြေပဲတောင့်များကို အခွံသင်ရင်း သူ နေ့ခင်းက လယ်ထဲသွားရင်း တွေ့မြင်ခဲ့ရသည့် ကျားခြေရာကြီးများအကြောင်းကို သတိပေးပြောကြားလိုက်ပါသည်။ ကျွန်တော်သည် ဝါးခနဲ့သမ်းကာ လက်ပတ်နာရီကို တစ်ချက်ငုံ့၍ ကြည့်လိုက်ရာတွင် ညရှစ်နာရီထိုးရန် ဆယ်မိနစ်ခန့်လိုတော့သည်ကို တွေ့လိုက်ရ၏။

အတော်အေးလာသည့်ကြောင့် လက်ဖက်ရည်ကြမ်းတစ်ပန်းကန် လောက်သောက်မည်ဟု လက်လှမ်းလိုက်စဉ်တွင် ရွာတောင်စဆီက စီခနဲ ခွေးတစ်အုပ်ကြီးထိုးကာ ဟောင်သံများ ရုတ်တရက် ထွက်ပေါ်လာသည်။ ကျွန်တော်သည် အမြန်ဆုံး တောစီးဖိနပ်ရှည်ကို ခြေနစ်ဖက်တွင် စွပ်ချ လိုက်ရင်း ရိုင်ဖယ်ကို ညာလက်မှဆွဲလျက် လှေကားဆီသို့ဆင်းလိုက်၏။ တစ်ဆက်တည်းလိုပင် ရွာသားများ၏ ညာသံများ၊ သံပုံးခေါက်သံများ၊ နွားများ ကျွဲများ၏နှာခေါင်းမှုတ်သံ အလန့်တကြား အော်သံများသည် တစ်ဟုန်တည်း တဝုန်းဝုန်း ပေါ်ထွက်လာတော့သည်။

'ရွာထဲကိုဝင်နေပြီဗျို့၊ မြန်မြန်အောက်ကိုဆင်း'

http://www.cherrythitsar.org



ဦးကျော်သည် လက်နှိပ်ဓာတ်မီးကို တစ်ချက်စမ်းသပ်၍ ထိုးကြည့်လိုက်ရင်း ကျွန်တော့်နောက်မှ ကပ်ကာ လှေကားပေါ်မှ အမြန်ဆုံးဆင်းလာသည်။

မြေကြီးပေါ်သို့ ရောက်ခဲ့သည်တွင် ရွာထောင့်အသီးသီးက လက်နှိပ်ဓာတ်မီးများ အနှံ့အပြားထိုးကာ ရှာဖွေသံများနှင့် 'ဝိုင်းဟေ့၊ ဆီးဟေ့၊ မလွှတ်စေနဲ့' ဟူသော မုဆိုးများ၏ ကြွေးကြော်သံများနှင့်အတူ ကျွဲနွားများ ကြိုးပြတ်၍ ပြေးလွှားသံ၊ အိမ်စည်းရိုးတန်းကိုတိုးသံများ၊ တဗူးဗူးအော်သံများကိုပါ ကြားလိုက်ရသည်။

ဦးကျော်က ငါးတောင့်ထိုးဓာတ်မီးနှင့် ဘယ်ပြန် ညာပြန်ထိုးကာ ကျားသောင်းကျန်းကို ရှာဖွေလိုက်သည်။

'လာလေ့ရှို့၊ အနောက်ဘက်ထောင့်အကိုင်းတစ်ကောင်၊ ရွာမြောက်ဘက် တံခါးကို တစ်ကောင်၊ လာလေ့ရှို့'

ရွာသားများ၏ အရေးတကြီး ဟစ်အော်သံများကြောင့် ကျွန်တော်သည် ထိပ်ဖူးတွင် ခဲအပျော့ထည့်ထားသော ကျည်ဆန်နှစ်တောင့်သွင်းထားသည့် ရိုင်ဖယ်ကို ပစ်ရန်အသင့်အနေဖြင့် ကိုင်ကာ ကျွန်တော်၏ ညာဘက်ဘေးမှ ယှဉ်ကာရပ်ရင်း ကျွန်တော်၏ ဘယ်ဘက်ခြံစည်းရိုးတစ်လျှောက်ကို ဓာတ်မီးနှင့်ထိုးကာ ရှာဖွေနေသူ ဦးကျော်အား 'တွေ့ရင် မီးမပိတ်ပစ်နဲ့ မကြောက်နဲ့'ဟု သတိပေးရင်း မျက်စိရှင်ရှင်နှင့် ကြို့တင်ဟစ်ကြွေး သတင်းပို့ထားသည့်အလျောက် ကျားသောင်းကျန်းကို ရှာဖွေနေမိသည်။

ကျွန်တော်၏ ရှေ့တည့်တည့် ငှက်ပျောဖုတ်ကြားမှ ရှဲခနဲတောတိုးသံ သဲ့သဲ့ကြောင့် ကိုကျော်ကို လက်တို့သတိပေးလိုက်ရာ ကိုကျော်၏ ညာဘက်လက်တွင်းမှ လက်နှိပ်ဓာတ်မီးရောင်သည် ကျွန်တော်တို့နှင့် ကိုက်ငါးဆယ်ခန့်အကွာရှိ ချဉ်ပေါင်ပင်စုစုရှိ ငှက်ပျောပင်များဆီသို့ ရုတ်တရက် ကူးပြောင်း၍ ထိုးကြည့်လိုက်သည်။

http://www.cherrythitsar.org



လင်းခနဲ ပေါ်ထွက်လာသည့် လေးပေခန့်အကျယ်အဝန်းရှိသည့် မီးကွင်းအဝိုင်းအတွင်းဝယ် ငှက်ပျောပင်နှင့် အရွက်ပြားများအကြား၌ နွားမတမ်းတစ်ကောင်၏ နောက်ပိုင်းကျကျ ကျောရိုးရှည်နှင့် မြွေနက်ချောင်းကို တွေ့လိုက်ရ၏။ အထက်မှအောက် အကျားအစင်းနက် ကြီးများကလည်း မီးရောင်တွင် အရှင်းသားတွေ့နေရ၏။ ထိုသတ္တဝါကြီး၏ ရှေ့ပိုင်းမှာ ငှက်ပျောဖုတ်အကြားတွင် ရောက်ရှိကပ်နေသဖြင့် မမြင်ရဘဲရှိနေ၏။ ကျွန်တော်က နွားမတမ်းမလောက် အရောင်အဆောင်းမမြင့်လှဘဲ မြေပြင်မှ သုံးပေခွဲ လေးပေခန့်လောက်သာ အရပ်ရှိမည့် သတ္တဝါ၏ လှုပ်ရှားနေသော ပြောက်ကျားကျား အမြီးတုတ်တုတ်ကြီးကို တွေ့လိုက်ရသည်တွင် ဦးကျော်ကို စုပ်သပ်အချက်ပေးလိုက်ရင်း လက်နှိပ်ဓာတ်မီးရောင် လမ်းကြောင်းအောက်သို့ အသာလျှို၍ ဝင်လိုက်၏။ ၄၇၀ ရိုင်ဖယ်၏ဒင်ကို ကျွန်တော်၏ ညာဘက်ပခုံးအောက်တွင် တင်းတင်းဆွဲကပ်ကာ ရပ်လျက် ပစ်ရန် အသင့်အနေသို့ ရောက်ရှိစေသည်။

သတ္တဝါကြီးသည် လျှောခနဲ ငှက်ပျောရွက်များအကြားမှ ရှေ့သို့ ထိုးကာ ထွက်လိုက်သည်တွင် ရှေ့ဦးစွာ အထုပ်မည်းမည်းကြီးကို သူ၏ ခပ်ငုံ့ငုံ့ပါးစပ်ကြီးမှ တွဲလောင်းဆွဲကိုက်ထားသည်ကို တွေ့ရသည်။ ခွဲတောင်းခန့် ကြီးမားသော ခေါင်းဝိုင်းဝိုင်းကြီးနှင့် တစ်ဆက်တည်းသော တုတ်ခိုင်သည့် လည်ပင်းကြီးတစ်လျှောက်၌လည်း အဝါရင့်ပေါ်တွင် အနက်စင်းကြီးများဖြင့် ခြယ်လှယ်ထားသည်ကို တွေ့ရလျက် နားရွက်ဝိုင်းဝိုင်းကလေးများအဖျား၌ အဖြူရောင်အမွေးရှည်များကိုပါ မြင်နေရသည်။ ရှေ့သို့နှစ်လှမ်းခန့်မျှ တိုးကာထွက်လာသည့်နောက် တွဲလောင်းကျနေသော အထုပ်မည်းမည်းကြီးမှာ ဝက်ကြီးတစ်ကောင်၏ အောက်ပိုင်းဖြစ်ပြီး လည်ကုပ်ပိုင်းမှာ ကျားကြီး၏ ကျယ်ပြန့်ကြီးမားသော ပါးစပ်အတွင်း၌ ကိုက်ချီထားသည့် အဖြစ်မှန်ကို မြင်ရပေပြီ။

http://www.cherrythitsar.org



မီးကျီခဲကြီးနှစ်လုံးနှင့်တူသော ကျားကြီး၏ မျက်လုံးနှစ်လုံးသည် ဓာတ်မီးရောင်ကြောင်းအတိုင်း ကျွန်တော်တို့ကို ရဲရဲစွာပြန်၍ ကြည့်လိုက်လေသည်။ အနည်းငယ် ရပ်တန့်သွားသည့် ကျားကြီး၏ အခြေအနေကို ကျွန်တော်သည် ရိုင်ဖယ်ပြောင်းနှင့် တန်းလျက်ချိန်ရင်း ကျားကြီး၏ဘယ်ဘက် လက်ပြင်ကို ကိုက်ငါးဆယ်အတွင်းမှချိန်သားမိထားခဲ့ရာမှ ကျွန်တော်၏ ညာဘက်လက်ညှိုးသည် ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်၏ ရှေ့မောင်းကွင်းကို ညင်သာစွာ ညှစ်ဆွဲ ဆွဲချလိုက်သည်။

ကော်ဒိုက်ယမ်း ခုနစ်ဆယ့်ငါးဂရိမ်၏ တစ်ခဲနက် ဒုန်းခနဲဆောင့်ကာ ပေါက်သံနှင့်အတူ ရိုင်ဖယ်၏ ညာဘက်ပြောင်းဝ၌ ရဲခနဲ မီးပွင့်ထွက်သွားသလို ကျွန်တော်၏ ညာဘက်ပခုံးစွန်းသည် နင့်ခနဲ ပြင်းပြင်းထန်ထန် အဆောင့်ခံရလေသည်။

လင်းနေသော မီးရောင်အတွင်း၌ ကျားကြီးသည် ညာဘက်သို့ သုံးပေခန့်ပစ်၍ ကျည်ဆန်အား နောက်သို့ပါသွားပြီး တုံးခနဲ မြေပေါ်၌ ကျသွားတော့သည်။ ရိုင်ဖယ်ကြီး၏ ချိန်သားသည် လိုအပ်သော ပစ်ကွင်းကို ကျကျနန ထိမှန်သွားကြောင်း သိလိုက်ရပေ၏။ ဝေါခနဲ မြေတုန်ဟည်းကာ သွက်သွက်ခါ ထွက်သွားသည့်တင်ရသော ဟိန်းသံကြီးနှင့်အတူ ကျားကြီး လူးလှိမ့်နေစဉ်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း လက်နှိပ်ဓာတ်မီးကို ဖျတ်ခနဲ မှိတ်ပစ်လိုက်သည်။

တဟဲဟဲမာန်သွင်းသံ၊ လည်ချောင်းမှ ပြင်းပြစွာ အသက်ရှူသံများနှင့် တပြောင်းပြောင်း ကိုက်ဝါးသံကြီးများ၊ အစွယ်ချင်း ရိုက်ခတ်သံများကို ကျွန်တော်တို့ နှစ်ယောက်သား နားထောင်ရင်း မှောင်မိုက်ထဲတွင် အသာငြိမ်နေမိကြ၏။ ကျွန်တော်သည် ရိုင်ဖယ်၏ ခါးကိုချိုးကာ ညာပြောင်းဝမှ ပစ်ပြီးသား ကျည်ခွံထွက်သွားသည့်နေရာတွင် နောက်ထပ် ကျည်ဆန်အသစ်တစ်တောင့် အမြန်ထည့်ကာ ရိုင်ဖယ်ကို တစ်ဖန် မောင်းတင်လိုက်၏။ တစ်ချိန်တည်းတွင် ရွာမြောက်စ တံခါးဆီမှ တစ်ခဲနက်ပစ်ခတ်သံများက

http://www.cherrythitsar.org



နှာမည်ကြီးလှသော တောင်ငူမြောက်ပိုင်း သိုင်းချောင်းဖြတ်စီးရာ သိုင်းနယ် တစ်လျှောက်၏ တိတ်ဆိတ်သော ညယံကို ဖြိုခွင်းလိုက်လေသည်။

ကျွန်တော်၏ နောက်ပိုင်းမှ ရပ်နေသော ကိုကျော်၏ စုပ်သပ်၍ အချက်ပေးသံကြောင့် ကျွန်တော်သည် တဂူးဂူး တဂဲဂဲနှင့် အော်မြည်နေသော ကျားကြီးလဲနေရာသို့ အဆင်သင့်မှန်းကာ ရိုင်ဖယ်နှင့် ချိန်လိုက်သည်။ လက်နှိပ်ဓာတ်မီးရောင် အဖျူးသားသည် ကျွန်တော်၏ ညာဘက်ပခုံးပေါ်မှ ဖြတ်သန်းကာ ပေါ်ထွက်လာသည်။ မီးရောင်လမ်းကြောင်းအတိုင်း ရိုင်ဖယ် ပြောင်းနှစ်လုံးကို တန်းကာချိန်လိုက်ရင်း ကျားကြီးရှိရာသို့ ကြည့်လိုက်မိသည်။ လဲနေသော ကျားကြီးသည် တစ်ချီတစ်ချီ ခေါင်းထောင်ကာ တဟဲဟဲ မာန်သွင်းရင်း နီးရာစပ်ရာ သစ်ပင်သစ်တုံးများအား တဂျစ်ဂျစ် ကိုက်ဝါးနေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်သည် စခန်းသိမ်း ပစ်ခတ်ခြင်းအနေဖြင့် ကျားကြီး၏ ခေါင်းကို ဘယ်ပြောင်းတွင်းမှ ကျည်ဆန်ဖြင့်ပစ်ခတ်လိုက်သည်။ တစ်ချိန်လုံး တိတ်ဆိတ်ခဲ့သော မကြီးကုန်းရွာတစ်ပိုက်၏ အခြေအနေကို ပုံတင်ရိုက်ခတ်စေသည့် ကြီးမားသော ၄၇၀ ကျည်ဆန်ကြီး၏ ပေါက်ကွဲမှုများဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်ပြန်တော့သည်။ ကျားကြီးကား သိမ့်သိမ့် တုန်တက်သွားပြီး စက္ကန့်ပိုင်းကလေးအတွင်း၌ပင် ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဆက်လက်ထိုးထားသည့် ဓာတ်မီးရောင်အောက်ဝယ် ကျွန်တော်တို့ နှစ်ဦးသည် ကျောက်ရုပ်သဖွယ် မလှုပ်မယှက်ရပ်ကာ အခြေအနေကို စောင့်ကြည့်နေမိသည်။ ကျွန်တော်၏ စိတ်တွင်းမှလည်း တစ်မိနစ် နှစ်မိနစ် စသည်ဖြင့် ငါးမိနစ်ပိုင်းအထိ ရေတွက်ခဲ့ပြီး တစ်လှမ်းချင်း ကျားကြီးဆီသို့ ချဉ်းကပ်လာခဲ့သည်။

လူရော နွားရော ဝက်ပါမကျန် မလွတ်တမ်း ခုက္ခပေးကာ သောင်းကျန်းခဲ့သည့် တောကောင်ကြီး ပြောက်ကြီးအမည်ခံ ကျားဆိုးကြီး

http://www.cherrythitsar.org



ကား သွေးအိုင်ထဲဝယ် မျက်လုံးကြီးတွေ အပြူးသားဖြင့် အမိုက်စားတင် သိမ်းခဲ့ပေပြီတကား။ ပထမထိမှန်ချက်မှာ ဘယ်ဘက်လက်ပြင်မှ တစ်မတ် ပေါက်ပမာ ၃၇၀ ကျည်ဆန်ဖူး အပျော့က ဝင်လျက် ညာဘက်လက်ပြင် နောက်မှ လေးလက်မပတ်လည် အဝိုင်းပေါက်ကြီးဖြစ်အောင် ကျည်ဆန်ဖူး အပျော့က ဖွာနောက်သွားသဖြင့် မထနိုင်အောင် ဒဏ်ရာရရှိသွားခြင်း ဖြစ်သည်။ ဤပထမတစ်ချက်နှင့်ပင် ကိစ္စတုံးနိုင်သော်လည်း အသက်ပြင်း လှသော ကျားဆိုးကြီးသည် သွေးရူးသွေးတမ်းနှင့်ပင် ရုတ်တရက် နီးစပ်ရာ မှန်သမျှကို ကိုက်ဝါးနေသည့်အတွက် ဒုတိယအချက်အနေဖြင့် သူ၏ နားတွင်းဆီသို့ သတ်ဖြတ်သုတ်သင်နည်းအရ စေ့စေ့သိမ်းလိုက်ပေ၏။

ထို့နောက် ကျွန်တော်သည် ရေနံချေးစိမ်ထားသော မီးကွင်း လေး ကွင်းကို ထုတ်ချောင်းလေးချောင်းတွင်ချည်၍ မီးရှို့ကာ ကျားကြီး၏ပတ်လည် တွင် ရွာသားများ အဝေးကပင် တွေ့မြင်နိုင်အောင် ပြသ သတိပေးခဲ့ပြီး ရွာမြောက်စဆီသို့ ကိုကျော်နှင့်အတူ ထွက်ခဲ့သည်။

ရွာတံခါးအနီး လမ်းမပေါ်၌ကား လက်နှိပ်ဓာတ်မီးရောင်အောက် ဝယ် ဝပ်လျက် အသက်ပျောက်နေသော ကျားသေတစ်ကောင်ကို တွေ့ရပေ သည်။ ဦးဘိုးဟန်နှင့် သန်းထွန်း၊ ဦးနတို့ မုဆိုးတစ်စုက ရိုင်ဖယ်ကိုယ်စီ ဖြင့် ကျားကြီးအနီးတွင် အသင့်စောင့်နေကြသည်။

'အဘ ကျားမကြီး ဗိုလ်မှူး၊ သူ့ကို ကျုပ်တို့မုဆိုးတွေက ပစ်ဖို့ ဝိုင်းလာမှန်းသိတော့ ယောဒီအိမ်အောက်မှာ ဝင်ကပ်နေတာဗျ၊ ဗိုလ်မှူးဆီက နိုင်းခနဲပစ်သံကြားတော့မှ သူ မနေနိုင်တော့ဘဲ ရွာတံခါးကို အတင်းတိုးထွက် ဖို့အလုပ်မှာ ကျုပ် ပထမ ဆော်ထည့်လိုက်တယ်၊ နောက်တော့ နောက် ကရော ဆောကပါ ပန်းတက်လာတဲ့ မောင်သန်းထွန်းတို့ ဦးနတို့က မလွတ်တမ်း ပစ်ကြတော့တာပါပဲဗျာ'

ဦးဘိုးဟန်သည် ကိစ္စချောနေသော ကျားမကြီးကို အားပါးတရ ငုံ၍ကြည့်ရင်းနှင့် ပြောလိုက်သည်။ ကျွန်တော်သည် ကျားပေါက်တစ်ကောင်

http://www.cherrythitsar.org



ကဲ့သို့ ကြီးမားလှသော ကျားမကြီးကိုကြည့်ကာ မီးကွင်းများညှိထွန်း စိုက်ထူနိုင်းလိုက်သည်။

'ယောဒီမှာ ဟိုနေ့က ဦးနုရဲ့ကိုးလုံးကျည်ဆန်မှန်ထားတဲ့ သုံးပေါက်၊ ဗိုက်ကိုရှုပ်ပြီးနှစ်ချက်၊ နံကြားမှာတစ်ချက်၊ ဒဏ်ရာဟောင်းသုံးချက် တွေ့ရတယ်၊ အထိမနာဘူး'

ဦးဘိုးဟန်က ကျားမကြီး၏ ဗိုက်ကို ခေတ်မီးတစ်လက်ဖြင့်ထိုးကာ အရေးတကြီး ပြောလိုက်သည်။ ကျွန်တော်သည် ကျားများသောင်းကျန်းလာရခြင်းအကြောင်းရင်းကို စစ်တမ်းထုတ်ကာ စဉ်းစားနေမိသည်။

ကျားဆိုးများဖြစ်လာရခြင်း အကြောင်းနှင့်ပတ်သက်၍ သူတို့အား အနှာတရ ရရှိအောင် ဖြစ်စေခြင်းဖြင့် ကျားဆိုးများအဖြစ် မည်းမည်းမြင်တိုင်း ပေါ်သဖြစ်ကာ ရန်မူစိတ်များပေါ်စေခြင်း၊ ဒဏ်ရာရရှိခဲ့သည်ကြောင့် ကိုယ်လက်အင်္ဂါ မစွမ်းမသန်ဖြစ်ရာ တောတွင်းမှ သားကောင်များကို မဖမ်းဆီးနိုင်သည့်အလျောက် အလွယ်ကူဆုံးသားကောင်များဖြစ်ကြသည့် ကျွဲ နွား အိမ်မွေးတိရစ္ဆာန် မနုဿသားကောင်အထိ နယ်ချဲ့လာစေခြင်း၊ တောတောင်တွင်း၌ ကျားများ၏အစာဖြစ်သည့် ဂျီ၊ ဆတ်၊ တောဝက်၊ ဒိုင်များ ဦးရေနည်းပါးသည်ကြောင့် ကျားများတော်မှတ်ကာ ရွာတွင်းသို့ ဝင်ရောက်ကျူးလွန်ခဲ့ခြင်းများရှိခဲ့ရာ ကျွန်တော်က စုဝေးရောက်ရှိလာကြသူများနှင့် ရွာခေါင်းဦးအောင်ဆော်အား မော်ပြပါအခြေအနေများအရ လှမ်း၍ ဆွေးနွေးလိုက်သည်။

ဦးအောင်ဆော်က သွက်လက်စွာဖြင့် 'ဗိုလ်မှူး ပစ်သတ်လိုက်တဲ့ တောကောင်ကြီးက နှစ်စဉ်နှစ်တိုင်း မိတ်လိုက်တဲ့ နတ်တော်ပြာသိုတွေမှာ ကျုပ်တို့ရွာကို ထမင်းဆိုင်ဖွင့်နေသလားပဲ၊ မဝင်ဘဲကိုမနေဘူးဗျ၊ ကျုပ်တို့ ရွာသားတွေကလဲ ဒီလိုကိစ္စဖြစ်လာရင် နတ်ကိုး၊ စုန်းကိုး၊ ဘာလုပ်ညာလုပ်နဲ့ နွားတွေ ဝက်တွေ ကုန်ခဲ့ပေါင်းများပြီ၊ ဒီတစ်ခါကျမှ ဗိုလ်မှူးနဲ့ ဆရာဟန်တို့ အချိန်မီရောက်လာပြီး သုတ်သင်ပစ်မှ ကိစ္စပြီးတော့တာပဲ၊ ဗိုလ်မှူးပစ်ခဲ့တာက

http://www.cherrythitsar.org



ကျားအိုကြီးဗျ၊ ကျားအိုလာရင် တောထဲက အမဲကောင်တွေကို အရှာခက်လို့ အားအားရှိ ရွာထဲဝင်မွှေကြတာပဲလေ၊ အားလုံ ဒုက္ခတွေ ခုမှ ရှင်းတော့တယ်၊ ကျုပ်တို့ မျှော်ရကျိုး အားကိုးရကျိုး နပ်ပါပေရဲ့ဗျာ' ဟု ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောလိုက်သည်။

ကျွန်တော်သည် လက်ဖက်ရည်ကြမ်းသောက်ရင်း ရွာတွင်းပြောင်းလဲမှု အခြေအနေကို ငုံကာဖောင်းကာလေ့လာမိသည်။ ခါတိုင်း ဤကဲ့သို့ လမိုက်သောညများ၌ အသက်ပင် ပြင်းပြင်းမရှူရဲ၊ အိမ်အောက်သို့ပင် မဆင်းဝံ့သော ပျော်ရွှင်ခြင်း ပျောက်ကွယ်ခဲ့သော မကြီးကုန်းရွာအဖို့ ယခု ကျွန်တော်တို့ မီးရောင်ထိန်ထိန်အောက် လက်ဖက်ရည်ကြမ်းသောက်နေသော ကာလဝယ် တစ်ယောက်နှင့် တစ်ယောက် ရယ်ရယ်မောမောဖြင့် ကျားသေကြီးနှစ်ကောင် ရှိရာသို့ အစုလိုက် အဖွဲ့လိုက် သွားကြည့်ကြသည်။

ကလေးလူကြီး ပရိသတ်များ၏ခြေသံ 'တို့နွားတွေ ကျွဲတွေ ကိုက်စားတဲ့အကောင်၊ ထွန်းတင်ကို ကိုက်သတ်တဲ့ ခွေးကြောက်တွေကိုဖျက်ပြီး ဆီပြန်အဝစားမယ်ဟေ့' စသည့် ကြွေးကြော်သံများကို နားထောင်ရင်း ကျွန်တော်တို့ မုဆိုးတစ်စုနှင့် ကျေးရွာအကြီးအကဲအပေါင်းတို့သည် ကျွန်တော် ပစ်ခတ်ခဲ့သည့် ကျားကြီး သေဆုံးနေရာသို့ ထွက်ခဲ့ကြပါသည်။

ကျားသေကြီးအနီး၌ ပရိသတ်များကိုတွေ့ရသလို ကျားဆိုးကြီး ချီယူလာသော ဝက်သေကြီးကိုလည်း ဖုက်နေကြသည်ကို တွေ့ရ၏။ တပ်ကြပ်ကြီးသန်းထွန်းသည် ကျားကြီးကို ဦးနှနှင့်ကျောက်လှိုင်တို့ အကူအညီဖြင့် နာခေါင်းဖျားက ကျောချောင်းရိုးအတိုင်း အမြီးဖျားအထိ ပေကြိုးတစ်ချောင်းနှင့် စနစ်တကျတိုင်းတွာလိုက်သည်။ အလျား ဆယ်ပေ ဆယ်လက်မ၊ ခေါင်းလုံးပတ် သုံးဆယ့်ခြောက်လက်မ တုတ်နိုင်ကြောင်းတွေ့ရ၏။ ကျားသေကြီး၏ပါးစပ်ကို အသာဖြဲ၍ ကြည့်လိုက်ရာတွင် အစွယ်များမှာ အတော်တုံးနေသော အသက်အရွယ် ကြီးရင့်နေသည့် ကျားထီးကြီးမှန်း သိရတော့သည်။

http://www.cherrythitsar.org



'ဒါထက် ဒီအကောင်တွေ ဘယ်စည်းရိုးကို ဖောက်ဝင်တာတုန်းဗျ၊ စီခနဲ ချေးတွေဆုမှ ဘာသားရှော့တွေ ရွာထဲဝင်ရောက်မှန်း သိရတယ်'

ကျွန်တော်က ရွာခေါင်းကို လှမ်းမေးလိုက်ရာ၊ ရွာခေါင်းက 'ဟောဟိုက ဝက်ဖျက်နေတဲ့ ငပိန်တို့အိမ်နောက် မလှယ်ပေါက်ကို အသာကလေး ခုန်ဝင်တာဗျ။ လေးတောင် ငါးတောင် အမြင့်များလောက်တော့ ဒီအကောင်မျိုးတွေက ဘယ်အရေးစိုက်မှာတုံးဗျာ၊ ပြီးတော့ သူ့အိမ်အောက်က ခြံထဲမှာ ချည်ထားတဲ့ ဝက်ကို အတင်းဝင်ဆွဲသွားပြီး သူတို့အကောင်ချင်း စုရာက ခွဲပြီး ကျားထီးကြီးက ခါတိုင်းထွက်နေကျ ဝင်နေကျ မလှယ်ပေါက်ဆီ အပြေးမှာ ဝိုလ်ကြီးနဲ့တည့်တည့်တိုးမိပြီး အမိုက်စာတက်တုံးတာပဲဗျို့'ဟု မီးလှုံရင်း အဖြေပေးလိုက်သည်။

'ဝက်ရှင် ငပိန်က သူ့ဝက်သားနဲ့ ဗိုလ်ကြီးတို့မုဆိုးအဖွဲ့ကိုကျွေးဖို့ စီစဉ်နေတာဗျ'ဟု ဦးကျော်ကလည်း ကျားကိုက်ခံရ၍ သေဆုံးခဲ့သည့် ဝက်အကြောင်းကို ဆက်လက်ပြောပြသည်။

နှင်းတွေက ပိန်းနေအောင်ကျနေလေသည်။ ရွာအပြင်မှ ဒီးခုတ်မောင်နှံ၏ အချီအချတွန်သံနှင့် ရွာတွင်းမှ လွတ်ပြေးသော ကျွဲနွားများကို ပြန်သိမ်းသံ၊ ခေါ်ငင်သံများက တစ်ရွာလုံးကို ဖုံးလွှမ်းနေလေသည်။

မကြီးကုန်းရွာသားများအနေဖြင့် ကျားဆိုးအန္တရာယ်မှ ကင်းလွတ်ခဲ့သည့်ကြောင့် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် သွားလာပြောဆိုနေကြသလို ကျွန်တော်တို့ ကျားပစ်မုဆိုးများ သို့မဟုတ် မြန်မာ့ကာကွယ်ရေးတပ်မတော် ရဲဘော်များအနေဖြင့် နှင်းရည်ဆမ်းထားသော ညချမ်းကာလဝယ် လက်ဖက်ရည်ကြမ်းကို အပန်းဖြေဆေးအဖြစ် သောက်သုံးရင်း လက်တလော တာဝန်တစ်ရပ်ကို ကျေပြွန်စွာထမ်းဆောင်ဖြေရှင်း ပြီးစီးခဲ့ပေပြီတကား။

[ မြဝတီ။ ။ ]

http://www.cherrythitsar.org

# မြေရာလည်းပျောက် ရေလည်းနောက်

တစ်တောလုံး တစ်တောင်လုံး နှင်းမှုန်များ မှိုင်းမှုန်နေလေသည်။ ထိုအခါ ထိုနယ်မြေသို့ တစ်ခေါက်တလေမျှ မရောက်ဖူးသူတို့အဖို့ သွားလမ်းလာလမ်းကို ရုတ်တရက် မမြင်နိုင်သောကြောင့် လမ်းပျောက်၍ တဝဲလည်လည်နှင့် ခုက္ခတွေ့နေတတ်သည်။ ချိုးကူသံသဲ့သဲ့သာလျှင် နှင်းထုအတွင်းမှ ဖောက်ထွင်းလျက် ကျွန်တော်တို့ မုဆိုးအဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်နေဟန် ရှိပါတော့သည်။ သုတ်ခြေသွေးလိုက်တိုင်း ကျွန်တော်တို့ လူစုမှာ အအေးပိုကာ အနေရအထိုင်ရ ခက်လှ၏။ သို့သော် ဈာညိုပန်းရနံ့တွေက တကြိုင်ကြိုင်မွှေးနေသဖြင့် ခြေလှမ်းပိုမိုသွက်စေပါသည်။

ဆတ်တစ်ကောင်၏ ခပ်လှမ်းလှမ်းမှ တစ်သံများကိုကြားလိုက်ရသလို ရှေ့တန်းမှ တပ်ကြပ်ကြီးသန်းထွန်းက သူ့အမိဟွာယ်နှင့်သူ ပြူးလိုက်တော့သည်။ ရှေ့ဆုံးက ဦးဘိုးဟန်သည် လက်ကာ၍ရပ်ရန် အချက်ပေးလိုက်ပြီးနောက်

'ဒီနေရာမှာ မီးဖိုကြပေဟ့၊ ခေတ္တနားကြရအောင်၊ ဘာမှမမြင်ရတဲ့ အတူတူကွာ' ဟု အမိန့်ပေးလိုက်ပြီး သူ၏ ပခုံးပေါ်၌ ထမ်းထားသည့် နှစ်လုံးပြူး သေနတ်ကိုမြေပေါ်သို့ချကာ မီးခြစ်ဘူးကို ဆွဲနှုတ်ယူလိုက်သည်။

http://www.cherrythitsar.org



ရဲဘော်ကျော်လှိုင်၊ တပ်ကြပ်မောင်နုတို့လူစုက သွက်လက်စွာဖြင့် ထင်းခြောက်များ၊ ဝါးစည်းများကို ကောက်ကာ ငင်ကာ စုဆောင်း၍ ကွက်လပ်ပေါ်တွင် မီးဖိုတစ်ဖိုအဖြစ် အမြန်ဆုံးဖန်တီးလိုက်ကြသည်။

'လမ်းသွားနေရင် သေးမှုပြီး အချမ်းသက်သာတယ်ဗျ ဦးကြီးဟန်၊ နားနေရင် ပိုချမ်းလာလိမ့်မယ်'

တပ်ကြပ်ကြီးသန်းထွန်းသည် ၄၀၄ မော်ဇာမဂ္ဂဇင်းရိုင်ဖယ်ကို ရင်တွင်ပိုက်ကာ ရပ်နေရာမှ ပြောလိုက်ရာ မီးခြစ်ဆံတစ်ချောင်းနှင့် မီးမွှေးနေသော ဦးဘိုးဟန်ကြီးသည် စိတ်ရှည်လက်ရှည်နှင့် ထင်းပေါက်ကလေးများကို မီးညှိလိုက်ပြီး

'မင်းပြောတာတွေ မှန်တယ်လေ၊ မောင်သန်းထွန်းရဲ့၊ မုဆိုးဆိုတာ အိုက်တာပူတာလဲ ခံနိုင်ရသလို ချမ်းတာ အေးတာတွေလဲ ရင်ဆိုင်ဝံ့ရတယ်၊ မိုးကိုလဲဂရုစိုက်စရာ မလိုဘူးကွ၊ ပင်ပန်းတဲ့အလုပ်ကို တမင်တကာရွေးပြီးမှ သားကောင်ကြီးတွေ သားရဲကြီးတွေနဲ့ ရင်ဆိုင်ရတဲ့အလုပ်ကိုလုပ်ဖို့ မုဆိုးဖြစ်လာတာ။ မင်းတို့ မေ့သွားပြီလား'ဟု လေးလေးနက်နက် ပြောလိုက်လေသည်။

'ငါတို့ ခေတ္တနားလိုက်တဲ့ အဓိပ္ပာယ်ကို မင်းတို့ မစဉ်းစားမိလို့ပဲ'

ဦးဘိုးဟန်သည် မီးစွယ်တက်လာသော မီးဖိုအတွင်းသို့ ဝါးခြောက်များကို ထည့်လိုက်ပြီးနောက်

'တို့ ခုရောက်နေ သွားနေတဲ့ တောတောင်ဒေသက အင်မတန် လှသူ အရောက်အပေါက်နည်းပါးတဲ့ ဒေသကွ၊ ပြီးတော့လဲ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဆင်တွေ ကျားတွေ ပြောင်တွေချည်းပဲ၊ အဲဒီတော့ ခုလို နှင်းတွေပိတ်အောင်ကျနေတုန်း အရမ်းစွတ်ပြီးသွားရင် တို့ကို သားကောင်ကြီးတွေက အရင်မြင်သွားရင် ပြေးရင်ပြေး မပြေးရင် တို့လူစုကို လက်ဦးအောင် သူတို့က လုပ်နိုင်တယ်၊ နားလည်ပြီလား၊ အဲဒါကြောင့် စော တစ်ဖြုတ်လောက် မီးလှုံရင်း နေကလေးထွက်လာအောင် စောင့်ပါကွာ'

http://www.cherrythitsar.org



ရင်ဆိုင်ရမည့် အခြေအနေကို ရှင်းလင်းပြောပြလိုက်ရာ ကျွန်တော်က 'အမဲကြီးတွေကို စခန်းနဲ့တစ်မိုင်အတွင်း ပစ်နိုင်တဲ့နေရာ ပြပါဆိုရင် ယောဒီ ထန်းတစ်ပင် ကရင်ချောင်း ဒေသကို ငါခေါ်ပြရမှာပဲ၊ မင်းတို့ မကြာခင် လက်တွေ့ကြုံရပါလိမ့်မယ်' ဟု ဦးဘိုးဟန်၏ စကားကို ရောနှော၍ ထောက်ခံပြောဆိုလိုက်သည်။

အလယ်ရိုးမ သို့မဟုတ် ပဲခူးရိုးမ၏ မြောက်ဘက်အစွန်နယ်မြေဖြစ်သည့် ပျဉ်းမနားသစ်တောခရိုင်၏ အနောက်မြောက်နယ်မြေဖြစ်သော ထန်းတစ်ပင် ကရင်ချောင်း ဒေသကား အင်မတန် နာမည်ကြီးလှပါပေ၏။

ထိုအရပ်ဒေသ၌ အလုပ်လုပ်နေကြသည့် သစ်ခုတ်သမား၊ သစ်တော အမှုထမ်းများအနေနှင့် နေပူရှိန်နှင့် နေဝန်းကို နေမွန်းတည့်မှ မြင်တွေ့ရ၏။ ငှက်ဖျားထူထပ်ခြင်း၊ အအေးဓာတ်ပြင်းထန်ခြင်း စသည့် ရာသီဥတုဒဏ် များကြောင့် ဖျားမိလျှင် ဆေးမမီ ဆေးရုံပို့ရင်း ခရီးလမ်းတွင် အသက်ပျောက် ခဲ့သည့် အဖြစ်ဆိုးများနှင့် အပြည့်ရှိခဲ့သော နေရာဖြစ်၏။

လူအလွန်ခေါင်သော၊ တောင်တန်းကြီးသော၊ တောတောင်ထူထပ် သော အလယ်ရိုးမ၏ အရှေ့ဘက်ကပ်လျက်အမြွမ်းဒေသ ဖြစ်သည့်အတွက် သားကောင်ကြီးများ၏ ခိုကပ်ရာ ပျော်မြူးရာဒေသဖြစ်နေပေသည်။

ကျွန်တော်နှင့် ဦးဘိုးဟန်တို့ မုဆိုးတစ်စုသည် အစွယ်ရှိသော တော ဆင်ကြီးများကို ရှာဖွေပစ်ခတ်ရန်အတွက် ထိုဒေသသို့ ဘုရားတောင်ရွာမှ တစ်ဆင့် ဝန်တင်ဆင်များပေါ်တွင် ရိက္ခာနှင့် အိပ်ရာလိပ်များကို တင်ဆောင် ပြီး ရှေ့ဖျားချီတပ်ဖွဲ့အနေနှင့် ရှေ့ဦးစွာ ခြေကျင်ချီတက်ခဲ့ကြခြင်းဖြစ်၏။

နှင်းကျသံများကား နေထွက်ခါနီးလေလေ၊ အခိုးအငွေ့ဘဝမှ တဖြောက်ဖြောက်အသံများ ထွက်ပေါ်လာအောင် မိုးပေါက်ကြီးများအသွင် ကျဆင်းလာ၏။

သို့ရာတွင် အရှိန်နှင့်တက်လာသော မီးဖိုကြီးမှ အပူငွေ့များကြောင့် ကျွန်တော်တို့အဖို့ အအေးဒဏ်ကို ကာကွယ်နိုင်လာသည်။ ညို့ညို့ဆိုင်းဆိုင်း

http://www.cherrythitsar.org



နှင့် မျှော်လိုက်တိုင်းမဆုံးစေသည့် တောအထပ်ထပ် တောင်အထပ်ထပ် ပြည့်ကျပ်နေသည့် ရှီးမနယ်မြေကို မျှော်ကြည့်မိလိုက်ပါသည်။

* * *

အောင်လောင် ငုက်ကြီးတစ်အုပ်၏ တအောက်အောက် အော်မြည်သံများ ထွက်ပေါ်လာသလို မျောက်ညိုတစ်အုပ်၏ လမ်းတစ်ဖက် တောတွင်းမှ တောင်ဘက်သို့ဖြတ်ကူးရန်အလာတွင် ကျွန်တော်တို့ လူရာကို တွေ့မြင်သွားကာ လန့်ဖျပ်၍ တဝုန်းဝုန်း ပြေးလွှားသံဖြင့်နောက်ဘက်သို့ ဆုတ်ခွာပြေးကြသည်။

'ပစ်လိုက်ရရင်တော့ကွာ၊ မျိုးပြုတ်ကုန်ရောမယ်ဟေ့'

ကျော်လှိုင်နှင့် တပ်ကြပ်ကြီးသန်းထွန်းတို့က အမဲကြီးပစ် နိုင်ဖယ်ကြီးတွေနှင့် လိုက်၍ ချိန်လိုက်ကြသည်။

'အသေးအဖွဲကောင်တွေကို အရေးမစိုက်ကြနဲ့၊ ဒီနေရာမှာ အဓိပ္ပာယ် မရှိဘဲ သေနတ်သံတစ်ချက်မှ မထွက်စေရဘူးဟေ့၊ ရှေ့လျှောက်တွေ့ရမယ့် ရောမအကောင်ကြီးတွေကို မလွှတ်တမ်းပစ်ထည့်ကြကွာ'

ဦးဘိုးဟန်က အရေးတကြီး သတိပေးလိုက်ပြီး ဆေးပေါ့လိပ်ကြီးကို တထောင်းထောင်း ရှိုက်ဖွာနေပါသည်။

ကျွန်တော်ထိုင်နေရာ ကျွန်းတုံးကြီးပေါ်သို့ ဦးနုရောက်လာပြီး ဓာတ်ဘူးအတွင်းမှ ကော်ဖီပူပူတစ်ခွက်ကိုပေးသောကြောင့် ကျွန်တော်ကိုင်ထားသော ၅၀၀ ဗို နှစ်လုံးပြူးရိုင်ဖယ်ကို တုံးတွင်မှီ၍ နေရာချထားလိုက်ပြီး အငွေ့တထောင်းထောင်းထွက်နေသော ကော်ဖီခွက်ကို လက်ခံယူလိုက်သည်။

မြို့ကြီး ပြကြီးများနှင့် အလှမ်းဝေးကွာလှသော တောကြီးတောင်ကြီး အတွင်း၌ ဤကဲ့သို့သော ပူပူနွေးနွေးကော်ဖီတစ်ခွက်ကို အားရပါးရသောက်

http://www.cherrythitsar.org



လိုက်ပြီးနောက် ယခုအချိန်အခါမျိုး၌ ဤကော်ဖီတစ်ခွက်နှင့် မြို့မှကော်ဖီ ဆယ်ခွက် တန်ဖိုးချင်းညီမျှကြောင်းကို စိတ်တွင်းမှ ဝန်ခံမိပါသည်။

အရှေ့တောင်ဘက်မှ ... ကျယ်ပြန့်သောမြက်ခင်း ... ချစ်စရာကောင်းသော ... ဖြစ်သော တောင်အုတ်ကြီးတစ်ခု ...

အရှေ့တောအုပ်ကြားမှထွက်လာ၍ နေရောင်ခြည်အစများဖြာ၍ ကျရောက် လာသလို ကျွန်တော်တို့ မုဆိုးတစ်စုအနေနှင့် ကိုက်ငါးဆယ်ပတ်လည် တစ်ဝိုက် ဗိုးတဝါး မြင်သာတွေ့သာ လာပါတော့သည်။

'ကိုင်း၊ ရှေ့ကို တက်ကြမယ်၊ ခြေသံလုံလုံနဲ့ ချောင်းမဆိုးမိအောင် ငြိမ်ငြိမ်ကလေး တက်ကြပေါ့၊ တွေ့တော့ တွေ့ကြတော့မယ်ပေါ့'

ဦးဘိုးဟန်က ကြေညာလိုက်ပြီး သူ၏ နှစ်လုံးပြူးသေနတ်ကို ထမ်းလိုက်ရာ

'ဦးကြီးဟန် ဒီသေနတ်ကြီးကို ယူလေ'

ရဲတော်ကျော်လှိုင်က ဦးဘိုးဟန်၏ ၃၇၀ နှစ်လုံးပြူးရိုင်ဖယ်ကို လှမ်း၍ပေးလိုက်ရာ 'နေပါစေကွာ၊ ဗိုလ်မှူးနဲ့ကပ်ပြီးတက်ကြမှာမို့ အကောင် ကြီး တွေ့ရင် ဗိုလ်မှူးကပစ်၊ ဆတ်တို့၊ ဝက်တို့တွေ့ရင် ငါနှစ်လုံးပြူးနဲ့ ပစ်မယ်၊ ပြောင်းဝနှစ်ဖက်စလုံးမှာ ခြောက်လုံးကျည်ကြီးတွေ ထည့်ထား တယ်' ဟု ဖြေလိုက်သည်။

ထို့ကြောင့် ရဲတော်ကျော်လှိုင်သည် သူ၏ ၃၇၅ မက်နမ် မဂ္ဂဇင်း ရိုင်ဖယ်ကို ပခုံးတွင်လွယ်ကြိုးနှင့် သိုင်းကာလွယ်ပြီးနောက် ဦးဘိုးဟန်၏ နှစ်လက်ပြူး ရိုင်ဖယ်ကြီးကို ညာဘက်ပခုံးပေါ်သို့ ပစ်တင်လိုက်ပြီး ကျွန်တော်တို့နောက်မှ ကပ်၍ ရပ်လိုက်သည်။

ကျွန်တော်တို့နှင့်အတူ ခရီးကြုံ လိုက်ပါလာကြသော တောအုပ်ကြီး ဦးမှတ်နှင့် သစ်ခုတ်သမားများက ခရီးဆက်ကြရန် အသီးသီးပြင်ဆင် လိုက်ရင်း 'ခုလို တောတောစီးစီးအချိန်မျိုးမှာ ကျွန်တော်တို့ချည်းသက်သက် ဒီနေရာမျိုးတွေကို မသွားရဲဘူးဗျို့၊ ဆင်လား ကျားလား တစ်ကောင်ကောင်နဲ့ တိုးမိတာများလို့ နင်းတွေ့ပိတ်နေတဲ့အခါမျိုးမှာ မပြေးတတ် မရှောင်တတ်နဲ့ ဘုရားတစ်ရတာချည်းပဲ၊ ခုတစ်ခါတော့ ကြောက်စိတ် လုံးဝမရှိတော့ဘူးဗျို့'

http://www.cherrythitsar.org



ဦးမှတ်က ရယ်မောရင်းနဲ့ အမှန်အတိုင်း ဝန်ခံရှာပါသည်။

ကျွန်တော်နှင့် ဦးဘိုးဟန်တို့က ဆားချင်းယှဉ်၍ နှင်းရည်များ စွဲနေသော လူသွားလမ်းဟောင်းကလေးအတိုင်း စတင်ကာ ချီတက်လိုက်သည်။

အလင်းရောင်ကောင်းစွာ ရရှိနေပြီဖြစ်သဖြင့် အတော်ဟောင်းနွမ်းနေသော လူသွားလမ်းကလေးပေါ်မှ ခြေရာမျိုးစုံကို ကောင်းစွာ အကဲခတ်ခွင့် ရရှိပါတော့သည်။

ရှေ့ဦးစွာ ဆတ်ခြေရာများ၊ သစ်ဆင်ကြီးများ၏ ခြေရာများကို လတ်ဆတ်စွာတွေ့လိုက်ရသလို ပြောင်ထိုးခေါင်းကြီးတစ်ကောင်၏ ကြီးမားလှသော ခြေရာခွက်ကြီးကို စတင်ကာ တွေ့လိုက်ရပြန်သည်။ ဦးဘိုးဟန်က ငုံ၍ ကြည့်လိုက်ပြီး ပြောင်ခြေရာခွက်ကြီးကို လက်ညှိုးဖြင့် ဝကွက်၍ကွင်းကာ 'ဒီကောင်ကြီး ဒီနေ့မနက်အစောပိုင်း စားရင်း နားရင်း သွားတဲ့အကောင်ဗျ၊ ကျုပ်တို့ တွေ့နိုင်တယ်ဗျို့၊ ကိုယ်အလေးချိန် ပိဿာငါးရာ အထက်မှာ ရှိမယ်'ဟု အရေးတကြီး သတိပေးပြောကြားလိုက်သည်။

မကြာမီ ကျွန်တော်တို့ချီတက်နေသော လမ်းကလေးနှင့် အခြားလမ်းကလေးတစ်လမ်း ဆုံမိကြသည့် နေရာသို့ရောက်ခဲ့ပြီးနောက် မမျှော်လင့်သော ခြေရာသစ်တစ်ခုကို ဘွားခနဲ တွေ့လိုက်ရတော့သည်။ ထိုခြေရာသစ်များမှာ အောက်ခြေက ရာဘာခံအပေါ်မှ အဝတ်ဖြင့် ချုပ်လုပ်ထားသော လူတစ်ယောက်၏ အရေးတကြီး သုတ်သီးသုတ်ပျာ လျှောက်သွားသော ခြေရာများဖြစ်ပါသည်။

ဦးဘိုးဟန်သည် အတော်အံ့အားသင့်သွားသော မျက်နှာဖြင့် 'အလို၊ ဒီလူက ကျုပ်တို့ထက်စောပြီး တောထဲဝင်သွားတယ်ဗျို့၊ ခြေရာကြည့်ရတာ အရေးတကြီးနိုင်ပုံပဲ၊ ခြေလှမ်းက သိပ်ကျဲနေတာကလား'ဟု ခေဖန်ပြောဆိုလိုက်ရာ နောက်ပိုင်းမှ ဦးနုကလည်း

'ဒီလောက် လူပြတ်တဲ့နေရာမျိုးမှာ အစောကြီး အဖော်မပါဘဲ ခရီးသွားတဲ့လူဟာ စဉ်းစားစရာပဲ၊ ပျဉ်းမနားက တောင်တွင်းကြီးဘက်ကို တိတ်

http://www.cherrythitsar.org



တဆိတ် ကူးသန်းတဲ့လူဖြစ်ရမယ်၊ လူသူနဲ့ လမ်းမှာမဆုံချင်လို့ ကြောက်ရွံ့နေပြီး လန့်ရမှန်းမသိဘဲ သွားဖုံတဲ့ လက္ခဏာဗျ'ဟု သူ၏ ထင်မြင်ချက်ကို ပြောလိုက်ရာ သစ်ခုတ်သမားဦးရွှေဇင်က ဖိနပ်ရာကို ငုံ့ကြည့်လိုက်ပြီး

"ဒီဖိနပ်ရာဟာ တောခေါင်းကြီး ဖိနပ်ရာပါကလား'ဟု ရုတ်တရက် ပြောလိုက်ရာ တောအုပ်ဦးမှတ်သည် အံ့အားသင့်သွားသော မျက်နှာဖြင့်

'ဟုတ်ရဲ့လား ဦးရွှေဇင်၊ ဘယ့်နှယ် မောင်စံဝင်းတစ်ယောက်တည်း မောစောစီးစီး ကျုပ်တို့ရှေ့က သွားနှင့်ရအောင်ဗျာ'ဟု မေးမြန်းလိုက်၏။ 'အင်္ဂါနေ့က တောထဲကစခန်းမှာ သူ ရောက်နေတယ်မဟုတ်လားဗျ'

'မဟုတ်ပါဘူး ဆရာကြီး၊ မနေ့ညက ရွာမှာ ဘိုးချစ်တို့အိမ်မှာ မူးနေတာ တွေ့ရတယ်ခင်ဗျ'

သစ်ခုတ်သမားတစ်ဦးက ဝင်ရောက်ပြောလိုက်ရာတွင် တောအုပ်ကြီးသည် ခေါင်းကို ခါရမ်းလိုက်ပြီး "ဒီအကောင် တော်တော်ခက်တယ်၊ တစ်ချိန်လုံး မူးနေတာပဲဗျာ၊ ဘိုးဓောင့်နယ်တုန်းကလဲ မူးပြီးရမ်းတာနဲ့ သစ်တောဝန်မင်းက ပြစ်ချက်တွေများလာတော့ နောက်ဆုံးဒီနယ်ကိုပို့လိုက်တာလဲ မမှတ်ဘဲကိုး'ဟု အပြစ်တင်လိုက်ပြီး တစ်စုံတစ်ရာကို သတိရမိပုံဖြင့်

'ဒါထက် ဦးရွှေဇင်၊ ကျုပ်တို့ သင်းသတ်မယ့် ကျွန်းပင်တွေကို တံဆိပ်တွေရိုက်ပြီးပြီလား၊ မောင်စံဝင်းကို အင်္ဂါနေ့က တာဝန်ပေးလိုက်ပြီလေ'ဟု မေးမြန်းလိုက်၏။

'မရိုက်ရသေးဘူးဆရာကြီး၊ ကျွန်တော်တို့လဲ ငိုင်းပြီးပြောပါတယ်၊ သတ်ခါနီးမှ ကပ်ရိုက်ရင်ပြီးတယ်လို့ တောခေါင်းကြီးက ပြောလွှတ်လိုက်ပါတယ်'

ဤတွင်တောအုပ်ကြီး ဦးမှတ်သည် 'အလုပ်သိပ်ပေါ့တဲ့ လူပဲဗျာ၊ လက်စသတ်တော့ ဒီနေ့ ကျုပ်တို့ ကျွန်းသတ်ဖို့ထွက်လာမှ သူက ရှေ့က ကျုပ်တို့အရင် ကြိုတင်ရောက်အောင်သွားပြီး ကမန်းကတန်းလုပ်မယ့်သဘောကိုး၊ ပင်တောင်တွေများကုန်ရင် အကုန်လုံး အလုပ်ပြွတ်ပြီးသားပဲဗျို့' ဟု ဝမ်းနည်းပက်လက်နှင့် ပြောလိုက်သည်။

http://www.cherrythitsar.org



ဦးဘိုးဟန်သည် ဖိနပ်ခြေရာကို စေ့စေ့စပ်စပ် ငုံ၍ကြည့်လိုက်ပြီးမှ

'ဒီလူကရှေ့ကိုလေးကြီးပြီး အတွင်းသာ သုတ်ခြေတင်နေတာကလား ဗျာ၊ ကြည့်ပါလား၊ ဖိနပ်ရှေ့ဦးပိုင်းကို ဖိပြီးနင်းတက်သွားတဲ့အကြောင်း တွေ့'ဟု ခြေရာအစီမှာယ်ကို ရှင်းလင်း ပြောပြလိုက်ပြီး ဆိတ်ငြိမ်စွာ ဆက်လက်၍ ချီတက်ခဲ့ကြသည်။

လမ်းဘေးရှိ ကညင်ပင်ကိုင်းခြောက်ပေါ်တွင် နေပူစာလှုံနေကြသော ငှက် လေးငါးကောင်၏ လေချွန်သလို အော်မြည်သံများကို ကျွန်တော်က အမှတ်မထင် နားထောင်မိသည်။

မကြာမီ လမ်းကလေးသည် တွေ့ကာ တောက်ကာဖြင့် အနိမ့်ပိုင်း အဖြစ် ဆင်းသွားပြီး ခနဲ့ပင်၊ တောငုက်ပျောပင်များ ပေါက်ရောက်ရာတောစို အတွင်းမှ ဖြတ်လျက်သွားနေသည်ကို တွေ့လိုက်ရသလို တောခေါင်းစုံဝင်း၏ ဖိနပ်ရာများကိုလည်း အရှင်းသား တွေ့နေရပေ၏။

မျက်စိရှင်လှသော ဦးဘိုးဟန်သည် ရုတ်တရက် ရပ်လိုက်ပြီးနောက် လမ်းကလေး၏ ညာဘက်ဘေးသို့ ငုံ့ကြည့်လိုက်သည်။

'ခုတင်ကလေးကမှ ဝင်ရောက ထသွားတဲ့ အကောင်ဗျ၊ ဒီကောင်မျိုး သိပ်ကြောက်ရတယ်'

လွှတ်ခနဲ ပြောကြားလိုက်သဖြင့် ကျွန်တော်က လှမ်း၍ကြည့်လိုက်ရာတွင် ရှေ့ပိုင်းက ဘုကလေး လေးဘုပိုင်းရဲ့လျက် နောက်ပိုင်းက ဘုကြီး တစ်ဘုအဖြစ်ပေါ်ထွက်ကာ ကျွန်တော်၏ လက်ဝါးထက် ကျယ်ဝန်းကြီးမား သော သစ်လွင်လှသည့် ခြေရာခွက်ကြီးများကို တွေ့လိုက်ရပေ၏။

'ဟုတ်တယ်၊ ဒီမှာ စိုက်ရာကြီး၊ အမြီးရှည်ကြီးကို ခတ်သွားတဲ့ ပြောင်နေတဲ့ နေရာလေ'

ဦးနုက ကြည့်လိုက်ပြီးနောက်

'ဒီတောကောင်ကြီး ရုတ်တရက်ထပြီး ဟောဒီ ငှက်ပျောတောထဲ ဝင်သွားတယ်'

http://www.cherrythitsar.org



ခြေရာစဥ်အတိုင်း လိုက်၍ကြည့်လိုက်ပြီး မူလခြေရာရင်းနှင့် ဝပ်ခဲ့သည့် နေရာဟောင်းကို အရေးတကြီးပြန်ကြည့်လိုက်သည်။

'ဟောဒီမှာ ကြည့်ကြစမ်းဗျို့'

ဦးဘိုးဟန်က လက်ညှိုးထိုးကာ တစ်နေရာကို ထောက်၍ပြသရင်း ကျားကြီး၏ ခြေရာစွက်ပေါ်တွင် နင်းသွားသော တောခေါင်း စံဝင်း၏ ဖိနပ်ရာကို ပြသလိုက်ပြီး 'လူကို အတွေ့မခံချင်လို့ တောကောင်ကြီးက ငှက်ပျောပင်တွေကြားကို ရှောင်ထွက်သွားတယ်ဗျ'

ညွှန်ပြလိုက်ရင်း ငှက်ပျောပင်များအတွင်းသို့ အနည်းငယ်ဝင်၍ စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက်

'ကျားက လူကိုမာန်သွင်းပြီး သစ်ပင်ကြီးကို တအားခဲသွားတယ်၊ ပြီးတော့ မြေကြီးကိုလဲ ရှေ့လက်နှစ်ဖက်နဲ့ကုပ်သွားတယ်၊ အဘ တောကောင်ကြီးပါကလား၊ ဆက်ပြီး လူနောက်ကို သေးကပန်းပြီး လိုက်သွားပြီဗျို့'

ကျားကြီး၏ ခြေရာလက်ရာများကို ကြည့်ရှုရင်းက အရေးတကြီးသတိပေးလိုက်ပြန်သည်။

ကျွန်တော်သည် ကျားကြီး အစာမာန်သွင်းပြီး ကိုက်ထားခဲ့သည့် ဒူးဆစ်ခန့်တုတ်သည့် သစ်မြစ်ကြီး၌ ကျန်ရစ်သော အစွယ်ပေါက်ကြီးများကို ကြည့်မိရင်းနှင့် တောခေါင်း စံဝင်းအတွက် ထိတ်ခနဲ မှုပန်မိပါသည်။

'ကိုင်း၊ ခပ်သုတ်သုတ်လိုက်ကြဗျို့၊ ရှေ့က အခဲတိုးပြီးသွားနှင့်တဲ့ လူအတွက် နည်းနည်းမှ စိတ်မချရတော့ဘူး၊ စီလိုမီဘြားပေါ့ဗျာ၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ဗျာ'

ဦးဘိုးဟန်က အရေးတကြီးပြောလိုက်ပြီး ကျွန်တော်၏ ဘယ်ဘက်ဘေးမှ ကပ်လျက် တောတွင်းလမ်းကလေးအတိုင်း အပြင်းချီတက်ခဲ့ကြသည်။

တစ်ဖာလုံခန့်သွားခဲ့ပြီးနောက် လူသွားလမ်းကလေးကို ကန့်လန့်ဖြတ် ကာဆီးနေသော ချောင်းငယ်ကလေးတစ်ခုကို ဘွားခနဲတွေ့လိုက်ရ

http://www.cherrythitsar.org



ပေ၏။ ချောင်းကလေးဆီသို့ ခပ်သုတ်သုတ် နင်းတက်သွားသော တောခေါင်း စံဝင်း၏ ဖိနပ်ရာများကိုလည်း တွေ့လိုက်ရ၏။

ချောင်းအထက်ပိုင်းမှ သစ်ပင်ခြောက်ကြီးတစ်ပင်က ချောင်းပေါ်သို့ ဖြတ်ကာ လဲကျနေသဖြင့် ရေစီးနှုန်းအတိုင်းမစီးဘဲ ပိတ်ဆို့နေမှုကြောင့် လူသွားလမ်းကလေး၏ဖြတ်လမ်းတစ်ပိုက်၌ ရေအိုင်ကလေးလိုဖြစ်လျက် ရှေသောအဖြစ် ငြိမ်နေသည်။

ကျွန်တော်တို့က အရေးတကြီး ရှာဖွေကြည့်ရှုလိုက်သည်တွင် ကင်းဘတ် ဖိနပ်တစ်ဖက်ကိုသာ တွေ့ရပြီး တခြားတစ်စုံတစ်ရာ မတွေ့ရချေ။ မြေမြန် လက်မြန်ဖြစ်ကြသော ရဲဘော်ကျော်လှိုင် တပ်ကြပ်ကြီး သန်းထွန်းတို့ လူစုက သစ်ပင်လဲကြီးအတိုင်းနင်းလျက် ချောင်းကလေးတစ်ဖက်ကမ်းသို့ အပြေးတက်ကာ တောခေါင်းစံဝင်း၏ ဖိနပ်ရာများကို ရှာဖွေလိုက်ကြသည်။ သို့ရာတွင် တစ်စုံတစ်ရာ လူခြေရာများကို မတွေ့ရချေ။

ဦးဘိုးဟန်သည် သေနတ်ကိုကိုင်လျက် လေးလေးနက်နက် မျက်လုံးကြီးများဖြင့် ငြိမ်နေသော ရေအိုင်အတွင်းသို့ စိုက်၍ကြည့်ရင်း စဉ်းစားနေတော့သည်။

'ကြည့်ကြစမ်းဗျို့၊ ဒီနေရာက ရေတွေ နောက်မနေဘူးလားဗျ၊ အမြှုပ်တွေတောင် ထခဲ့ပုံပဲ'

ပိုင်နိုင်သောထင်မြင်ချက်ဖြင့် ရေအိုင်အတွင်းသို့ ညွှန်ပြလိုက်သည်တွင် တောအုပ်ဦးမှတ်နှင့် သစ်ခုတ်သမားများက စိုက်၍ကြည့်လိုက်ပြီး

'ဟုတ်တာပေါ့ဗျာ၊ ရေတွေသိပ်နောက်နေတယ်၊ ဒါ ဘာလဲမှန်းစမ်း'

သစ်ခုတ်သမားတစ်ဦးက ဓါးဆစ်ခန့်နက်သော ချောင်းထဲသို့ ဆင်းလိုက်ပြီး တစ်စုံတစ်ခုကို ဆွဲမ လိုက်သည်။

* * *

http://www.cherrythitsar.org



သစ်ခုတ်သမား၏ လက်တွင်း၌ မြောက်၍ပါလာသောပစ္စည်းကား သစ်တော ဘက် အမှုထမ်းများဆောင်းလေ့ရှိသော သက္ကလပ်ဦးထုပ်တစ်လုံးပင် ဖြစ်ပါ သည်။ ထို့နောက် သစ်ခုတ်သမားက ရေထဲသို့လက်နှင့်လိုက်၍ စမ်းကြည့်ပြီး တစ်စုံတစ်ရာကို ဆွဲထုတ်၍ မပြလိုက်သည်။

'ဟာ စစ်ဆေးပြီးတဲ့ တံဆိပ်ရိုက်တဲ့ တံဆိပ်ပါကလား၊ စံဝင်းတော့ ခုက္ခပဲ၊ လုပ်ကြပါဦးဗျာ'

တောအုပ်ကြီး ဦးမှတ်က ကျယ်လောင်စွာအော်ဟစ်၍ အကူအညီ တောင်းဆိုလိုက်သည်။

"ဒီမှာ ဒီမှာ တွေ့ပြီ၊ ခွပ်ကြောင်းကြီး တွေ့ပြီ"

ဦးဘိုးဟန်၏ လှမ်း၍ခေါ်သံဆီသို့ ကျွန်တော်တို့လူစု အပြေးအလွှား တက်ခဲ့ကြသည်။ ချောင်းကလေး၏ လက်ယာဘက်ကမ်းပေါ်မှ တောတွင်း သို့ ဒရွတ်တိုက်ဆွဲချီသွားသော ခွပ်ကြောင်းကြီးကို တွေ့လိုက်ရသလို ကျားကြီး၏ အားထုတ်၍ ရုန်းကန်ကာ ဆွဲချီသွားသည့် ခြေရာခွက်ကြီး များနှင့် စံဝင်း၏ ကိုယ်လုံးမှာ ဒရွတ်တိုက်ပါသွားပုံဖြင့် ဆွဲကြောင်းကြီးကိုပါ တွေ့ရပေ၏။

'ခင်ဗျားတို့လူက မနက်စောစောမှာ အန္တရာယ်ကို အရေးမစိုက်ဘဲ သူ့အလုပ်မြန်မြန်ပြီးဖို့ တစ်ခုတည်းမြင်ပြီး ကျုပ်တို့ အရင်ရောက်အောင် သွားတယ်၊ ကျားဝပ်နေတဲ့ဘေးက ကပ်ပြီး ဖြတ်သွားပြီး အန္တရာယ်ကောင် ကြီးကို မမြင်မိဘူး၊ နှင်းတွေကလဲ မှုန်နေတာကိုးဗျ၊ ဒီချောင်းကလေး ရောက်တော့ လဲနေတဲ့ သစ်လုံးပေါ်က လျှောက်ဖို့မမြင်ဘဲ သူ့ ဖိနပ်ကို ရေစိုမှာကြောက်ပြီး ဖိနပ်ကို ကုန်းပြီးချွတ်မှာ နောက်ကချောင်းလိုက်ပါတဲ့ ကျားက စံဝင်းကို ချောင်းထဲကျအောင် ခုန်အုပ်ပြီး တစ်ခါတည်းချီသွားတာပဲ'

ဦးဘိုးဟန်က ခြေရာခြေကြောင်းကိုကြည့်လိုက်ပြီး ဖြစ်ပျက်ပုံများကို ပြောပြလိုက်သည်။

http://www.cherrythitsar.org



‘ကိုင်းဟော့ မောင်သန်းထွန်း၊ ဦးနု၊ မောင်ကျော်လှိုင်တို့က ချောင်းအနောက်ဘက်ကမ်းအတိုင်း တက်ကြ၊ မျက်စိရှင်ရှင် နားပါးပါးဟော့၊ လှုပ်ခနဲဆိုရင် မင်းတို့က လက်ဦးကြဟော့၊ ဒီဘက်ကမ်းက ဗိုလ်မှူးနဲ့ ငါတက်မယ် ကြားရဲ့လား၊ အချိန်းအချက်ကတော့ ဟောဒီ ခရာမှုတ်ပြီး အချက်ပေးမယ်၊ ခရာသံနားထောင်ပြီး တို့နဲ့ သိပ်မကွာစေနဲ့’ဟု အသေးစိတ်မှာကြားလိုက်ပြီး ‘တက်ကြဟော့’ဟု အမိန့်ပေးလိုက်၏။

ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် သေးချင်းယှဉ်၍ နှစ်ယောက်သား ခြေသံကို လုံနိုင်သမျှလုံအောင် နင်းလျက် စွပ်ကြောင်းရာအတိုင်း ဖိ၍တက်ခဲ့သည်။

စွပ်ကြောင်းရာကြီးသည် စိမ့်စိုနေသော ဝါးတောအတွင်းသို့ တန်းလျက် ပြေးနေသလို ကျွန်တော်တို့နှစ်ယောက်က တစ်လှမ်းချင်း ချွတ်နင်းလိုက်ခဲ့ကြသည်။

ကိုက်နှစ်ရာခန့်အရောက်တွင် စွပ်ကြောင်းကြီးသည် လက်ဝဲဘက်သို့ ကွေ့၍သွားသဖြင့် နှစ်ယောက်သား ကျိတ်၍တက်ခဲ့ကြပြန်သည်။ မကြာမီ ကျွန်တော်တို့ စတင်ကာဖြတ်ခဲ့သည့် ချောင်းကလေးကို မြင်လိုက်ရပြီးနောက် ဝါးရုံပင်ကလေးသုံးပင် စု၍ပေါက်ရောက်ရာအောက်တွင် မှောက်လျက်ဖြစ်နေသည့် လူတစ်ယောက်၏ မသဲမကွဲသဏ္ဍာန်တစ်ခုကို ရိပ်ခနဲ မြင်လိုက်ရပေ၏။

ဦးဘိုးဟန်က ကျွန်တော့်အား အရေးတကြီးစုပ်သပ်ကာ အချက်ပေးလိုက်ပြီး သူ၏ခရာကလေးကို ပါးစပ်တွင်တပ်ကာ စီခနဲမှုတ်၍ သန်းထွန်းတို့အဖွဲ့ကို အချက်ပေးလိုက်သည်။

ကျွန်တော်သည် ဦးဘိုးဟန်၏ လက်ဝဲဘက်ရှိ ပေါင်လယ်ခန့်မြင့်သော တောငှက်ပျောတောထဲမှ သိမ့်ခနဲလှုပ်ရှားသွားလိုက်မှုကို သတိမကောင်းဖြစ်ကာ နှစ်လုံးပြူးရိုင်ဖယ်နှင့် ထိုး၍ချိန်လိုက်မိသည်။

http://www.cherrythitsar.org



တွေ့နိုင်းအတွင်း ကျွန်တော်၏ မျက်စိနှစ်လုံးအောက်တွင် ငှက်ပျောဖက်များအကြားမှ ကြီးမားလှသော ကျားကြီးတစ်ကောင်၏ ခေါင်းပိုင်းကို တွေ့လိုက်ရပြီး ဒေါသချောင်းချောင်းထွက်နေသော မျက်လုံးကြယ်ကြီးများဖြင့် ကျွန်တော်တို့နှစ်ယောက်ကို စိုက်၍ကြည့်လိုက်ပြီး တစ်ခဏအတွင်း၌ သိမ့်ခနဲ သူ၏ ကိုယ်ခန္ဓာ ရှည်ရှည်လျားလျားကြီးနှင့် ထ၍ လေးဘက်မတ်မတ်ရပ်လိုက်တော့သည်။

ဤတွင်မှပင် ကျွန်တော်တို့နှစ်ယောက်က စွပ်ကြောင်းအတိုင်းလိုက်ခဲ့ရာမှ တရေးတမောအိပ်နေသော ကျားကြီးနှင့် တိုးမိကြောင်းကို သဘောပေါက်မိတော့၏။

ဝေါခနဲ မာန်သွင်းကာ အစွယ်ချွန်းချွန်းကြီးတွေ ထွက်ပေါ်လာအောင်ပါးစပ်ပြဲပြဲကြီးကိုဟကာ ကျွန်တော်တို့ နှစ်ယောက်ဆီသို့ ခုန်လွှား၍ အုပ်ရန် ကိုယ်ကြီးကို တစ်ချက်တွန့်လိုက်သည့် တစ်ခဏ၌ ကျွန်တော်၏ ၅၀၀ ဗို့ နှစ်လုံးပြူးရိုင်ဖယ် ညာပြောင်းဝမှ ဒိုင်းခနဲမီးပွင့်ထွက်သွားပါသည်။

ဦးဘိုးဟန်၏ ၁၂ ဗို့ နှစ်လုံးပြူး ပြောင်းဝက ကျားကြီးဆီသို့ ထိုးချိန်လိုက်ပြီး ခေါင်းကို ထိမှန်ခံရခြင်းကြောင့် ရာချာလည်လျက်ဦးခေါင်းကြီးစိုက်ကာ တဝေါဝေါ ဟိန်းနေသော ကျားကြီး၏ လက်ညှန့်ဆီသို့ ဘယ်ပြောင်းရော ညာပြောင်းမှပါ ဒိုင်းခနဲ ဒိုင်းခနဲ မီးပွင့်ထွက်သွားတော့သည်။

ကျွန်တော်က ဘယ်ပြောင်း၌ ကျန်နေသေးသည့် ကျည်ဆန် တစ်တောင့်ကို အပိုင်အနိုင် ပစ်ခတ်ရန် ချက်ချွေး၍ စောင့်ကြည့်နေခဲ့သည်။

ကျားကြီးကား အင်မတန် နီးကပ်သော အကွာအဝေးမှကပ်၍ ဂရိမ် ၅၇၀ ယမ်းအားနှင့်ပင် အထိနာကာ ချာချာလည်နေရာမှ ဦးဘိုးဟန်၏ ခြောက်လုံးကျည်ကြီးများနှင့် နှစ်ချက်တိတိ ချက်ကောင်းနေရာလက်ညှန့်ကို ချိပ်၍ထိမှန်ခြင်း ခံခဲ့ရသဖြင့် ရှေ့သို့ပစ်၍ကျကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရင်း အသက်ငင်လျက်ရှိပေသည်။

http://www.cherrythitsar.org



ကျွန်တော်တို့ နှစ်ယောက်စလုံးသည် လျှင်မြန်စွာဖြင့် မိမိတို့ သေနတ်နှစ်လက်၏ ခါးများကိုချိုးကာ ကျည်ဆန်နှစ်တောင့်စီထည့်ကာ အရေးပေါ်ခဲ့လျှင် ဆက်လက်ပစ်ခတ်ရန် အသင့်ပြင်ဆင်နေကြသည်။

ကျွန်တော်တို့နှင့် ဖာလုံဝက်ခန့် ပတ်ဝန်းကျင်တွင် တိရစ္ဆာန်ကြီးများ၏ တိုးရှေ့ပြေးလွှားသံများ တစ်တောလုံးတစ်တောင်လုံး တုန်လှုပ်အောင် ညံလျက် ဟည်းလျက် ထွက်ပေါ်လာလေသည်။

ဦးဘိုးဟန်သည် ပြေးလွှားသံများကို နားစွင့်ရင်း 'နားလိုက်တာဗျာ၊ လွန်ပါရော' ညည်းတွားလိုက်ပြီး 'စုပြေးနေကြတာ တောဆင်အုပ်ကြီး ဗျ၊ ဘာခေးတာလိုက်လို့၊ အရေးထဲမှာ ဘာမဟုတ်တဲ့ ဒီကျားနုတ်က ဝင်ရှုပ်ရသေးတယ်ဗျာ'ဟု မကျေမနပ်သံကြီးဖြင့် ပြောလိုက်သည်။

'ဟိုလူ အသက်ရှင်စရာ ရှိ မရှိ သွားကြည့်ကြရအောင်'

'ကျုပ်တော့ မထင်ဘူးဗျို့၊ ဒီလူကို ကျားကြီးက သူ့ စားမယ့် နောက်ဆုံးစခန်းရောက်အောင် ချီလာပြီးမှ စိတ်ချလက်ချ လည်ချောင်းကို ကိုက်ပြီး သွေးအဝစုတ်ပြီးမှ တစ်ရေးတာမှေးအိပ်နေတုန်း ကျုပ်တို့နဲ့ တိုးမိတာပဲ'ဟု ပြောလိုက်ပြီး နှစ်ယောက်သား သွားရောက်၍ ကြည့်ရှုလိုက်သည်တွင် ရွှံ့ရောသဲပါ ပေကျံလျက် မျက်လုံးကြီးအပြူးသားဖြင့် အသက်ပျောက်နေသော တောခေါင်း စံဝင်း၏ အလောင်းကို တွေ့လိုက်ရသလို လည်မျိုနှင့် လည်ကုပ်တို့တွင် ကျပ်ပြားဝိုင်းခန့် သွေးစိမ်းရှင်ရှင် ယိုစီးနေသော ကျားကြီး၏ အစွယ်ရာပေါက်ကြီးတွေကို တွေ့လိုက်ရလေ၏။

မျက်နှာနှင့် လက်မောင်းတို့တွင် ကျားကြီး၏ လက်သည်းရာများနှင့် ကိုက်ချီလာစဉ် သစ်မြစ်သစ်ကိုင်းများနှင့် ထိခိုက်ခဲ့သည့် အကွဲအရှ ဒဏ်ရာများကိုပါ တွေ့ရသည်။ ဦးဘိုးဟန်၏ သံရှည်ခရာသံ သုံးလေးကြိမ် မှုတ်ကာ အချက်ပေးပြီးနောက် ဦးနှင့် တပ်ကြပ်ကြီးသန်းထွန်းတို့လူစု ရှေ့ဦးစွာရောက်လာကြသည်။

http://www.cherrythitsar.org



'နွားချောင်းရင်းကဖောက်ပြီး လည်တိုင်ကို ချိုးပြီး ဘယ်ဘက်လက်ပြင်အောက်က ဖောက်သွားတယ်ဗျို့'

ကျွန်တော်က ထိုအခါမှပင် သတိရမိသည်။ 'ဟုတ်တယ်ဗျ၊ ငါပစ်တဲ့ ကျည်ဆန်ဟာ အမာနဲ့ပစ်မိတယ်၊ ဆင်နဲ့ ပြောင်ကိုပစ်ဖို့ ကျည်ဆန်ရတ်တရက် မလဲမိဘဲ ကျည်ဆန်အပျော့အစား အမာနဲ့ ပစ်မိတယ်ဟေ့'

'ကိုင်း၊ ဒီအကြောင်းကို ဒီအတိုင်းထားရမယ်၊ တောင်ညိုရဲ့ဗွာနကို လှလှဖြတ်ပြီး လှုသေမှုကိုတိုင်ပြီး ရဲတွေလာကြည့်ပြီးမှ သူတို့သဘောအတိုင်းလုပ်ကြပစေ'

ကျွန်တော်က ရှေ့လုပ်ငန်းစဉ်ကို ပြောလိုက်ပြီး ဦးမှတ်တို့လူစုကို ရဲဘော်ကျော်လှိုင်အား ခေါ်ခိုင်းလိုက်သည်။

ဦးဘိုးဟန်သည် ဆေးပေါ့လိပ်ကြီးကို ရှိုက်ဖွာရင်းမှ

'ဟုတ်ပါတယ်လေ၊ ချောင်းကလေးထိပ်ရောက်တော့ မြေရာလဲ ပျောက် ရေလဲခြောက်နေကတည်းက ကျုပ်က တွက်ပြီးသားပါ၊ ဒီလူတော့ ကျားပါးစပ်ထဲမှာ ပါသွားပြီဆိုတာ၊ တောဆင်ပစ်ဖို့လာကြတာ၊ ပစ်မယ့် ပစ်ရတော့ ကျားချာ၊ သိပ်ကောင်း ထို့၊ တောဆင်တွေက သေနတ်သံတွေကြားလို့ တစ်ကျိုးတည်းလစ်ကုန်ပြီလေ'ဟု စီကာပတ်ကုံး ညည်းလိုက်ရင်း ဆေးပေါ့လိပ်ကြီးကို မီးနီးတဖောင်းဖောင်း ထွက်လာအောင် ရှိုက်ဖွာနေပါတော့သည်။

[ မြဝတီ။ ။ ဇူလိုင်၊ ၁၉၇၁ ]

http://www.cherrythitsar.org

